
www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

မင်းခိုက်စိုးစန် ဘာသာပြန်သည်

မူရင်း J.K.ROWLING

Harry Potter and the Chamber of Secrets



# ဟယ်ရီပေါ်တာ နှင့် မိစ္ဆာ ခန်းဆောင်

ပထမတွဲ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၃၂၉/၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁/၂၀၀၄ (၁)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၄ ခုနှစ်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်မိုးစိန်(အောင်သာအော့ဖ်ဆက်) (၀၃၁၃၇)
အမှတ်(၁၇၂)၊ (၃၁)လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးခင်မောင်သိန်းဆွေ(သဏ္ဍာဝတီစာပေ) (၀၅၅၇)
တိုက်(၂၆၀)၊ အခန်း(၃)၊ (၂၅) ရပ်ကွက်၊
ဧယျာသုခလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ
စာအုပ်ချုပ် - ကိုတင်လှ
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း - ဥက္ကာ Hepta
ကွန်ပျူတာစာစီ - သူသူ
အုပ်ရေ (၅၀၀)
တန်ဖိုး- ၁၂၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ကံဆိုးမိုးမှောင်ကျသော ဟယ်ရီ့မွေးနေ့

www.burmeseclassic.com

www.burmeseclassic.com



နံပါတ် (၄) ပရိဗက်ဒရိုက်လမ်းရှိ နေအိမ်၌ နံနက်စာစားပြီးချိန်တွင် ထုံးစံအတိုင်း အငြင်းပွားသံများ ထွက်ပေါ်လာသည်။ ဟယ်ရီ၏ အခန်းထဲတွင် အန်ကယ်ဗားနွန်ဒါစလေက ဇီးကွက်တစ်ကောင်လို ကျယ်လောင်စူးရှစွာ အော်ဟစ်ရင်း နံနက်ခင်းကို ဖြိုခွဲလိုက်လေသည်။

"ဒီတစ်ပတ်အတွင်း သုံးခါရှိပြီ၊ မင်းရဲ့ဇီးကွက်ကို မထိန်းသိမ်းနိုင်ဘူးဆိုရင် ဒီသတ္တဝါကို မောင်းထုတ်ပစ်လိုက်ရလိမ့်မယ်"

ဟယ်ရီက ပြန်၍ရှင်းပြရန် ကြိုးစားသေးသည်။

"သူ. . . ပျင်းနေလို့ပါ။ သူက အပြင်ထွက်ပြီး အနီးအနားပတ်ဝန်းကျင်မှာ ပျံသန်းနေကျလေ၊ တကယ်လို့ ကျွန်တော်သူ့ကို ညဖက်အပြင်ထွက်ခွင့်ပေးနိုင်မယ်ဆိုရင်. . ."

"မင်းပြောသလိုလုပ်ရလောက်အောင် ငါက အရူးပုံစံပေါက်နေပြီလား ကွ. . . ဟင်၊ ဒီဇီးကွက်ကို အပြင်ထွက်ခွင့်ပေးလိုက်ရင် ဘာတွေဖြစ်လာမလဲ ဆိုတာ ငါသိတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒန်ကယ်ဗာန္ဒန်က ပြန်အော်လိုက်စဉ် ကြက်ဥကြော် အချို့က သူ၏ ရှုပ်ထွေးပွေလိမ်နေသော နှုတ်ခမ်းမွေးပေါ်တွင် ယီးလေးခိုနေကြသည်။

သူနှင့်သူ့မိန်းမ ပီကျူးနီးယားတို့ တစ်ယောက်နှင့်တစ်ယောက် စိတ်မသက်သာစွာကြည့်လိုက်ကြ၏။

ဟယ်ရီက ပြန်ငြင်းရန်ကြိုးစားသော်လည်း သူ့စကားလုံးများက ဒါဇလေမောင်နှံ၏သား ဒတ်ဒလေ၏ ရှည်လျားကျယ်လောင်စွာ လေချဉ်တက်ရင်း ပြောလိုက်သော စကားသံအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားလေသည်။

"ကျွန်တော် ဝက်ပေါင်ခြောက် ထပ်လိုချင်သေးတယ်"

"ဒယ်အိုးပြားထဲမှာ ဝက်ပေါင်ခြောက်တွေအများကြီးရှိတယ်. . . သားသားလေး"

အန်တီပီကျူးနီးယားက ဝေဝါးသောမျက်လုံးအစုံကို သူမ၏ကြီးမားထွားကျိုင်းလှသော သားထံသို့ လှဲကြည့်ရင်းပြောလိုက်သည်။

"အခွင့်အရေးရတုန်း သားကိုကောင်းကောင်းကျွေးမွေးထားရမယ်၊ ကျောင်းက အစားအသောက်တွေအကြောင်း ပြောသံကြားရတာ မေမေစိတ်မချမ်းသာဘူး"

"အဓိပ္ပါယ်မရှိတာ. . . ပီကျူးနီးယားရယ်။ ငါစမဲတင်းကျောင်းတက်တုန်းက မဝရေစာနှင့်နေရတာမျိုး တစ်ခါမှမရှိခဲ့ပါဘူး။ ဒတ်ဒလေလည်း ဝဝလင်လင်စားရမှာပါ။ ဟုတ်တယ်မဟုတ်လား ငါ့သားကြီး. . ."

ဒတ်ဒလေက လွန်စွာကြီးမားထွားကျိုင်းလှသောကြောင့် သူ့တင်ပါးဆုံကြီးမှာ မီးဖိုချောင်ကုလားထိုင်၏ အစွန်းနှစ်ဖက်တွင် လျှံထွက်နေ၏။ သူကဟယ်ရီ့ဖက်သို့လှည့်ပြီး ပြုံးဖြီးဖြီးနှင့် ကြည့်လိုက်သည်။ ဒတ်ဒလေက

"ဒယ်အိုးပြားလေးပေးစမ်း. . ."

ဟု ရင့်ရင့်သီးသီး ခိုင်း၏။ ထို့ကြောင့်. . .



ဟယ်ရီက သူ့ကိုမခံချိမခံသာဖြစ်အောင် ပြန်ပြောလိုက်သည်။

"ငါ့ကို အဲဒီလိုမျိုး ဆက်ဆံနေရင် မှော်မန္တန်တွေရဲ့အစွမ်းကို တစ်နေ့မဟုတ်တစ်နေ့တော့ မင်းတွေ့ရလိမ့်မယ်"

ထိုရိုးစင်းသော စကားလေး၏ ကျန်မိသားစုဝင်များအပေါ် သက်ရောက်မှုမယုံကြည်နိုင်စရာပင်. . .။ ဒတ်ဒလေကား ပင့်သက်ရှိုက်ရင်း ကုလားထိုင်မှ ခုန်းခနဲ ပြုတ်ကျသွားသည်မှာ မီးဖိုချောင်တစ်ခုလုံးပင် တုန်ခါသွား၏။

အန်တီပီကျူးနီးယားက အသံစူးစူးနှင့် တစ်ချက်အော်လိုက်ပြီး သူမ၏ပါးစပ်ကို လက်များဖြင့် အုပ်ထား၏။ အန်ကယ်ဗာန္ဒန်ကမူ ရုတ်တရက်ထခုန်လိုက်ပြီး နားထင်ကြောများထောင်လာ၏။

"ကျွန်တော့်ကို လေးလေးစားစားပြောဆိုဆက်ဆံဖို့ ဆိုလိုတာပါ၊ ဟိုဒင်းဖြစ်စေချင်လို့ ပြောတာမဟုတ်ဘဲ ရည်ရွယ်ပါဘူး. . ."

ဟယ်ရီက ကပျာကယာပြောလိုက်သည်။

"မင်းကိုငါ ဘာပြောထားလဲ၊ ငါတို့ရဲ့အိမ်မှာ စုန်းကဝေစကားတွေ မသုံးရဘူးဆိုတာလေ. . ."

အန်ကယ်ဗာန္ဒန်က ထစ်ချုန်းကျယ်လောင်စွာ အော်လိုက်စဉ် တံတွေးစက်များ စားပွဲပေါ်သို့ တဖွားဖွားကျလာ၏။

"ဒါပေမယ့်. . . ကျွန်တော်. . ."

"မင်းကများ ဒတ်ဒလေ့ကို ခြိမ်းခြောက်ရဲသလား. . ."

အန်ကယ်ဗာန္ဒန်က ဒေါသတကြီးအော်ဟစ်ရင်း စားပွဲကိုလက်သီးနှင့် ဝုန်းခနဲထုလိုက်၏။

"ကျွန်တော်က. . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါသတိပေးမယ်။ ဒီအိမ်မှာ မင်းရဲ့စုန်းလိုလို၊ ကဝေလိုလိုကိစ္စ တွေကို ငါသည်းခံမှာမဟုတ်ဘူး"

ဟယ်ရီက သူ့ဦးလေး၏ ခရမ်းရောင်မျက်နှာကြီးကိုတစ်လှည့် သူ့အဒေါ်၏ ဖြူရော်ရော်မျက်နှာကိုတစ်လှည့် ကြည့်လိုက်သည်။ သူမက ဒတ်ဒလေကိုဆွဲထူနိုင်အောင် ကြိုးစားနေ၏။

"ကောင်းပါပြီခင်ဗျာ . . . ကောင်းပါပြီ. . ."

ဟယ်ရီက လေပြေကလေးနှင့် ပြောလိုက်သည်။

အန်ကယ်ဗာနွန်က ထိုင်ချလိုက်ကာ အမောဖောက်နေသော ကြွံကြီးတစ်ကောင်လို အသက်ကိုပြင်းထန်စွာရှူရင်း သူ၏သေးငယ်စူးရှသော မျက်လုံးထောင့်မှ ဟယ်ရီကိုအနီးကပ်စောင့်ကြည့်နေ၏။

BURMESE CLASSIC

နွေရာသီအားလပ်ရက်များအတွက် ဟယ်ရီအိမ်ပြန်လာသည့်အချိန်မှ စပြီး အန်ကယ်ဗာနွန်က သူ့ကိုအချိန်မရွေး ထပေါက်ကွဲနိုင်သော ဗုံးတစ်လုံးလိုဆက်ဆံ၏။ အကြောင်းမှာ ဟယ်ရီသည် သာမန်ကောင်လေးတစ်ယောက်မဟုတ်သော ကြောင့်ဖြစ်သည်။ တကယ်လည်း သူသည် ရိုးရိုးသာမန်လူတစ်ဦးမဟုတ်ပါ။

ဟယ်ရီပေါ်တာကား စုန်းတစ်ယောက်ဖြစ်လေသည်။ ဟော့ဝပ်စုန်းကဝေအတတ်ပညာသင်ကျောင်းတော်ကြီးတွင် ပထမနှစ်အဖြစ် ပညာသင်ကြားလာခဲ့သော စုန်းအသစ်စက်စက်ကလေးဖြစ်သည်။ အကယ်၍ ဒါစလေမိသားစုက နွေရာသီအားလပ်ရက်များ၌ သူ့အားလက်ခံထားရသည်ကို မပျော်မရွှင်ဖြစ်နေမည်ဆိုလျှင်လည်း သူကတော့ဘယ်လိုမှမခံစားရချေ။

အစာအိမ်နာကို နှစ်ရှည်လများ ခံစားနေရသလိုမျိုး သူဟော့ဝပ်ကို လွမ်းဆွတ်နေမိသည်။ သူသည်လျှို့ဝှက် လူသွားစင်္ကြံနှင့် တစ္ဆေများရှိသောရဲတိုက်၊ သူ၏ ကျောင်းသင်ခန်းစာများ (ဆေးရည်များအကြောင်းသင်သော ပရော်ဖက်ဆာ



နိုင် ပပါ)ဇီးကွက်နှင့် စာပို့သောအချိန်၊ ခန်းမကျယ်ကြီးထဲမှ စားသောက်ပွဲများ စားသောက်ရခြင်း၊ မျှော်စင်ရှိအိပ်ဆောင်ထဲမှ သူ၏အိပ်ရာ၊ မသွားရ တောအုပ်ထဲဘေးရှိ ကွင်းပြင်ထဲမှ တဲကလေးတွင်နေသော ကျောင်းစောင့်ကြီး ဟက်ဂရစ်ထံသို့ အလည်အပတ်သွားရခြင်း၊ အထူးသဖြင့် စုန်းကဝေလောကတွင် ရေပန်းအစားဆုံးကစားနည်းဖြစ်သော ကွစ်ဒစ်ကစားခြင်း (ရှည်လျားမြင့်မားသော ဂိုးတိုင်ခြောက်ခု၊ ဘောလုံးပျံလေးလုံးနှင့် တံမြက်စည်းတံများပေါ်မှ ကစားသမား ၁၄-ယောက်နှင့် ဒိုင်လူကြီးတစ်ယောက်) ကို လွမ်းဆွတ်နေမိ၏။

ဟယ်ရီ၏ မန္တာန်စာအုပ်များအားလုံး၊ သူ့ဆေးတောင်ဝှေး၊ ဝတ်ရုံများ၊ ဒယ်အိုးနှင့် ပထမတန်းစား နင်းဗတ် ၂၀၀၀-တံမြက်စည်းပျံတို့အား အန်ကယ်ဗာနွန်က ဟယ်ရီအိမ်ပြန်ရောက်လျှင်ရောက်ချင်းလှေကားအောက်မှ ဘီရိုထဲတွင်သော့ခတ်သိမ်းဆည်းထားလိုက်တော့သည်။

သည်တစ်နွေလုံး လေ့ကျင့်ခန်းမလုပ်ရသဖြင့် သူ၏ကျောင်းဆောင်ကိုယ်စားပြု ကွစ်ဒစ်အသင်းမှ ဟယ်ရီနုတ်ထွက်လိုက်ရလျှင်လည်း ဒါစလေမိသားစုအတွက် ဘာအရေးလဲ။ ဟယ်ရီအိမ်စာတစ်ခုမှ မလုပ်ရဘဲ ကျောင်းပြန်တက်ရမည့်အချိန်ရောက်လာလျှင်ရော ဒါစလေမိသားစုအတွက် ဘာဖြစ်သေးလဲ. . .။ ဒါစလေမိသားစုသည် စုန်းကဝေများက ခေါ်သလို မတ်ဂယ်များသာဖြစ်ကြသည်။ (သူတို့၏သွေးကြောများထဲတွင် မှော်သွေးတစ်စက်ကလေးမျှမပါချေ) သူတို့အတွေးတောအပူပန်ဆုံးကိစ္စကား မိသားစုထဲတွင် စုန်းကဝေတစ်ယောက်ရှိနေခြင်းသည် မဟာအရှက်ရဖွယ်အပြစ်ကြီးတစ်ခုဖြစ်နေခြင်းပင်။

အန်ကယ်ဗာနွန်က ဟက်ဝစ်(ဟယ်ရီ၏မှော်ဇီးကွက်မကလေး)ကို စုန်းကဝေလောကထဲရှိ တစ်စုံတစ်ယောက်ထံမှ စာသယ်ယူလာခြင်းအား ဟန့်တားရန် သူမ၏လှောင်အိမ်ထဲ၌ သော့ခလောက်ခတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီသည် ကျန်မိသားစုဝင်များနှင့် လားလားမျှမတူချင်ပေ။ အန်ကယ် ဗာနွန်ကတုတ်ခိုင်သန်မာကာ လည်ပင်းပင်ပျောက်လုနီးနီးဖြစ်နေပြီး ကြီးမားထင်ရှားသော အနက်ရောင်နှုတ်ခမ်းမွှေးကြီးရှိသည်။ အန်တီပီကျူးနီးယားကမူ မြင်းမျက်နှာနှင့် အရိုးပဒေသာပုံဖြစ်ပြီး၊ ဓတ်ဒလေကတော့ ဆံပင်ရွှေရောင်၊ အသားအရေပန်းရောင်နှင့်ဖြစ်ကာ ဝက်နှင့်တူ၏။ ဟယ်ရီကားသူတို့နှင့် ဗီလာဆန့်ကျင်စွာ ပိန်ပိန်သေးသေးကိုယ်ခန္ဓာနှင့် အစိမ်းရောင်မျက်လုံးများရှိပြီး အမြဲတစေရှုပ်ပွနေတတ်သော ဆံပင်အနက်ရောင်နှင့်ဖြစ်သည်။ သူက မျက်မှန်အဝိုင်းကိုတပ်ဆင်လေ့ရှိပြီး နဖူးတွင်ရှည်သွယ်သော လျှပ်စီးကြောင်းပုံသဏ္ဍာန်အမာရွတ်တစ်ခုရှိလေသည်။

ထိုအမာရွတ်သည် ဟယ်ရီအား စုန်းတစ်ယောက်အနေနှင့် သာမန်ထက် ထူးခြားစွာ အလွန်ရေပန်းစားအောင်လုပ်ပေးသောအရာပင်ဖြစ်သည်။ ထို့မျှမကသေး ယင်းအမာရွတ်သည် ဟယ်ရီ၏ အလွန်တရာထူးခြားဆန်းကြယ်လှသော အတိတ်ကာလ၏ အရိပ်အမြွက်ဖြစ်ရုံမျှသာမက လွန်ခဲ့သောဆယ့်တစ်နှစ်က သူ့ကို ဒါစလေမိသားစု၏ အိမ်လှေကားရင်း၌ ချထားခံရသောအကြောင်းတရားတစ်ခုလည်းဖြစ်ပေသည်။

တစ်နှစ်သားအရွယ်တွင် ဟယ်ရီသည် ခေတ်အဆက်ဆက်၌ အကြီးကျယ်အထင်ရှားဆုံး မှောက်လမ်းစုန်းကဝေမှော်ပညာရှင်ကြီး ဗိုဒီမော့၏မန်းမှုတ်တိုက်ခိုက်မှုမှ တစ်နည်းနည်းနှင့် လွတ်မြောက်ရှင်သန်ခဲ့ရသည်။ ထိုဗိုဒီမော့ဆိုသည့်နာမည်ကို စုန်းကဝေအများစုက ထုတ်ဖော်မပြောရဲဘဲ ကြောက်ရွံ့နေကြဆဲပင်ဖြစ်သည်။ ဗိုဒီမော့၏တိုက်ခိုက်မှုကြောင့် ဟယ်ရီ၏မိဘနှစ်ပါးကွယ်လွန်သွားခဲ့ရသော်လည်း ဟယ်ရီကတော့ တစ်နည်းနည်းဖြင့် သူ၏လျှပ်စီးကြောင်းပုံအမာရွတ်နှင့်အတူ သေတွင်းမှလွတ်မြောက်ခဲ့၏။ အဘယ့်ကြောင့် ဗိုဒီမော့၏တန်ခိုးစွမ်းပကား



များပျက်စီးပပျောက်သွားပြီး ဟယ်ရီ့ကိုမသတ်နိုင်ဘဲဖြစ်ခဲ့ရသနည်းဆိုသည့် အကြောင်းမှာ မည်သူမှနားမလည်နိုင်ကြသော ပဟေဠိတစ်ပုဒ်ဖြစ်လေသည်။

သို့နှင့်ဟယ်ရီသည် သူ၏ကွယ်လွန်သွားသော မိခင်၏ အစ်မနှင့်ခင်ပွန်းထံတွင် ကြီးပြင်းလာခဲ့ရ၏။ ဒါစလေမိသားစုနှင့်အတူ သူဆယ်နှစ်ခန့်အချိန်ကုန်လွန်ခဲ့ပြီး (သူမရည်ရွယ်ဘဲနှင့်) ထူးခြားဆန်းကြယ်သောကိစ္စများ ဘာကြောင့်ပေါ်ပေါက်လာရသည်ကို ထိုစဉ်ကသူလုံးဝနားမလည်နိုင်သေးချေ။ သူ၏မိဘများ ပွဲချင်းပြီး သေဆုံးသွားသော ကားတိုက်မှု၌သူလည်း နဖူးထက်တွင်အမာရွတ်ရခဲ့သည်ဆိုသည့် ဒါစလေမိသားစု၏ပုံပြင်ကို အဟုတ်ကြီးမှတ်ကာ ယုံကြည်နေဆဲဖြစ်သည်။

ဤသို့ဖြင့် တိတိကျကျဆိုရလျှင် လွန်ခဲ့သောတစ်နှစ်က ဟော့ဂဝပ်ကျောင်းမှ ဟယ်ရီ့ထံစာရေးသောအခါမှသာ သူ၏ဇာတ်လမ်းတစ်ခုလုံး ပေါ်ထွက်လာရတော့သည်။ ထိုဟော့ဂဝပ်စုန်းကဝေ အတတ်ပညာသင်ကျောင်းတွင် ဟယ်ရီနေရာရလာပြီး သူနှင့်သူ့အမာရွတ်မှာလည်း ထင်ရှားကျော်ကြားလာလေ၏။ သို့ရာတွင် ယခုကျောင်းတက်ချိန်တစ်နှစ်ကုန်ဆုံးသွားချိန်၌ နွေရာသီကျောင်းပိတ်ရက်များအတွက် ဒါစလေမိသားစုထံ ပြန်ရောက်လာပြီး အနံ့အသက်ဆိုးဝါးသော ခွေးတစ်ကောင်လို ဆက်ဆံခံနေရရှာလေသည်။

ယနေ့သည် ဟယ်ရီ၏ တစ်ဆယ့်နှစ်နှစ်မြောက်မွေးနေ့ဖြစ်ကြောင်းကိုပင် ဒါစလေမိသားစုက မှတ်မိခြင်းမရှိပေ။ ဟယ်ရီ့အနေဖြင့် ကြီးကြီးမားမား မျှော်လင့်ထားခြင်းမရှိသော်လည်း သူတို့က သူ့ကိုအဖြစ်သဘောလောက် လက်ဆောင်တစ်ခုခု၊ ကိတ်မုန့်တစ်လုံးမျှကိုပင် ပေးကြခြင်းမရှိဘဲ လုံးဝလျစ်လျူရှုထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်အတန့်မှာပင် အန်ကယ်ဗာနွန်က အရေးတကြီးနှင့်လည်ချောင်းရှင်းပြီးပြောလိုက်၏။

"ကဲ. . . ငါတို့အားလုံးသိကြတဲ့အတိုင်း ဒီနေ့ဟာအရမ်းအရေးကြီးတဲ့နေ့တစ်နေ့ဖြစ်တယ်"

ဟယ်ရီမော့ကြည့်လိုက်မိသည်။ သူထိုစကားကိုပင် မယုံရဲဘဲဖြစ်နေမိသည်။

"ဒီနေ့ဟာ ငါ့ရဲ့အသက်မွေးဝမ်းကြောင်း အလုပ်ကို ကြီးကြီးမားမားအကောင်အထည်ပေါ်အောင်လုပ်နိုင်ခဲ့တဲ့နေ့ဖြစ်တယ်"

ဟယ်ရီသည် သူ၏ပေါင်မုန့်မီးကင်ကိုသာ ပြန်စားနေလိုက်သည်။ သူနားကျင်ခါးသီးစွာတွေးလိုက်မိ၏။ လက်စသတ်တော့ အန်ကယ်ဗာနွန်က မိုက်မဲရူးနှမ်းသော ညစာစားပွဲအကြောင်းကို ပြောနေခြင်းသာဖြစ်သည်။ ထိုဘာမှမဟုတ်သည့်ကိစ္စကို ဇာချဲ့ပြီးပြောနေသည်မှာ ရက်သတ္တပတ်ခန့်ရှိနေပြီဖြစ်သည်။

အတော်အသင့် ချမ်းသာကြွယ်ဝသော အဆောက်အဦးဆောက်လုပ်သူတစ်ဦးနှင့် သူ၏ဇနီးတို့ ညစာလာစားကြမည်ဖြစ်ပြီး သူ့ထံမှအန်ကယ်ဗာနွန်က ပစ္စည်းအမှာ များများစားစားရရန် မျှော်လင့်နေခြင်းသာဖြစ်သည်။ (အန်ကယ်ဗာနွန်၏ ကုမ္ပဏီမှာ လွန်ပူများကိုရောင်းချခြင်းဖြစ်သည်) အန်ကယ်ဗာနွန်က ပြောလိုက်သည်။

"ငါတို့ ဒီကိစ္စကို တစ်ကြိမ်မက အစီအစဉ်ဆွဲပြီးပြီထင်တယ်။ ငါတို့ညရှစ်နာရီမှာ နေရာယူပြီးသားဖြစ်နေရမယ်။ ပီကျူးနီးယား. . . မင်းက. . ."

"ကျွန်မက အိမ်ကိုလာတဲ့ သူတို့ကို ကျက်သရေရှိစွာ ကြိုဆိုဖို့ ဧည့်ခန်းထဲက စောင့်နေမယ်"

"ကောင်းတယ်၊ ကောင်းတယ်။ ဒတ်ဒလေကရော. . ."

ဒတ်ဒလေက ရှုံ့ရှာဖွယ်ပြုံးလိုက်ပြီး. . .



"ကျွန်တော်က တံခါးဖွင့်ပေးဖို့ စောင့်နေမယ်။ သင်တို့ရဲ့ကုတ်အင်္ကျီတွေကို ယူပေးပါရစေ. . . မစ္စတာနှင့်မစ္စစ်မေဆင်ခင်ဗျား. . . လို့ပြောလိုက်မယ်လေ"

"သူတို့ ဒတ်ဒလေကိုချစ်သွားကြမှာပဲ"

အန်တီပီကျူးနီးယားက ပီတိဖြစ်စွာအော်လိုက်၏။

"အရမ်းတော်တယ် ဒတ်ဒလေ. . ."

အန်ကယ်ဗာနွန်က ပြောပြောဆိုဆိုနှင့် ဟယ်ရီဘက်သို့လှည့်လိုက်ပြီး

"မင်းကရော. . ."

"ကျွန်တော်ကတော့ အိပ်ခန်းထဲမှာပဲနေမယ်။ ကျွန်တော်အိမ်မှာမရှိသလိုပုံစံနဲ့ ဆူညံသံတစ်ချက်မှမထွက်ဘူး. . ."

ဟယ်ရီက အသက်မဲ့စွာပြောလိုက်၏။

"အတိအကျပဲ။ ငါကသူတို့ကို ဧည့်ခန်းထဲဦးဆောင်ပြီး ခေါ်လာမယ်။ မင်းနဲ့မိတ်ဆက်ပေးမယ်. . . ပီကျူးနီးယား၊ ပြီးတော့ သူတို့ကိုအဖျော်ယမကာတွေငှဲ့ပေးမယ်"

အန်ကယ်ဗာနွန်က မနှစ်မြို့ဖွယ်အောက်ကလိအာသံနှင့် ပြောလိုက်သည်။ အန်တီပီကျူးနီးယားက

"ကျွန်မက ညစာစားဖို့ အဆင်သင့်ဖြစ်ပါပြီလို့ ပြောမယ်"

"ကဲ. . . ဒတ်ဒလေ၊ မင်းကရော ဘယ်လိုပြောမလဲ"

"ကျွန်တော့်ကို ထမင်းစားခန်းဆီ လိုက်ပို့ပေးခွင့်ပြုပါ မစ္စစ်မေဆင်လို့ပြောမှာပေါ့. ."

ဒတ်ဒလေက သူ၏ဝတုတ်တုတ်လက်မောင်းကို မမြင်ရသောမိန်းမတစ်ယောက်ထံလှမ်း၍ကမ်းလှမ်းသလို လုပ်ရင်းပြောလိုက်၏။

"တော်လိုက်တဲ့ငါ့သား၊ ကွက်တိပဲဟော့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟု အန်တီပီကျူးနီးယားက ပြောလိုက်၏။ အန်ကယ်ဟန္တန်က စိတ်ယုတ်မာရှိသောအသံဖြင့် ဟယ်ရီ့ကိုမေးလိုက်၏။

"မင်းကရော. . ."

"ကျွန်တော်က အိပ်ခန်းထဲမှာပဲနေမယ်. . . ကျွန်တော်အိမ်မှာမရှိသလိုပုံစံနဲ့ ဆူညံသံ တစ်ချက်မှမထွက်ဘူး"

ဟု ဟယ်ရီက ငြီးငွေ့စွာဖြေလိုက်၏။

"အမှန်အကန်ပဲ။ ကဲ. . . ငါတို့ညစာစားပွဲမှာနည်းနည်းပါးပါး ကောင်းရာမွန်ရာလေးတွေ ဖြည့်စွက်ဖို့ဦးတည်လိုက်ကြရအောင်။ ပီကျူးနီးယား. . . ဘာတွေစိတ်ကူးထားလဲ"

"ရှင်ဟာလက်ဖျားခါရလောက်အောင် တော်တဲ့ဂေါ့ဖ်ရိုက်သမားလို့ ဗာနွန်က ကျွန်မကိုပြောပြတယ် မစ္စတာမေဆင်. . . ဒါနဲ့ ရှင့်ရဲ့ဝတ်စုံ ဘယ်ကဝယ်သလဲဆိုတာ ပြောပြပါဦး မစ္စစ်မေဆင်လို့ ဆက်ပြောမယ်. . ."

"ကွက်တိပဲ။ ဒတ်ဒလေကကော. . ."

"ကျွန်တော်တို့ရဲ့ကျောင်းမှာ ကျွန်ုပ်တို့၏သူရဲကောင်းအကြောင်း အက်ဆေးရေးခိုင်းတယ် မစ္စတာမေဆင်. . . ကျွန်တော်လည်း အန်ကယ့်အကြောင်းကို ရေးလိုက်တယ်လို့ မြှောက်ပြောလိုက်မှာပေါ့"

ထိုစကားသည် အန်တီပီကျူးနီးယားနှင့် ဟယ်ရီတို့အတွက် လုံလောက်ရုံမက လွန်စွာပိုလျှံနေပြီဖြစ်သည်။ အန်တီပီကျူးနီးယားက သူ့သားကို အားရပါးရပွေ့ဖက်ကာ မျက်ရည်များစီးကျလာစဉ် သူရယ်နေသည်ကို ဒါစလေမိသားစု မမြင်အောင် ဟယ်ရီက စားပွဲအောက်သို့ ခေါင်းငုံ့ချလိုက်၏။

"မင်းကရော. . . ကောင်လေး. . ."



ဟယ်ရီက ခေါင်းကိုပြန်မတ်လိုက်စဉ် သူ့မျက်နှာကို အတင်းအဓမ္မ တည်ထားရင်း. . .

"ကျွန်တော်ကတော့ အိပ်ခန်းထဲမှာပဲနေမယ်. . . ကျွန်တော်အိမ်မှာမရှိသလို ပုံစံနဲ့ ဆူညံသံတစ်ချက်မှမထွက်ဘူး"

"သိပ်မှန်တာပေါ့။ မေဆင်ဇနီးမောင်နှံက မင်းအကြောင်းဘာမှမသိဘူး။ ဒီတော့ အဲသလိုနေမှဖြစ်မယ်။ ညစာစားပြီးသွားရင် ကော်ဖီသောက်ဖို့ မစ္စမေဆင်ကို မင်းကဧည့်ခန်းထဲပြန်ခေါ်သွားရမယ် ပီကျူးနီးယား၊ ပြီးတော့ ငါက လွန်ပူကိစ္စအကြောင်း စကားလမ်းကြောင်းတည့်ပြီးတော့ ဆွေးနွေးရမယ်။ ကံကောင်းရင်တော့ နယူးစ်အဲ့ထိတန်းထက်ဦးအောင် စာချုပ်ပေါ်မှာလက်မှတ်ထိုးနိုင်မှာပဲ။ မနက်ဖြန် ဒီအချိန်လောက်ဆိုရင် မဂျော်ကာကအိမ်မှာ အပန်းဖြေ ဈေးဝယ်ထွက်နိုင်လိမ့်မယ်. . ."

ဟယ်ရီကတော့ ထိုကိစ္စနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားမှုသိပ်မဖြစ်ပါ။ ဒါစလေမိသားစုက သူ့ကိုပရိဗက်ဒရိုက်မှာထက် မဂျော်ကာတွင်ပို၍ ချစ်ခင်နှစ်သက်လာနိုင်မည်ဟုလည်း သူမတွေးမိပါ။

"ကောင်းပြီ။ ငါမြို့ထဲသွားပြီး ဒတ်ဒလေနဲ့ငါ့အတွက် ညစာစားပွဲဝတ်စုံသွားဝယ်လိုက်ဦးမယ်. . . မင်းကတော့. . ."

အန်ကယ်ဗာနွန်က ဟယ်ရီဘက်သို့လှည့်ကာ ကျယ်လောင်စွာပြောလိုက်ပြီး

"မင်းအဒေါ် အိမ်ကို သန့်ရှင်းရေးလုပ်နေတဲ့အချိန်မှာ ဝေးဝေးရှောင်နေ"

ဟယ်ရီ အနောက်ဘက်တံခါးမှ ထွက်လာခဲ့မိသည်။ သည်နေ့မှာ နေရောင်ခြည်ဖြင့် သာယာလင်းရှင်းလှပသော နေ့တစ်နေ့ဖြစ်သည်။ သူမြက်ခင်းပြင်ကိုဖြတ်လာပြီး ခုံတန်းရှည်ပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်မိ၏။ ထို့နောက် -

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် ပျော်ရွှင်စရာမွေးနေ့ပါ. . . ငါ့အတွက်ပျော်ရွှင်စရာမွေးနေ့ပါ" ဟု ခပ်တိုးတိုး ရွတ်နေမိသည်။

မည်သည့်မွေးနေ့ကဒ်၊ မည်သည့်လက်ဆောင်မှ ရောက်မလာပါ။ သူဒီည နေကို တကယ်ဖြစ်ပျက်နေခြင်းမဟုတ်သလို ဟန်ဆောင်သဘောထားရင်း အချိန်ကုန်ဆုံးရတော့မည်။ သူသည် စိတ်မချမ်းမြေ့စွာဖြင့် ခြံစည်းရိုးကို ငေးစိုက်ကြည့်နေမိ၏။ သူတစ်ခါမှ သည်လောက်အထီးကျန်မဆန်ခဲ့ဘူးချေ။ ဟော့ဝပ်ရှိအရာအားလုံးထက်ပို၍၊ ကွစ်ဒစ်ကစားခြင်းထက်ပင်ပို၍၊ ဟယ်ရီသည် သူ၏အကောင်းဆုံးသူငယ်ချင်းများဖြစ်ကြသော ရွန်ဝီစလေနှင့် ဟာမီယွန်ဂရင်ဂါတို့ကို လွမ်းဆွတ်တမ်းတနေမိသည်။ မည်သို့ပင်ဖြစ်စေကာမူ သူတို့သည်သူ့ကို တစ်စက်မှလွမ်းဆွတ်သတိရကြပုံမပေါ်ချေ။ သည်တစ်နွေလုံး သူတို့နှစ်ယောက်က သူ့ဆီစာမရေးကြ။ ဟယ်ရီကိုသူ့ထံလာနေဖို့ စာရေးလိုက်မည်ဟုပြောသော ရွန်ပင်လျှင် စာတစ်စောင်မှမရေးခဲ့ချေ။

မည်မျှအချိန်ကြာသွားသည်မသိ. . ။ ဟယ်ရီသည် ဟက်ဝစ်၏လှောင်အိမ်ကို မှော်တန်ခိုးဖြင့်ဖွင့်ကာ သူမကို ရွန်နှင့် ဟာမီယွန်တို့ထံ စာပို့နိုင်းလျှင်ကောင်းမလား ဟု စဉ်းစားနေမိ၏။ သို့ရာတွင် ထိုကိစ္စမှာ စွန့်စားရကျိုးမနပ်လှ။ အသက်မပြည့်သေးသော စုန်းကဝေများကို ကျောင်း၏ပြင်ပ၌ မှော်ပညာအသုံးချခွင့်မပြုဘဲ တားမြစ်ထားသည်မဟုတ်ပါလား။ ထိုအကြောင်းကို ဟယ်ရီက ဒတ်ဒလေအား ပြောပြမထားပေ။ ထိုကိစ္စသည် သူ့ကိုသူ၏တံမြက်စည်းတံ၊ ဆေးတောင်ဝှေးတို့နှင့်အတူ လှေကားအောက်ဘီရိုထဲတွင်သော့ပိတ်ထားခြင်းမှ ကာကွယ်ရန်အပြင် သူတို့ကိုချေးပိုးထိုးကောင်များအဖြစ်သို့ ပြောင်းလဲပစ်လိုက်မည့်နှယ် ကြောက်ရွံ့အောင်ခြောက်လှန့်နိုင်သောအရာဖြစ်သည်။

သူပြန်ရောက်ရောက်ချင်း တစ်ပတ်ခန့်ကတော့ ဟယ်ရီသည် ပါးစပ်ထဲတွေ့ရာပေါက်ကရစကားလုံးများကို ခပ်တိုးတိုးရွတ်လိုက်ရာ ဒတ်ဒလေတစ်ယောက် (သူ့ခြေထောက်များကသယ်နိုင်စွမ်းရှိသမျှ)အခန်းထဲမှ ကြောက်လန့်တကြားပြေး ...က်သွားပုံကိုကြည့်ရင်း ပျော်ရွှင်နေခဲ့သည်။ သို့ရာတွင် အချိန်ကြာမြင့်စွာ ရွန်နှင့် ...မီယွန်တို့ထံမှ စာမလာသတင်းမကြားရသောအခါ မှော်လောကကြီးတစ်ခုလုံး နှင့် အဆက်အသွယ်ပြတ်သွားသလိုခံစားရသောကြောင့် ဟယ်ရီသည် ဒတ်ဒလေကို မခံချင်အောင်စချင်နောက်ချင်စိတ်ပင်မရှိတော့သလိုဖြစ်သွား၏။ ယခုတော့ ရွန်နှင့် ဟာမီယွန်တို့သည် သူ့မွေးနေ့ကို မေ့နေကြလေပြီ။

သူဟော့ဝပ်ကျောင်း၌ တက်ခဲ့ရသော တစ်နှစ်လုံးမှာ ပျော်စရာမကောင်းသော်လည်း စာသင်ကာလ ပြီးဆုံးခါနီးကလေးတွင် ဟယ်ရီသည် မိစ္ဆာသခင် ဗိုဒီမော့နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည်။ ဗိုဒီမော့သည် ရှေးယခင်ကလို မဟုတ်တော့ဘဲ ပျက်စီးယိုယွင်းနေပြီဖြစ်သော်လည်း ကြောက်မက်ဖွယ်ကောင်းနေဆဲ၊ ညာဏ်များပြီးကောက်ကျစ်ဆဲ၊ တန်ခိုးစွမ်းအားများပြန်လည်ရရှိအောင် ကြံစည်နေဆဲဖြစ်သည်။ ဟယ်ရီသည် ဗိုဒီမော့၏လက်ထဲမှ ဒုတိယအကြိမ် သီသီကလေး လွတ်မြောက်ခဲ့ပြန်သည်။

တကယ့်ကိုပင် ပွတ်ကာသီကာကလေး လွတ်မြောက်ခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ပြီး ရက်သတ္တပတ်ကြာသောအခါ ဟယ်ရီသည် ညဘက်တွင် ဇောချွေးများစိုရွှဲကာ အိပ်ရာမှ လန့်နိုးသွားတတ်ပြီး ဗိုဒီမော့ ယခုဘယ်များရောက်နေသလဲဟု သိချင်နေမိတာ ငှင်း၏ရှူးသွပ်ပြူးကြောင်သောမျက်လုံးနှင့် ဒဏ်ရာအနာတရဖြစ်နေသော မျက်နှာကြီးကိုသတိရနေမိသည်။

ရုတ်တရက် ဟယ်ရီသည် ပန်းဥယျာဉ်၏ ခုံတန်းရှည်ပေါ်တွင် ခေါက်ခနဲ ခပ်မတ်မတ်ထိုင်လိုက်သည်။ သူသည်ခြံစည်းရိုးကို စိတ်ဦးတည့်ရာ အဓိပ္ပါယ်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ေးကြည့်နေမိ၏။ ခြံစည်းရိုးကလည်း (သူ့ကို) ပြန်ကြည့်နေသည်။ **ကြီးမားသော အစိမ်းရောင်မျက်လုံးကြီးနှစ်လုံးက သစ်ရွက်များကြားမှ ပေါ်ထွက်နေ၏။**

ဟယ်ရီထခုန်လိုက်မိစဉ် သရော်တော်တော်အသံတစ်သံက မြက်ခင်းပြင်ကို ဖြတ်သန်းမျောလွင့်လာလေသည်။

"ဒီနေ့ဘာနေ့လဲ ငါသိတယ်"

ဒတ်ဒလေက ဟယ်ရီ့ထံ ဘဲတစ်ကောင်လို လျှောက်လာရင်း ပြောလိုက်၏။

ဒတ်ဒလေရောက်လာသောကြောင့်လားမသိ။ စောစောကမျက်လုံးကြီးများက မျက်တောင်ခတ်ပြီး ပျောက်ကွယ်သွားလေတော့သည်။

"ဘာလဲ"

ဟယ်ရီက မျက်လုံးကြီးများကို တွေ့လိုက်ရသောနေရာသို့သာ မမှိတ်မသုန် စိုက်ကြည့်ရင်း မေးလိုက်၏။

"ဒီနေ့ဘာနေ့လဲ ငါသိတယ်"

ဟု ဒတ်ဒလေက တန်းတန်းမတ်မတ်လာနေရင်း ထပ်ပြောလိုက်၏။

"ကောင်းသားပဲ. .။ နောက်ဆုံးတော့ မင်းကရက်သတ္တပတ်ရဲ့ နေ့တွေကို လေ့လာနေတာကိုး"

"ဒီနေ့မင်းမွေးနေ့လေ. .။ ဘယ်လိုကြောင့်များ မင်း မွေးနေ့လက်ဆောင်ကဒ်ပြားတစ်ခုမှ မရတာလဲ၊ အဲဒီစုန်းကဝေလောကမှာ မင်းသူငယ်ချင်းတွေ ဘာတွေ မရှိခဲ့ဘူးလား"

"ငါရဲ့ ကျောင်းအကြောင်းကို မင်းပြောနေတာ မင်းအမေ မကြားရင် ပိုကောင်းမယ်"

ဟယ်ရီက အေးတိအေးစက်နှင့် ပြန်ပြောလိုက်သည်။



ဒတ်ဒလေသည် သူ၏တင်ပါးကြီးပေါ်မှ လျှောကျသွားသော ဘောင်းဘီကို မတင်လိုက်၏။ သူက -

"မင်းဘာဖြစ်လို့ ခြံစည်းရိုးကိုစိုက်ကြည့်နေရတာလဲ"

သင်္ကာမကင်းစွာမေးလိုက်သည်။

"အဲဒါကိုမီးလောင်သွားအောင် မန်းမှုတ်ဖို့ ဘယ်မန္တာန်က အကောင်းဆုံး ဖြစ်မလဲလို့ စဉ်းစားနေတာ. . ."

ဟု ဟယ်ရီက ဖြေလိုက်၏။

ဒတ်ဒလေသည် ခလုတ်တိုက်မိတော့မလိုပင် နောက်သို့ချက်ချင်းဆုတ်သွားကာ မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်ဟန်ပေါ်လာပြီး

"မင်း မလုပ်ရဘူး။ မှော်ပညာမသုံးရဘူးလို့ ဖေဖေက မင်းကို ပြောထားတယ်မဟုတ်လား၊ သုံးတာနဲ့ မင်းကိုအိမ်ကမောင်းထုတ်ပစ်မယ်လို့ သူပြောထားတယ်လေ၊ မင်းမှာ တစ်ခြား ဘယ်မှလည်းသွားစရာရှိတာမဟုတ်ဘူး။ မင်းကို ဘယ်သူငယ်ချင်းမှလည်းလာခေါ်မှာမဟုတ်ဘူး. . ."

"ဂျစ်ဂါရီပိုကာရီ. . . ဟိုးကပ်စ်ပိုးကပ်စ်. . . စကွစ်ဂလီးဝစ်ဂလီး"

ဟယ်ရီက ရက်စက်တော့မည့်အသံဖြင့် ရေရွတ်လိုက်သည်။

"အ. . . မေ. . . ရေ"

ဒတ်ဒလေက အသံပြကြီးနှင့် အော်ကာအိမ်ဖက်ဆီသို့ တဟုန်ထိုးသုတ်ခြေတင်ပြေးလေတော့သည်။

"အ. . . မေ. . . သူဘာလုပ်နေလဲသိလား"

ဟယ်ရီကား သူ၏ရယ်စရာအခိုက်အတန့် အချိန်ကလေးတွေအတွက် ဒဏ်တဆပေးဆပ်လိုက်ရသည်။ ဒတ်ဒလေရော. . . ခြံစည်းရိုးပါ ထိခိုက်မှုတစ်စုံ တစ်ရာမရှိသည့်အတွက် သူမှော်ပညာဖြင့် တကယ်မလုပ်မှန်း အန်တီပီကျူးနီးယား

www.burmeseclassic.com

www.burmeseclassic.com



က သိသွားသည်။ သို့သော်ငြားလည်း အန်တီပီကျူးနီးယား ပစ်လွှတ်လိုက်သည့် အရှိန်ပြင်းပြင်းနှင့် ပြေးဝင်လာသော ဆပ်ပြာမြှုပ်များနှင့် ဒယ်အိုးပြားကို ငုံ့ရှောင်လိုက်ရသည်။ ထို့နောက် သူမက အိမ်အလုပ်များလုပ်ခိုင်းပြီး အလုပ်မပြီးမချင်း အစားမစားပါဘူးဟု ကတိပေးလိုက်ရ၏။

ဒတ်ဒလေက ပျင်းရိစွာ ထလိုက်ထိုင်လိုက်နှင့် ရေခဲမုန့်စားရင်း သူ့ကိုကြည့်နေစဉ် ဟယ်ရီခမျာမှာတော့ ပြတင်းပေါက်များကိုသန့်ရှင်းရေးလုပ်ရသည်။ ကားရေဆေးရသည်။ မြက်ရိတ်ရသည်။ ပန်းစိုက်ခင်းများကိုသုတ်သင်ရှင်းလင်းပေးရသည်။ နှင်းဆီပင်များကို သပ်ရပ်အောင် ကတ်ကြေးနှင့် ညှပ်ပြီးရေလောင်းပေးရသည်။ ဥယျာဉ်ထဲမှ ခုံတန်းရှည်ကိုဆေးပြန်သုတ်ရသည်။ ဦးခေါင်းထက်မှ နေက အလျှံတညီးညီးတောက်ပနေပြီး သူ၏လည်ကုတ်မှာ နေလောင်သွားလေသည်။ ဒတ်ဒလေ၏ ဆင်ကွက်ထဲသို့ သူမဝင်ခဲ့မိသင့်ကြောင်း ဟယ်ရီ ပြန်သုံးသပ်မိသည်။ သို့ရာတွင် ဒတ်ဒလေသည် ဟယ်ရီတစ်ယောက်တည်း သူ့ဖာသာသူ တွေးနေသော အကြောင်းအရာကိုမှ တည့်တည့်ကြီးပြောချလိုက်ခြင်းဖြစ်သည်။ သူဟော့ဝပ်၌ သူငယ်ချင်းတစ်ယောက်မှမရှိဘူးဆိုသည်မှာ ဖြစ်နိုင်ပါသည်။

'အခုနာမည်ကျော် ဟယ်ရီပေါ်တာ ဘာတွေလုပ်နေရသလဲဆိုတာ သူတို့မြင်စမ်းစေချင်တယ်'ဟု ပန်းစိုက်ခင်းကို မြေသြဇာဖြူးပေးရင်း ဟယ်ရီ ခပ်ကြမ်းကြမ်း တွေးလိုက်မိသည်။ သူ၏နောက်ကျောမှာ နာကျင်ကိုက်ခဲနေပြီဖြစ်ပြီး ချွေးများက မျက်နှာပေါ်မှ စီးကျနေ၏။

နောက်ဆုံး ည ခုနစ်နာရီခွဲသို့ရောက်သောအခါ သူမောပန်းနွမ်းနယ်ပြီး ခြေကုန်လက်ပန်းကျနေစဉ် အန်တီပီကျူးနီးယားက သူ့ကိုလှမ်းခေါ်သံကြားလိုက်ရသည်။

"ဒီကိုဝင်လာခဲ့တော့..."



ဟယ်ရီသည် တဖိတ်ဖိတ်လက်နေသော မီးဖိုချောင်၏ အရိပ်ထဲသို့ ပျော်ရွှင်စွာဝင်လာခဲ့၏။ ရေခဲသေတ္တာ၏အပေါ်ဆုံးထပ်တွင် ခရမ်းရောင်သကြားရည်များနှင့် ဗစ်ခရင်မ်များအပုံလိုက် ဆမ်းထားသော ယနေ့ညအတွက် ပူတင်းမုန့်ကြီး ရှိနေသည်။ မီးဖိုပေါ်တွင် ကင်ထားသော ဝက်သားကင်ကြီးကလည်း တရှီးရှီးနှင့် မြည်နေ၏။

"မြန်မြန်စားစမ်း... မကြာခင် မေဆင်ဇနီးမောင်နှံဒီကိုရောက်လာတော့မယ်"

အန်တီပီကျူးနီးယားက မီးဖိုချောင်စားပွဲပေါ်မှ ချိစ်အပုံနှင့် ပေါင်မုန့်နှစ်ချပ်ကို ညွှန်ပြရင်းပြောလိုက်သည်။ သူမကား ပန်းရောင်ဆယ်လ်မွန်ကော့တေးဝတ်စုံကို ဝတ်ဆင်ထားပြီးလေပြီ။

ဟယ်ရီက လက်ဆေးပြီး သူ၏သနားစဖွယ်ကောင်းလှသော ညစာကိုကသောကမျောမျိုချလိုက်၏။ တစ်ခဏအတွင်း သူညစာစား၍ပြီးပြီးချင်းပင် အန်တီပီကျူးနီးယားက သူ့ပန်းကန်ကို လျင်မြန်စွာအသာအယာပွတ်ဆေးရင်း ဖော်လိုက်သည်။

"အပေါ်တက်တော့ ... ဟယ်ရီ"

ဧည့်ခန်းထဲသို့ သွားသည့်တံခါးကို သူဖြတ်လာစဉ် လည်စည်းနှင့် ညစာစားပွဲဝတ်စုံကို ကိုယ်စီဝတ်ဆင်ထားသော အန်ကယ်ဗာနွန်နှင့် ဒတ်ဒလေတို့ကို ဖျတ်ကနဲလှမ်းကြည့်လိုက်သည်။ တံခါးမှခေါင်းလောင်းသံမြည်လာစဉ် (အပေါ်ထပ်လှေကားထိပ်သို့ သူရောက်ရုံရှိသေးသည်...) ဒေါသထွက်နေသော အန်ကယ်ဗာနွန်၏ မျက်နှာကြီးက လှေကားရင်းမှပေါ်လာပြီး

"မှတ်မိတယ်နော် ကောင်လေး... အသံတစ်ချက်မှမထွက်နဲ့"

ဟယ်ရီသည် သူ၏အိပ်ခန်းထဲသို့ ခြေဖျားထောက်ပြီး ချောင်းနင်းဝင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ်လှဲချရန် ကိုယ်ကိုလှည့်လိုက်သည်။

ပြဿနာကား . . .

ကုတင်ပေါ်တွင် တစ်စုံတစ်ယောက်က ထိုင်နေနှင့်ပြီးလေပြီ။

❑

## အခန်း (၂)

မှင်စာလေး 'ဒေါ်ဘီ'

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီလန့်ပြီး မဒေါ်မိအောင်ကြိုးစား ထိန်းသိမ်းလိုက်သော်လည်း အသံထွက်သွားတော့မလို ဖြစ်လိုက်သေးသည်။ လင်းနို့နားရွက်လိုကြီးမားသော နားရွက်ရှည်ကြီးများနှင့် တင်းနစ်ဘောလုံးအရွယ်ခန့်ရှိ ပြည့်ဖောင်းဖောင်းအစိမ်းရောင်မျက်လုံးများရှိသော သတ္တဝါလေးတစ်ကောင်က ကုတင်ပေါ်တွင် အခန့်သား။ ဟယ်ရီသည် မနက်က သူ့ကိုပန်းဥယျာဉ်အပြင်ဘက်ခြံစည်းရိုးမှ ချောင်းကြည့်နေသည်မှာ ထိုသတ္တဝါမှန်း ချက်ချင်းသိလိုက်၏။

သူတို့တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေကြစဉ် အောက်ထပ်မှ ဒတ်ဒလေ၏အသံကို ဟယ်ရီကြားလိုက်ရသည်။

"သင်တို့ရဲ့ကုတ်အင်္ကျီတွေကို ယူသွားပေးပါရစေ မစ္စတာနှင့်မစ္စဆင်မေချောင်ခင်ဗျား"

ထိုသတ္တဝါက ကုတင်ပေါ်မှ လျှောဆင်းလိုက်ပြီး သူ၏ရှည်မျောသေးသွယ်သော နှာခေါင်းနှင့် ကော်ဇောတို့ထိတော့မတတ်ကိုယ်ကို ကိုင်းညွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသတ္တဝါသည် လက်မောင်းနှင့်ခြေထောက်များအတွက် အပေါက်ဖောက်ထားသည့် ခေါင်းဖုံးစွပ်နှင့်တူသော အရာမျိုးအား ဝတ်ဆင်ထားသည်ကို ဟယ်ရီသတိပြုမိသည်။

"အဲ. . . ဟယ်လို"

ဟယ်ရီက စိတ်လှုပ်ရှားစွာဖြင့် နှုတ်ဆက်လိုက်သည်။

"ဟယ်ရီပေါ်တာ"

ထိုသတ္တဝါပြောလိုက်သည့် စူးရှသောအသံက အောက်ထပ်သို့ရောက်သွားမည်မှာ ကျိန်းသေသည်ဟု ဟယ်ရီသိလိုက်သည်။

"ကျွန်တော် တွေ့ချင်နေတာ အရမ်းကြာပြီသခင်. . . ဘယ်လောက် ဂုဏ်ယူစရာကောင်းတဲ့ကိစ္စလဲ"

"ကျေး. . . ကျေးဇူးတင်ပါတယ်"

ဟယ်ရီသည် နံရံတစ်လျှောက် တရွေ့ရွေ့နှင့် ဆုတ်သွားကာ သူ့ကျောပြင်ကို ကုလားထိုင်ထဲသို့ နစ်မြုပ်ဝင်သွားတော့မတတ် ဖိကပ်ထားရင်း ပြောလိုက်သည်။ သူ့နံဘေးတွင် ဟက်ဝစ်က သူမ၏လှောင်အိမ်ထဲ၌ အိပ်ပျော်နေ၏။ 'မင်းဘာကောင်လဲ'ဟု သူမေးလိုက်ချင်သော်လည်း ရိုင်းပျသွားရာကျမည်ဟု သူတွေးလိုက်မိပြီး. . . "မင်းဘယ်သူလဲ"ဟုသာ မေးလိုက်မိ၏။

"ဒေါ်ဘီပါ သခင်. . . ကျွန်တော့်နာမည် ဒေါ်ဘီပါ. . . ကျွန်တော်က အိမ်စေမှင်စာလေးပါ"

ဟု ထိုသတ္တဝါက ပြောလိုက်သည်။

"ဪ. . . အင်း။ ငါ ရိုင်းစိုင်းတဲ့သဘောနဲ့ နှင်ထုတ်တာတို့ဘာတို့တော့ မလုပ်ချင်ဘူး။ ဒါပေမယ့် ဒီလိုအချိန် ဒီလိုအခြေအနေမျိုးမှာ ငါ့အခန်းထဲကို အိမ်စေမှင်စာတစ်ကောင် ရောက်နေတာကတော့ မကောင်းဘူးကွ"



အန်တီပီကျူးနီးယား၏ ကျယ်လောင်သောဟန်ဆောင်ပန်ဆောင်ရယ်မောသံက ဧည့်ခန်းထဲမှ လွင့်ပျံ့လာသည်။ ထိုမှင်စာက ခေါင်းငိုက်စိုက်ချထား၏။

"မင်းကို ငါ မတွေ့ချင်ဘူးလို့ ဆိုလိုတာမဟုတ်ဘူး။ ဒါပေမယ့် အဲ. . မင်းဒီကိုလာတာ ခိုင်လုံတဲ့အကြောင်းကိစ္စရှိလား. . ."

ဟယ်ရီက လျင်မြန်စွာပြောလိုက်သည်။

"အဲ. . . ရှိပါတယ်သခင်။ ကျွန်တော်က သခင့်ကို ပြောပြဖို့လာတာပါ။ ဖဲဒါကခက်တယ်. . . ဘယ်ကစပြောရမှန်း ကျွန်တော် မသိဘူး"

မှင်စာက စိတ်အားထက်သန်စွာပြောလိုက်၏။

"ထိုင်ပါဦး"

ဟယ်ရီက ကုတင်ကိုညွှန်ပြရင်း ယဉ်ကျေးသိမ်မွေ့စွာပြောလိုက်သည်။

ထိုစဉ် မှင်စာက ရှိုက်ကြီးတငင်ငိုချလိုက်ရင်း မျက်ရည်များစီးကျလာသောကြောင့် ဟယ်ရီလန့်သွား၏။

"ထိုင်. . ထိုင်ပါလို့ ကျွန်တော် ဘယ်တော့မှ. . . ဘယ်တော့. . . ဘယ်တော့မှ အပြောမခံခဲ့ရဖူးဘူး. . ."

မှင်စာက ချုံးပွဲချငိုကြွေးရင်းပြောလိုက်သည်။

ထိုအသံမှာ အောက်ထပ်မှ ခပ်သဲ့သဲ့ကြားသွားနိုင်သည်ဟု ဟယ်ရီတွေးလိုက်မိ၏။

"ငါစိတ်မကောင်းပါဘူး. . . ငါ မင်းကိုစော်ကားသလို ဖြစ်သွားလို့လား"

ဟု ဟယ်ရီက ပြောလိုက်သည်။

"ဒါ စော်ကားတာမဟုတ်ပါဘူး. . . ကျွန်တော့်ကို ဘယ်စုန်းဝိဇ္ဇာကမှ တန်းတူရည်တူဆက်ဆံပြီး ဒီလိုထိုင်ခိုင်းတာမျိုးမရှိဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



မှင်စာက စိတ်လှုပ်ရှားနေသောကြောင့် အသက်ကိုအနိုင်နိုင်ရှူရင်းပြောလိုက်သည်။

ဟယ်ရီက 'ရှူး'ဟု ဟန့်လိုက်ပြီး စိတ်သက်သာရာရအောင် မှင်စာကိုကုတင်ပေါ်တွင် ထိုင်ရန်ဖိတ်မန္တကပြုလိုက်၏။ ထိုမှင်စာက ကုတင်ပေါ်တွင် ကြို့ထိုးနေပြီး သူ့ပုံစံမှာ ကြီးမားသော အရုပ်ဆိုးဆိုးအရုပ်ကြီးတစ်ရုပ်နှင့်တူနေသည်။ နောက်ဆုံးတွင် သူ့ကိုယ်သူထိန်းနိုင်သွားကာ လှဲနေသော မျက်လုံးကြီးများနှင့် ဟယ်ရီကိုချစ်ခင်လေးစားစွာ စိုက်ကြည့်နေ၏။

"မင်း စုန်းကဝေတော်တော်များများနှင့် မတွေ့ဖူးသေးလို့ဖြစ်မှာပါ"

ဟယ်ရီက သူ့ကိုအားပေးရန်ကြိုးစားလိုက်သည်။

ဒေါ်ဘီက သူ့ခေါင်းကို ခါယမ်းလိုက်၏။ ထို့နောက် သတိပေးချိန်မရခင် ခုန်ထလိုက်ပြီး သူ့ခေါင်းကို ပြတင်းပေါက်နှင့် ဒေါသတကြီးဆောင့်ကာ အော်နေလေသည်။

"ကျွန်တော် မကောင်းဘူး. . . ကျွန်တော် မကောင်းဘူး"

"မလုပ်နဲ့လေ. . . မင်းဘာလုပ်နေတာလဲ"

ဟယ်ရီက ဆတ်ခနဲထရပ်ကာ ဒေါ်ဘီကို ကုတင်ပေါ်သို့ပြန်ဆွဲတင်ရင်း ရှူးရှူး ရှားရှားနှင့်ပြောလိုက်၏။ ဟက်ဝစ်လည်းလန့်နိုးသွားပြီး (အောက်ထပ်မှ ကြားနိုင်လောက်အောင်)ကျယ်လောင်စူးရှစွာ အော်မြည်လိုက်ရင်း. . လှောင်အိမ်သံချောင်းများကို အတောင်ပံများနှင့် ကြမ်းတမ်းစွာတဖြန်းဖြန်း ရိုက်ခတ်လိုက်လေသည်။

"ကျွန်တော်က ကိုယ့်ကိုယ်ကိုအပြစ်ပေးတာပါ သခင်. . . ကျွန်တော်က ကိုယ့်အိမ်ရှင်မိသားစုရဲ့ မကောင်းကြောင်းတွေပြောမိတော့မလို့. . ."



မှင်စာက မျက်စိကို ခပ်စွေစွေထားရင်းပြောလိုက်၏။

"မင်းမိသားစုလား. . ."

"ကျွန်တော်အမှုထမ်းနေတဲ့ စုန်းကဝေမိသားစုပါ သခင်။ ကျွန်တော်က အိမ်စေမှင်စာလေ. . . အိမ်တစ်အိမ်ရဲ့ မိသားစုတစ်ခုအတွက် တစ်သက်လုံး တာဝန်ထမ်းဆောင်ဖို့ သတ်မှတ်ခံထားရတာပါ"

"မင်းဒီကိုလာတာ သူတို့သိလား"

ဟယ်ရီက သိလိုစိတ်ပြင်းပြစွာမေးလိုက်သည်။

"အို. . . မသိပါဘူးသခင်၊ မသိပါဘူး. . . သင့်ကိုလာတွေ့တဲ့အတွက် ကျွန်တော်ဟာ ဝေဒနာပြင်းပြင်းထန်ထန် ခံစားရအောင် ကိုယ့်ကိုယ်ကို အပြစ်ဒဏ်ပေးရပါလိမ့်မယ်သခင်. . . မီးဖိုအဝကို နားရွက်တွေနှင့် ပိတ်ထားရတဲ့အပြစ်မျိုးပေါ့"

"ဒါပေမယ့် မင်းကမင်းရဲ့နားရွက်တွေနဲ့ မီးဖိုအဝကို ပိတ်ထားတော့ အိမ်ရှင်တွေက သတိမထားမိဘူးလား"

"အဲဒါတော့ မပြောတတ်ဘူးသခင်၊ တစ်ခုခုအတွက်တော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုအပြင်ဒဏ်ပေးနေကျပါ. . . သခင်၊ သူတို့ကလည်း ကျွန်တော့်ကို ဆက်လုပ်ခိုင်းပါတယ်သခင်၊ တစ်ခါတစ်လေ သူတို့က နောက်ထပ်အပိုအပြစ်ဒဏ်တွေတောင်ထပ်ပေးတယ်"

"ဒါဆိုရင် မင်းဘယ်လိုထွက်လာတာလဲ. . . လွတ်မြောက်လာတာလား"

"အိမ်စေမှင်စာတစ်ကောင်ကို လွတ်မြောက်ခွင့်ပေးရမှာပါသခင်၊ ဒါပေမယ့် အဲဒီမိသားစုကတော့ ကျွန်တော်ကိုဘယ်တော့မှ လွှတ်ပေးမှာမဟုတ်ဘူး. . . ကျွန်တော်သေတဲ့အထိ အဲဒီမိသားစုရဲ့ တာဝန်ကိုထမ်းရွက်ရမှာပါသခင်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီငေးစိုက်ကြည့်နေမိသည်။

"ငါက ဒီမှာအလုပ်ကြမ်းတွေလုပ်ပြီးနောက်ထပ် သီတင်းလေးပတ်လောက် နေရဦးမယ်လို့တွေးနေတာ။ ဒီလိုဆိုရင် ဒါစလေမိသားစုကမှ လူဆန်သေး တယ်လို့ပြောရမှာပေါ့။ မင်းကိုဘယ်သူမှ မကူညီနိုင်ဘူးလား၊ ငါရောမကူညီနိုင် ဘူးလား. . ."

ချက်ချင်းဆိုသလိုပင် ဟယ်ရီသည် မပြောခဲ့မိလျှင် အကောင်းသားဟုတွေး လိုက်မိ၏။ ဒေါ်ဘီက ကျေးဇူးတင်စွာဖြင့် ချုံးပွဲချငိုကြွေးရင်း မျက်ရည်လည်ရွှဲဖြစ် လာပြန်သောကြောင့်ပင်။

"ကျေးဇူးပြုပြီး. . . ကျေးဇူးပြုပြီး တိတ်တိတ်ကလေးနေပေးပါ. . . တကယ် လို့ ဒါစလေမိသားစုက အသံတစ်ခုခုကြားသွားရင် မင်းဒီမှာရှိတယ်ဆိုတာ သူတို့ သိသွားကြလိမ့်မယ်"

- ဟယ်ရီက စိုးရိမ်ပူပန်မှုကြောင့် စိတ်လှုပ်ရှားစွာဖြင့် ခပ်တိုးတိုးပြောလိုက်၏။

"ဟယ်ရီပေါ်တာက ကူညီနိုင်မလားလို့မေးတယ်။ သင့်ရဲ့ကြီးမြတ်မှုကို ကြားဖူးထားပါတယ်သခင်၊ ဒါပေမယ့် သင့်ရဲ့ စေတနာ ဒီလောက်ကောင်းမွန်းတော့ မကြားဖူးသေးဘူး"

ဟယ်ရီသည် သူ့မျက်နှာမှာ သိသာထင်ရှားစွာပူလာသလိုခံစားရပြီး သူက

"မင်းကြားဖူးတဲ့ ငါ့ရဲ့ကြီးမြတ်မှုဆိုတာ အလကားပေါက်ကရတွေပါကွာ၊ ဟော့ဝပ်မှာ စာသင်နှစ်တစ်ခုလုံးရဲ့ ထိပ်ဆုံးနေရာကိုတောင်ငါမရခဲ့ပါဘူး. . . အဲဒီ နေရာကိုရတာ ဟာမီယွန်ပဲ. . . သူက. . ."

သို့ရာတွင် သူကစကားကို ကမန်းကတန်းရပ်ပစ်လိုက်၏။ အဘယ့်ကြောင့် ဆိုသော် ဟာမီယွန်အကြောင်းတွေးရသည်မှာ နာကျင်စရာကောင်းသောကြောင့် ဖြစ်သည်။



"ဟယ်ရီပေါ်တာက ကိုယ့်ကိုယ်ကိုနှိမ့်ချပြီး စကားအပြောအဆိုလည်း ထိန်း ထိန်းသိမ်းသိမ်းရှိတယ်. . . ဟယ်ရီပေါ်တာက ဟိုကောင်ကြီးကို အနိုင်ယူခဲ့တာ ကိုတော့ ထည့်မပြောဘဲကိုး. . ."

"ဗိုဒီမော့လား. . ." ဟု ဟယ်ရီကမေးလိုက်သည်။

ဒေါ်ဘီက သူ၏လင်းနို့နားရွက်နှစ်ဖက်ကို လက်များဖြင့်အုပ်ရင်း အော်ဟစ် ညည်းညူလိုက်၏။

"အား. . . နာမည်ကိုမပြောပါနဲ့သခင်။ နာမည်ကိုမပြောပါနဲ့"

ဟယ်ရီက ကပျာကယာနှင့်

"ဆောရီး. . . လူတော်တော်များများက ဒီလိုပြောတာမကြိုက်ဘူးဆိုတာ သိတယ်။ ငါ့သူငယ်ချင်း ရွန်ဆိုရင်. . ."

သူပြောရင်းတန်းလန်းနှင့် စကားကိုရပ်ပစ်လိုက်ပြန်သည်။ ရွန့်အကြောင်း တွေးရသည်မှာလည်း နာကျင်စရာကောင်းသည်ပင်. . .။

ဒေါ်ဘီက ဟယ်ရီဘက်သို့ ကိုယ်ကိုကိုင်းလိုက်၏။ သူ့မျက်ဝန်းများက ကားရှေ့မီး နှစ်လုံးလိုဝိုင်းစက်ပြူးကျယ်နေကြသည်။

"ကျွန်တော်(သူများ)ပြောသံကြားရတယ်။ ဟယ်ရီပေါ်တာနှင့် အောက် လမ်း မိစ္ဆာအရှင်သခင်တို့ ဒုတိယအကြိမ်ရင်ဆိုင်တွေ့ကြတယ်တဲ့။ လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်ကပေါ့။ အဲဒီမှာ ဟယ်ရီပေါ်တာက ထပ်ပြီးလွတ် မြောက်သွားပြန်သတဲ့"

ဟယ်ရီက ခေါင်းညိတ်ပြလိုက်စဉ် ဒေါ်ဘီ၏ မျက်ဝန်းများမှာ ရုတ်တရက် မျက်ရည်များဖြင့် စိုလက်လာ၏။

"အဲ. . . သခင်"

www.burmeseclassic.com

www.burmeseclassic.com



သူကအသက်ပြင်းပြင်းရှူလိုက်ရင်း ဝတ်ထားသော ခေါင်းအုံးစွပ်၏ အနားစွန်းနှင့် မျက်နှာကိုတို့လိုက်သည်။

"ဟယ်ရီပေါ်တာက သတ္တိဗျတ္တိရှိတဲ့သူပါ။ သူဟာအန္တရာယ်တွေ အများကြီးကိုရဲရဲရင့်ရင့် ရင်ဆိုင်ပြီးပြီ။ ဒါပေမယ့် ကျွန်တော်က သူ့ကိုကာကွယ်ပေးဖို့ သတိပေးဖို့လာတာပါ။ နားရွက်တွေနှင့် မီးဖိုအဝကိုပိတ်ထားဖို့ အပြစ်ဒဏ်ပေးခံရမယ်ဆိုရင်တောင်မှ ကျွန်တော်ကတော့ သတိပေးရမှာပဲ။ ဟယ်ရီပေါ်တာ ဟော့ဂဝပ်ကိုပြန်မသွားရဘူး"

အောက်ထပ်မှ ဓားသံ၊ ဇွန်းသံ၊ ခက်ရင်းသံများနှင့် အော်ကြီးဟစ်ကျယ်ပြောနေသော ဗာနွန်ကယ်ဗာနွန်၏ စကားသံသဲ့သဲ့ကသာ တိတ်ဆိတ်မှုကိုဖြိုခွဲထွက် ပေါ်နေ၏။

ဟယ်ရီက အထစ်ထစ်အငေါ့ငေါ့နှင့်

"ဘာ၊ . . ဘာလို့လဲ . . .။ ဒါပေမယ့် ငါပြန်သွားမှဖြစ်မယ်။ စာသင်တာက စက်တင်ဘာတစ်ရက်နေ့စလိမ့်မယ်။ အဲဒါကြောင့် ငါသွားကိုသွားမှဖြစ်မယ်။ ဒီမှာနေရတာ ဘာနဲ့တူသလဲဆိုတာ မင်းမသိပါဘူး . . . ဒီနေရာကို ငါမပိုင်ဘူး။ ငါပိုင်တာ ဟော့ဂဝပ်မှာပါ"

"မသွားရဘူး . . . မသွားရဘူး . . . မသွားရဘူး . . .။ ဟယ်ရီပေါ်တာဟာ သူ့ရဲ့ ဘေးကင်းရန်ကင်းနေရာမှာပဲ နေရမယ်။ သူဟာ အလွန်ကြီးမြတ်တယ်။ အလွန်ကောင်းတယ်။ ဆုံးရှုံးသွားလို့မဖြစ်ဘူး . . .။ တကယ်လို့ ဟယ်ရီပေါ်တာသာ ဟော့ဂဝပ်ကိုပြန်သွားမယ်ဆိုရင် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရလိမ့်မယ်"

ဒေါ်ဘီက နားရွက်များတဖျတ်ဖျတ်ခါသွားအောင် ခေါင်းကိုပြင်းထန်စွာခါယမ်းရင်း အသံစူးစူးနှင့်ပြောလိုက်၏။

"ဘာကြောင့်လဲ"

ဟယ်ရီက တအံ့တသြနှင့်မေးလိုက်မိသည်။



"အဲဒီမှာ လျှို့ဝှက်အကြံအစည်တစ်ခုရှိတယ် . . . ဟယ်ရီပေါ်တာ၊ အဲသည်လျှို့ဝှက်အကြံအစည်က ဟော့ဂဝပ်မှာ ကြောက်မက်တုန်လှုပ်စရာ အကောင်းဆုံးကိစ္စတွေဖြစ်လာအောင်လုပ်မလို့ပဲ၊ အဲဒီအကြောင်း ကျွန်တော်သိတာ လပိုင်းပဲရှိသေးတယ်။ ဟယ်ရီပေါ်တာဟာ အန္တရာယ်တွေထဲကို သူ့ကိုယ်သူတွန်းပို့လို့မဖြစ်ဘူး။ သင်ကအရမ်းအရေးပါတဲ့သူပါ . . . သခင်"

ဒေါ်ဘီက တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နှင့်ပြောလိုက်သည်။

"ဘယ်လိုကြောက်မက် တုန်လှုပ်စရာကိစ္စမျိုးလဲ၊ အဲဒါတွေကိုဘယ်သူက အကွက်ချထားတာလဲ"

ဒေါ်ဘီက အသက်ရှူကျပ်သလိုမျိုး စူးရှသော အသံကျယ်လောင်စွာပြုလိုက်ပြီး သူ၏ခေါင်းကိုနံရံနှင့် အရှူးတစ်ယောက်လို့ဆောင့်နေပြန်သည်။

"ကောင်းပြီ"

ဟယ်ရီက မှင်စာ၏လက်မောင်းကိုဆွဲကိုင်ကာ တားရင်းအော်လိုက်၏။

"မင်းပြောမပြနိုင်ဘူးဆိုတာ ငါသဘောပေါက်ပြီ၊ ဒါပေမယ့် မင်း ငါ့ကို ဘာဖြစ်လို့ သတိပေးတာလဲ"

ရုတ်တရက် စိတ်မသက်သာဖွယ် အတွေးတစ်ခုက သူ့ကိုရိုက်ခတ်လာသည်။

"ဒါဟာ . . . ဗိုဒီမော့ . . . အဲလေ . . . ဟိုကောင်ကြီးလုပ်တာတော့ မဟုတ်ပါဘူးနော် . . . ဟုတ်လား။ မင်း ခေါင်းညိတ်ခေါင်းခါပြရုံလောက်တော့ လုပ်နိုင်မှာပါ"

ဒေါ်ဘီက စိတ်ပူပန်မှုအပြည့်နှင့် သူ့ခေါင်းကို နံရံနှင့်ကပ်အောင်ပြန်စောင်းလိုက်စဉ် ဟယ်ရီက ကပျာကယာဖြည့်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘီက သူ့ခေါင်းကိုပြင်းထန်စွာ ခါယမ်းပြလိုက်သည်။

"လူတွေမခေါ်ရဲတဲ့နာမည်ဆိုးကြီးနဲ့ မပတ်သက်ပါဘူးသခင်"

သို့ရာတွင် ဒေါ်ဘီ၏မျက်လုံးအစုံက ပြူးကျယ်နေပြီး သူ့ပုံစံမှာ ဟယ်ရီ့ကို အရိပ်အမြွက်ပြနေသလိုဖြစ်နေ၏၊ သို့သော်ငြားလည်း ဟယ်ရီမှာ စိတ်ရှုပ်ထွေးနေဆဲပင်။

"သူ့မှာညီအစ်ကိုမရှိပါဘူးနော်. . . ဟုတ်တယ်မဟုတ်လား"

ဒေါ်ဘီက ခေါင်းကိုခါယမ်းလိုက်ပြန်သည်။ သူ့မျက်လုံးများက နဂိုထက်ပြူးကျယ်နေကြ၏။

"ကောင်းပြီ. . . ဒီလိုဆိုရင် ဘယ်သူကများ ဟော့ဝပ်မှာကြောက်မက်တုန်လှုပ်စရာကိစ္စကို ဖန်တီးနိုင်ဖို့ အခွင့်အရေးရသလဲဆိုတာ ငါမတွေးတတ်တော့ဘူး။ ငါဆိုလိုတာက အဲဒီမှာ ဒမ်ဘယ်ဒိုးရှိနေတယ်ဆိုတဲ့အချက်ပဲ။ ဒမ်ဘယ်ဒိုးဘယ်သူလဲဆိုတာ မင်းသိတယ်မဟုတ်လား" ဟု ဟယ်ရီကပြောလိုက်၏။

ဒေါ်ဘီက ဦးညွှတ်လိုက်ပြီး

"အဲလ်ဘတ်ဒမ်ဘယ်ဒိုးဟာ ဟော့ဝပ်သမိုင်းတစ်လျှောက်မှာ အကြီးကျယ်ဆုံးမြင့်မြတ်ဆုံး ကျောင်းအုပ်ကြီးပါ။ ဒါကို ကျွန်တော် သိပါတယ်။ ဒမ်ဘယ်ဒိုးရဲ့တန်ခိုးစွမ်းပကားဟာ ဟိုကောင်ကြီးနဲ့ လက်ရည်တူယှဉ်ပြိုင်နိုင်တယ် ဆိုတာလည်း ကျွန်တော် ကြားဖူးပါတယ်။ ဒါပေမယ့်သခင်. . ."

ပြောနေရင်းဒေါ်ဘီ၏အသံက အရေးတကြီးပုံစံပေါက်လာပြီး ခပ်တိုးတိုးကလေးဆက်ပြောလိုက်သည်။

"ဒမ်ဘယ်ဒိုးမတတ်နိုင်တဲ့. . . ဘယ်စုန်းကဝေကမှ စွမ်းဆောင်ဖို့မလွယ်တဲ့မှော်တန်ခိုးတွေရှိသေးတယ်"

ထို့နောက် ဟယ်ရီတားချိန်မရလိုက်မီ ဒေါ်ဘီကအိပ်ရာပေါ်မှ ဝုန်းခနဲခုန်



ထပြီး ဟယ်ရီ၏စာကြည့်မီးအိမ်ကိုကောက်ကိုင်လိုက်ပြီး နားကွဲမတတ်အော်ဟစ်ကာ သူ့ခေါင်းကိုသူ့မီးအိမ်ဖြင့် ထုလေတော့သည်။

အောပ်ထပ်၌ ချက်ချင်းငြိမ်ကျသွား၏။ နှစ်စက္ကန့်မျှကြာသော် ဟယ်ရီ့နှလုံးသားက တဒုတ်ဒုတ်နှင့် ပရမ်းပတာခုန်နေပြီး ဧည့်ခန်းထဲမှ အန်ကယ်ဗာနွန်၏ အော်ခေါ်သံကိုကြားလိုက်ရသည်။

"ဒတ်ဒလေ. . . သူ့တီဗွီကို ဖွင့်ကားခဲ့ပြန်ပြီနဲ့တူတယ်။ အောက်တန်းစားလေး. . ."

"မြန်မြန်. . . ဘီရိုထဲဝင်"

ဟယ်ရီက ရှုးရှုးရှားရှားနှင့်ပြောရင်း ဒေါ်ဘီ့ကို အဝတ်ဘီရိုထဲသို့ တွန်းဖိ၍ထည့်လိုက်ပြီး တံခါးကိုကသောကမျောပိတ်လိုက်၏။ ထို့နောက် တံခါးလက်ကိုင်ဘုက ချောက်ခနဲလည်သွားစဉ် ကုတင်ပေါ်သို့ သူပစ်လှဲချလိုက်လေသည်။

"မင်း. . ဘာ. . . လုပ်. . . နေ. . . ပြန်. . . ပြီ. . . လဲ"

အန်ကယ်ဗာနွန်က ကြောက်လန့်စဖွယ်ကောင်းသော သူ့မျက်နှာကို ဟယ်ရီမျက်နှာနှင့် ထိလုမတတ်ကပ်ရင်း ပြောလိုက်၏။

"ငါ့ဂျပန်ဂေါက်ရိုက်သမားဟာသရဲ့ ရယ်ရတော့မယ့်အပိုင်းကိုမှ မင်းကဖျက်ဆီးပစ်လိုက်တာပဲ။ နောက်ထပ် အသံတစ်ချက်ထပ်ထွက်ရင် သေဖို့သာပြင်ထားပေတော့. . ကောင်လေး"

သူကပြောပြီး ခြေဖဝါးကြီးများနှင့် ကြမ်းပြင်ကိုဆောင့်နင်းကာ အခန်းထဲမှ ထွက်သွားလေသည်။

တစ်ကိုယ်လုံးတုန်ယင်နေလျှက်က ဟယ်ရီသည် ဒေါ်ဘီ့ကိုအဝတ်ဘီရိုတပြင်သို့ ထွက်ခွင့်ပေးလိုက်၏။

"ဒီနေရာဟာ ဘာနဲ့တူတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ ငါဘာလို့ ဟော့ဝပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုပြန်သွားချင်တယ်ဆိုတာရော သိပြီလား. . . ငါ့အတွက် အဲဒီတစ်နေရာပဲရှိတယ်။ အင်းလေ. . . ငါ့မှာသူငယ်ချင်းတွေလည်း ရှိတယ်လို့ထင်ရတာပဲ"

"ဟယ်ရီပေါ်တာဆီ စာရေးဖော်မရတဲ့သူငယ်ချင်းတွေလား"

"အခု သူတို့ ရေးကြပါစေလို့ ငါမျှော်လင့်မိနေတာပဲ. . နေပါဦး. . ငါ့သူငယ်ချင်းတွေ ငါ့ဆီစာမရေးဘူးဆိုတာ မင်းဘယ်လိုလုပ်သိတာလဲ"

ဟယ်ရီကမျက်မှောင်ကြုတ်ရင်းပြောလိုက်၏။

ဒေါ်ဘီ သူ့ခြေထောက်နှစ်ချောင်းကို လိမ်ယှက်လိုက်ရင်း

"ကျွန်တော့်ကို ဟယ်ရီပေါ်တာ စိတ်မဆိုးရဘူးနော်. . . ကျွန်တော်က အကောင်းဆုံးဖြစ်အောင်လုပ်ပေးတာ. . . "

"ဘာ. . . ဒါဆို မင်း ငါ့ရဲ့စာတွေကို ကြားကနေ တားထားတယ်ပေါ့။ ဟုတ်လား"

"အဲဒီစာတွေ ကျွန်တော့်ဆီမှာ အခုရှိပါတယ်သခင်"

မှင်စာကပြောလိုက်ပြီး ဟယ်ရီလက်လှမ်းမမှီနိုင်သော နေရာသို့ခပ်သွက်သွက်ဆုတ်လိုက်၏။ ၎င်းကသူဝတ်ဆင်ထားသော ခေါင်းအုံးစွပ်အတွင်းမှ စာတစ်ထပ်ကြီးကို ဆွဲထုတ်လိုက်သည်။

ဟာမီယွန်၏ လုပသပ်ရပ်သောလက်ရေး၊ ရွန်၏မသပ်မရပ်နှင့် ဖြစ်ကတတ်ဆန်းရေးထားသောလက်ရေးနှင့် ဟော့ဝပ်မှ ကျောင်းစောင့်ကြီး ဟက်ဂရစ်ထံမှဟုထင်ရသော ခပ်သော့သော့ရေးထားသည့် လက်ရေးတို့ကို ဟယ်ရီမြင်လိုက်ရ၏။

ဒေါ်ဘီက ဟယ်ရီ့အိုမျက်လုံးပေကလပ်ပေကလပ်နှင့် စိုးရိမ်ပူပန်စွာမော့ကြည့်ရင်း

"ဟယ်ရီပေါ်တာ စိတ်ဆိုးမှာမဟုတ်ဘူးလို့ မျှော်လင့်မိပါတယ်၊ ဟယ်ရီ



ပေါ်တာက သူ့သူငယ်ချင်းတွေ သူ့ကိုမေ့နေကြပြီလို့ထင်သွားရင် ဟယ်ရီပေါ်တာ ကျောင်းကိုပြန်သွားချင်တော့မှာ မဟုတ်ဘူးလို့ထင်မိလို့ပါသခင်"

ဟယ်ရီက သူ့စကားကိုနားမထောင်ဘဲ စာများကိုဆွဲယူလိုက်၏။ သို့ရာတွင် ဒေါ်ဘီက ဟယ်ရီမမီအောင် နောက်သို့ခုန်ဆုတ်လိုက်သည်။

"ဒီစာတွေကို ဟယ်ရီပေါ်တာ ရမှာပါသခင်။ တကယ်လို့ သူက ဟော့ဝပ်ကျောင်းကို ပြန်မသွားတော့ပါဘူးလို့ ကတိပေးမယ်ဆိုရင်ပေါ့ ။ အဲ. . . သခင် အဲဒီမှာ သင် ရင်ဆိုင်လို့မရတဲ့ အန္တရာယ်ရှိတယ်။ ပြန်မသွားတော့ဘူးလို့ ပြောပါသခင်"

"မပြောဘူး. . . ငါ့သူငယ်ချင်းတွေရဲ့စာ ငါ့ကိုပေးစမ်း"

ဟယ်ရီက ဒေါသထွက်ထွက်နှင့် ပြောလိုက်၏။

"ဒါဖြင့် ဟယ်ရီပေါ်တာက ကျွန်တော့်ကို ရွေးချယ်ခွင့်မပေးတော့ဘူးပေါ့"

ဟု မှင်စာက ဝမ်းနည်းကြေကွဲစွာဖြင့် ပြောလိုက်သည်။

ဟယ်ရီ ဘာမှမလုပ်နိုင်ခင် ဒေါ်ဘီက အိပ်ခန်းတံခါးဆီသို့ လျှင်မြန်စွာပြေးသွားကာ တံခါးကိုဆွဲဖွင့်လိုက်ပြီး လှေကားမှ တဟုန်ထိုးပြေးဆင်းသွားလေတော့သည်။

ဟယ်ရီမှာ အာခေါင်တွေခြောက်ကပ်လာကာ ကိုယ်တွင်းမှ ကလီစာများပြောင်းဆန်သွားသလို ခံစားလိုက်ရ၏။ သူက အသံမထွက်အောင် သတိထားရင်း ဒေါ်ဘီ့နောက်သို့ ချက်ချင်းပြေးလိုက်သွားသည်။ ဟယ်ရီသည် လှေကား၏ နောက်ဆုံးခြောက်ထစ်ကိုခုန်ကျော်ကာ ခန်းမကြီး၏ ကော်ဇောပေါ်သို့ ကြောင်တစ်ကောင်လို ကျသွား၏။ သူဒေါ်ဘီ့ကို လှည့်ပတ်ပြီး လိုက်ရှာလိုက်သည်။ ဧည့်ခန်းထဲမှ အန်ကယ်ဗာနွန်၏ စကားသံကိုသူကြားနေရသည်။

". . . အမေရိကန် ပိုက်ပြင်သမားအကြောင်း ရယ်စရာပုံပြင်ကို ပီကျူးနီး

www.burmeseclassic.com

www.burmeseclassic.com



ယားသိအောင် ပြောပြလိုက်ပါဦး မစ္စတာမေဆင်. . . သူကအသေအလဲကြားချင်နေတာ. . ."

ဟယ်ရီသည် ခန်းမကြီးထဲမှ မီးဖိုခန်းထဲသို့ ပြေးဝင်သွားစဉ် သူ၏ဝမ်းဗိုက်တွင်းမှ ကလီစာများပျောက်ကွယ်သွားသလို ခံစားလိုက်ရ၏။

အန်တီပီကျူးနီးယား၏ အကောင်းဆုံးလက်ရာဖြစ်သော ခရင်မ်အပုံလိုက်နှင့် ခရမ်းရောင်သကြားရည်များဆမ်းထားသည့် ပူတင်းမုန့်ကြီးမှာ မျက်နှာကျက်အနီး၌ လေထဲသို့လွင့်မျောနေသည်ကို တွေ့လိုက်ရသည်။ ကြောင်အိမ်၏ အပေါ်ဆုံးထောင့်တစ်နေရာတွင်မူ ဒေါ်ဘီကဝပ်ပြီး ပုန်းနေလေသည်။ ဟယ်ရီက စူးရှစွာ အော်ပြောလိုက်၏။

"မလုပ်နဲ့. . . ကျေးဇူးပြုပြီး သူတို့ငါ့ကိုသတ်လိမ့်မယ်"

"ဟယ်ရီပေါ်တာက ကျောင်းကိုပြန်မသွားတော့ပါဘူးလို့ ပြောရမယ်"

"ဒေါ်ဘီ . . . ကျေးဇူးပြုပြီး. . ."

"ပြောလိုက်ပါ . . . သခင်"

"ငါမပြောနိုင်ဘူး"

ဒေါ်ဘီက ဟယ်ရီကိုကြေကွဲစွာ ကြည့်လိုက်သည်။

"ဒါဖြင့် ကျွန်တော် လုပ်လိုက်တော့မယ် သခင်. . . ဟယ်ရီပေါ်တာရဲ့ကောင်းကျိုးအတွက်ပါ"

ပူတင်းမုန့်ကြီးက နှလုံးသွေးများပင်ရပ်တန့်သွားစေနိုင်လောက်အောင် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲကျလာ၏။ ဟင်းပန်းကန်များကျကွဲသွားသလိုမျိုး ခရင်မ်များက ပြတင်းပေါက်များနှင့် နံရံများသို့ လွင့်စင်ပေကျံသွားလေတော့သည်။

ထမင်းစားခန်းထဲမှ အော်သံများထွက်လာပြီး အန်ကယ်ဗာနွန်က ဟယ်ရီကိုရှာရန် မီးဖိုခန်းထဲသို့ တဟုန်ထိုးပြေးဝင်လာ၏။ ဟယ်ရီက ဆံဖျားမှခြေမအထိ



အန်တီပီကျူးနီးယား၏ ပူတင်းများဖုံးလွှမ်းပေကျံနေပြီး တုန်လှုပ်မှုဖြင့် တောင့်တောင့်ကြီးရပ်နေလေသည်။

ပထမတော့ အန်ကယ်ဗာနွန်က အကြောင်းပြချက်ပေးပြီး ကိစ္စကြီးတစ်ခုလုံး ပြီးသွားအောင် ဖြေရှင်းကိုင်တွယ်လိုက်နိုင်သည့်ပုံပေါ်သည်။ (ဒါ. . ကျွန်တော်တို့ တူလေးပါ. . . အရမ်းအနှောက်အယှက်ပေးတာ. . . တွေ့ဖူးတဲ့ လူစိမ်းတွေတိုင်းက သူ့ကိုစိတ်ပျက်ကြတယ်. . . ဒါကြောင့် သူ့ကို ကျွန်တော်တို့ အပေါ်ထပ်မှာထားထားတာ)

သူက ခြောက်ချားတုန်လှုပ်နေကြသော မေဆင်ဇနီးမောင်နှံကို တည်ငြိမ်အောင်လုပ်ပေးရင်း ထမင်းစားခန်းထဲသို့ ပြန်ခေါ်သွား၏။ သူက ဟယ်ရီ့ကို မေဆင်ဇနီးမောင်နှံတို့ ပြန်သွားလျှင် အရေခွံခွါမည်ဟု ကြိမ်းလိုက်ပြီး. . . လက်ထဲသို့ တံမြက်စည်းတစ်ချောင်းထည့်ပေးသွားသည်။ အန်တီပီကျူးနီးယားက ရေခဲသေတ္တာမှ ရေခဲမုန့်များကိုထုတ်နေစဉ် ဟယ်ရီမှာ တုန်လှုပ်နေဆဲဖြစ်ပြီး မီးဖိုချောင်ကို ပွတ်တိုက်ကာ သန့်ရှင်းရေးစတင်လုပ်နေလေသည်။

ဇီးကွက်တစ်ကောင်ရောက်မလာခင်အထိ အန်ကယ်ဗာနွန်က အရောင်းအဝယ်ကိစ္စဖြစ်မြောက်အောင် ကြိုးစားနေဆဲပင်. . .။

အန်တီပီကျူးနီးယားက ထမင်းစားပြီး အချိုတည်းသော ပူရှိန်းသေတ္တာကို သယ်လာစဉ် ကြီးမားသောအညိုရောင်ဇီးကွက်ကြီးတစ်ကောင်က ထမင်းစားခန်းပြတင်းပေါက်မှ တဟုန်ထိုးပျံသန်းဝင်ရောက်လာ၏။ မစ္စစ်မေဆင်၏ ခေါင်းပေါ်သို့ စာတစ်စောင်ပစ်ချလိုက်ပြီးနောက် တရှိန်ထိုးပြန်လည်ထွက်ခွါသွားလေသည်။ မစ္စစ်မေဆင်ကား မကောင်းဆိုးဝါးကောင်လို စူးစူးရှရှအော်မြည်လိုက်ပြီး အိမ်ထဲမှ ပြေးထွက်သွား၏။

မစ္စတာမေဆင်ကတော့ သူ့မိန်းမသည် မည်သည့်အရွယ်အစားရှိသော ငှက်

www.burmeseclassic.com



ကိုမဆို အလွန်အမင်းကြောက်ရွံ့တတ်ကြောင်းနှင့် ထိုကိစ္စမှာ သူတို့ဟာသလုပ်ခြင်း ဟုတ်မဟုတ်မေးပြီးသည်အထိ အချိန်အတန်ကြာနေသွားသေးသည်။

ဟယ်ရီကား မီးဖိုချောင်ထဲ၌ ရပ်လျှက်။ အန်ကယ်ဗာနွန်က သူ့ဆီတရွေ့ရွေ့ တိုးလာသည်နှင့်အမျှ ဟယ်ရီခမျာ ကြမ်းတိုက်သည့်အဝတ်တုတ်ကို အားကိုးမှီခိုစရာတစ်ခုလို ကျစ်ကျစ်ပါအောင် ဆုပ်နေမိ၏။ အန်ကယ်ဗာနွန်၏သေးငယ်သော မျက်ဝန်းများက မီးပွင့်မတတ်။

"ဖတ်ကြည့်စမ်း. . . လုပ်ပါ. . . ဖတ်ကြည့်စမ်းပါ"

ဇီးကွက်ကလာပို့သွားသောစာကို ဝှေ့ယမ်းကာအန်ကယ် ဗာနွန်က စိတ်ဆိုးမာန်ဆိုးနှင့် ရှူးရှူးရှားရှားအော်လိုက်၏။

ဟယ်ရီသည် စာကိုလှမ်းယူလိုက်သည်။ စာထဲတွင် မွေးနေ့နှုတ်ခွန်းဆက်သစကားမပါချေ။

*"ချစ်ခင်ရပါသော မစ္စတာပေါ်တာ. . .*

*ယနေ့ညကိုးနာရီ ဆယ့်နှစ်မိနစ်တွင် သင်၏နေအိမ်၌ ဖုံသန့်ရှင်းခြင်းပြုစားနည်းကို အသုံးပြုခဲ့သည်ဟု ကျွန်ုပ်တို့သတင်းရရှိပါသည်။*

*သင်သိထားသည့်အတိုင်း အသက်မပြည့်သေးသော စုန်းတစေများကို ကျောင်းပြင်ပ၌ ဂါထာမန္တန်များအား မန်းမှုတ်အသုံးချခြင်းကို ခွင့်မပြုပါ။ သင်၏နေရာ၌ နောက်တစ်ဖန် ဂါထာမန္တန်များအား မန်းမှုတ်အသုံးပြုသည်ကို တွေ့ရှိပါက ကျောင်းမှထုတ်ပယ်အပြစ်ပေးခြင်းခံရမည်ဖြစ်ပါသည်။*

*(၁၈၇၅ တွင် အသက်မပြည့်သေးသော စုန်းတစေ့ မှော်ဆရာများအား ကန့်သတ်တားမြစ်သော ကြောင်းကျိုးဆီလျော်စွာ ထုတ်ပြန်သည့်အမိန့် အပိုဒ်ဂ. . .)*

*နိုင်ငံတကာ စုန်းတစေ အဖွဲ့ချုပ်၏ ညှို့ဝှတ်ချက်ဆိုင်ရာ ဥပဒေပုဒ်မ*



*၁၃ အရ မည်သည့်မှော်ပညာနှင့်ဆိုင်သော ပြုလုပ်မှုတစ်ခုခုကိုမဆို နှီးရိုးသာမန်လူများက သိသာထင်ရှားစွာ သတိပြုမိသွားပါက ကြီးလေးသော ရာဇဝတ်မှုဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့က သင့်အားသတိပေးအပ်ပါသည်။*

*အားလပ်ရက်များ၌ ပျော်ရွှင်နိုင်ပါစေ. . .*

*သင်၏ဖြူစင်ခင်မင်သော*

*မာဖယ်လ်ဒါဟော့စ်တာတ်၊*

*မှော်ပညာအလွဲသုံးစားလုပ်မှုရုံး*

*မှော်ဝန်ကြီးဌာန။*

ဟယ်ရီသည် စာဖတ်နေရာမှ ကမန်းကတန်းမော့ကြည့်လိုက်၏။

"ကျောင်းပြင်ပမှာ မင်းမှော်ပညာသုံးစွဲခွင့်မရှိဘူးဆိုတာ ငါတို့ကိုပြောမထားပါလား. . . ပြောဖို့သတိမရလို့ပါ. . . မေ့နေလို့ပါလို့ ဆင်ခြေပေးမယ်ဆိုတာ ငါပြောရဲတယ်" ဟု အန်ကယ်ဗာဒွန်က ပြောလိုက်၏။ သူ့မျက်လုံးများက ရူးသွပ်သူတစ်ယောက်လို တောက်ပနေလေသည်။

သူကဟယ်ရီထံသို့ ရောမခွေးဘီလူးကြီးတစ်ကောင်လို လျှင်မြန်စွာတိုးလာပြီး သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ဖြဲပြရင်း. . .

"ကဲ. . ငါမင်းကို ပြောစရာရှိတယ် ကောင်လေး၊ ငါမင်းကို အပေါ်ထပ်မှာ သော့ပိတ်ထားမယ်. . . မင်းကျောင်းကိုဘယ်တော့မှပြန်မသွားရဘူး။ တကယ်လို့ မင်းဘာသာမင်း မှော်ပညာသုံးပြီး လွတ်မြောက်ဖို့ ကြိုးစားရင်လည်း သူတို့က မင်းကို ကျောင်းထုတ်ပစ်လိုက်မှာပဲ"

ထို့နောက်အရူးတစ်ယောက်လို အော်ဟစ်ရယ်မောလိုက်ပြီး ဟယ်ရီ့ကို အပေါ်ထပ်သို့ ပြန်ဆွဲခေါ်သွားလေသည်။

အန်ကယ်ဗာနွန်မှာ သူပြောသည့်အတိုင်းပင် ဆိုးဝါးမှုကိုစက်လှသည်။

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် သူကလူတစ်ယောက်ကိုပိုက်ဆံပေးပြီး ဟယ်ရီ၏ပြတင်းပေါက်၌ သံတိုင်များတပ်ဆင်ခိုင်း၏။ သူကိုယ်တိုင်လည်း တစ်နေ့သုံးကြိမ် အစာနည်းနည်းပါးပါး အထဲသို့ထိုးသွင်း၍ရအောင် ဟယ်ရီ၏ အိပ်ခန်းတံခါး၌ ကဲလားသေးသေးလေးကိုတပ်ဆင်လေသည်။ သူတို့က ဟယ်ရီရေချိုးခန်းသို့သွားရန်အတွက်သာ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်သော့ခလောဖွင့်ပေးကြ၏။ တစ်နည်းပြောရလျှင် ဟယ်ရီမှာ သူ့အခန်းထဲ၌ ၂၄-နာရီလုံးလုံး သော့ပိတ်ခံထားရခြင်းဖြစ်သည်။

* * * * *

သုံးရက်သာကုန်ဆုံးသွားသည်။ ဒါစလေမိသားစုက သနားညှာတာမည့်အရိပ်အယောင်မပြသလို ဟယ်ရီမှာလည်း သူ၏အခြေအနေဆိုးမှလွတ်မြောက်နိုင်စရာလမ်းမမြင်နိုင်ချေ။ သူသည် အိပ်ရာထက်၌ လဲလျောင်း၊ ပြတင်းပေါက်သံတိုင်များအနောက်ဖက်မှ နေမင်းကြီးဝင်သွားသည်ကို ငေးမောရင်း ရှေ့လျှောက်ဘာများဖြစ်လာဦးမည်နည်းဟု စိတ်မချမ်းမြေ့စွာတွေးနေမိသည်။

အခန်းထဲမှလွတ်မြောက်အောင် မှော်ပညာသုံးသည့်အတွက် ဟော့ဝဝ်မှ သူ့အားကျောင်းမှထုတ်ပစ်လိုက်မည်ဆိုလျှင် ထိုသို့လုပ်ရသည်မှာ ဘာများကောင်းဦးမှာလဲ၊ သို့ရာတွင် ယခုဒီအိမ်၌ သူနေရသည့်အခြေအနေမှာလည်း သူ့ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ရာဇဝင်တွင်လောက်အောင် ဆိုးရွားနိမ့်ကျနေပြီဖြစ်၏။ သူမှော်ပညာသုံးခွင့်မရှိမှန်း သိသွားပြီဖြစ်သည့် ဒါစလေမိသားစုက သူ့ကိုနည်းနည်းမှ ကြောက်ရွံ့တော့မည်မဟုတ်။ ဝိုင်းပြီးဖိကြ၊ နှိမ်ကြတော့မည်သာဖြစ်သည်။ မှင်စာကလေးဒေါ်ဘီက သူ့ကိုဟော့ဝပ်မှော်ကျောင်းတော်ကြီးတွင် ဆိုးဆိုးဝါးဝါးအန္တရာယ်နှင့်မကြုံအောင် ကယ်ဆယ်ပေးခဲ့ခြင်းမှာ ဟုတ်သည်မှန်သည်ပဲဆိုစေ



ဦးတော့. . . ယခုလောလောဆယ်တော့ ဘာထူးသေးသနည်း။ ဒီအိမ်တွင် အနေးနှင့်အမြန်ဆိုသလို အစာငတ်ပြီးသေရလိမ့်မည်ဖြစ်သည်။

ထိုစဉ် ကဲလားတံခါးပွင့်သွားကာ အန်တီပီကျူးနီးယား၏လက်ပေါ်လာပြီး စွပ်ပြုတ်ပန်းကန်ကို အခန်းတွင်းသို့တွန်းထည့်လိုက်၏။ အခန်းတွင်း၌ ဆာလောင်မှုကြောင့် ဗိုက်အောင့်နေပြီဖြစ်သော ဟယ်ရီမှာ အိပ်ရာမှခုန်ထကာ စွပ်ပြုတ်ပန်းကန်ကိုဆွဲယူလိုက်သည်။ စွပ်ပြုတ်ရည်မှာ အေးစက်နေသော်လည်း ဟယ်ရီသည် တစ်ကျိုက်တည်းနှင့် ပန်းကန်တစ်ဝက်ခန့်ကုန်အောင် သောက်ပစ်လိုက်သည်။

ထို့နောက်သူက ဇီးကွက်မလေးဟက်ဝစ်၏ လှောင်အိမ်ဆီသို့သွားကာ ပန်းကန်လုံးအောက်ခြေရှိ ဟင်းရည်များနှင့် စိုရွှဲနေသော ဟင်းသီးဟင်းရွက်များကို ဟောင်းလောင်းဖြစ်နေသည့် သူမ၏အစာခွက်ထဲသို့ ထည့်ပေးလိုက်၏။

ဟက်ဝစ်၏အမွေးအတောင်များ ထောင်ထလာပြီး သူ့ကိုလွန်စွာစက်ဆုပ်ရွံ့ရှာသောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

"ဒါကိုမကောင်းဘူးလို့ မင်းဝေဖန်ချင်လို့လည်း အလကားပဲ. . . ငါတို့ရတာ ဒါအကုန်ပဲကွ"

ဟယ်ရီက တင်းမာစွာပြောလိုက်၏။

သူသည် စွပ်ပြုတ်ပန်ကန်လုံးအလွတ်ကို ကဲလားပေါက်ဘေးမှ ကြမ်းပြင်ပေါ်တွင် ချထားလိုက်ပြီး အိပ်ရာပေါ်တွင် ပြန်လှဲနေလိုက်သည်။ စွပ်ပြုတ်မသောက်ခင်ကထက်ပို၍ ဆာလောင်လာသလိုခံစားရသည်။

နောက်ထပ်ရက်သတ္တလေးပတ်ခန့် ဆက်ပြီးသူအသက်ရှင်နိုင်ဦးမည်ဆိုလျှင် ဟော့ဝပ်သို့ သူပြန်ရောက်မလာပါက ဘာတွေများဖြစ်ကြမည်နည်း။ သူဘာကြောင့် ပြန်မလာရသည်ကို စုံစမ်းရန်လူတစ်ယောက် လွှတ်လိုက်မည်လား။ သူတို့က ဒါစလေမိသားစုအား သူ့ကိုသွားခွင့်ပြုအောင် လုပ်ပေးမှာလား. . .။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ တစ်ဖြည်းဖြည်းမှောင်စပြုလာသည်။ ဟယ်ရီကား ဆာလောင်မွတ်သိပ်စွာဖြင့် ဗိုက်ထဲ၌ တဂွီဂွီမြည်နေပြီး သူ၏စိတ်တွင် အဖြေရှာမရသည့် မေးခွန်းများနှင့် ချာချာလည်နေရင်း မသက်မသာနှင့် အိပ်ပျော်သွားလေသည်။

သူ့ကို တိရစ္ဆာန်ဥယျာဉ်ထဲ၌ ပြသထားသည်ဟု အိမ်မက်မက်၏။ 'အသက်မပြည့်သေးသောစုန်း'ဟူသည့် စာတန်းကို သူ့လှောင်အိမ်၌ ချိတ်ဆွဲထားသည်။ ကောက်ရိုးမွေ့ယာပေါ်၌ သူဆာလောင်မွတ်သိပ်ကာ အားနည်းစွာလဲလျောင်းနေစဉ် လူအများက သူ့ကိုဝိုင်းကြည့်နေကြလေသည်။ သူကလူအုပ်ထဲ၌ ဒေါ်ဘီ့မျက်နှာကို မြင်လိုက်ရသဖြင့် အော်ဟစ်အကူအညီတောင်းလိုက်၏။ သို့ရာတွင် ဒေါ်ဘီသည် 'ဟယ်ရီပေါ်တာက အဲဒီမှာလုံခြုံတယ်'ဟုအော်ဟစ်ကာ ပျောက်ကွယ်သွားတော့သည်။ ထို့နောက် ဒါစလေမိသားစုပေါ်လာပြီး ဒတ်ဒလေက သံတိုင်များကို တကျွိကျွိမြည်အောင်လှုပ်ခါရင်း သူ့ကိုလှောင်ပြောင်ရယ်မောနေလေသည်။

တကျွိကျွိမြည်သံက နာကျင်ကိုက်ခဲနေသော သူ၏ဦးခေါင်းကို ထုထောင်းထားသလို ဖြစ်နေပြီး သူညည်းတွားရေရွတ်မိ၏။

"ရပ်လိုက်ပါ. . . ငါ့ကိုတစ်ယောက်တည်းထားခဲ့ကြပါ. . . မလုပ်ပါနဲ့တော့ ငါအိပ်ပျော်ဖို့ကြိုးစားနေတယ်"

သူမျက်လုံးများကို ဖွင့်ကြည့်လိုက်မိသည်။ လရောင်ကပြတင်းပေါက် သံတိုင်များကြားမှ ဖြူစင်ဝင်းပစွာ ဖြာကျနေ၏။ တစ်စုံတစ်ယောက်က သံတိုင်များကြားမှ သူ့ကိုကြည့်နေ၏။ ထိုတစ်စုံတစ်ယောက်မှာ ဝက်ခြံမှဲ့ခြောက်များရှိသောမျက်နှာ ဆံပင်အနီရောင်နှင့် ရှည်လျားသောနှာခေါင်းရှိသည်။

ရွန်ဝီစလေကား ဟယ်ရီအိပ်ခန်းပြတင်းပေါက်အပြင်ဖက်၌ ရှိနေလေသည်။

❑

## အခန်း (၃)

---

## ရွန်ဝီစလေတို့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



"ရှန်"

ဟယ်ရီက ပြတင်းပေါက်ဆီသို့ တွားသွားကာ သူတို့နှစ်ယောက်သံတိုင်များကြားမှ စကားပြောနိုင်လောက်အောင် တံခါးရွက်များကို အပေါ်သို့တွန်းတင်လိုက်သည်။

"ရှန် . . . မင်းဘယ်လို။ ဟင် . . . ဒါဘာကြီးလဲ"

သူနှင့် ထိကပ်နေသည့်အရာကို ဟယ်ရီ သေချာတွေ့လိုက်ရသောအခါ ပါးစပ်အဟောင်းသားဖြစ်သွား၏။

အလို . . . မော်တော်ကားကြီးတစ်စင်းလေထဲမှာ ရပ်တန့်နေပါကလား။

ရှန်မှာလေထဲတွင် ရပ်ထားသောစိမ်းပြာရောင်ကျောက်မျက်နှင့် လုပ်ထားသည့် ကားအိုကြီး၏ ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်ကာ မှီနေခြင်းဖြစ်သည်။ မရှေ့ထိုင်ခုံနှစ်ခုမှနေ၍ ဟယ်ရီကိုပြုံးဖြဲဖြဲနှင့် ကြည့်နေသူများကတော့ ရှန်၏ အစ်ကိုများဖြစ်ကြသော ဖရက်နှင့် ဂျော့အမွှာညီနောင်ပင်။

"အဆင်ပြေလား ဟယ်ရီ"

"ဘာတွေဖြစ်နေတာလဲ . . . ဘာလို့ငါ့ရဲ့စာတွေကို ပြန်မရေးတာလဲ၊ မင်းကို

www.burmeseclassic.com



အိမ်မှာလာနေဖို့ပြောတာ ဆယ့်နှစ်ခါလောက်ရှိပြီ။ ဟိုတစ်နေ့က အဖေ ရုံးဆင်းတော့ အိမ်ပြန်လာပြီး မင်းရိုးရိုးသာမန်လူတွေရှေ့မှာ မှော်ပညာထုတ်သုံးလို့ ဌာနဆိုင်ရာသတိပေးစာတစ်စောင်အပို့ခံရတယ်လို့ပြောတယ်" ဟု ရွန်ကပြော၏။

"အဲဒါ ငါ့လက်ချက်မဟုတ်ဘူး. . ၊ ဒါနဲ့သူက ဘယ်လိုလုပ်သိတာလဲ"

"သူကဝန်ကြီးဌာနမှာလုပ်တယ်လေကွာ၊ ငါတို့ကိုကျောင်းရဲ့ပြင်ပမှာ ဂါထာမန္တာန်တွေ မန်းမှုတ်ခွင့်မပြုဘူးဆိုတာ မင်းသိတယ်နော်"

"ဟော့ကောင်. . . မင်းက ကားတွေဘာတွေနှင့် တယ်ကြီးပွားနေပါလား"

ဟယ်ရီက လေထဲ၌လွင့်မျောနေသောကားကိုကြည့်ပြီးပြောလိုက်သည်။

"အဲ. . . မထင်ပါနဲ့ကွာ. . . အဲဒီကားကငါတို့ငှါးလာတာပါ။ အဲဒါဟာ ဒါနဲ့ မင်းနဲ့အတူ နေတဲ့မတ်ဂယ်(ရိုးရိုးသာမန်လူ)တွေရှေ့မှာ မှော်ပညာသုံးတယ်ဆို. ."

"ငါပြောပြီးပြီပဲ၊ ငါလုပ်တာမဟုတ်ပါဘူးလို့. . . ဒါပေမယ့် အခုရှင်းပြရင် ပေသိပ်ရှုပ်နေလိမ့်မယ်၊ အရေးကြီးတာက. . . ဟော့ဝပ်မှာ မင်း ရှင်းပြပေးနိုင်မလား၊ ဒါစလေမိသားစုက ငါ့ကိုသော့ခတ်အကျဉ်းချထားပြီး ကျောင်းကိုပြန်သွားခွင့်မပေးဘူး၊ ငါ့ဖာသာမှော်ပညာသုံးပြီး လွတ်အောင်လုပ်လို့မရဘူး. . . ဆိုတာအသိသာကြီးပဲ၊ ဘာကြောင့်လဲဆိုတော့ ငါမှော်ပညာကိုသုံးတာ သုံးရက်အတွင်း ဒါဟာ ဒုတိယအကြိမ်ပဲဆိုတာ မှော်ဝန်ကြီးဌာနက တွေးမှာမို့လို့ပဲ. . . ဒါကြောင့်. . ."

"အမိပ္ပါယ်မရှိတာတွေ ဝူးဝူးဝါးဝါးပြောမနေနှင့်တော့. . . မင်းကိုငါတို့နဲ့အတူ အိမ်လိုက်ခဲ့ဖို့လာခေါ်တာ" ဟု ရွန်ကပြောလိုက်သည်။

"ဒါပေမယ့် မင်းလည်း မှော်ပညာသုံးလို့မရဘူးမဟုတ်လား"

"မင်းနဲ့ ငါ သုံးဖို့မလိုပါဘူး. . . ငါနဲ့ပါလာတာ ဘယ်သူတွေလဲဆိုတာ မင်းမေ့နေပြီလား"



ရွန်က ကားရှေ့ခန်းသို့ မေးငေါ့ပြရင်း ပြုံးဖြဲဖြဲနှင့် ပြောလိုက်၏။

"ဒီကြိုးကို သံတိုင်တွေမှာ ပတ်ချည်လိုက်"

ဖရက်က ကြိုးစကို ဟယ်ရီထံလှမ်းပစ်ပေးရင်း ပြောလိုက်သည်။

"ဒါစလေမိသားစုနိုးလာရင် ငါသေလိမ့်မယ်"

ဟယ်ရီက ပြတင်းပေါက်သံတိုင်များကို ကြိုးဖြင့် တင်းကျပ်စွာချည်နှောင်လိုက်၏။ ဖရက်က ကြိုးဖြင့်ဆက်ထားသောကားကို စက်ကုန်ဖွင့်ရှိန်းကာ ဆွဲရင်း

"စိတ်မပူပါနဲ့။ ကဲ. . . နောက်ဆုတ်နေ"

ဟယ်ရီသည် ဟက်ဝစ်၏ နံဘေးမှ အရိပ်ထဲသို့ ပြန်ဆုတ်လိုက်၏။ ဇီးကွက်မလေးဟက်ဝစ်မှာ ဤအချိန်သည် တိတ်ဆိတ်ငြိမ်သက်စွာနေရန် မည်မျှအရေးကြီးသည်ကို သဘောပေါက်သည့်ပုံပေါ်သည်။

ကားစက်သံက ဝေါခနဲ၊ ဝူးခနဲကျယ်သထက်ကျယ်လာပြီး ဖရက်ကလေထဲ၌ ကားကိုတရှိန်ထိုးမောင်း၍ဆွဲသွားစဉ် ရှတ်တရက်သံတိုင်များက ဂျွတ်ဂျွတ်ဂျွတ်ဂျွတ်မြည်ကာ ပြတင်းပေါက်မှ ကျွတ်ထွက်သွားကြလေသည်။ ဟယ်ရီကား ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး သံတိုင်များက မြေပြင်နှင့်ထိရန် ပေအနည်းငယ်အလိုတွင် လေထဲ၌တွဲလောင်းဖြစ်နေကြသည်ကို ကြည့်လိုက်၏။ ရွန်က ဟောဟဲ၊ ဟောဟဲဖြစ်နေရင်း သံချောင်းများကို ကားထဲသို့ဆွဲတင်လိုက်သည်။ ဟယ်ရီမှာ စိုးရိမ်ပူပန်စွာဖြင့် နားစွင့်နေသော်လည်း ဒါစလေမိသားစု၏ အိပ်ခန်းမှ မည်သည့်အသံမျှမကြားရချေ။

သံချောင်းများက ရွန်နှင့်အတူ နောက်ဖက်ထိုင်ခုံပေါ်သို့ ဘေးရန်ကင်းရှင်းစွာ ရောက်ရှိသွားသောအခါ ဖရက်က ဟယ်ရီ၏ပြတင်းပေါက်နှင့် နီးနိုင်သမျှနီးအောင် ကားကိုပြန်ကွေ့ပြီးမောင်းလာ၏။

"ကားပေါ်တက်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှန်ကပြောလိုက်သည်။

"ခဏနေဦး. . . ငါဟော့ဝပ်ကျောင်းပစ္စည်းတွေ၊ ငါ့ဆေးတောင်ဝှေးနဲ့ ငါ့တံမြက်စည်း ကျန်သေးတယ်"

"အဲဒါတွေဘယ်မှာထားလဲ"

"လှေကားအောက်ကဘီရိုထဲမှာ သော့ခပ်သိမ်းထားတယ်။ ငါလည်းအခန်းထဲက ထွက်လို့မရဘူး"

"ပြဿနာမရှိဘူး. . . လမ်းဖယ်လိုက် ဟယ်ရီ"

ဟု ဂျော့ကရှေ့ဖက်ထိုင်ခုံမှ လှမ်းပြောလိုက်သည်။

ဖရက်နှင့် ဂျော့တို့သည် ပြတင်းပေါက်မှ သတိထားပြီး ကျော်တက်ကာ ဟယ်ရီ့အခန်းထဲသို့ ဝင်လာကြ၏။ ဂျော့က ရိုးရိုးသာမန်ကလစ်တစ်ချောင်းကို အိတ်ကပ်ထဲမှ ထုတ်လိုက်ပြီး သော့ပေါက်ထဲသို့ ထည့်၍လှည့်နေသည်ကိုကြည့်ရင်း တကယ့်ကိုချိုးကျူးစရာကောင်းလောက်အောင် တော်တဲ့လူတွေပဲဟု ဟယ်ရီ တွေးနေမိသည်။

"စုန်းကဝေတော်တော်များများက ဒါဟာ မတ်ဂယ်(ရိုးရိုးသာမန်လူ)တွေရဲ့ လှည့်ကွက်ကိုသိနေလျှက်နဲ့ သက်သက်အချိန်ဖြုန်းတာလို့ထင်ကြတယ်။ ဒီလိုဖွင့်ရတာနည်းနည်းနှေးပေမယ့် ဒီပညာရပ်ကို လေ့လာထားတဲ့အကျိုးကို ငါတို့ခံစားရတာပဲ"

"ကလစ်"ခနဲ ခပ်တိုးတိုးမြည်သွားပြီး တံခါးပွင့်သွား၏။

"ကဲ. . . ငါတို့မင်းရဲ့ ကျောင်းပိုးအိတ်ရှည်ကို ယူလာခဲ့မယ်။ အခန်းထဲမှာ မင်းလိုချင်တာမှန်သမျှယူပြီး ရွှန့်ဆီကိုလက်ဆင့်ကမ်းပေးလိုက်"

ဟု ဂျော့က လေသံလေးဖြင့်ပြောလိုက်သည်။



"အောက်ဆုံးလှေကားထစ်ကို သတိထား. . . အဲဒီအထစ်က နဲ့ပြီးတကျွိကျွိ မြည်နေတယ်"

အမှောင်ညီနေခင်တို့ မှောင်မည်းနေသော လှေကားအဆင်း၌ပျောက်ကွယ်မသွားခင် ဟယ်ရီက တိုးတိုးပြန်ပြောလိုက်သည်။

ဟယ်ရီက သူ၏အခန်းထဲ၌ လျှောက်သွားရင်း သူ့ပစ္စည်းများကိုပေါင်းစုပြီး ပြတင်းပေါက်အပြင်ဘက်မှ ရွှန့်ထံသို့လှမ်းပေးလိုက်သည်။ ထို့နောက် သူ့ကျောပိုးအိတ်ရှည်ကို မကာ လှေကားမှတက်လာသော ဖရက်နှင့်ဂျော့တို့ကို သွားကူလိုက်၏။ အန်ကယ်ဗာနွန်၏ ချောင်းဆိုးသံကို ဟယ်ရီကြားလိုက်ရသည်။

နောက်ဆုံးတွင် သုံးယောက်သား ဟောဟဲ၊ ဟောဟဲနှင့် လှေကားဆီသို့ ရောက်လာကြပြီး ဟယ်ရီ၏အခန်းကိုဖြတ်ကာ ပွင့်နေသော ပြတင်းပေါက်ဆီသို့ ကျောပိုးအိတ်ရှည်ကို သယ်လာခဲ့ကြသည်။ ဖရက်က ကားပေါ်ပြန်တက်သွားပြီး ရွှန်နှင့်အတူအိတ်ကို ဆွဲတင်စဉ် ဟယ်ရီနှင့် ဂျော့တို့ကအိပ်ခန်းဖက်မှ တွန်းတင်ပေး၏။ ကျောပိုးအိတ်ရှည်က တစ်လက်မချင်းပြတင်းပေါက်ကို ဖြတ်သန်းရွေ့လျားနေလေသည်။

အန်ကယ်ဗာနွန်က ချောင်းဆိုးလိုက်ပြန်သည်။

"အားနည်းနည်းပိုစိုက်လိုက်၊ ခပ်ပြင်းပြင်းတစ်ချက်လောက် တွန်းလိုက်ကွာ" ဖရက်က အိတ်ကိုကားထဲမှ ဆွဲတင်ရင်းပြောလိုက်၏။

ဟယ်ရီနှင့်ဂျော့တို့က ကျောပိုးအိတ်ရှည်ကို သူတို့၏ပခုံးများနှင့်ဖိကပ်ပြီး ဆောင့်တွန်းထည့်လိုက်မှ အိတ်ကပြတင်းပေါက်မှ လျှောထွက်ကာ မော်တော်ကား နောက်ဖက်ထိုင်ခုံပေါ် သို့ရောက်သွား၏။

"အိုကေ. . . သွားကြစို့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဂျော့က ခပ်တိုးတိုး ပြောလိုက်သည်။

သို့ရာတွင် ဟယ်ရီပြတင်းပေါက်ဘောင်ပေါ်သို့ တက်ရုံရှိသေးသည်။ ကျယ်လောင်စူးရှသော အသံကသူ့နောက်မှ ရုတ်တရက်ထွက်ပေါ်လာ၏။ ထိုအသံနှင့်အတူ မိုးချုန်းသံတမျှ ကျယ်လောင်သော အန်ကယ်ဗာနွန်၏စကားသံကိုပါ ကြားလိုက်ရသည်။

"ဒီဇီးကွက်စုတ်ကတော့ကွာ. . ."

"ငါ ဟက်ဝစ်ကိုဓမ့ကျန်ခဲ့ပြီ. ."

လေ့ကားမီး ဖျတ်ခနဲလင်းသွားစဉ် ဟယ်ရီအခန်းထဲသို့ပြန်ဝင်လိုက်၏။ သူက ဟက်ဝစ်၏လှောင်အိမ်ကို ဆွဲယူလိုက်ပြီး ပြတင်းပေါက်ဆီသို့ တဟုန်ထိုးပြေးသွားကာ လှောင်အိမ်အား ရွန့်ထံသို့ကမ်းပေးလိုက်သည်။

အန်ကယ်ဗာနွန်က သော့ခတ်မထားသော တံခါးကိုအပြင်က ထုရိုက်ပြီးဖွင့်နေစဉ်ဟယ်ရီကား အံဆွဲများပါသော ဘီရိုပေါ်သို့တွယ်တက်နေလျှက်သား . .။ ထို့နောက် ဝုန်းခနဲပွင့်သွား၏။

စက္ကန့်ပိုင်းအတွင်း အန်ကယ်ဗာနွန်သည် တံခါးဝတွင် မားမားမတ်မတ်ကြီးရပ်နေလေသည်။ သူကဒေါသထွက်နေသော နွားရိုင်းတစ်ကောင်လို ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်ရင်းဟယ်ရီကို ဒိုင်ဗင်ထိုးကာ ခုန်အုပ်လိုက်ပြီး ဟယ်ရီ၏ခြေကျင်းဝတ်အစုံကို ဖမ်းဆုပ်လိုက်၏။

ရွန်၊ ဖရက်နှင့် ဂျော့တို့ကဟယ်ရီ၏လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ပြီး ဟယ်ရီကို အစွမ်းကုန်ပြန်ဆွဲကြသည်။

"ပီကျူးနီးယားရေ. . . သူထွက်ပြေးတော့မယ်. . သူထွက်ပြေးတော့မယ်"

ဝီစလေညီအစ်ကိုများက အားကုန်သုံးပြီး ဆောင့်ဆွဲလိုက်သောအခါတွင်မှ ဟယ်ရီ၏ ခြေထောက်က အန်ကယ်ဗာနွန် ဖမ်းဆုပ်ထားရာမှ လျှောထွက်လွတ်မြောက်သွား၏။ ဟယ်ရီကားထဲသို့ရောက်လျှင်ရောက်ချင်း တံခါးကိုဝုန်းခနဲဆောင့်ပိတ်ပြီး ရွန်ကထအော်လိုက်သည်။

"လီဗာကိုနင်းလေ ဖရက်"

ထို့နောက် ကားကလမင်းဆီသို့ မြားတစ်စင်းလို ထိုးထွက်သွားလေတော့သည်။

သူလွတ်မြောက်လာခဲ့ပြီ. . .။ ဟယ်ရီယုံပင်မယုံနိုင်ချေ။ သူပြတင်းပေါက်မှန်ကို ချလိုက်သောအခါ ညလေပြေက သူ့ဆံပင်များကို ထိုးဖွဆော့ကစားနေ၏။ တဖြည်းဖြည်းသေးသွားသော ပရိဗက်ဒရိုက်အိမ်ခေါင်မိုးကို သူပြန်လှည့်ကြည့်လိုက်မိသည်။ အန်ကယ်ဗာနွန်၊ အန်တီပီကျူးနီးယားနှင့် ဒတ်ဒလေတို့မှာကား ဟယ်ရီ၏ ပြတင်းပေါက်ဝ၌ အံ့ဩတုန်လှုပ်စွာ မလှုပ်မယှက်နှင့်ရပ်ရင်းကျန်ခဲ့ကြလေသည်။

"နောက်နှစ်နွေရာသီမှ ပြန်ဆုံကြမယ်" ဟု ဟယ်ရီက သူတို့ကိုအော်ပြောလိုက်၏။

ဝီစလေညီအစ်ကိုများက ဝါးခနဲပွဲကျသွားစဉ် ဟယ်ရီက နားရွက်များနှင့်ထိစပ်ချိတ်လုမတတ် ပြုံးရယ်ရင်း သူ၏ထိုင်ခုံပေါ်သို့ ပြန်ထိုင်ချလိုက်သည်။

"ဟက်ဝစ်ကိုအပြင်ထုတ်လိုက်ရအောင် သူငါတို့နောက်ကနေပျံနိုင်သားပဲ၊ သူ့ခမျာ အတောင်ပံဖျှော့တစ်ချက်လောက်တောင် ဖြန့်ခွင့်မရတာ တစ်ကမ္ဘာလောက်ရှိပြီ"

ဂျော့ကရွန့်ထံသို့ ဆံထိုးကိုလှမ်းပေးလိုက်ပြီး ခဏအကြာတွင် ဟက်ဝစ်သည် ပျော်မြူးစွာအော်ဟစ်ရင်း ကားပြတင်းပေါက်မှထွက်ကာ သူတို့နှင့် ကပ်လိုက်လျှက် တစ္ဆေတစ်ကောင်လို ဝဲပျံနေလေသည်။

"ကဲ. . . အကြောင်းစုံပြောစမ်းပါဦးဟယ်ရီ. . . ဘာတွေဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီသည် ဒေါ်ဘီက သူ့ကိုသတိပေးပုံ၊ ဒေါ်ဘီကသူ့ကို နလံမထူနိုင်အောင် ပူတင်းကြီးကိုပစ်ချလိုက်ပုံစသည့် ဒေါ်ဘီနှင့် ပတ်သက်သမျှအားသူတို့ကို ပြောပြလိုက်သည်။ သူပြောပြပြီးသွားသောအခါ အားလုံးခြောက်ချားတုန်လှုပ်စွာ အချိန်အတန်ကြာတိတ်ဆိတ်ငြိမ်သက်နေမိကြသည်။ နောက်ဆုံး၌ ဖရက်က -

"သံသယဖြစ်စရာ အရမ်းကောင်းနေပြီ" ဟု ပြောလိုက်၏။

"တိတိကျကျပြောရရင် ပါးနပ်ကောက်ကျစ်ပြီး ညာကျမှာတဲ့ကောင်(ဒေါ်ဘီ)ပဲ၊ ဝါမြင့် အဲဒါတွေကို ဘယ်သူကလျှို့ဝှက်ပြီး စီစဉ်ထားသလဲဆိုတာတောင်မှ သူက မင်းကို ပြောမပြသွားဘူးပေါ့"

"သူပြောနိုင်လိမ့်မယ်လို့ ငါမထင်ဘူး. . မင်းတို့ကိုငါပြောခဲ့သားပဲ၊ သူ့ပါးစပ်က ယောင်ပြီးစကားစထွက်လာတော့မလိုဖြစ်သွားတိုင်း သူ့ခေါင်းကိုနံရံနှင့် ပြေးဆောင့်ပစ်လိုက်တာပဲလို့"

ဖရက်နှင့် ဂျော့တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်ကို ဟယ်ရီတွေ့သွား၏။ သူက -

"ဘာလဲ. . . မင်းတို့က သူငါ့ကိုလိမ်နေတယ်ထင်လို့လား" ဟုမေးလိုက်သည်။

"အင်းလေ. . . ဒီလိုပဲဖြစ်နေတာကိုး. . . အိမ်စေမှင်စာတွေမှာ ကိုယ်ပိုင်တန်ခိုးစွမ်းအင်အပြည့်ရှိတယ်။ ဒါပေမယ့် ထုံးစံကတော့ သူတို့သခင်ရဲ့ ခွင့်ပြုချက်ကို မရဘဲနှင့်သူတို့ရဲ့တန်ခိုးတွေကို သုံးလို့မရဘူး။ ငါ့အထင်တော့ မင်းဟော့ဝပ်ကို ပြန်မလာနိုင်အောင်တားဖို့ ဒေါ်ဘီ့ကိုလွှတ်လိုက်တာဖြစ်မယ်။ တစ်ယောက်ယောက်က ဟာသလုပ်တာဖြစ်မှာပေါ့. . . ကျောင်းမှာမင်းကိုမကောင်းကြံပြီး ရန်ငြိုးဖွဲ့နေတာ ဘယ်သူရှိလဲ. . . စဉ်းစားမိလား"

"ရှိတယ်. . ."

ဟယ်ရီနှင့် ရွန်တို့က မဆိုင်းမတွဘဲ ပြိုင်တူပြောလိုက်ကြ၏။



"ဒရက်ကိုမယ်ဖွိုင်းပေါ့. . သူကငါ့ကိုမုန်းနေတာ" ဟု ဟယ်ရီက ရှင်းပြလိုက်သည်။

"ဒရက်ကိုမယ်ဖွိုင်း. . . လူစီးယပ်မယ်ဖွိုင်းရဲ့သားတော့ မဟုတ်ပါဘူးနော်" ဂျော့ကသူတို့ဘက်သို့ မျက်နှာလှည့်ပြီး ပြောလိုက်၏။

"ဖြစ်နိုင်တာပဲ၊ ဒီလိုနာမည်မျိုးက ဆင်တူယိုးမှားဖြစ်ဖို့မလွယ်ဘူးမဟုတ်လား အဲဒါဘာဖြစ်လို့လဲ" ဟု ဟယ်ရီက ပြန်ပြောလိုက်သည်။ ဂျော့က

"အဖေသူ့အကြောင်းပြောတာ ငါကြားဖူးတယ်။ ယူကဟိုကောင်ကြီးကို အကြီးအကျယ်အားပေးကူညီတဲ့လူတဲ့"

"အင်း. . . ဟိုကောင်ကြီးလည်း ပျောက်ကွယ်သွားရော လူစီးယပ်မယ်ဖွိုင်းက ဒီဖက်ပြန်အလင်းဝင်လာပြီး သူအဲသလိုလုပ်ဖို့မရည်ရွယ်ခဲ့ပါဘူးလို့ပြောတယ်။ ချီးထုပ်ကြီးပါကွာ. . . အဖေကတော့ သူဟာဟိုကောင်ကြီးရဲ့ အတွင်းစည်းထဲက လူတောင် ဖြစ်ခဲ့လိမ့်မယ်လို့ တွေးတယ်"

ဖရက်က ဟယ်ရီ့ဖက်သို့လှည့်ဆန့်ကြည့်ရင်း ပြောလိုက်သည်။ ဟယ်ရီမှာ မယ်ဖွိုင်းတို့မိသားစုနှင့် ပတ်သက်သောကောလဟာလသတင်းများကို ယခင်ကတည်းက ကြားဖူးထားပြီးသားဖြစ်သောကြောင့်

"မယ်ဖွိုင်းမိသားစုမှာ အိမ်စေမှင်စာတစ်ကောင်တောင် ပိုင်သလား၊ မပိုင်ဘူးလားဆိုတာ ငါသေချာမသိဘူး. . ." ဟု ဟယ်ရီက ပြောလိုက်သည်။

"အင်း. . . ချမ်းသာတဲ့ စုန်းကဝေမိသားစုကပဲ ဒီလိုမှင်စာကိုပိုင်ကြမှာပဲ" ဟု ဖရက်က ပြောလိုက်၏။

"ဟုတ်တယ်. . . အမေဆိုရင် မီးပူတိုက်နိုင်းဖို့ အိမ်စေမှင်စာတစ်ကောင်လောက် အမြဲလိုချင်နေတာ. . . ဒါပေမယ့် ငါတို့ပိုင်ဆိုင်သမျှဟာ အထပ်ခိုးမှာနေတဲ့ သန်းထူထူမကောင်းဆိုးဝါးအိုကြီးနဲ့ ဥယျာဉ်တစ်ခုလုံးပြည့်နေတဲ့ ဖူးကလေး

www.burmeseclassic.com

www.burmeseclassic.com



(မှင်စာလေး)တွေပဲရှိတယ်။ အိမ်စေမှင်စာတွေက ရှေးကျတဲ့အိမ်ကြီးအိမ်ကောင်းတွေ ရဲတိုက်တွေနဲ့ အဲသလိုနေရာမျိုးတွေကိုပဲ လာချင်တာ။ ငါတို့လို ဆင်းရဲတဲ့အိမ်မှာတော့ သူတို့ကိုတစ်ကောင်တစ်လေမှ ခေါ်မထားနိုင်ဘူး"

ဟယ်ရီက တိတ်ဆိတ်ငြိမ်သက်နေသည်။ ဒရက်ကိုမယ်ဖွိုင်းမှာ အမြဲလိုလိုပင် အရာရာတိုင်း၌ ကောင်းမွေညွှန့်မွေဆိုသည့်အရာများကိုသာရရှိလေ့ရှိကြောင်းနှင့် သူတို့၏မိသားစုမှာ ရွှေများစုဆောင်းထားနိုင်လောက်အောင် ချမ်းသာသည်ဟူသောအချက်ကိုချိန်ထိုးစဉ်းစားကြည့်နေမိသည်။ ကြီးမားခန့်ညားသောခြံဝင်းနှင့် အိမ်ကြီးအနီးတစိုက်၌ ဝင့်ကြွားစွာလမ်းသလားနေသော မယ်ဖွိုင်းကို သူမြင်တွေ့နိုင်သည်ပင်။ မိသားစု၏ အိမ်စေတစ်ကောင်ကို ဟယ်ရီ့ထံစေလွှတ်ဟန့်တားခိုင်းသည့်ကိစ္စမျိုးမှာလည်း မယ်ဖွိုင်းလုပ်နိုင်သည့် ကိစ္စမျိုးဖြစ်သည်မှာ အသေအချာပင်။

"ဘာပဲဖြစ်ဖြစ် မင်းကိုငါတို့လာခေါ်ထုတ်ရတာကိုတော့ ငါဝမ်းသာတယ်။ မင်း ငါ့ရဲ့စာတွေကို အကြောင်းမပြန်ကတည်းက ငါတကယ်စိတ်ပူနေတာ။ ပထမတော့ ဒါ အယ်ရိုရဲ့အမှားလို့ ထင်လိုက်မိသေးတယ်"

"အယ်ရိုဆိုတာ ဘယ်သူလဲ"

"ငါတို့ရဲ့ဇီးကွက်လေ၊ သူကနှစ်ချို့နေပြီ။ စာပို့ရင်း လဲကျတာတစ်ကြိမ်မကတော့ဘူး။ အဲဒါနဲ့ ငါလည်း ဟာမီးကိုငှါးဖို့ ကြိုးစားသေးတယ်"

"ဘယ်သူ. . ."

"ပါစီအကြီးအကဲဖြစ်တော့ အဖေနှင့်အမေက သူ့အတွက်ဝယ်ပေးထားတဲ့ ဇီးကွက်ပေါ့" ဟု ဖရက်က ရှေ့ခုံမှလှမ်းပြောလိုက်၏။ ရွန်က -

"ဒါပေမယ့် ပါစီက သူ့ဇီးကွက်ကို မငှါးပါဘူး။ သူအသုံးလိုသေးတယ်လို့ ပြောတာပဲ"

"ပါစီက သည်တစ်နွေလုံး ထူးထူးဆန်းဆန်းတွေ လျှောက်လုပ်နေတယ်။



သူ့စာတွေ အများကြီးရေးပို့တယ်။ အချိန်တော်တော်များများကို သူ့အခန်းတံခါးပိတ်ပြီးနေရင်း ဖြုန်းပစ်တယ်။ အကြီးအကဲကိုင်တဲ့ အိတ်ကိုပြောင်လက်အောင်ပွတ်တိုက်ဖို့ အချိန်တွေအများကြီးပါကွာ. . . ပါစီကတော့ ပိုကို ပိုလွန်းတယ်။ မင်းမောင်းတာ မြောက်အရပ်နှင့်တော်တော်ဝေးသွားပြီးဖရက်. . ."

ဂျော့ကပြောနေရင်း ကားဒက်ရှ်ဘုတ်မှ သံလိုက်အိမ်မြှောင်ကို ညွှန်ပြကာဖရက်ကို လှမ်းပြောလိုက်သည်။ ဖရက်က စတီယာတိုင်ကို ဆွဲလှည့်ပြီးကွေ့လိုက်၏။

"ဒါနဲ့ မင်းတို့ကားယူလာတာ မင်းတို့အဖေသိလား. . ."

ဟယ်ရီက အဖြေကိုမှန်းဆရင်း မေးလိုက်၏။

"အဲ. . မသိဘူး။ သူ ဒီညအလုပ်သွားရမယ်။ ငါတို့ ဒီကားနဲ့ ပျံသန်းလာတာကို အမေသတိမထားမိဘဲ ဂိုဒေါင်ထဲပြန်ထည့်နိုင်ပါစေလို့ အစွမ်းကုန်မျှော်လင့်ရတာပဲ" ဟု ရွန်ကပြောလိုက်သည်။

"မင်းတို့အဖေက မှော်ဝန်ကြီးဌာနမှာ ဘာလုပ်နေတာလဲ"

"သူက ပျင်းရိငြီးငွေ့စရာ အကောင်းဆုံးဌာနမှာ လုပ်တာလေ။ ရိုးရိုးသာမန်လူများ တီထွင်တဲ့ လက်မှုပစ္စည်းများအား မှားယွင်းစွာအသုံးပြုမှုဌာနမှာပေါ့"

"ဘာဌာန. . ."

"မတ်ဂယ်(ရိုးရိုးသာမန်လူ)တွေရဲ့ လက်ရာပစ္စည်းတွေကို မှော်ပညာနဲ့ မန်းမှုတ်ပြီး အသုံးပြုရင်း အဲသည်ပစ္စည်းတွေက မတ်ဂယ်တွေရဲ့ဆိုင်(ဒါမှမဟုတ်)အိမ်တွေဆီ ရောက်သွားတဲ့အခါ ဖြစ်လာတဲ့ပြဿနာတွေကို ဖြေရှင်းရတာ။ မနှစ်ကလိုမျိုးပေါ့ ကဝေမကြီးတစ်ယောက်ကွယ်လွန်သွားတော့ သူ့ရဲ့လက်ဖက်ရည်ပန်းကန်အစုံလိုက်ကို ရှေးဟောင်းပစ္စည်းဆိုင်ဆီ ရောင်းလိုက်တယ်။ မတ်ဂယ်မိန်းမတစ်ယောက်က အဲဒီဟာတွေကို ဝယ်သွားတယ်။ သူကအိမ်သယ်သွားပြီး သူ့သူဝယ်ချင်းကို အဲဒီလက်ဖက်ရည်ပန်းကန်တွေညှော်ခံဖို့ လုပ်တယ်။ ခြောက်ချားစရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ အိမ်မက်ဆိုးတစ်ခုပဲ၊ အဖေ့ခမျာ လေးငါးဆယ်ပတ်လောက် အချိန်ပို အလုပ်ဆင်းလိုက်ရတယ်'

"ဘာတွေဖြစ်သွားလို့လဲ"

"လက်ဖက်ရည်အိုးက ထိန်းမနိုင်သိမ်းမရဖြစ်ပြီး ဆူပွက်နေတဲ့လက်ဖက်ရည်တွေဟာ နေရာနဲ့အပြားကို လွင့်စင်ကျကုန်တယ်။ သကြားခဲညှပ်တဲ့ဟာက သူ့နှာခေါင်းကိုညှပ်ထားတဲ့ဒဏ်ရာနဲ့ လူတစ်ယောက်ကို ဆေးရုံတင်လိုက်ရတယ်။

အဖေဆိုရင် တော်တော်တုန်လှုပ်သွားခဲ့တာ၊ သူနဲ့ပါကင်ဆိုတဲ့ ကဝေအိုကြီးပဲ ရုံးမှာ ရှိတာကိုး. . . အဲဒါနဲ့ သူတို့လည်း မှတ်ဉာဏ်မေ့ပျောက်စေတဲ့မန္တန်ကို မန်းမှုတ်ပြီး အဖြစ်အပျက်တစ်ခုလုံးကို ဖုံးအုပ်နိုင်အောင်လုပ်ကြရတယ်. . ."

"ဒါပေမယ့် မင်းရဲ့အဖေက ဒီကား. . ."

ဖရက်ကရယ်လိုက်ပြီး. . .

"အေး. . . မတ်ဂယ်တွေနဲ့ ပတ်သက်သမျှအရာအားလုံးကို အဖေက အရူးအမူးဖြစ်တယ်ကွ။ ငါတို့အိမ်မှာဆို မတ်ဂယ်အသုံးအဆောင်တွေချည်းပဲ။ သူက အဲဒီပစ္စည်းတွေကို သတ်သတ်စီခွဲလိုက်တယ်။ တစ်ခုချင်းစီကို မန်းမှုတ်ပြီး အားလုံးမြှန်ပေါင်းထားလိုက်တယ်။ တကယ်လို့များရဲတွေသာ ရှောင်တခင်ဝင်ဖမ်းရင် သူကွဲခနဲအဖမ်းခံရမှာပဲ၊ ဒါဆို အမေလည်းရူးလိမ့်မယ်"

"ဒါက အဓိက လမ်းမကြီးလေ" ဂျော့က မော်တော်ကားရှေ့မှန်မှ အောက်သို့ ငုံ့ကြည့်ရင်းပြောလိုက်၏။

"ငါတို့ အဲဒီကို ဆယ်မိနစ်အတွင်း ရောက်သွားလိမ့်မယ်. . . ကောင်းလိုက်တာ။ မိုးမလင်းခင် အချိန်မီလေးပဲ"

မိုးကုတ်စက်ဝိုင်းတစ်လျှောက် ဟိုးအရှေ့ဖက်အထိ ဖျော့တော့သော ပန်းဆီရောင်အလင်းကို မြင်တွေ့နေရသည်။



ဖရက်က ကားကိုနှိမ့်ချလိုက်သောအခါ မှောင်မည်းနေသော လယ်ကွင်းများနှင့် သစ်ပင်များ၏ ဗိုးတဝါးပုံရိပ်ကို မသဲမကွဲမြင်လိုက်ရ၏။

"ငါတို့ အော်တာရီစိန့်ကဲ့သ်ပိုးလ်ဆိုတဲ့ ရွာအပြင်ဖက်လမ်းကလေးဆီရောက်နေကြပြီ"

ကားပျံက တစ်ဖြည်းဖြည်းနိမ့်ဆင်းလာ၏။ တောက်ပသော အနီရောင်နေလုံးကြီး၏အနားစွန်းမှ အလင်းရောင်များကသစ်ပင်များကြားမှ ဖြာထွက်လာကြသည်။

"မြေကြီးပေါ် ဆင်းတော့မယ်ဟေ့" ဟု ဖရက်က ပြောလိုက်စဉ်မှာပင် ကားကသိမ့်ခနဲဖြစ်သွားပြီး မြေပြင်နှင့်သူတို့ထိတွေ့မိကြလေသည်။ သူတို့သည် ခြံဝင်းငယ်လေးထဲရှိ ပြိုလုဆဲဆဲ ဂိုဒေါင်၏ဘေးတွင် ဆင်းသက်ခဲ့ကြခြင်းဖြစ်သည်။ ဟယ်ရီက ပထမဆုံးအကြိမ်အဖြစ် ရွှန်၏အိမ်ကိုလှမ်းကြည့်လိုက်မိသည်။

ထိုအိမ်ကို ကြည့်ရသည်မှာ တစ်ချိန်က ကျောက်သားဖြင့်ပြုလုပ်ထားသည့် ကြီးမားသော ဝက်မွေးမြူရေးခြံကြီးဖြစ်ခဲ့ပုံပေါ်သည်။ များပြားသော အထပ်များက မြင့်မားပြီး လွန်စွာယိုင်ထိုးကွေ့ကောက်နေသည့်တိုင် အခန်းပိုများကို ဟိုတစ်ခန်း သည်တစ်ခန်း လျှောက်ထည့်ထားသည်။

အိမ်ကို မှော်ပညာဖြင့် လဲပြိုမကျအောင် ကျားကန်ထားသည့်ပုံရ၏။ (ယင်းမှာဟယ်ရီက သူ့ကိုယ်သူပြန်ပြောမိခြင်းဖြစ်ပြီး ထိုအတိုင်းလည်း ဖြစ်နိုင်ချေရှိသည်။)

ခေါင်းတိုင်လေးငါးတိုင်ခန့် အနီရောင်ခေါင်မိုးထက်၌ မားမားမတ်မတ်ရှိနေကြသည်။ 'မြေတွင်း'ဟုရေးထားသော ဆိုင်းဘုတ်တစ်ခုက အဝင်ပေါက်အနီး၌ တွဲလောင်းကျကာ မြေပြင်နှင့်ထိနေလေ၏။ တံခါးပေါက်နားတွင် ဝယ်လင်ဘွတ်ဖိနပ်များနှင့် ညစ်ပတ်ပေရေနေသော ဒယ်အိုးတစ်လုံးတို့က အရောရောအထွေးထွေးလဲပြိုကျနေ၏။ ဝကစ်နေသော အညိုရောင်ကြက်သားပေါက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



များက ခြံဝင်းအနီးအနားတဝိုက်၌ အစာရှာစားနေကြသည်။

"အိမ်ကသိပ်အကောင်းကြီးမဟုတ်ပါဘူး" ဟု ရွှန်ကပြောလိုက်သည်။

"ဟာ အရမ်းလှတယ်ကွ"

ဟယ်ရီက ပရီဗက်ဒရိုက်လမ်းမှ အိမ်ကိုပြန်တွေးရင်း ပျော်ရွှင်စွာပြောလိုက်သည်။

သူတို့ကားထဲမှထွက်လိုက်ကြ၏။ ဖရက်က

"ကဲ ငါတို့တကယ့်ကို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ အပေါ်ထပ် တက်သွားကြစို့၊ ပြီးတော့အမေက မနက်စာစားဖို့ ငါတို့ကိုခေါ်မယ့်အချိန်ကို စောင့်နေကြမယ်။ မင်းကအောက်ထပ်ကို ဆင်းသွားပြီး...'အမေညတုန်းက ဘယ်သူရောက်သလဲ ကြည့်ပါဦး' လို့ ပြော၊ သူဟယ်ရီ့ကိုမြင်လိုက်ရင် အားလုံးကို ကျေနပ်သွားပြီး ငါတို့ ကားပျံသန်းမောင်းနှင်လာခဲ့တယ်ဆိုတာ ဘယ်သူမှသိစရာလိုတော့မှာ မဟုတ်ဘူး"

"ကောင်းပြီ။ လာ..ဟယ်ရီ၊ ငါကအပေါ်မှာအိပ် ... အိပ်..."

ပြောနေရင်း ရွှန်၏မျက်နှာက အစိမ်းပုတ်ရောင်ပြောင်းသွား၏။ သူ့မျက်လုံးများက အိမ်ဘက်ဆီသို့ မမှိတ်မသုန်စိုက်ကြည့်နေသည်။ ကျန်သုံးယောက်မှာ ချာကနဲ လှည့်ကြည့်လိုက်မိသည်။

မစ္စစ်ဝီစလေက ကြက်ကလေးများကို တကွဲတပြားစီဖြစ်ပြီး ခြောက်လှန့်မောင်းနှင်ရင်း ဝင်းခြံကိုဖြတ်သန်းလာ၏။ ပုပုဝဝ ကြင်နာသောမျက်နှာထားရှိသည့် အမျိုးသမီးတစ်ယောက်အနေဖြင့် မာန်ဖီနေသော ကျားနာတစ်ကောင်လို မျိုးဖြစ်နေသည်မှာ မမေ့နိုင်...။

ဖရက်က..

"ဟိုက်..."

ဂျော့ကလည်း...



"ဗုဒ္ဓေါ"

မစ္စစ်ဝီစလေက သူတို့ရှေ့၌ရပ်လိုက်၏။ သူမ၏လက်နှစ်ဘက်ကို နောက်ပစ်ကာ တင်ပါးပေါ်တင်ထားပြီး အပြစ်ရှိသောမျက်နှာများကို တစ်ယောက်ချင်းလိုက်ကြည့်နေလေသည်။ သူမသည် ချက်ပြုတ်ရာတွင် ဝတ်ဆင်သည့် အပြာရောင်ခါးစည်းကို ဝတ်ဆင်ထားပြီး ဆေးတောင်ဝှေးတစ်ချောင်းက အိတ်ကပ်ထဲမှ ထိုးထိုးထောင်ထောင် ထွက်နေ၏။

သူမက -

"ကိုင်း"

"မင်္ဂလာနံနက်ခင်းပါ မေမေ"

"ငါဘယ်လောက်စိတ်ပူနေတယ်ဆိုတာ နင်တို့မတွေးမိကြဘူးလား"

မစ္စစ်ဝီစလေက ကျောရိုးများပင်စိမ့်သွားစေနိုင်သော အသံဖြင့်ပြောလိုက်သည်။

"ဆောရီးမေမေ၊ ဒါပေမယ့် ကြည့်ပါဦး..ကျွန်တော်တို့လုပ်ရ..."

မစ္စစ်ဝီစလေ၏ သားသုံးယောက်စလုံးမှာ သူမထက်အရပ်ပိုမြင့်သော်လည်း သူမ၏ဒေါသက သူတို့ကိုဖုံးလွှမ်းနေသောကြောင့် သုံးယောက်သားကိုယ်ကိုတတ်နိုင်သလောက် ကျုံ့ထားမိကြသည်။

"အိပ်ရာတွေက ဟာလာဟင်းလင်း၊ စာလည်းရေးမထားခဲ့ဘူး၊ ကားလည်းမရှိတော့ဘူး ... ငါစိတ်ပူရလွန်းလို့ ရူးသွားမတတ်ပဲ၊ ဒါလည်း နင်တို့ဂရုမစိုက်ဘူးမဟုတ်လား။ ငါတစ်သက်မှာ ဒါမျိုးတစ်ခါမှ မကြုံဘူးပေါင်တော်။ နင်တို့အဖေပြန်လာတဲ့အထိ စောင့်နေကြ ...ဘီလ်တို့၊ ချာလီတို့၊ ပါစီတို့ကြောင့် ငါတို့ တစ်ခါမှ ဒီလိုဒုက္ခမရောက်ဖူးဘူး"

"အကြီးအကဲပါစီပါ" ဟု ဖရက်က မကြားတကြားရေရွတ်လိုက်၏။

မစ္စစ်ဝီစလေက ဖရက်၏ရင်ဘတ်ကို လက်ညှိုးနှင့်ထောက်ပြီး အော်လိုက်၏။

www.burmeseclassic.com



"နင်တို့. . . ဒီလိုကားလျှောက်မောင်းနေတာ သေသွားနိုင်တယ်. . . သိရဲ့လား။ နင်တို့ အဲဒီကားနဲ့ လေထဲမှာ ပျံနေတာကို လူတွေမြင်သွားရင် နင်တို့အဖေတော့ အလုပ်ပြုတ်မှာ သေချာတယ်"

နာရီပေါင်းများစွာ ကြာမြင့်လာသယောင်ထင်ရ၏။ မစ္စစ်ဝီစလေမှာ အသံများအက်ကွဲပြီး ပြာလာသည်အထိ အော်ဟစ်နေပြီးနောက် ဟယ်ရီဘက်သို့လှည့်လိုက်သည်။

"မင်းနဲ့တွေ့ရတာ အရမ်းကျေနပ်မိပါတယ်ဟယ်ရီ. . . ကလေးလေး အိမ်ထဲဝင်ပြီး မနက်စာနည်းနည်းလောက် သုံးဆောင်ပါဦး"

ဟု သူမက ပြောပြီး အိမ်ဖက်သို့ ပြန်လျှောက်သွား၏။ ဟယ်ရီက စိတ်လှုပ်ရှားစွာဖြင့် ရွန့်ကို တစ်ချက်လှမ်း ကြည့်လိုက်သောအခါ ရွန်က သူ့ကိုအားပေးသည့်အနေဖြင့် ပြုံးပြလိုက်ကာ သူမနောက်သို့ လိုက်သွားကြလေသည်။

မီးဖိုခန်းမှာ သေးငယ်ပြီး တော်တော်ကျဉ်းမြောင်း၏။ အခန်းအလယ်၌ သန့်ရှင်းအောင် ပွတ်တိုက်ထားသော စားပွဲနှင့်ကုလားထိုင်များရှိသည်။ ဟယ်ရီက သူ၏ခုံအစွန်းတွင် ထိုင်ချလိုက်ပြီး အခန်းကိုလှည့်ပတ်အကဲခတ်လိုက်သည်။ စုန်းကဝေအိမ်အတွင်းသို့ သူတစ်ခါမှမရောက်ဖူးချေ။

သူနှင့်မျက်နှာချင်းဆိုင်မှ နံရံပေါ်ရှိနာရီမှာ လက်တံတစ်ချောင်းတည်းသာရှိပြီး နံပါတ်တစ်ခုမှ မပါရှိပေ။ နာရီ၏အစွန်အဖျားနေရာများတွင် 'လက်ဖက်ရည်သောက်ချိန်'၊ 'ကြက်စာကျွေးချိန်' နှင့် 'သင်နောက်ကျနေပြီ'စသော စာတန်းများရေးထိုးထားသည်။ ကျပ်ခိုးစင်ပေါ်တွင်မူ 'သင်၏ဒိန်ခဲကို ပြုစားမန်းမှုတ်နည်း'၊ 'မုန့်ဖုတ်ရာ၌ မန်းမှုတ်ခြင်း'နှင့် 'တစ်မိနစ်စားသောက်ပွဲ. . . ဒါဟာမှော်ပညာ'စသည့် ခေါင်းစဉ်များနှင့် စာအုပ်များကို သုံးပုံခွဲပြီးစီထားသည်။ ဟယ်ရီ၏နားနှစ်ဖက်ကလည်း သူ့ကိုလိမ်ညာလှည့်စားနေခြင်းတော့မဟုတ်တန်ရာ. . . အဘယ့်ကြောင့်ဆိုသော် ကြွေဇလုံ၏ဘေးတွင်ထားသော ရေဒီယိုအိုလေးမှ 'ကဝေအချိန်



ရောက်ပြီဖြစ်ပါသဖြင့် နာမည်ကျော်အဆိုတော် 'မှော်ဆရာမ ဆဲလက် စတီနာဝါးဘက်ခ်'က ဖြေဖျော်ပါတော့မယ်'ဟု ကြေငြာနေသောကြောင့်ဖြစ်သည်။

မစ္စစ်ဝီစလေချက်ပြုတ်နေစဉ် အိုးခွက်ပန်းကန်များ မတော်တဆ ထိမိခိုက်မိသည့်အသံများထွက်ပေါ်နေသည်။ မစ္စစ်ဝီစလေသည် ဒယ်အိုးပြားထဲသို့ ဝက်အူချောင်းများပစ်ထည့်ရင်း သူမ၏သားများကို မျက်စောင်းလှမ်းလှမ်းထိုး၏။ မကြာခဏဆိုသလိုပင် 'နင်တို့ဘာတွေစဉ်းစားနေကြလည်းမသိပါဘူး၊ ဒီလိုဖြစ်မယ်လို့တစ်ခါမှ ယုံတောင်မယုံဖူးဘူး'ဟု သူမက ဖျစ်တောက်ဖျစ်တောက်နှင့် ရေရွတ်နေလေသည်။

"မင်းကိုတော့ အပြစ်မတင်ဘူးနော်. . . ကလေးလေး"

သူမက ဟယ်ရီ၏ပန်းကန်ထဲသို့ ဝက်အူချောင်းရှစ်ချောင်းကိုးချောင်းခန့်ထည့်ပေးရင်း သူ့ကိုအလေးအနက်ပြောလိုက်၏။

"အားလုံးက စိတ်ပူနေကြတာ. . . သောကြာနေ့ရောက်လို့မှ မင်း ရွန့်ဆီကို စာပြန်မရေးဘူးဆိုရင် အန်တီတို့မင်းကိုလိုက်ခေါ်မှဖြစ်မယ်လို့ မနေ့ညကတောင် ပြောနေကြသေးတယ်. . ဒါပေမယ့် တကတည်းတော် (သူမက ဟယ်ရီ၏ ပန်းကန်ထဲသို့ ကြက်ဥကြော် သုံးလုံးထပ်ထည့်ပေးရင်း) ဥပဒေကို ချိုးဖောက်ပြီး တိုင်းပြည်တစ်ဝက်လောက်ကို ကားနှင့်လျှောက်ပျံကြသတဲ့ . . . ဘယ်သူမဆိုနင်တို့ကို မြင်မှာပဲ"

"တိမ်တွေဖုံးနေပါတယ် အမေရာ. . ."ဟု ဖရက်က ပြောလိုက်၏။

"မင်းအစာစားနေတုန်း ပါးစပ်ပိတ်ထားရင်ကောင်းမယ်"

မစ္စစ်ဝီစလေက ဒေါသတကြီးနှင့်အော်လိုက်သည်။ ဂျော့က

"သူတို့က ဟယ်ရီ့ကို အစာငတ်ရေငတ်ထားတာ အမေရ"

"မင်းလည်း ပါးစပ်ပိတ်ထား" ဟု မစ္စစ်ဝီစလေက ပြောလိုက်ပြန်သည်။ လို့ရာတွင် မစ္စစ်ဝီစလေသည် ဟယ်ရီအတွက် ပေါင်မုန့်လှီးပေးပြီး ထောပတ်သုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေစဉ် သူမ၏ပုံစံမှာ အနည်းငယ်နူးညံ့ပျော့ပျောင်းလာသည်။

ထိုစဉ် သူတို့ကိုစိတ်ပြောင်းသွားစေမည့် သေးကွေးပြီး ညအိတ်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည့် ဆံပင်အနီရောင်နှင့် ပုံရိပ်တစ်ခုက မီးဖိုချောင်ထဲ၌ ရုတ်တရက်ပေါ်လာ၏။ ထိုပုံသဏ္ဌာန်က ရှဉ့်ကလေးတစ်ကောင်ကို လွှတ်ပေးခဲ့ပြီး ပြန်ပြေးထွက်သွားသည်။

"ဂျင်းနီလေ. . ငါ့ညီမလေးပေါ့။ သူကတစ်နွေလုံး မင်းအကြောင်းတွေချည်းပဲ ပြောနေတာ"

ရွန်က ဟယ်ရီ့ကိုလေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။ ဖရက်ကလည်း ပြုံးစိစိနှင့်

"အေး. . . ဟုတ်တယ်။ သူက မင်းကိုအမှတ်တရ လက်မှတ်ထိုးခိုင်းချင်နေတာ ဟယ်ရီ"

သို့ရာတွင် သူ့ကိုလှမ်းကြည့်လိုက်သော သူ့အမေ၏ မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသောကြောင့် စကားကိုတစ်ခွန်းမျှ ထပ်မဟတော့ဘဲ မနက်စာကိုသာ ခေါင်းငုံ့ပြီးလွေးနေတော့သည်။ စကားတစ်ခွန်းမျှ မပြောဖြစ်ကြဘဲ အချိန်တိုတိုအတွင်း ပန်းကန်လေးချပ်ပြောင်သလင်းခါသွားသည်မှာ အံ့ဩစရာပင်ကောင်းလှသည်။

"ထူးဆန်းတယ်. . . ငါ တော်တော်ပင်ပန်းနေတာပဲ"

နောက်ဆုံး၌ ဖရက်က သူ၏ခါးနှင့်ခက်ရင်းကို ချကာသန်းဝေရင်း ပြောလိုက်၏။

"သွားအိပ်ရင် ကောင်းမယ်ထင်. . . ထင်. . ."

"မအိပ်ရဘူး. . . တစ်ညလုံးလျှောက်သွားနေတာ မင်းတို့ဖာသာ လုပ်တဲ့အပြစ်ပဲ၊ မင်းတို့တတွေ ငါ့ကိုဥယျာဉ်ထဲက နုန်းတွေရှင်းပေးရမယ်။ နုန်းတွေက ထိန်းမနိုင်သိမ်းမရ ဖြစ်လာပြန်ပြီ" ဟု မစ္စစ်ဝီစလေက ဖရက်၏စကားကို ဖြတ်ကာပြောလိုက်သည်။



"ဟာ. . . အမေကလဲ"

"အင်း. . . မင်းတို့နှစ်ယောက်လည်းပါတယ်"

သူမက ရွန်နှင့် ဂျော့ကိုစူးရှစွာစိုက်ကြည့်ရင်း ပြောလိုက်၏။

"မင်းကတော့ သွားအိပ်နိုင်ပါတယ် ကလေးလေး. . . ဒီစိတ်ဆင်းရဲစရာကောင်းတဲ့ကားကို ပျံသန်းမောင်းနှင်လာဖို့ မင်းကသူတို့ကိုခိုင်းခဲ့တာမှ မဟုတ်ဘဲ"

သို့ရာတွင် ဟယ်ရီသည် အိပ်ချင်စိတ်မရှိဘဲ မျက်စိကြောင်နေသဖြင့် မဆိုင်းမတွပြန်ပြောလိုက်သည်။

"ကျွန်တော် ရွန့်ကိုကူလိုက်ဦးမယ်. . . နုန်းတွေရှင်းတာ ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး"

"အရမ်းလိမ္မာတဲ့လူကလေးပဲ။ ဒါပေမယ့် ဒီအလုပ်က ပျင်းရိငြီးငွေ့စရာကြီးပါကွယ်။ ကဲ. . . ဒီအကြောင်းကို လော့ဟတ်က ဘယ်လိုပြောထားသလဲဆိုတာ ကြည့်ကြဦးစို့"

မစ္စစ်ဝီစလေက ပြောပြောဆိုဆိုနှင့် ကျပ်ခိုးစင်ပေါ်တင်ထားသော စာအုပ်ပုံထဲမှ လေးလံထုထဲသော စာအုပ်ကြီးတစ်အုပ်ကို ဆွဲယူလိုက်၏။ ဂျော့က စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

"အမေ. . . ဥယျာဉ်ထဲက နုန်းတွေကိုဘယ်လိုရှင်းရမလဲဆိုတာ ကျွန်တော်တို့ သိပါတယ်ဗျာ"

မစ္စစ်ဝီစလေ၏ စာအုပ်အဖုံးကို ဟယ်ရီလှမ်းကြည့်လိုက်သည်။ စာအုပ်အဖုံး၌ တောက်ပသောရွှေရောင်စာလုံးများဖြင့် 'ဂေဗီနှိုင်လော့ဟတ်၏ မိသားစုများကို အနှောက်အယှက်ပေးနေသော ပိုးမွှားများ နှိမ်နင်းနည်းလမ်းညွှန်'ဟု ရေးထား၏။ ရှေ့ဖက်အဖုံးတွင် ရွှေရောင်လှိုင်းတွန့်ဆံပင်နှင့် အပြာရောင်တောက်တောက်မျက်ဝန်းများရှိသော လွန်စွာချောမောခန့်ညားသည့် စုန်းတစ်ဦး၏ ဓါတ်ပုံကြီးပါရှိသည်။ စုန်းကဝေလောက၏ ထုံးစံအတိုင်း ဓါတ်ပုံကအသက်ဝင်နေ၏။ ဂေဗီနှိုင်လော့

www.burmeseclassic.com

www.burmeseclassic.com



ဟတ်မှာ ခါတ်ပုံထဲမှနေ၍ သူတို့အားလုံးကို ပြုံးပြနေသည်ဟု ဟယ်ရီထင်လိုက်မိသည်။ မစ္စစ်ဝီစလေက လော့ဟတ်၏ပုံကို ပြုံးရွှင်စွာ စိုက်ကြည့်ရင်း. . .

"အင်း. . . သူကသိပ်တော်တာ. . . ပိုးမွှားတွေကို ဘယ်လိုနှိမ်နှင်းရမလဲဆိုတာ သူသိတယ်. . . တကယ့်ကိုကောင်းတဲ့စာအုပ်ပဲ"

"အမေက သူ့ကိုသဘောကျနေတာကွ" ဖရက်က မကြားတကြားပြောလိုက်သည်။

"ဟာသလုပ်မနေနဲ့ ဖရက်. . ."

မစ္စစ်ဝီစလေက လှမ်းဟန့်လိုက်၏။ သူမ၏ပါးပြင်များမှာ အတော်ပင်နီရဲသွားသည်။

"ကောင်းပြီလေ. . . မင်းတို့က လော့ဟတ်ထက်ပိုသိ၊ ပိုတတ်တယ်ဆိုရင်တော့ သွားရှင်းကြပေါ့။ ဥယျာဉ်ထဲငါလာပြီး စစ်ဆေးတဲ့အချိန်မှာ နုန်းတစ်ကောင်တစ်လေကျန်နေရင်တော့ မင်းတို့ကံဆိုးပြီသာမှတ်"

တဝါးဝါးသမ်းဝေရင်း၊ ညည်းတွားရင်းနှင့်ပင် ဝီစလေညီနောင်တို့သည် ဟယ်ရီ့ကိုနံဘေးတွင်ထားကာ အပြင်သို့လေးတိလေးကန်ဖြင့် ထွက်လာခဲ့ကြသည်။ ဟယ်ရီ၏အမြင်တွင် ဥယျာဉ်မှာရှိသင့်ရှိထိုက်သော အရွယ်အစားထက်ပိုကြီးမားနေလေသည်။ သည်လို ဥယျာဉ်မျိုးကို ဒါစလေမိသားစုကတော့ ကြိုက်နှစ်သက်လိမ့်မည်မဟုတ်။ ပေါင်းပင်များက ထူထပ်များပြားစွာ ပေါက်နေပြီး၊ မြက်ပင်များကလည်း ရှည်လျားကာရိတ်ဖြတ်သင့်နေပြီဖြစ်သည်။

သို့ရာတွင် နံရံများ၏ အနီးတစ်ဝိုက်တွင်မူ လိမ်လိမ်ကောက်ကောက်ဖြစ်နေသော သစ်ပင်များပေါက်နေကြသည်။ ပန်းစိုက်ခင်းတိုင်းတွင်၊ ဟယ်ရီတစ်ခါမှ မမြင်ဘူးသော အပင်များက ခွေလိမ်ယှက်နွယ်နေကြပြီး ဖားပြုတ်များဖြင့်ပြည့်နှက်နေသော အစိမ်းရောင်ရေအိုင်ကြီးတစ်ခုလည်းရှိသည်။



"မတ်ဂယ် (လူသာမန်) တွေရဲ့ ဥယျာဉ်မှာလည်း နုန်းတွေရှိတာပဲ. . . သိလား"

သူတို့ မြက်ခင်းပြင်ကိုဖြတ်သန်းလာကြစဉ် ဟယ်ရီက ရွန့်ကိုပြောလိုက်သည်။

"ဟုတ်တယ်. . . လူတွေကနုန်းလို့ထင်နေကြတဲ့ဟာတွေကို ငါမြင်ဖူးတယ်"

ရွန်ကခေါင်းကို ပန်းခြုံတစ်ခုနှင့် ထိလုမတတ် ငုံ့ရင်းပြန်ပြောလိုက်သည်။

"ဟို. . . ငါးမျှားတံကိုင်ထားတဲ့ ဖာသာခရစ်စမတ်(စန်တာကလော့စ်) အသေးစားလေးလိုမျိုးလေကွာ. . ."

ထိုစဉ် ကျယ်လောင်သည့် ရုန်းရင်းဆန်ခတ်ဖြစ်သံ ထွက်ပေါ်လာပြီး ပန်းခြုံမှာ လှုပ်ယိမ်းတုန်ခါသွား၏။ ရွန်ကကိုယ်ကိုပြန်မတ်လိုက်ရင်း ရက်စက်တင်းမာသည့်အသံဖြင့် ပြောလိုက်သည်။

"အဲဒါ. . . နုန်းပဲ"

"ကျွန်တော့်ကိုလွှတ်ပါ. . . ကျွန်တော့်ကိုလွှတ်ပါ"

နုန်းက အသံသေးသေးလေးဖြင့် အော်နေလေ၏။

ယင်းသတ္တဝါသည် ဘယ်လိုကြည့်ကြည့် ဖာသာခရစ်စမတ်(စန်တယ်ကလော့)နှင့် မတူသည်မှာ လုံးဝအသေအချာပင်ဖြစ်သည်။ နုန်းမှာသေးသေးကွေးကွေးဖြစ်၍ အတန်ငယ်ကြီးမား၍ ဆံပင်တမွှေးမျှမပေါက်ဘဲ ပြောင်ရှင်းနေသော ဦးခေါင်းမှာ အဖုကလေးများပါရှိပြီး အာလူးတစ်လုံးနှင့် ချွတ်စွပ်တူလေသည်။ နုန်းက ဆူးချွန်များပါသော ခြေထောက်သေးသေးလေးဖြင့် သူ့ကိုလှမ်းကန်စဉ် ရွန်ကထိုအကောင်ငယ်လေးအား လက်တစ်ကမ်းအကွာခန့်မှ ကိုင်မြှောက်ထားလိုက်၏။ ထို့နောက်ရွန်က နုန်းကိုခြေကျင်းဝတ်မှ ဆုတ်ကိုင်ပြီး ဇောက်ထိုးလှုပ်အားလိုက်ရင်း -

"မင်းလည်း ဒီလိုလုပ်ရမှာ" ဟု ဟယ်ရီကို လှမ်းပြောလိုက်သည်။ ရွန်သည်

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကိုလွှတ်ပါ'ဟု အော်နေသည့် နုန်းကိုခေါင်းပေါ် မြှောက်ထားရင်း လက်ကို ကြိုးကွင်းပစ်သလိုမျိုး စတင်ဝှေ့ယမ်းနေလေသည်။ တုန်လှုပ်နေသော ဟယ်ရီ၏မျက်နှာကိုကြည့်ရင်း ရွှန်ကထပ်မံဖြည့်စွက်၍ပြောလိုက်၏။

"ဒီလိုလုပ်တာ သူတို့မနာပါဘူးကွာ. . . မင်းကခုလိုမျိုး သူတို့ကိုတကယ် မူးနောက်သွားအောင်လုပ်မှ သူတို့ရဲ့တွင်းပေါက်တွေဆီပြန်တဲ့ လမ်းကြောင်းကိုသူတို့ရှာမတွေ့နိုင်တော့မှာ. . ."

ရွှန်ကပြောပြောဆိုဆိုနှင့် နုန်း၏ခြေကျင်းဝတ်အားကိုင်ထားသည့်လက်ကို လွှတ်လိုက်သည်။ နုန်းမှာလေထဲသို့ ပေနှစ်ဆယ်ခန့်မြောက်တက်သွားပြီး ခြံစည်းရိုးတစ်ဖက်ရှိ ကွင်းပြင်ထဲသို့ ဖုတ်ခနဲကျသွားလေသည်။

"သနားစရာပဲ. . . . ဒီသရုပ်ပြပွဲစွန့်စားခန်းအပြီးမှာတော့ ငါလည်းတစ်ကောင်ဖမ်းမိနိုင်လိမ့်မယ်ဆိုတာ သေချာပေါက်လောင်းရဲတယ်" ဟု ဖရက်ကပြောလိုက်၏။

များမကြာမီမှာပင် ဟယ်ရီသည် နုန်းများအတွက် သိပ်ပြီးစိတ်မကောင်းဖြစ်နေစရာမလိုကြောင်းကို လျင်မြန်စွာ သင်ယူတတ်မြောက်သွားသည်။ သူပထမဆုံးဖမ်းမိသောဇီကောင်ကို ခြံစည်းရိုးအပြင်ဘက်သို့ ရောက်ရုံကလေး အသာအယာလွှင့်ပစ်လိုက်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။ သို့ရာတွင် နုန်းကဟယ်ရီ၏ (သနားတတ်သော)အားနည်းချက်ကို နားလည်သဘောပေါက်စွာဖြင့် ဓားသွားကဲ့သို့ ချွန်မြထက်မြက်သော သွားများကို သူ့လက်ချောင်းထဲနစ်မြုပ်ဝင်သွားအောင် ကိုက်ခဲထားလိုက်လေသည်။ ဟယ်ရီမှာ ဆိုသတ္တဝါအား လွှင့်ထွက်သွားအောင် အတော်ပင်ခက်ခက်ခဲခဲ ခါထုတ်လိုက်ရသည်။

"ဟား. . . တယ်ဟုတ်ပါလား ဟယ်ရီ၊ ဒီကောင်မြောက်တက်သွားတာ ပေငါးဆယ်လောက်ရှိမယ်"



တခဏချင်းပင် လေထုထဲ၌ နုန်းများဖြင့် ထူထပ်များပြား၍ လာလေတော့သည်။

"ကြည့်. . . ဒီကောင်တွေက ဉာဏ်သိပ်မရှိဘူး"

ဂျော့က ငါးကောင်၊ ခြောက်ကောင်ခန့်ကို တစ်ပြိုင်တည်းဖမ်းဆုပ်ရင်း ပြောလိုက်၏။

မကြာခင်မှာပင် လူပုလေးအုပ်စုကြီးမှာ စည်းတားထားသည့်နေရာမှ ဝေးရာသို့ စတင်ထွက်ခွါသွားကြသည်။ သူတို့၏ ပခုံးလေးများမှာ နိမ့်ချည်မြင့်ချည်ဖြစ်နေကြသည်။

"သူတို့ပြန်လာကြမှာပါ. . . သူတို့က ဒီနေရာကိုအရမ်းသဘောကျတယ်။ အဖေက သူတို့ကို အရမ်းသက်ညှာလွန်းတယ်။ အဖေက ဒီကောင်တွေဟာ ရယ်စရာလေးတွေလို့ ထင်နေတယ်လေ. . ."

သူတို့သည် ဥယျာဉ်ကိုကပျာကယာဖြတ်သန်းကာ အိမ်သို့ပြန်လာခဲ့ကြသည်။

မစ္စတာဝီစလေက မီးဖိုချောင်ထိုင်ခုံပေါ်သို့ ခြေပစ်လက်ပစ် ဝုန်းခနဲထိုင်ချလိုက်သည်။ မျက်မှန်က သူ့မျက်နှာပေါ်မှ လျှောကျနေပြီး မျက်ဝန်းအစုံကိုမှိတ်ထား၏။ သူသည် ပိန်ပိန်ပါးပါးနှင့် ထိပ်ပြောင်စပြုနေပြီဖြစ်သော်လည်း ကျန်ရှိနေသေးသော ဆံပင်အနည်းငယ်ကမူ သူ၏ကလေးများလိုပင် နီရဲနေလေသည်။ သူက အစိမ်းရောင်ဝတ်ရုံရှည်ကြီးကိုဝတ်ဆင်ထားပြီး ယင်းဝတ်ရုံမှာ ဖုန်အလိမ်းလိမ်းဖြစ်နေကာ ခရီးသွားလာရပါများလွန်းသဖြင့် အနည်းငယ်စုတ်ပြနေလေပြီ။

"တော်တော်ပင်ပန်းတဲ့ညပဲ"

မိသားစုအားလုံး မစ္စတာဝီစလေ၏ ဘေးပတ်ပတ်လည်၌ ဝိုင်းထိုင်လိုက်ကြ၌ သူကလက်ဖက်ရည်အိုးကို လက်ဖြင့် စမ်းတဝါးဝါးစမ်းရင်း ညည်းလိုက်သည်။

သူက လှည့်ပတ်ကြည့်လိုက်စဉ် ဟယ်ရီ့ကိုမြင်သွားပြီး တအံ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်. . . ဒါ ဟယ်ရီပေါ်တာ မဟုတ်လား။ မင်းနဲ့တွေ့ရတာ အရမ်းကျေနပ်နှစ်သိမ့်မိပါတယ်၊ ရွန်ကမင်းအကြောင်းတွေ ပြောပြတာတော့ အများကြီးပဲ"

"ရှင့်သားတွေက အဲ့ဒီကားနဲ့ ဟယ်ရီ့အိမ်ကိုပျံသွားပြီး မနေ့ညက ပြန်လာကြတယ်လေ. . . အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ရှင်ဘာပြောစရာရှိသေးလဲ ဟင်. . ." ဟု မစ္စစ်ဝီစလေက အော်လိုက်သည်။

မစ္စတာ ဝီစလေက အငမ်းမရပြန်မေးလိုက်၏။

"မင်းတကယ်ပြောတာလား. . . သူတို့သွားတာ ဘာမှမဖြစ်ခဲ့ဘူးပေါ့. . အဲဒါပြောချင်တာက. . ."

မစ္စစ်ဝီစလေ၏ မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများနှင့် ရင်ဆိုင်လိုက်ရသဖြင့် သူ့စကားမှာ အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားသည်။

"ဒါ. . ဒါ အရမ်းမှားတဲ့ လုပ်ရပ်ပဲ. . . ကလေးတို့ရဲ့. . . တကယ့်ကို အရမ်းမှားတယ်"

"သူတို့ကိုလွှတ်ထားလိုက်. . . လာ. . . မင်းကိုငါ့အိပ်ခန်းလိုက်ပြမယ်"

မစ္စစ်ဝီစလေက ဒေါသဖြင့် ဖားပြုတ်ကြီးတစ်ကောင်လို ကိုယ်ကိုဖြန့်ကားလိုက်စဉ် ရွန်ကဟယ်ရီကို တီးတိုးပြောလိုက်သည်။

သူတို့သည် မီးဖိုခန်းထဲမှ အသာလေးလစ်ထွက်ခဲ့ကြပြီး ညီညီညာညာမရှိသော လှေကားထစ်များဆီသို့ လမ်းကျဉ်းကျဉ်းကလေးအတိုင်း ဆင်းလာခဲ့ကြ၏။ လှေကားမှာ အိမ်အပေါ်ထပ်များဆီသို့ မြွေလိမ်မြွေကောက်သွယ်တန်းထားခြင်းဖြစ်သည်။ လှေကား၏ တတိယဆင့်တွင် တံခါးတစ်ချပ် အနည်းငယ်ပွင့်ဟနေလေသည်။ တံခါးက ဒုန်းခနဲပိတ်မသွားခင် ဟယ်ရီသည် တောက်ပသော အညိုရောင်မျက်ဝန်းတစ်စုံကို ဖျတ်ခနဲမြင်လိုက်ရသည်။

"ဂျင်းနီလေ။ သူအရှက်အကြောက်ကြီးပုံက ဘယ်လောက်ထူးဆန်းသလဲ ဆိုတာ မင်းသိမှာမဟုတ်ဘူး။ သူတံခါးပိတ်ရင်လည်း ဘယ်တော့မှ ဖြည်းဖြည်းသက်သာမရှိဘူး"

သူတို့နောက်ထပ် လှေကားနှစ်ဆင့်ကျော်ခန့် တက်ပြီးသောအခါ ဆေးများကွာကျနေသော တံခါးတစ်ချပ်ရှေ့သို့ ရောက်လာခဲ့ကြသည်။ ထိုတံခါး၏ နံရံကပ်ဆိုင်းဘုတ်ပြားပေါ်တွင် 'ရိုနယ်၏အိပ်ခန်း'ဟုရေးထားလေသည်။

ဟယ်ရီအခန်းတွင်းသို့ လှမ်းဝင်လိုက်၏။ သူ့ခေါင်းကနိမ့်ကျနေသော မျက်နှာကျက်နှင့် တိုက်မိလုနီးပါးဖြစ်သွားသောကြောင့် ဟယ်ရီမျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်သည်။ ရွန့်အခန်းမှာ သတ္တုကျိုသည့် မီးဖိုထဲသို့ လမ်းလျှောက်ဝင်သွားရသလိုပင်။ ရွန့်အခန်းထဲရှိ ပစ္စည်းအကုန်နီးပါးသည် စူးရှတောက်ပသော လိမ္မော်ရောင်အရိပ်များဖြင့်သာ ဖုံးလွှမ်းနေပုံပေါ်သည်။ ထို့နောက်ရွန်သည် စုတ်ပြတ်ညစ်ပေနေသော နံရံတွင်ကပ်ထားသည့် စက္ကူများ၏ အားလုံးနီးပါးခန့်ကို တောက်ပသော လိမ္မော်ရောင်ဝတ်စုံများကို ဝတ်ဆင်ကာ တံမြက်စည်းတံများကို ကိုင်ဆောင်ထားပြီး အားမာန်ပါပါလက်ဖ့ေယမ်းပြနေသည့် စုန်းကဝေခုနှစ်ယောက်၏ ပိုစတာများနှင့် ဖုံးလွှမ်းထားခြင်းသာဖြစ်ကြောင်း ဟယ်ရီနားလည် သဘောပေါက်သွားသည်။

"မင်းရဲ့အကြိုက်ဆုံး ကွစ်ဒစ်အသင်းလား" ဟု ဟယ်ရီက မေးလိုက်၏။

"ချပ်ဒလီကင်နွန်. . . လေ"

ရွန်က ကြီးမားသောအနက်ရောင်စာလုံးကြီးများဖြင့် စီဟုရေးထားပြီး အရှိန်ပြင်းပြင်းနှင့်သွားနေသော အမြောက်ဆံတစ်ခု၏ပုံ ရေးဆွဲထားသည့်လိမ္မော်ရောင် အိပ်ယာဖုံးကို ညွှန်ပြရင်းကပြောလိုက်၏။

"ပြိုင်ပွဲမှာ အဆင့်ကိုးရထားတဲ့အသင်းပေါ့"

ရွန်၏ကျောင်းမှ ဂါထာမန္တာန်စာအုပ်များကို အခန်းထောင့်တင်နေရာ၌ 'မာတင်ဂျစ်စ်၏ စွန့်စားခန်းများ၊ ရူးနေသောမတ်ဂယ်'စသည့် ထူးခြားဆန်းပြား



www.burmeseclassic.com

www.burmeseclassic.com



သော ပုံသဏ္ဍာန်ရှိသည့် ကာတွန်းစာအုပ်ပုံဘေးတွင် ဖရိုဖရဲစုပုံထားသည်။ ရွှန်၏ ဆေးတောင်ဝှေးမှာ ပြတင်းပေါက်ဘောင်ပေါ်ရှိ ဖားဥများပြည့်နှက်နေသော ငါးကန်အပေါ်၌ လဲလျောင်းနေလေသည်။ ငါးကန်နံဘေးတွင်မူ ရွှန်၏မီးခိုးရောင် ကြွက်ဝဝကလေး စကက်ဘာမှာ နေရောင်ခြည်အလင်းတန်းအောက်၌ ဟောက်သံပေးကာ အိပ်မောကျနေလေသည်။

ဟယ်ရီသည် ကြမ်းပြင်ပေါ်မှ အလိုအလျောက် ကုလားဖန်ထိုးသော ဖဲချပ်များကို လှမ်းကျော်လိုက်ပြီး ပြတင်းပေါက်သေးသေးလေး၏ အပြင်ဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။ အောက်ဖက်ရှိကွင်းပြင်၏ ခပ်လှမ်းလှမ်းတစ်နေရာတွင် နှန်းအုပ်စုကြီးသည် ဝီစလေမိသားစု၏ ခြံစည်းရိုးဆီသို့ တစ်ကောင်ချင်းခိုးကြောင် ခိုးဝှက်ပြန်လာနေကြသည်ကို သူလှမ်းမြင်နေရသည်။

ထို့နောက်ဟယ်ရီသည် (သူ၏ထင်မြင်ချက်ကိုစောင့်စားနေသလိုမျိုး) သူ့ကို စိတ်လှုပ်ရှားစွာစိုက်ကြည့်နေသည့် ရွှန့်ဖက်သို့လှည့်လိုက်စဉ် ရွှန်က ပြောလိုက်သည်။

"**အခန်းက တော်တော်သေးတယ်နော်. . . မင်း မတ်ဂယ်တွေနဲ့နေရတဲ့ အခန်းမျိုးမဟုတ်ဘူး၊ ပြီးတော့ဒါက ထပ်ခိုးမှာနေတဲ့ မကောင်းဆိုးဝါးအိုကြီးရဲ့ အောက်တည့်တည့်မှာ သူကပိုက်လုံးတွေကိုတဒုန်းဒုန်းနဲ့ထုပြီး ခိုညည်းသလို ညည်းတွားသေး. . .**"

သို့ရာတွင် ဟယ်ရီက အားရပါးရပြုံးရင်းပြောလိုက်၏။

"ငါတွေ့ဖူးသမျှထဲမှာ ဒီအိမ်က အကောင်းဆုံးပဲ"

ရွှန်၏ နားရွက်များမှာ ပန်းရောင်သမ်းသွားလေတော့သည်။

❑

# အခန်း (၄)

## ကျောင်းသုံးစာအုပ်များရောင်းသောဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဝီစလေမိသားစု၏အိမ်၌ နေရသောဘဝသည် 'ပရီဗက်ဒရိုက်'၌ နေရသည့်ဘဝနှင့် အတော်ပင် ကွဲပြားခြားနားလေသည်။ ဒါစလေမိသားစုက အရာရာတိုင်း၌ သပ်ရပ်ကောင်းမွန်ပြီး အမိန့်ပေးရသည်ကိုသဘောကျ၏။ ဝီစလေမိသားစု၏ အိမ်တွင်မူ မမျှော်လင့်သော ထူးဆန်းသည့်အရာများဖြင့်သာ ပြည့်နှက်နေလေသည်။

ဟယ်ရီသည် ပထမဆုံးအကြိမ်အဖြစ် ကျပ်ခိုးစင်ပေါ်ရှိမှန်ကို ကြည့်လိုက်မိစဉ် မှန်က 'မင်းရဲ့အင်္ကျီစကို ဘောင်းဘီထဲထည့်ထားလေ၊ စုတ်ပဲ့လိုက်တာ' ဟု စူးစူးဝါးဝါးထအော်လိုက်သဖြင့် သူလန့်ဖြတ်သွားသည်။ မည်သည့်အသံဗလံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်ဟု ဟယ်ရီ၏စိတ်ထဲ၌ ခံစားရသည့်အခါတိုင်း ထပ်ခိုး၌နေသော မကောင်းဆိုးဝါးအိုကြီးက အသံဆိုးကြီးနှင့် ဆွဲဆွဲငင်ငင်အော်ဟစ်ပြီး ပိုက်လုံးများကိုပစ်ချလေ့ရှိသည်။ ဖရက်နှင့် ဂျော့တို့၏အိပ်ခန်းအတွင်းမှ ခပ်အုပ်အုပ်ကြားရတတ်သော ပေါက်ကွဲသံများကလည်း ပုံမှန်မှုဟုတ်ပါလေစဟု စဉ်းစားစရာပင်။

www.burmeseclassic.com



ရွှန့်ထဲတွင်နေရသောဘဝနှင့် ဟယ်ရီ၏ ဖြစ်ရိုးဖြစ်စဉ်ဘဝတို့အကြား အကွဲပြား အခြားနားဆုံးအချက်ကို ဟယ်ရီတွေ့ရှိလိုက်ရသည်မှာ စကားပြောတတ်သောမှန်ကြောင့်လည်းမဟုတ်၊ အားအားရှိထုရိုက်နေတတ်သော မကောင်းဆိုးဝါးအိုကြီးလည်းမဟုတ်ချေ။ ယင်းအချက်ကား ဤနေရာရှိ လူတိုင်းက သူ့ကို လိုလားနှစ်သက်ပုံရသည်ဟူသော အချက်ပင်တည်း။

မစ္စစ်ဝီစလေကတော့ သူ့ခြေအိတ်များ၏ အခြေအနေကိုကြည့်ကာ တဖျစ်တောက်တောက်ပြောလေ့ရှိပြီး အစာစားသည့်အခါတိုင်းတွင် ဟယ်ရီ့ကိုလေးပန်ကန်လောက် မရမက ဖျစ်ညှစ်စားခိုင်းလေ့ရှိသည်။

မစ္စတာဝီစလေကတော့ ထမင်းစားပွဲ၌ ဟယ်ရီသူ့ဘေးနား၌ထိုင်မှ သဘောကျသည်။ သို့မှသာ မတ်ဂယ်များနှင့်ဟယ်ရီနေထိုင်ရသော လူနေမှုဘဝနှင့်ပတ်သက်ပြီး သူသိလိုသမျှကို မေးနိုင်မည်ဖြစ်သောကြောင့်ပင်။ သူကဟယ်ရီ့အား လျှပ်စစ်မီးပလပ်ကဲ့သို့ အရာဝတ္ထုများအကြောင်း၊ စာပို့လုပ်ငန်း၏ဝန်ဆောင်လည်ပတ်ပုံအကြောင်း စသည်တို့ကို ရှင်းပြခိုင်းတတ်သည်။

"တကယ့်ကိုစွဲမက်စရာပဲ"

ဟယ်ရီက မစ္စတာဝီစလေအား တယ်လီဖုန်းအသုံးပြုပုံအကြောင်း ရှင်းပြနေစဉ် သူက နှစ်ထောင်းအားရဖြစ်စွာ ပြောလိုက်ခြင်းဖြစ်သည်။

"တော်တော် တီထွင်နိုင်တဲ့လူတွေ၊ တကယ်ပါပဲ. . . မှော်ပညာကိုအသုံးမပြုဘဲ သူ့နည်းသူ့ဟန်နဲ့ အဆင်ပြေအောင်လုပ်နိုင်တဲ့ နည်းလမ်းဘယ်နှစ်ခုလောက်များ မတ်ဂယ်တွေတွေ့ရှိထားကြပါလိမ့်"

ဝီစလေမိသားစု၏အိမ်သို့ ဟယ်ရီရောက်ပြီး တစ်ပတ်ခန့်အကြာ နေသာသော နံနက်ခင်းတစ်ခု၌ ဟော့ဝပ်မှသတင်းကိုသူကြားလိုက်ရသည်။ သူနှင့် ရွှန်တို့နှစ်ယောက် နံနက်စာစားရန် အောက်ဆင်းလာကြစဉ် မီးဖိုချောင်စားပွဲ၌ မစ္စတာနှင့် မစ္စစ်ဝီစလေ၊ ဂျင်နီတို့ ထိုင်နှင့်နေပြီးဖြစ်သည်ကို တွေ့လိုက်ကြရသည်။ ဟယ်ရီကို မြင်မြင်ချင်းပင် ဂျင်နီသည် ဆန်ပြုတ်ပန်းကန်ကို မတော်ကဆ တိုက်ချလိုက်ရာ ကြမ်းပြင်ပေါ်သို့ ဂွပ်ခနဲကျသွားသည့် အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ဟယ်ရီအခန်းတွင်းသို့ ဝင်လာသည့်အခါတိုင်း ဂျင်နီသည် စိတ်လှုပ်ရှားစွာဖြင့် ပစ္စည်းများကို အလွယ်တကူတိုက်မိလေ့ရှိပုံရသည်။ သူမက စားပွဲအောက်သို့ ဒိုက်ဗင်ပစ်ဝင်ကာ ဆန်ပြုတ်ပန်းကန်ကိုရှာပြီး ခေါင်းပြန်မော့လိုက်သောအခါ သူမ၏မျက်နှာမှာ ဝင်လုဆဲဆဲနေမင်းကဲ့သို့ ရဲရဲတွတ်နီမြန်းနေလေသည်။ ထိုကိစ္စကို သတိမပြုမိသလို ဟန်ဆောင်ကာ ဟယ်ရီသည်ထိုင်ခုံ၌ ဝင်ထိုင်ပြီး မစ္စစ်ဝီစလေကမ်းပေးသော ပေါင်မုန့်မီးကင်ကို လှမ်းယူလိုက်သည်။

"ကျောင်းကစာတွေ. . ."

မစ္စတာဝီစလေက ပြောပြောဆိုဆိုဖြင့် ဟယ်ရီနှင့်ရွှန့်ကို မြစိမ်းရောင်မင်ဖြင့် လိပ်စာတပ်ထားသည့် ဆင်တူအဝါရောင်စာအိတ်နှစ်အိတ်ကို လှမ်းပေးလိုက်၏။

"မင်းဒီမှာရှိနေတာကို အစောကြီးကတည်းက ဒမ်ဘယ်ဒိုးသိနေပြီဟယ်ရီ၊ ဒီလူက မြေကြီးလက်ခတ်မလွဲအောင် သိတဲ့သူပဲ၊ မင်းတို့နှစ်ယောက်လည်း စာတွေရထားတယ်"

ဖရက်နှင့်ဂျော့တို့က ညအိပ်ဝတ်စုံများနှင့် အခန်းတွင်းသို့ ဝင်လာကြစဉ် သူကထပ်ဖြည့်စွက်ပြီး ပြောလိုက်လေသည်။

မိနစ်အနည်းငယ်ကြာသောအခါ သူတို့စာများကိုသူတို့ အသီးသီးဖတ်နေကြသဖြင့် အခန်းတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေ၏။ စက်တင်ဘာတစ်ရက်နေ့၌ ခါတိုင်းလိုပင် ဟော့ဝပ်အမြန်ရထားကို ကင်းခရော့စ်ဘူတာ၌ သွားစီးရန် ဟယ်ရီ့



www.burmeseclassic.com

www.burmeseclassic.com



ကို စာထဲ၌မှာကြားထားသည်။ ယခုလာမည့် စာသင်နှစ်အတွက် သူလိုအပ်သော စာအုပ်စာရင်းလည်း ပူးတွဲပါရှိသည်။

'ဒုတိယနှစ်ကျောင်းသားများ လိုအပ်သည်မှာ -'

| | | |
|---|---|---|
| စံပြုမန္တန်များ (ဒုတိယအဆင့်) | ရေးသူ ။ | မိရင်ဒါဂို့စ်ဟော့ခ် |
| ငှက်ဆိုးထိုးသရဲမနှင့် လမ်းခွဲခြင်း | ရေးသူ ။ | ဂေဒီရှိုင်လော့ဟတ် |
| မကောင်းဆိုးဝါးများနှင့် လှည့်လည်ပျော်ပါးခြင်း | ။ ။ | ဂေဒီရှိုင်လော့ဟတ် |
| စုန်းမများနှင့် အားလပ်ရက်များတွင်အတူတကွ | ။ ။ | ဂေဒီရှိုင်လော့ဟတ် |
| တောင်တန်းဘီလူးများနှင့် ခရီးသွားခြင်း | ။ ။ | ဂေဒီရှိုင်လော့ဟတ် |
| သွေးစုပ်ဖုတ်ကောင်များနှင့် ရေလမ်းခရီး | ။ ။ | ဂေဒီရှိုင်လော့ဟတ် |
| သမန်းဝံပုလွေများနှင့် လှည့်လည်သွားလာခြင်း | ။ ။ | ဂေဒီရှိုင်လော့ဟတ် |
| နှင်းလူနှင့်နေရသောနှစ် | ။ ။ | ဂေဒီရှိုင်လော့ဟတ် |

ဖရက်က သူ့စာရင်းစာရွက်ကို ဖတ်ပြီးသွားသောအခါ ဟယ်ရီ့စာရွက်ကို ပြူးတူးပြဲတဲနှင့် ကြည့်လိုက်၏။

"မင်းကိုလည်း လော့ဟတ်ရဲ့စာအုပ်တွေအားလုံးကို ဝယ်ဖို့ပြောထားတာပဲ ကိုး. . . အောက်လမ်းမိစ္ဆာကာကွယ်နှိမ်နှင်းရေးသင်မယ့်ဆရာအသစ်က ရယ်စရာကောင်းမယ်နဲ့တူတယ်။ စုန်းမတစ်ယောက်ဖြစ်မယ်ဆိုတာ ငါလောင်းရဲတယ်"

စကားပြောနေရင်း ထိုနေရာသို့ရောက်သောအခါ ဖရက်က သူ့အမေ၏ မျက်လုံးကိုလှမ်းကြည့်လိုက်ပြီး လျင်မြန်စွာဖြင့် လိမ္မော်ခွံယိုသုတ်ရင်း အလုပ်ရှုပ်နေသည့်ဟန် ဆောင်လိုက်သည်။

"ဒါတွေက သိပ်ပြီးဈေးပေါတာမဟုတ်ဘူး. . . လော့ဟတ်ရဲ့စာအုပ်တွေက တကယ်ဈေးကြီးတာ"



ဂျော့က သူ့မိဘများကို ဖျတ်ခနဲလှမ်းကြည့်ရင်း ပြောလိုက်၏။

"ကိစ္စမရှိပါဘူး. . . ငါတို့တတ်နိုင်ပါတယ်" ဟု မစ္စစ်ဝီစလေက ပြန်ပြောလိုက်သည်။ သို့ရာတွင် သူမကိုကြည့်ရသည်မှာ စိုးရိမ်ပူပန်နေပုံရသည်။

"ဂျင်းနီရဲ့ပစ္စည်းအတော်များများအတွက် တစ်ပတ်ရစ်ပစ္စည်းတွေ ဝယ်လို့ရနိုင်ပါစေလို့ပဲ မျှော်လင့်မိပါတယ်"

"အိုး. . . မင်းကဒီနှစ်ဟော့ဝပ်မှာ စတက်ရမှာလား"

ဟယ်ရီက ဂျင်းနီကိုမေးလိုက်၏။

သူမက ခေါင်းညိတ်ပြလိုက်ပြီး ရှက်သွေးဖြင့်နီမြန်းနေသော မျက်နှာကို သူမ၏ မီးလျှံလိုဆံနွယ်များဖြင့် ကာထားလိုက်စဉ် သူမ၏တံတောင်ဆစ်က ထောပတ်ခွက်ထဲသို့ စွပ်ခနဲဝင်သွားလေသည်။ ကံကောင်းထောက်မစွာဖြင့် ထိုဖြစ်ရပ်ကို ဟယ်ရီမှလွဲပြီး မည်သူမှမမြင်လိုက်ကြချေ။ အဘယ့်ကြောင့်ဆိုသော် ရွန်၏အစ်ကိုဖြစ်သူ ပါစီကအခန်းတွင်းသို့ လှမ်းဝင်လာသောကြောင့်ဖြစ်သည်။ သူကအဝတ်အစားလဲပြီးသွားပြီဖြစ်ပြီး

"အားလုံးပဲ မင်္ဂလာနံနက်ခင်းပါ၊ သာယာလှပတဲ့နေ့ပဲနော်" ဟု ပါစီက သွက်လက်စွာပြောလိုက်၏။

သူက ကျန်ရှိနေသည့် တစ်လုံးတည်းသောခုံတွင် ဝင်ထိုင်လိုက်သည်။ သို့ရာတွင် ချက်ချင်းပင်ထခုန်လုမတတ်ဖြစ်သွားပြီး သူ့အောက်မှငှက်မွေးအပုံလို မီးခိုးရောင်ငှက်မွေးဘောဖျက်ကို ဆွဲထုတ်လိုက်သည်။ တကယ်တော့ ဟယ်ရီသည် ထိုအရာက အသက်ရှူနေသည်ကိုမမြင်ရသေးခင်အထိ ငှက်မွေးဘောဖျက်ဟု ထင်မှတ်မိခြင်းသာဖြစ်လေသည်။

"အယ်ရို"

ရွန်ကအလန့်တကြားအော်ရင်း ပျော့ခွေနေသော ဇီးကွက်ကိုပါစီ့လက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူလိုက်ရင်း ဇီးကွက်၏အတောင်ပံအောက်မှ စာတစ်စောင်ကို ဆွဲထုတ်လိုက်သည်။

"နောက်ဆုံးတော့ သူ ဟာမီယွန်ဆီက ပြန်စာကိုရလာတာပါပဲ၊ ငါတို့ မင်းကို ဒါစလေမိသားစုလက်ထဲကနေ သွားကယ်ဖို့ကြိုးစားနေတယ်လို့ ငါ ဟာမီယွန်ကို စာရေးပြီးပြောပြထားတယ်"

ရွန်က အယ်ရိုကို အနောက်ဖက်တံခါးရှိ ငှက်နားရန်နေရာသို့ ယူဆောင်သွားကာ ထိုနေရာ၌ မတ်မတ်ရပ်နိုင်အောင် ကြိုးစားထူမပေးလိုက်သည်။ သို့သော် အယ်ရိုသည် ချက်ချင်းပင်ပြန်ပြီး လဲကျပျော့ခွေသွားသောကြောင့် ရွန်ကဝမ်းနည်းစရာပဲဟု ရေရွတ်ရင်းသူ့ကို ကြွေဇလုံအထက်ရှိစင်ပေါ်၌ အသာအယာချထားလိုက်သည်။ ထို့နောက်ရွန်က ဟာမီယွန်၏စာကိုဖွင့်ဖောက်ပြီး အသံကျယ်ကျယ်ဖြင့် အော်ဖတ်လိုက်သည်။

"ရွန်နှင့် ဟယ်ရီ၊ (အတယ်၍ရှိနေခဲ့လျှင်-)

ဟယ်ရီလည်း အဆင်ပြေ၊ အစစအရာရာလည်း ချောချောမောမောဖြစ်ပြီးတော့ နင်သူ့ကိုသွားခေါ်ထုတ်တဲ့ကိစ္စမှာ ဥပဒေကို ဆန့်ကျင်တာမျိုး ဘာတစ်ခုမှမလုပ်ခဲ့ဘူးလို့ ငါမျှော်လင့်ပါတယ်. . . ရွန်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်ခဲ့ရင် ဟယ်ရီလည်းဒုက္ခရောက်သွားနိုင်တယ်လေ၊ နင်တို့ကို ငါတကယ်စိတ်ပူတယ်။ တကယ်လို့ ဟယ်ရီဘာမှမဖြစ်ဘူးဆိုရင် ကျေးဇူးပြုပြီး ငါ့ကိုချက်ချင်းအသိပေးပါဟာ၊ ဖါပေမယ့် သေချာတာတစ်ခုက ဒီတစ်ခါစာပို့ရင် တစ်ခြားဇီးကွက်တစ်ကောင်ပြောင်းသုံးတာ ပိုကောင်းမယ်၊ နို့မို့ဆိုရင် ဒီတစ်ခါစာထပ်ပို့နိုင်းရင် နင့်ဇီးကွက်အသက်ထွက်သွားလိမ့်မယ်လို့ ငါထင်တယ်။

ငါလည်း ကျောင်းစာတွေနဲ့ အရမ်းအလုပ်များနေတယ်၊ တကယ်ပါပဲ"

ရွန်က တုန်လှုပ်ခြောက်ခြားစွာပြောလိုက်၏။



"ဘယ်လိုလုပ် သူအလုပ်များနိုင်မှာတုန်း၊ ငါ့တို့တွေကို အားလပ်ရက်ပေးထားတဲ့ဥစ္စာ"

"ငါ့ရဲ့ကျောင်းစာအုပ်အသစ်တွေ ဝယ်ဖို့အတွက် လာမယ့်ဗုဒ္ဓဟူးနေ့တျရင် ငါတို့ လန်ဒန်သွားစရာရှိတယ်၊ ဒိုင်ယာဂွန်အယ်လေမှာ ငါတို့ဆုံကြရအောင်၊

ဘာတွေဖြစ်နေသလဲဆိုတာ တတ်နိုင်သမျှ အမြန်ဆုံးငါ့ကိုအသိပေးပါဟာ

မေတ္တာဖြင့်

ဟာမီယွန်

"အင်း. . . ဒီလိုစီစဉ်ထားတာ ကောင်းပါတယ်၊ မင်းတို့အားလုံးရဲ့ ပစ္စည်းတွေဝယ်ဖို့ ငါတို့လည်းသွားနိုင်သားပဲ"

မစ္စစ်ဝီစလေက စားပွဲကိုရှင်းရင်း ပြောလိုက်၏။

"ဒီနေ့ မင်းတို့ဘာအစီအစဉ်ရှိလဲ"

ဟယ်ရီ၊ ရွန်၊ ဖရက်နှင့် ဂျော့တို့သည် တောင်ကုန်းပေါ်ရှိ ဝီစလေမိသားစုပိုင် နွားစားကျက်ခင်းလေးဆီသို့သွားရန် အစီစဉ်ဆွဲထားပြီးသားဖြစ်သည်။ ထိုနွားစားကျက်မှာ သစ်ပင်များက ဘေးပတ်ပတ်လည်ခြံရံပြီး ပေါက်နေသဖြင့် တောင်ကုန်းအောက်ဖက်ရှိရွာမှာ မမြင်ရအောင် မြင်ကွင်းပိတ်ပေးထားသလို ဖြစ်နေလေသည်။ အဓိပ္ပါယ်ကတော့ သူတို့အလွန်အမင်း အမြင့်ကြီး မပျံသန်းကြသရွေ့ ထိုနေရာ၌ ကွစ်ဒစ်လေ့ကျင့်ကစားနိုင်သည်ဆိုသည့် သဘောပင်ဖြစ်သည်။ သူတို့သည် တကယ်ကွစ်ဒစ်ဘောလုံးအစစ်များကိုတော့ အသုံးမပြုနိုင်ကြပေ။ ထိုကိစ္စမှာ ရှင်းပြရန်အနည်းငယ်ခက်သည်။ တကယ်တော့ ဘောလုံးအစစ်များသုံးလျှင် ထိုဘောလုံးများက လွင့်စင်ထွက်သွားပြီး ရွာထဲ၌လျှောက်ပြီး ပျံသန်းနေမည်ကို စိုးရိမ်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘောလုံးများအစား ပန်းသီးများကိုဖမ်းယူရန် တစ်ယောက်ထံသို့တစ်ယောက် ပစ်ပေးကြ၏။ သူတို့သည် ဟယ်ရီ၏နင်းဗတ် ၂၀၀၀ ကို တလှည့်စီစီးကြသည်။ ယင်းမှာ လွယ်ကူစွာစီးနင်းနိုင်သော အကောင်းဆုံး တံမြက်စည်းဖြစ်သည်။ ရွန်၏ 'ကြယ်ပျံ'တံမြက်စည်းအဟောင်းကြီးကိုတော့ ပျံသန်းနေသော လိပ်ပြာကလေးများကပင် ဖြတ်ကျော်တက်သွားကြသည်။

ငါးမိနစ်ကြာပြီးနောက် သူတို့သည် တံမြက်စည်းတံများကို ပုခုံးတွင်ထမ်းပြီး တောင်ကုန်းပေါ်သို့ ချီတက်သွားကြသည်။ ပါစီကိုသူတို့နှင့်အတူ ကစားချင်စိတ်ရှိသလားဟု မေးသော်လည်း ပါစီက သူအလုပ်များနေသည်ဟုပြော၏။ ဟယ်ရီသည်ပါစီကို တစ်ခါတစ်ရံမှ အစားအသောက်စားချိန်၌ ရှားရှားပါးပါးဆုံတွေ့ရလေ့ရှိသည်။

"သူဘာတွေ အလုပ်ရှုပ်နေသလဲဆိုတာ သိချင်လိုက်တာ" ဟု ဖရက်က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

"မင်းမရောက်ခင် တစ်ရက်ကမှ သူ့အောင်စာရင်းထွက်တာ ဟယ်ရီရ။ သူ့ကိုယ်သူ ထင်ထားသလောက် အမှတ်ကောင်းကောင်းမရဘူး။ အို. ဒဗလျူ. အယ်လ်. အက်(စ်) အဆင့်ဆယ့်နှစ်ပဲရတယ်"

"အိုဒဗလျူအယ်လ်အက်စ်ဆိုတာ ရိုးရိုးသာမန်စုန်းအဆင့်တွေကိုပြောတာ" ဟယ်ရီ ဇဝေဇဝါနှင့် ကြည့်လိုက်သည်ကိုမြင်သွားသော ဂျော့ကဝင်ပြီး ရှင်းပြလိုက်သည်။

"ဘီလ်လည်း ဆယ့်နှစ်ရတာပဲ၊ ငါတို့သာ ဝရှမစိုက်ဘူးဆိုရင် မိသားစုထဲမှာ နောက်ထပ်ကျောင်းသားအကြီးအကဲတစ်ယောက်ရဦးမှာ၊ ငါကတော့ ရှက်တာနဲ့ မျက်နှာဘယ်လိုထားရမှန်း သိတော့မယ်တောင် မထင်မိပါဘူး"

ဘီလ်က ဝီစလေ၏ ညီအစ်ကိုများထဲတွင် အကြီးဆုံးဖြစ်သည်။ သူနှင့်



နောက်ထပ် အခြားအစ်ကိုတစ်ယောက်မှာ ဟော့ဂဝပ်ကျောင်းမှထွက်သွားကြပြီးဖြစ်သည်။ သူတို့နှစ်ယောက်လုံးနှင့် ဟယ်ရီတစ်ခါမှ မဆုံတွေ့ဖူးချေ။ သို့ရာတွင် ချာလီက ရိုမေးနီးယားတွင်နဂါးများကို လေ့လာနေပြီး ဘီလ်က အီဂျစ်ရှိ ဂရင်းဂေါ့ဘဏ်၌ အလုပ်လုပ်နေသည်ဆိုတာကိုတော့ ဟယ်ရီသိထားသည်။

"ငါတို့အားလုံးရဲ့ ကျောင်းပစ္စည်းတွေအတွက် ပိုက်ဆံ ဘယ်လိုပေးနိုင်ပါ့မလဲ မသိဘူး" ဟု တအောင့်မျှကြာပြီးနောက် ဂျော့ကပြောလိုက်၏။

"လော့ဟတ်ရဲ့စာအုပ်က ငါးစုံတောင်၊ ဂျင်နီအတွက်ကလည်း ဝတ်ရုံတို့၊ ဆေးတောင်ဝေ့တို့ကစပြီး အစစအရာရာလိုအပ်တယ်"

ဟယ်ရီက ဘာမျှဝင်မပြောချေ။ သူအနည်းငယ် နေရထိုင်ရခက်နေလေသည်။ လန်ဒန်မြို့မှ ဂရင်းဂေါ့ဘဏ်၏ မြေအောက်ရှိမီးအာမခံလုံခြုံရေးအခန်းထဲ၌ သိမ်းဆည်းထားသည်မှာ သူ့မိဘများက သူ့အတွက်ချန်ထားရစ်ခဲ့သော မပြောပလောက်သည့် အမွေကလေးသာဖြစ်သည်။ သေချာတာကတော့ ထိုငွေများသည် စုန်းကဝေလောကအတွင်း၌သာ သုံးနိုင်သောငွေများဖြစ်ကြောင်းပင်။ မတ်ဂယ်တို့၏ဆိုင်များတွင် ဂယ်လီယွန်များ၊ ဆစ်ကယ်များနှင့် နပ်များကို အသုံးပြု၍မရပါ။ သူ၏ ဂရင်းဂေါ့ဘဏ်မှ ငွေစာရင်းနှင့်ပတ်သက်ပြီး ဟယ်ရီသည် ဒါစလေမိသားစုကို ဘယ်တော့မှထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ချေ။

ဗုဒ္ဓဟူးနေ့ရောက်သောအခါ မစ္စစ်ဝီစလေက သူတို့ကို စောစီးစွာ အိပ်ယာမှ နှိုး၏။ ဝက်ပေါင်ခြောက်ညှပ်ပေါင်မုန့် ဒါဇင်ဝက်စီ ခပ်မြန်မြန်ပြုလုပ်ပြီးနောက် သူတို့က ကုတ်အင်္ကျီများကို ဆွဲယူလိုက်ကြသည်။ မစ္စစ်ဝီစလေကမူ မီးဖိုချောင်ကျပ်ခိုးစင်မှ ပန်းအိုးကို မချွေ့ကာ ပန်းအိုးအတွင်းသို့ ငုံ့ကြည့်လိုက်၏။

"အမှုန့်တွေ တော်တော်တောင် လျော့သွားပြီ. . . အာသာ ကျွန်မတို့ဒီနေ့ နည်းနည်းလောက်ထပ်ဝယ်ရလိမ့်မယ်။ အင်း. . . ကိုင်း. . . ဧည့်သည်ကို ဦးစားပေးရမယ်. . ရှေ့ကအရင်သွား ဟယ်ရီလေး"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမက ပန်းအိုးကို ဟယ်ရီ့ထံသို့ ကမ်းပေးလိုက်သည်။

ဟယ်ရီက သူ့အားဝိုင်းကြည့်နေကြသော သူတို့အားလုံးကို အကြောင်သား ငေးကြည့်နေမိသည်။

"ကျွန်. . . ကျွန်တော် ဘယ်လိုလုပ်ရမှာလဲ" ဟု သူအထစ်ထစ် အငေါ့ငေါ့နှင့် မေးလိုက်၏။

"သူတစ်ခါမှ ဖလိုပေါင်ဒါနှင့် ခရီးမသွားဖူးဘူး။ ဆောရီး ဟယ်ရီ. . . ငါ မေ့သွားတယ်"

ရွန်က ဖျတ်ခနဲပြောလိုက်သည်။

"တစ်ခါမှ မသွားဖူးဘူး၊ ဒါဖြင့်မနှစ်က မင်းရဲ့ကျောင်းအတွက် ပစ္စည်းတွေ ဝယ်ဖို့ **ဒိုင်ယာဂွန်အယ်လေ***ကို ဘယ်လိုသွားခဲ့လဲ" ဟု မစ္စတာဝီစလေက မေးလိုက်၏။

"မြေအောက်ကနေ သွားခဲ့တာပါ. . ."

"တကယ်. . . အဲဒီမှာ စက်လှေကားရှိလား"

မစ္စစ်ဝီစလေက မစ္စတာဝီစလေ၏ စကားကိုဖြတ်၍ ပြောလိုက်သည်။

"အခုဒါတွေမေးမနေနှင့်ဦး အာသာ. . . ဖလိုပေါင်ဒါနဲ့သွားရင်တော်တော် မြန်တယ် ကလေးလေး. . . ဒါပေမယ့် မင်းကဒါကိုတစ်ခါမှ မသုံးဘူးတာ"

"သူအဆင်ပြေမှာပါအမေရာ. . . ဟယ်ရီ ငါတို့လုပ်တာကို အရင်ကြည့်" ဟု ဖရက်က ဝင်ပြောလိုက်၏။

သူက အရောင်တလက်လက်ဖြစ်နေသော **ဖလိုပေါင်ဒါမှုန့်** လက်တစ်ဆုပ်ကို ပန်းအိုးထဲမှ နှိုက်ယူပြီး မီးပုံရှိရာသို့ လျှောက်သွားကာ ပေါင်ဒါမှုန့်များကို မီးတောက်မီးလျှံများကြားထဲသို့ ကြဲပက်ပစ်ထည့်လိုက်သည်။

ဝေါခနဲကျယ်လောင်သော အသံကြီးနှင့်အတူ မီးတောက်မီးလျှံများက

* ဒိုင်ယာဂွန်အယ်လေ-စုန်းလောကနှင့် လူ့လောကကို ဆက်သွယ်ပေးထားသည့်လမ်း



အစိမ်းရောင်သို့ ပြောင်းသွားပြီး ဖရက်၏အရပ်ထက်ပင် ကြွတက်မြင့်မားလာလေသည်။ ဖရက်က မီးပုံထဲသို့ လှမ်းဝင်သွားကာ 'ဒိုင်ယာဂွန်အယ်လေ'ဟုအော်ပြီး ပျောက်ကွယ်သွား၏။

"မင်းစကားပီပီသသဖြစ်အောင်တော့ ရွတ်ရလိမ့်မယ်ကလေးလေး"

ဂျော့က ပန်းအိုးထဲသို့ လက်နှိုက်လိုက်စဉ် မစ္စစ်ဝီစလေက ဟယ်ရီကို ပြောလိုက်သည်။

မီးလျှံများ၏ ဝေါခနဲမြည်ဟီးသံကြီးနှင့်အတူ ဂျော့လည်းမြင်ကွင်းမှ ပျောက်ကွယ်သွား၏။

"အင်း. . ."

"သူအဆင်ပြေသွားမှာပါ. . မော်လီရာ၊ သိပ်လည်းစိတ်ပူ မနေပါနဲ့"

မစ္စတာဝီစလေက သူ့ဖာသာသူ ဖလိုပေါင်ဒါများနှင့် အလုပ်ရှုပ်နေရင်းမှ လှမ်းပြောလိုက်သည်။

"ဒါပေမယ့် အချစ်ရယ်။ တကယ်လို့ သူပျောက်သွားရင် သူ့အဒေါ်နဲ့ ဦးလေးကို ကျွန်မတို့ ဘယ်လိုရှင်းပြမလဲ"

"သူတို့စိတ်ဆိုးကြမှာမဟုတ်ပါဘူး။ တကယ်လို့ ကျွန်တော်ဒီခေါင်းတိုင် ထဲမှာ ပျောက်ကွယ်သွားရင် ဒတ်ဒလေက ဒါဟာဘုတက်နေအောင်ရယ်ရတဲ့ ဟာသပျက်လုံးတစ်ခုလို့ပဲ သဘောထားမှာပါ"

ဟယ်ရီက မစ္စစ်ဝီစလေ စိတ်မပူအောင်ပြောလိုက်သည်။

"အင်း. . ကောင်းပြီလေ။ ပြီးမှ ရှင်သွား အာသာ။ ကဲအခု မင်းမီးပုံထဲ ဝင်သွားတဲ့အခါကျရင် မင်းသွားချင်တဲ့နေရာကိုရွတ်လိုက်" ဟု မစ္စစ်ဝီစလေက ပြောလိုက်၏။

"ပြီးရင် မင်းရဲ့တံတောင်ဆစ်တွေကို ကျုံ့ပြီးကွေးထား"

ရွန်က ဝင်ပြီးအကြံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မင်းမျက်စိတွေကို မှိတ်ထား. . . ကျပ်ခိုးတွေရှိလို့" ဟု မစ္စစ်ဝီစလေက ပြောလိုက်စဉ် ရွှန်က

"နောက်ပြီး စကားကိုပီပီသသဖြစ်အောင်ရွတ်ဖို့ မမေ့နဲ့နော်. . . နို့မို့ဆိုရင် မင်းတစ်ခြားမီးဖိုတွေဆီ မှားပြီးရောက်သွားလိမ့်မယ်"

"ကြောက်လန့်ပြီး မီးတောက်တွေကြားထဲကနေ အစောကြီးထွက်မသွားနဲ့၊ ဖရက်နှင့်ဂျော့ကို မြင်ရတဲ့အထိစောင့်ဦး"

ထိုစကားအားလုံးကို စိတ်ထဲမှာမှတ်သားဖို့ မနည်းကြိုးစားရင်း ဟယ်ရီသည် ဖလိုပေါင်ဒါမှုန့်လက်တစ်ဆုပ်ကို နှိုက်လိုက်ပြီး မီးပုံအစပ်နားဆီသို့ လျှောက်သွားလိုက်၏။ သူက အသက်ကိုခပ်ပြင်းပြင်းရှူသွင်းလိုက်ပြီး ပေါင်ဒါမှုန့်များကို မီးလျှံများကြားထဲသို့ ကြပက်လိုက်ကာ ရှေ့တိုးလိုက်သည်။ မီးတောက်မီးလျှံများအကြားတွင် နွေးနွေးလည်ခင်း၏ လေပြေလေညင်းလို နွေးထွေးနေသည်ကို ခံစားနေရ၏။ သူပါးစပ်ဟလိုက်စဉ် ချက်ချင်းဆိုသလိုပင် ပြာပူတော်တော်များများကို မျိုချလိုက်မိသည်။

"ဒ. . . ဒိုင်ယာ. . . ဂွန်. . . အယ်လေ"

သူအဆက်မပြတ် ချောင်းဆိုးနေရင်းမှ ကြိုးစားပမ်းစားအော်ဟစ်လိုက်သည်။

သူ့ကို ရေမတွင်းနက်ကြီးတစ်ခုထဲသို့ စုပ်ယူသွားသလိုမျိုး ဟယ်ရီခံစားလိုက်ရသည်။ သူ ဖိုးထိန်းစက်ပမာ ချာချာလည်သွားသည်ဟု ခံစားလိုက်ရသည်။ ဝေါခနဲ မြည်ဟီးသံကြီးကိုကြားလိုက်ရပြီး နောက်သူ့နားနှစ်ဘက်မှာ ကန်းသွားသလိုပင် ဘာကိုမျှမကြားရတော့. . ။ ဟယ်ရီသည် သူ့မျက်လုံးများကိုဖွင့်ထားရန် ကြိုးစားသော်လည်း လျင်မြန်စွာလှုပ်ရှားနေသော အစိမ်းရောင်မီးလျှံများကြောင့် နေမကောင်းချင်သလိုဖြစ်လာသည်။ မာကျောသော အရာဝတ္ထုတစ်ခုကို တံ



တောင်ဆစ်နှင့်တိုက်မိပြီး ထိုအရာဝတ္ထုအား တင်းကျပ်စွာဆုပ်ကိုင်ထားလိုက်၏။ ချာလပတ်လည်မြဲလည်နေရင်း ယခုအခါတွင် အေးစက်စက်လက်များက သူ့မျက်နှာကို တဖျတ်ဖျတ်ရိုက်နေသကဲ့သို့ ခံစားရသည်။ သူ၏မျက်မှန်နှစ်ဘက်ကြားမှ ဟယ်ရီစွေစောင်း၍ကြည့်လိုက်သောအခါ. . ။

တစ်ကိုယ်လုံး ကျပ်ခိုးအလိမ်းလိမ်းဖြင့် နာကျင်ကိုက်ခဲကာ မူးနောက်ရီဝေနေရင်းမှ ဟယ်ရီသည် သတိကြီးစွာဖြင့် ထရပ်လိုက်ပြီး ကျိုးသွားသောမျက်မှန်ကို မျက်လုံးများဆီသို့ ပြန်ပင့်တင်လိုက်၏။ သူတစ်ယောက်တည်း အဖော်ကင်းမဲ့စွာနှင့်ပင်။ သို့ရာတွင် မည်သည့်နေရာသို့ ရောက်နေမှန်း သူမသိချေ။ သူပြောနိုင်သမျှကတော့ ကျယ်ဝန်းပြီး မီးရောင်မှိန်ဖျော့ဖျော့ထွန်းညှိထားသည့် မှော်ဈေးဆိုင်တစ်ဆိုင်လို နေရာမျိုး၏ ကျောက်သားမီးလင်းဖိုထဲ၌ သူမတ်တပ်ရပ်လျက်သားရှိနေခြင်းပင်။ သို့ရာတွင် သည်နေရာရှိ မည်သည့်ပစ္စည်းကမှ ဟော့ဝပ်ကျောင်းမှ ပစ္စည်းစာရင်းထဲတွင် ပါရှိသည့် အရာများနှင့် နည်းနည်းလေးမှ မတူကြပါ။

အနီးရှိပန်းပုံးထဲတွင် ခြောက်သယောင်းနေသော လက်တစ်ဖက်ကို အခင်းပေါ်တင်၍ပြသထားပြီး သွေးစက်များစွန်းထင်းပေကျံနေသည့် ဖဲထုပ်တစ်ထုပ်နှင့် စူးစူးဝါးဝါးစိုက်ကြည့်နေသော ဖန်မျက်လုံးတစ်စုံကိုလည်း ထည့်သွင်းပြသထားသည်။ မကောင်းဆိုးဝါးပုံ မျက်နှာဖုံးများအား နံရံ၌တွဲလောင်းချိတ်ထားသည်ကို စိတ်မချမ်းမြေ့စဖွယ်မြင်နေရပြီး လူအရိုးအရွယ်အစားအမျိုးမျိုးကို ကောင်တာပေါ်၌ စီရီခင်းကျင်းထားကာ သံချေးတက်နေသည့် လက်နက်အချွန်အတက်မျိုးစုံကို မျက်နှာကျက်၌ ချိတ်ဆွဲထားသည်။ ပို၍ဆိုးသည်မှာ ဖုန်တက်ကာ ညစ်ပတ်နေသော ပြတင်းပေါက်မှ ဟယ်ရီလှမ်းမြင်နိုင်သော မည်းမှောင်ကျဉ်းမြောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလေးသည် ဗိုင်ယာဂွန်အယ်လေသို့ သူရောက်နေခြင်းမဟုတ်ကြောင်းကို အတိအကျဖော်ပြနေခြင်းပင်။

သည်နေရာက မြန်မြန်ထွက်သွားနိုင်လေကောင်းလေပဲဟု သူတွေးလိုက်၏။ မီးဖိုနှင့်ဆောင့်မိထားသော နှာခေါင်းကတော့ နာကျင်နေဆဲ။ ဟယ်ရီသည် သူ၏ထွက်ပေါက်ကို လျင်မြန်စွာ ရှာဖွေပြီး တံခါးဝနားသို့ဖြည်းညင်းစွာ တရွေ့ရွေ့ချဉ်းကပ်လာခဲ့သည်။ သို့ရာတွင် တံခါးဝသို့ သွားသောလမ်းတစ်ဝက်မျှပင် မသွားရသေးခင် တံခါး၏ အခြားတစ်ဘက်၌ လူနှစ်ယောက် ဘွားခနဲပေါ်လာလေ၏။ သူတို့နှစ်ယောက်အနက် တစ်ယောက်မှာတော့ ဟယ်ရီအနေနှင့် (သူလမ်းပျောက်နေပြီး ကျပ်ခိုးများပေကျံကာ မျက်မှန်အကျိုးတစ်လက်ကို တပ်ဆင်ထားရသောအချိန်မျိုးတွင်) လုံးဝမတွေ့ချင်ဆုံးသောသူဖြစ်သည့် ဒရက်ကိုမယ်ဖွိုင်းပင်ဖြစ်လေသည်။

ဟယ်ရီသည် ဘေးဘီဝဲယာကို ကျိုးကန်းတောင်းမှောက်ကြည့်လိုက်ပြီးနောက် သူ၏ ဘယ်ဖက်တွင် ကြီးမားသော အနက်ရောင်ဗီရိုကြီးတစ်လုံးကို တွေ့သွား၏။ သူဖျတ်ခနဲ ထိုဗီရိုထဲသို့ဝင်လိုက်ပြီး အပြင်ဖက်သို့ချောင်းကြည့်နိုင်ရန် တံခါးနှစ်ချပ်ကို အနည်းငယ်ဟထားလိုက်သည်။ စက္ကန့်အနည်းငယ်ကြာသောအခါ တံခါးဘက်မှ ကလင်ဟု တစ်ချက်မြည်သွားပြီး မယ်ဖွိုင်းမှာ ဆိုင်ထဲသို့လှမ်းဝင်လာလေ၏။

မယ်ဖွိုင်း၏နောက်မှ ဆိုင်ထဲသို့လိုက်ဝင်လာသူကတော့ သူ့အဖေဖြစ်ပုံရသည်။ သူလည်း ဖြူရော်ရော်မျက်နှာပေါ်တွင် အစက်အပြောက်များနှင့်ဖြစ်ပြီး မယ်ဖွိုင်းကဲ့သို့ပင် အေးစက်သောမီးခိုးရောင်မျက်လုံးများရှိသည်။

မစ္စတာမယ်ဖွိုင်းက ဆိုင်ထဲဝင်လာပြီး ခင်းကျင်းပြသထားသော ပစ္စည်းများကို ပျင်းရိငြီးငွေ့စွာကြည့်နေ၏။ ထို့နောက်



"ဘာမှ လျှောက်မကိုင်ကြည့်နဲ့ ဒရက်ကို" ဟု သူ့သားဖက်သို့လှည့်၍ မပြောနိုင်ခင် ကောင်တာပေါ်မှ ဘဲလ်သံတစ်ချက်ထွက်ပေါ်လာလေသည်။

ဖန်မျက်လုံးများအနားသို့ ရောက်နေသောမယ်ဖွိုင်းက

"ကျွန်တော့်ကို အဖေလက်ဆောင်တစ်ခုခု ဝယ်ပေးမယ်ထင်လို့ပါ"

"မင်းကိုငါ ပြိုင်ပွဲဝင်တံမြက်စည်းတဲ ဝယ်ပေးမယ်လို့ပြောပြီးပြီ"

သူ့ဖခင်က လက်ချောင်းများဖြင့် ကောင်တာကိုစည်းချက်ကျကျခေါက်ရင်း ပြန်ပြောလိုက်၏။

"တကယ်လို့ ကျွန်တော်အဆောင်ရဲ့ လက်ရွေးစင်အသင်းမှာ ပါဝင်ခွင့်မရရင် အဲဒါဝယ်ပေးလဲ ဘာအကျိုးထူးရမှာလဲ" ဟု မယ်ဖွိုင်းက ပြန်ပြောလိုက်သည်။ သူကြည့်ရသည်မှာ ဒေါသထွက်ကာ ရန်စွာနေပုံရသည်။

"မနှစ်က ဟယ်ရီပေါ်တာမှာ နင်းဘတ် ၂၀၀၀ ရှိတယ်။ သူဂရစ်ဖင်ဒေါမှာ ကစားနိုင်အောင် ဒမ်ဗယ်ဒိုးက အထူးခွင့်ပြုချက်ပေးတယ်။ အဲဒါသူတော်လွန်းလို့တော့ မဟုတ်ဘူး။ သူ့ရဲ့ ကျော်ကြားမှုကြောင့်ပဲ၊ ကျော်ကြားတာကလည်း သူ့နဖူးပေါ်မှာ ဟိုရူးကြောင်ကြောင် အမာရွတ်ရှိနေလို့ပဲ. . ."

မယ်ဖွိုင်းက စင်တစ်ခုလုံးအပြည့်ထားထားသည့် အရိုးခေါင်းခွံများကို နီးကပ်စွာကြည့်ရှုနိုင်ရန် ကိုယ်ကိုကိုင်းညွတ်လိုက်၏။

". . . သူ့ပုံစံက အရမ်းကြည့်ကောင်းတယ်လို့ လူတိုင်းက ထင်ကြတယ်။ သူ့အမာရွတ်နဲ့ တံမြက်စည်းတံနဲ့ဆိုရင် ရင်သပ်ရှုမောဖြစ်. . . ဖြစ်"

"မင်း ငါ့ကို ဒီအကြောင်းပြောနေတာ ဒါနဲ့ဆို အနည်းဆုံးတစ်ဒါဇင်မကရှိနေပြီ"

မစ္စတာမယ်ဖွိုင်းက သူ့သားကိုပြားပြားဝပ်ငြိမ်သက်သွားအောင် ကြည့်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါ သတိပေးထားမယ်. . သေသေချာချာ ကျိုးကြောင်းဆင်ခြင်ပြီး ဟယ်ရီပေါ်တာကို သဘောကျသလိုဖြစ်နေတဲ့ ပုံစံကိုပြင်ပါ။ အမှောင်လောက အရှင်သခင်ကို ပျောက်ကွယ်သွားအောင်လုပ်တဲ့ ဟယ်ရီပေါ်တာကို သူ့ရဲကောင်း တစ်ယောက်လို လေးစားနေတာမျိုး ငါတို့ရဲ့မျိုးရိုးထဲမှာ မရှိစေရဘူး. . . ဟာ မစ္စတာ ဘော်ဂင်ပါလား. . "

ခါးကုန်းကုန်းနှင့် လူတစ်ယောက်က ကောင်တာအနောက်မှ ထွက်လာ၏။ သူက ဆီများရွှဲနေသော ဆံပင်ကို မျက်နှာပေါ်မှအနောက်ဖက်သို့သပ်တင်လိုက်၏။

"မစ္စတာ မယ်ဖွိုင်း. . . ခင်ဗျားကိုပြန်တွေ့ရတာ အရမ်းဝမ်းသာတယ်ဗျာ၊ သခင်လေး မယ်ဖွိုင်းနဲ့ တွေ့ရတာလည်း ဝမ်းမြောက်စရာပါပဲ၊ ကြည့်စမ်း. . ချော လိုက်တာ. . . ကျွန်တော်ဘာများ ကူညီနိုင်မလဲ၊ ကျွန်တော်ခင်ဗျားကိုပြရဦးမယ်။ အရမ်းတန်တဲ့ ဈေးနှုန်းနဲ့ပေါ့၊ ဒီနေ့တစ်နေ့ပဲရမှာနော်"

မစ္စတာဘော်ဂင်၏ စကားသံများက သူ့ဦးခေါင်းထက်မှ ဆံပင်များလို ချော မွေ့ပျစ်ချွဲနေသည်။ မစ္စတာ မယ်ဖွိုင်းက -

"ကျွန်တော် ဒီနေ့မဝယ်သေးဘူး. . . မစ္စတာဘော်ဂင်၊ ဒါပေမယ့် ရောင်း စရာရှိတယ်"

"ရောင်းမလို့"

မစ္စတာဘော်ဂင်၏ မျက်နှာပေါ်မှ အပြုံးက အနည်းငယ်မှိန်ဖျော့သွား၏။

မစ္စတာ မယ်ဖွိုင်းက ပစ္စည်းစာရင်းများ ရေးသားထားသည့် ပုရပိုဒ်လိပ်ကို မစ္စတာ ဘော်ဂင်ရှေ့တွင် ဖြန့်ပြရင်း

"ခင်ဗျားလည်း ကြားမှာပေါ့. . . ဘော်ဂင်။ ခုတလော မှော်ဝန်ကြီးဌာနက သူတို့ မသက်ဘတဲ့အိမ်တွေကို ရှောင်တခင် ဝင်စစ်ဆေးပြီး တရားမဝင် အောက်



လမ်းပညာသုံးပစ္စည်းတွေကို ရှာဖွေနေတယ်ဆိုတာလေ။ ကျွန်တော့်အိမ်မှာလည်း အဲ. . . ဘယ်လိုခေါ်မလဲ. . . အဲဒီပစ္စည်းနည်းနည်းပါးပါးရှိနေတော့. . . တကယ် လို့များ ဝင်စစ်တဲ့အခါ မိသွားရင်. . . "

"ခင်ဗျားလို ပုဂ္ဂိုလ်မျိုးကို မှော်ဝန်ကြီးဌာနက လူတွေက ဒုက္ခပေးရဲမှာ မဟုတ်ပါဘူးဗျာ. . . "

မစ္စတာ မယ်ဖွိုင်းက နှုတ်ခမ်းတွန့်၍ ပြုံးလိုက်ရင်း. . .

"ကျုပ်ကို ခုချိန်ထိတော့ လက်ဖျားနဲ့တောင် မတို့ရဲကြဘူးပေါ့။ မယ်ဖွိုင်း ဆိုတဲ့ နာမည်အရှိန်အဝါက နည်းနည်းနောနောမှ မဟုတ်တာ။ သူတို့ ဖြုံကြတယ် လေ။ အဲ. . . ဒါပေမယ့် ခုနောက်ပိုင်း မှော်ဝန်ကြီးဌာနမှ ဟိုနေရာစွက်ဖက်ချင် ဒီနေရာစွက်ဖက်ချင်နဲ့ အလိုက်ကန်းဆိုးမသိတဲ့ ငတုံးတွေ ပိုပြီး ခြေရှုပ်လာတယ်။ လူသားကာကွယ်ရေးဥပဒေကိုတောင် ပြဋ္ဌာန်းတော့မလိုလို လေသံပစ်နေကြတယ်။ ဒါ. . . ဘယ်သူ့စနက်လဲဆိုတာ ကျုပ်အတပ်သိပါတယ်။ လူသာမန်တွေကို မေတ္တာပိုချင်တဲ့ ဟို ရှူးပေါပေါငနဲ့. . . 'အာသာဝီစလေ' ပေါ့။ ဟင်း. . . ခွေးလေး ခုန်လို့ ဖုန်မထပါဘူးကွာ"

ဟယ်ရီ၏ ဒေါသက လှိုင်းတံပိုးတွေလို ပူလောင်စွာ ရှိန်းကြွလာ၏။ မစ္စတာ မယ်ဖွိုင်းကတော့. . .

"ပြီးတော့. . . ခင်ဗျားသိတဲ့အတိုင်းပဲ။ ဟောဒီ စာရင်းထဲမှာပါတဲ့ တစ်ချို့ အဆိပ်တွေက လူသာမန်တွေကို အန္တရာယ်ဖြစ်စေ. . . "

မစ္စတာဘော်ဂင်က. . .

"ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ။ စာရင်းကို ကျွန်တော် ဖတ်ကြည့်ပါရစေ. . . "

"ကျွန်တော် ဒီဟာကိုရနိုင်မလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဒရက်ကိုက အခင်းပေါ်တင်ထားသော လက်ခြောက်ကြီးကို ညွှန်ပြရင်း စကားဖြတ်ပြောလိုက်၏။

"ဟာ. . . ကျက်သရေလက်ပါလား"

မစ္စတာဘော်ဂင်က မစ္စတာမယ်ဖွိုင်း၏ စာရင်းစာရွက်ကို ချထားလိုက်ပြီး ဒရက်ကိုထံသို့ ခပ်သုတ်သုတ်လမ်းလျှောက်သွား၏။

"လက်ထဲဖယောင်းတိုင်ထည့်ထွန်းရင် ထွက်လာတဲ့ အလင်းရောင်က လက်ကိုကိုင်ထားတဲ့သူပဲ မြင်ရတယ်။ သူခိုးတွေနှင့် လုယက်သူတွေအတွက် အကောင်းဆုံး အဖော်ပေါ့။ ခင်ဗျားသားက ပစ္စည်းကောင်းကြိုက်တတ်ပုံရတယ် ဆရာ"

"ကျွန်တော့်သားဟာ သူခိုးတို့ လုယက်သူတို့ထက်တော့ သာနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်မိပါတယ် မစ္စတာဘော်ဂင်" ဟု မစ္စတာမယ်ဖွိုင်းက အေးစက်စွာပြောလိုက်သောအခါ မစ္စတာဘော်ဂင်က ပျာပျာသလဲဖြင့်. . .

"စော်ကားတာမဟုတ်ပါဘူးဆရာ. . စော်ကားတဲ့သဘောလည်းမပါရဲပါဘူး"

"တကယ်လို့ သူ့ကျောင်းအမှတ်တွေ တက်မလာဘူးဆိုရင်တော့ အဲဒီလက်ဟာ သူ့နဲ့တကယ့်ကိုအံဝင်ခွင်ကျသင့်လျော်တဲ့ ပစ္စည်းဖြစ်လာလိမ့်မယ်"

မစ္စတာမယ်ဖွိုင်းက ပိုမိုအေးစက်သောလေသံဖြင့် ပြောလိုက်သည်။

"ဒါ ကျွန်တော့်အပြစ်မှမဟုတ်ဘဲ။ ဆရာ၊ ဆရာမတွေအားလုံးက ဟာမီယွန်းကိုပဲ မျက်စိကျနေတာကိုး. . ." ဟု ဒရက်ကိုက ခွန်းတုံ့ပြန်ကာ ပြောလိုက်၏။

"မော်မျိုးရိုးစစ်စစ်က မဟုတ်တဲ့ မိန်းကလေးတစ်ယောက်က မင်းကိုစာမေးပွဲတွေတိုင်းမှာ အနိုင်ယူသွားတာ မင်းရှက်တတ်လိမ့်မယ်လို့ ငါတော့ထင်တာပဲ" ဟု မစ္စတာမယ်ဖွိုင်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။



"ဟား. . ."

ဟယ်ရီသည် ဒရက်ကိုတစ်ယောက် အရှက်လည်းကွဲ၊ ဒေါသလည်းထွက်ဖြစ်နေသည်ကို သဘောကျစွာကြည့်ပြီး စိတ်ထဲမှကြိတ်ရေရွတ်လိုက်၏။

"ဒါကတော့ ဘယ်နေရာမဆို ဒီအတိုင်းပါပဲဗျာ၊ မော်မျိုးသန့်တွေ ချောင်ထိုးခံနေကြရတာတော့ နေရာတိုင်းပါပဲ" ဟု မစ္စတာဘော်ဂင်က ဖော်လံဖားပြီး ပြောလိုက်၏။ သို့သော်

"အဲဒီထဲမှာ ငါမပါဘူး"

မစ္စတာမယ်ဖွိုင်းက နှာခေါင်းပေါက်မှ မီးတောက်များထွက်လာတော့မလားဟု ထင်ရလောက်အောင် အသက်ကိုခပ်ပြင်းပြင်းရှူရင်း ရှူးရှူးရှားရှားနှင့် ပြောလိုက်၏။

မစ္စတာဘော်ဂင်က ကြမ်းပြင်နှင့် ထိလုမတတ်ကိုယ်ကို ကိုင်းညွှတ်ရင်း "ဟုတ်ပါတယ် ခင်ဗျာ၊ ဟုတ်ပါတယ်" ဟု ပြန်ပြောလိုက်၏။

"ဒီလိုဆိုလည်း ကျွန်တော့်ပစ္စည်းစာရင်းကို ကျွန်တော်တို့ ပြန်ကြည့်ကြရအောင်၊ ကျွန်တော့်မှာ အလျင်လိုနေတဲ့ ကိစ္စတစ်ခုရှိသေးတယ်ဘော်ဂင်၊ ဒီနေ့ ကျွန်တော့်အတွက် နေရာတိုင်းမှာ အရေးကြီးတဲ့ ကိစ္စတွေချည်းပဲ"

သူတို့စပြီးဈေးညှိနေကြ၏။ ဟယ်ရီကား ဒရက်ကိုတစ်ယောက် ရောင်းရန်ပြသထားသည့်ပစ္စည်းများကို စေ့စေ့စပ်စပ်လိုက်ကြည့်ရင်း သူပုန်းအောင်းနေသောနေရာနှင့် တစ်ဖြည်းဖြည်းနီးလာသည်ကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေမိသည်။ ဒရက်ကိုက အာဏာပါးကွက်သားများသုံးသည့် ကြိုးအရှည်အခွေလိုက်ကြီးကို ခေတ္တရပ်ပြီး သေချာစွာစစ်ဆေးကြည့်ရှုနေ၏။ သူက ခန့်ညားထည်ဝါသော ကျောက်မျက်ရွဲလည်ဆွဲပေါ်တွင် ထောက်ပြီးတင်ထားသည့်

"သတိ"

www.burmeseclassic.com

www.burmeseclassic.com



'မကိုင်ရ၊ ကျိန်စာတိုက်ထားသည်။ ယနေ့အထိ ပိုင်ရှင်မတ်ဝယ်ဆယ့်ကိုးဦး၏ ဇီဝိန်ကို ချွေခဲ့ပြီးပြီ' ဟုရေးထားသော သတိပေးစာတမ်းကို ဖတ်ကြည့်ပြီး အားရကျေနပ်စွာ ပြုံးလိုက်သည်။

ဒရက်ကိုသည် ထိုနေရာမှ လှည့်ထွက်လာစဉ် သူ့ရှေ့၌ ရှိနေသော ဘီရိုကြီးကို မြင်သွားလေသည်။ သူကရှေ့တိုးလာပြီး လက်ကိုင်ရှိရာသို့ သူ့လက်ကိုဆန့်တန်းလိုက်စဉ် . . .

"လုပ်ပြန်ပြီလား။ လာခဲ့စမ်း ဒရက်ကို" ဟု မစ္စတာမယ်ဖို့ဒ်င်းက ကောင်တာမှနေ၍ လှမ်းဝေါက်လိုက်သည်။

ဒရက်ကို လှည့်ထွက်သွားစဉ် ဟယ်ရီသည် သူ့နဖူးကို အကျီလက်စဖြင့် သုတ်လိုက်မိသည်။

"ကောင်းသောနေ့ပါ မစ္စတာဘော်ဂင်၊ ခင်ဗျားမနက်ဖြန် ပစ္စည်းတွေသယ်ဖို့ အိမ်ကိုလာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"

တံခါးပိတ်လျှင် ပိတ်သွားချင်း မစ္စတာဘော်ဂင်၏ ဖော်လဖားအမူအရာက ချက်ချင်းပျောက်ကွယ်သွား၏။

"ခင်ဗျားဖာသာပဲ ကောင်းသောနေ့လုပ်တော့ မစ္စတာမယ်ဖို့ဒ်င်းရေ၊ တကယ်လို့ ကြားရတဲ့သတင်းတွေသာမှန်မယ်ဆိုရင် ကျွန်တော့်ကို အခုရောင်းသွားတာဟာ ခင်ဗျားအိမ်မှာ ဝှက်ထားတဲ့ပစ္စည်းတစ်ဝက်လောက်တောင် မရှိသေးဘူး"

မျက်နှာကိုမဲ့ရွဲ့ကာ ပွစိပွစိလုပ်ရင်း မစ္စတာဘော်ဂင်တစ်ယောက် နောက်ဖက်အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ သူပြန်ထွက်လာမည်စိုး၍ ဟယ်ရီသည် တစ်မိနစ်ခန့်စောင့်နေလိုက်၏။ ထို့နောက် သူတတ်နိုင်သမျှ အမြန်ဆုံးဖြစ်အောင် ဘီရိုထဲမှ လှစ်ခနဲထွက်လိုက်ပြီး ဖန်ပုံးများကိုဖြတ်သန်းကာ ဆိုင်တံခါးပေါက်မှ အပြင်ဖက်သို့ ထွက်လာခဲ့သည်။



သူ့မျက်မှန်အကျိုးကို မျက်နှာပေါ်၌ အုပ်ကိုင်ထားရင်း ဘေးဘီဝဲယာကို လှည့်ပတ်အကဲခတ်လိုက်သည်။ အလင်းရောင်ကင်းမဲ့ကာ ညစ်ပတ်စုတ်ပြတ်နေသော အဆောက်အဦးများအကြားရှိ လမ်းကလေးထဲသို့ သူရောက်နေကြောင်း တွေ့မြင်လိုက်ရပြီး ထိုနေရာရှိ ဆိုင်အားလုံးနီးပါးမှာ အောက်လမ်းမိစ္ဆာပညာရပ်အတွက် ရည်ရွယ်၍ရောင်းချသော ဆိုင်များဖြစ်ပုံရသည်။ သူထွက်လာခဲ့သော ဘော်ဂင်နှင့် ဘာကီစ်ဆိုသည့် ဆိုင်မှာ အကြီးဆုံးဖြစ်ပုံပေါ်၏။ သို့ရာတွင် ဇှင်းနှင့်မျက်နှာချင်းဆိုင်၏ ညစ်ပတ်ပေရေနေသော ပြတင်းပေါက်၌ ရှုံ့တွနေသော ဦးခေါင်းများကို ပြသထားပြီး တံခါးနှစ်ချပ်မှာ နိမ့်ပြီးအောက်သို့တွဲကျနေသည်။ ဆိုင်၏ကြီးမားသော လှောင်အိမ်ထဲတွင်မူ ဧရာမပင့်ကူ အရှင်ကြီးများကို ထည့်ထား၏။ စုတ်စုတ်ပြတ်ပြတ်နှင့် ကလိန်ကကျစ်ပုံစံပေါက်သော စုန်းနှစ်ယောက်က ဆိုင်တံခါးဝ၏ အရိပ်ထဲမှနေ၍ ဟယ်ရီကိုစောင့်ကြည့်အကဲခတ်ရင်း တီးတိုးပြောနေကြသည်။

ဟယ်ရီမှာ ကျောချမ်းလာပြီး မျက်မှန်ကိုကိုင်ကာ ဆက်လျှောက်လာရင်း ထိုနေရာမှ ထွက်နိုင်မည့်လမ်းစကို ရှာဖွေတွေ့ရှိပါစေဟု ထပ်တလဲလဲဆုတောင်းနေမိတော့သည်။

အဆိပ်ပြင်းသော ဖယောင်းတိုင်များ ရောင်းသည့်ဆိုင်တစ်ဆိုင်တွင် ချိတ်ဆွဲထားသော လမ်းညွှန်ဆိုင်းဘုတ်က သူနော့တန်အယ်လေသို့ ရောက်နေကြောင်း ဖော်ပြလျက်ရှိသည်။ သူဘယ်နေရာရောက်နေသည်ကို သိလိုက်ရသော်လည်း သိပ် အကြောင်းမထူးလှပါ။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာအကြောင်းကို ဟယ်ရီ တစ်ခါမှ ကြားဖူးခြင်းမရှိသောကြောင့်ဖြစ်သည်။

ဝီစလေမိသားစု၏ မီးပိုထဲ၌ ပြာများက သူ့ပါးစပ်ထဲသို့ အပြည့်အသိပ်ဝင်သွားသဖြင့် သူသွားမည့်နေရာကို ပီပီသသမပြောလိုက်နိုင်သော . . . ကြောင့်သို့

www.burmeseclassic.com



နေရာမှားပြီးရောက်လာရခြင်းဖြစ်ကြောင်း ဟယ်ရီတွေးလိုက်မိသည်။ ဟယ်ရီသည် စိတ်တည်ငြိမ်မှုရအောင် ကြိုးစားရင်း သူဘာဆက်လုပ်ရမည်ကို တွေးဆနေ၏။

"မင်းလမ်းပျောက်နေတာမဟုတ်လား ကောင်လေး"

ဖိုမင်းနေသော စုန်းမကြီးတစ်ယောက်က သူ့ရှေ့၌ရပ်နေပြီး စိတ်ချောက်ချားဖွယ်ကောင်းသော လက်သည်းခွံများထည့်ထားသည့် လင်ဗန်းကို ကိုင်ထား၏။ သူမက ဟယ်ရီကို မျက်စောင်းထိုးကြည့်ပြီး သွားချေး အထပ်ထပ်နှင့် သွားများပေါ် အောင်ပါးစပ်ကို ဖြည်းဖြည်းချင်း ဖြဲပြလိုက်သည်။ ဟယ်ရီသည် နောက်သို့ ဆုတ်လိုက်မိသည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး. . ကျေးဇူးတင်ပါတယ်။ ကျွန်တော်. . ." ဟု သူပြောလိုက်စဉ်. . .

"ဟယ်ရီ. . မင်းကိုယ်မင်း ဘယ်လိုများထင်နေလို့ ဒီနေရာကိုလာရတာလဲ ဟင်"

ဟယ်ရီ့နှလုံးသားမှာ ဒိတ်ကနဲဖြစ်သွားသည်။ စုန်းမကြီးမှာလည်း လန့်သွား၏။ လက်သည်းခွံများက သူမ၏ခြေထောက်များဆီသို့ အစုလိုက်အပြုံလိုက်ကြီး ဆေါကနဲပြုတ်ကျကုန်သည်။

"ဟက်ဂရစ်. . . ကျွန်တော်လမ်းပျောက်နေလို့. . . ဟိုဖလိုပေါင်ဒါ"

ဟယ်ရီက စိတ်သက်သာရာရစွာဖြင့် ပြောလိုက်၏။

ဟက်ဂရစ်က ဟယ်ရီကို လည်ကုတ်မှ ဖမ်းကိုင်ပြီး စုန်းမကြီး၏ဝေးရာသို့ ဆွဲခေါ်သွားရင်း သူမ၏လက်ထဲမှ လင်ဗန်းကို တိုက်ချသွားသည်။ စုန်းမကြီး၏ ဒေါသတကြီး အော်ဟစ်ကျိန်ဆဲလိုက်သော အောက်ကလီအာအသံက မြွေလိမ်မြွေကောက်လမ်းကြားလေးတစ်လျှောက်မှ နေရောင်ခြည်ဖြာလင်းနေသည့် နေရာထိ သူတို့နောက်သို့လိုက်ပါလာ၏။ ဟယ်ရီမြင်ဖူးနေကျ နှင်းဆီဖြူရောင်



ကျောက်သားအဆောက်အဦးကြီးကို ခပ်လှမ်းလှမ်း၌ လှမ်းမြင်နေရ၏။ ယင်းမှာ ဂရင်းဂေါ့ဘဏ်တိုက်ဖြစ်သည်။ ဟက်ဂရစ်က သူ့ကိုဒိုင်ယာဂွန်အယ်လေထဲသို့ တည့်တည့်မတ်မတ် ရောက်အောင်ထိန်းပြီးခေါ်သွားသည်။

"မင်းက ငရှုပ်ပဲ"

ဟက်ဂရစ်က ခက်ထန်စွာပြောရင်း ဟယ်ရီ၏ကိုယ်ပေါ်မှ ကျပ်ခိုးများကို ခပ်ကြမ်းကြမ်း ပွတ်သပ်ဖယ်ရှားပေးလိုက်ရာ သူသည်ဟယ်ရီ့အား ဆေးဆရာ၏ တိမ်ရှေ့မှ နဂါးချေးများထည့်ထားသည့် စည်ပိုင်းထဲသို့ တွန်းချမိမလိုဖြစ်သွားသည်။

"နော့တန်အယ်လေမှာ လမ်းသလားနေတယ်။ ငါတော့ စဉ်းစားလို့မရဘူး၊ ဒီလောက်ညစ်ပတ်စုတ်ပဲ့တဲ့ အောက်လမ်းဗုစရိုက်နယ်မြေမှာများ ဟယ်ရီရာ၊ မင်းကိုဘယ်သူကမှ အဲဒီနေရာမှာ တွေ့ချင်ကြမှာမဟုတ်ဘူး"

"ကျွန်တော်သဘောပေါက်ပါတယ်။ ကျွန်တော်ပြောပြီးပြီပဲ၊ ကျွန်တော်မျက်စိလည်လမ်းမှားပြီး ရောက်သွားတာပါလို့၊ ဒါနဲ့ ခင်ဗျားကရော အဲဒီမှာဘာသွားလုပ်တာလဲ"

ဟယ်ရီသည် ဟက်ဂရစ်ကသူ့ကိုနောက်တစ်ကြိမ် ထပ်မံပွတ်တိုက်ပေးရန် လုပ်နေစဉ် ခေါင်းငုံ့ပြီး ရှုန်းထွက်ရင်းပြောလိုက်၏။

"ငါ အသားစားပက်ကျိကို နှိမ်နင်းတဲ့ဆေးသွားရှာတာ၊ သူတို့က ကျောင်းမှာ ဂေါ်ဖီထုပ်တွေကို ဖျက်ဆီးပစ်ကြတယ်"

"ကျွန်တော် ဝီစလေမိသားစုနဲ့အတူတူနေတယ်။ ဒါပေမယ့် အခုကျွန်တော် သူတို့နဲ့လူစုကွဲသွားတယ်ဗျ။ ကျွန်တော်သူတို့ကို ပြန်လိုက်ရှာရဦးမယ်. . ."ဟု ဟယ်ရီက ရှင်းပြလိုက်၏။

သူတို့နှစ်ယောက် လမ်း၏ အောက်ဖက်ပိုင်းသို့ အတူလျှောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မင်းငါ့ဆီကို စာပြန်ရေးဖော်မရတာလဲ"

ဟယ်ရီက သူ့ဘေးမှ မပြေးရုံတမယ် ခြေလှမ်းများဖြင့် လိုက်နေရစဉ် ဟက်ဂရစ်က မေးလိုက်၏။ (ဟယ်ရီသည် ခြေလှမ်းကျဲကျဲလှမ်းသွားသော ဟက်ဂရစ်၏ ရောမဘွတ်ဖိနပ်ကြီးနှစ်ဖက်ကို မှီအောင်လိုက်နိုင်ရန် ဟက်ဂရစ် ခြေတစ်လှမ်းလျှင် သူ့ခြေလှမ်းသုံးလှမ်း လှမ်းလိုက်ရလေသည်)။ ဟယ်ရီက ဒါစလေ မိသားစုအကြောင်း၊ အိမ်ဖော်မှင်စာကလေး ဒေါ်ဘီအကြောင်းတို့ကို ရှင်းပြလိုက်သည်။ ဟက်ဂရစ်က. . .

"မင်းဦးလေးနဲ့ အဒေါ်က တော်တော်ဆိုးတာပဲကွာ။ ငါသာသိလိုက်ရင်. ."

"ဟယ်ရီ၊ ဟယ်ရီ၊ ငါ ဒီမှာဟေ့"

ဟယ်ရီမော့ကြည့်လိုက်သည့်အခါ ဂရင်းဂေါ့မှ လှေကားထစ်ဖြူဖြူများ၏ ထိပ်တွင် ရပ်နေသော ဟာမီယွန်ဂရန်ဂါကို တွေ့လိုက်ရလေသည်။ သူမက သူတို့နှစ်ယောက်နှင့်တွေ့ရန် လှေကားထစ်များမှ ပြေးဆင်းလာ၏။ ထူထဲသောအညိုရောင်ဆံနွယ်များက သူမ၏နောက်ကျောမှ တဖျတ်ဖျတ်လွင့်ဝဲလျှက်. . .

"နင့်မျက်မှန်က ဘယ်လိုဖြစ်သွားတာလဲ။ ဟဲလို ဟက်ဂရစ်။ ရှင်တို့နှစ်ယောက်လုံးနဲ့ ပြန်တွေ့ရတာ ပျော်စရာကြီး. . .။ နင်ဂရင်းဂေါ့ကိုလာတာလား. . ဟယ်ရီ"

"အေး. . . ဝီစလေမိသားစုနဲ့ ငါအမြန်ဆုံးပြန်တွေ့မယ်ဆိုရင်ပေါ့ဟာ" ဟု ဟယ်ရီက ပြန်ဖြေလိုက်သည်။

"မင်း သိပ်ကြာကြာမစောင့်ရတော့ပါဘူးကွာ" ဟု ဟက်ဂရစ်က ပြုံးဖြဲဖြဲနှင့် ပြောလိုက်၏။

ဟယ်ရီနှင့် ဟာမီယွန်တို့ ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်မိကြသည်။ လူများဖြင့် စည်ကားပြည့်ကျပ်နေသည့် လမ်းထဲမှတိုးဝှေ့ကာ အပြေးကလေးလာ



နေကြသူများကတော့ ရွန်၊ ဖရက်၊ ဂျော့၊ ပါစီနှင့် မစ္စတာဝီစလေတို့ပင်ဖြစ်လေသည်။

"ဟယ်ရီ"

မစ္စတာဝီစလေက မောကြီးပန်းကြီးနှင့် ခေါ်လိုက်၏။

"မင်းတော်တော်ဝေးတဲ့ မီးဖိုတစ်ခုဆီ ရောက်သွားတာပဲဖြစ်မယ်လို့ ငါတို့အားလုံးထင်မိကြတယ်"

သူက ပြောင်နေသည့် ခေါင်းထက်မှဖရိုဖရဲဖြစ်နေသာ ဆံပင်ကျိုးတိုးကျဲတဲကလေးကို သပ်တင်လိုက်ပြီး. . .

"ငါ့မိန်းမ မော်လီလည်း အတော့်ကို စိတ်လှုပ်ရှားနေတယ်. . . သူအခုရောက်လာလိမ့်မယ်"

"မင်းဘယ်ကနေ ထွက်လာတာလဲကွ" ဟု ရွန်ကမေးလိုက်၏။

"နှောက်တန်အယ်လေလို့ခေါ်တဲ့ အောက်လမ်းကဝေရပ်ကွက်က. . ." ဟု ဟက်ဂရစ်က ဝေါက်ဆတ်ဆတ်လေသံဖြင့် ပြောလိုက်သည်။

"အဲဒါ. . . အခွင့်ကောင်းပေါ့ကွာ" ဟု ဖရက်နှင့် ဂျော့တို့က ပြိုင်တူပြောလိုက်ကြ၏။

"ငါတို့ကို အဲဒီကိုသွားဖို့ ဘယ်တော့မှခွင့်မပြုခဲ့ဘူး" ဟု ရွန်ကလည်း အားကျစွာ ပြောလိုက်သည်။

ယခုအခါ မစ္စစ်ဝီစလေသည် လက်ဆွဲအိတ်ကြီးကို လက်တစ်ဖက်က ဖြလရမ်းကိုင်ကာ တစ်ဖက်က ဂျင်းနီကိုကျစ်ကျစ်ပါအောင် ဆွဲကိုင်လာရင်း မြင်ကွင်းထဲသို့ ကဆုန်ပေါက်ပြေးလာ၏။

"အို. . . ဟယ်ရီ. . . ကလေးလေးရယ်. . . ဘယ်တွေများ ရောက်နေသလဲလို့ ရှာလိုက်ရတာ"

www.burmeseclassic.com

www.burmeseclassic.com



သူမက မောပန်းတကြီးဖြင့် ပင့်သက်ရှူရင်း လက်ကိုင်အိတ်ထဲမှ အဝတ်စများကို ဆွဲထုတ်ပြီး ဟယ်ရီ့ကိုယ်ပေါ်မှ ကျပ်ခိုးများကို သုတ်သင်ပေးလိုက်၏။ မစ္စတာဝီစလေကတော့ ကျိုးနေသော ဟယ်ရီ၏ မျက်မှန်အကျိုးကိုယူပြီး သူ၏ ဆေးတောင်ဖျားနှင့်ခေါက်ကာ အကောင်းပကတိ ပြန်ဖြစ်အောင် လုပ်ပေးလိုက်၏။

"ကဲ သွားဦးမှပဲ. . . ဟော့ဝပ်မှာ ပြန်တွေ့ကြတာပေါ့"

မစ္စစ်ဝီစလေ၏ (နော့တန်အယ်လေကို ရောက်သွားတာ. . ဟုတ်လား။ ဘုရား. . ဘုရား။ ရှင်သာ ဟယ်ရီနဲ့ မတွေ့ခဲ့ရင်ဖြင့် ဟက်ဂရစ်ရယ်) ဟူသည့် သဘောဖြင့် သူ့လက်ကို အားပါးတရ ဖျစ်ညှစ်ဆုပ်ကိုင်ထားခြင်းခံရသော ဟက်ဂရစ်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် သူသည် ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွါသွား၏။ သူ့ဦးခေါင်းနှင့် ပုခုံးနှစ်ဖက်မှာ လူများ ပြွတ်သိပ်ပြည့်ကျပ်နေသော လမ်းကလေးထဲတွင် အခြားသူများအားလုံးထက် ပေါ်လွင်မြင့်မားနေလေသည်။

"ငါ ဘော်ဂင်နှင့် ဘာကီစ် ဆိုတဲ့ အောက်လမ်းမှိစ္ဆာပစ္စည်းဆိုင်မှာ ဘယ်သူနဲ့တွေ့ခဲ့တယ်ထင်လဲ"

ဟယ်ရီက ဂရင်းဂေါ့ဘဏ်လှေကားထစ်များပေါ်တက်လာစဉ် ရွန်နှင့် ဟာမီယွန်တို့ကို မေးလိုက်ပြီးမှ

"မယ်ဖွိုင်းနဲ့ သူ့အဖေကိုတွေ့ခဲ့တယ်ကွ" ဟု ထပ်ပြောလိုက်သည်။

"လူစီးယပ်မယ်ဖွိုင်းက တစ်ခုခုများဝယ်သွားသေးလားကွ" ဟု သူတို့၏ နောက်မှ မစ္စတာဝီစလေက စူးရှသောအသံဖြင့် အော်မေးလိုက်၏။

"မဝယ်ဘူး. . . သူကရောင်းတာ"

"ဒါဆို သူ ဝှက်ထားတဲ့ ပစ္စည်းတွေအတွက် စိုးရိမ်ပူပန်နေပြီပေါ့"

မစ္စတာဝီစလေက ကျေနပ်အားရစွာ ရေရွတ်လိုက်သည်။



"ဟား. . . လူစီးယပ်မယ်ဖွိုင်း ဒုက္ခရောက်အောင် တစ်ခုခုလုပ်လိုက်ရတာမျိုးကို ငါကသိပ်ကြိုက်တာ. . ."

"ရှင် သတိလည်းထားဦးနော် အာသာ"

မှင်စာတစ်ကောင်က ဦးညွှတ်ကြိုဆိုကာ ဖွင့်ပေးလိုက်သော တံခါးပေါက်မှ ဂရင်းဂေါ့ဘဏ်ထဲသို့ သူတို့ဝင်လာကြစဉ် မစ္စစ်ဝီစလေက ခပ်ပြတ်ပြတ်ပြောလိုက်၏။

"ဒါ မိသားစုပြဿနာတွေပါ. . . ကိုယ်ဝါးနိုင်တဲ့အတိုင်းအတာထက် ပိုပြီးတော့ မစားချင်စမ်းပါနဲ့"

"ဒါဖြင့် ငါဟာလူစီးယပ်မယ်ဖွိုင်းရဲ့ လက်ရည်တူပြိုင်ဘက်တစ်ယောက်လို့ မင်းမထင်ဘူးပေါ့" ဟု မစ္စတာဝီစလေက ခံပြင်းဒေါသထွက်စွာ ပြောလိုက်သည်။ သို့ရာတွင် ကျောက်သားခန်းမဆောင်ကြီးထဲရှိ စီရီသွယ်တန်းနေသော ကောင်တာတစ်ခုရှေ့တွင် (ဟာမီယွန်က သူတို့နှင့် မိတ်ဆက်ပေးမည်ကို) စိတ်လှုပ်ရှားစွာရပ်စောင့်နေသော ဟာမီယွန့်မိဘနှစ်ပါး၏ ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မစ္စတာဝီစလေ အာရုံပြောင်းသွားလေသည်။

"ခင်ဗျားတို့က မတ်ဂယ် (သာမန်လူ) တွေကိုး. . ." ဟု မစ္စတာဝီစလေက ဝမ်းသာအားရပြောလိုက်၏။

"ကျွန်တော်တို့ တစ်ခုခုသွားသောက်ကြရအောင်၊ ခင်ဗျားတို့ဒီကို ဘယ်လိုလာကြတာလဲ၊ ဟာ. . . ခင်ဗျားတို့က မတ်ဂယ်ငွေကို လဲလာကြတာပဲ၊ မော်လီကြည့်ပါဦး"

သူက မစ္စတာဂရင်ဂါ၏ လက်ထဲမှဆယ်ပေါင်တန် ငွေစက္ကူများကို စိတ်လှုပ်ရှားစွာညွှန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲပြန်ဆုံကြမယ်"

ဂရင်းဂေါ့မှ မှင်စာတစ်ယောက်က သူတို့၏ လုံခြုံရေး အထူးအာမခံ မြေအောက်ငွေတိုက်ခန်းများဆီသို့ ဝီစလေမိသားစုနှင့် ဟယ်ရီကို ဦးဆောင်ခေါ်သွားစဉ် ရွန်က ဟာမီယွန်းကိုပြောလိုက်ခြင်းဖြစ်သည်။

ထိုငွေတိုက်ခန်းများဆီသို့ ကုန်တင်ရထားတွဲကြီးများနှင့် ပုံစံတူသေးငယ်စွာပြုလုပ်ထားသော မှင်စာတစ်ကောင် မောင်းနှင်သည့် လှည်းကလေးများဖြင့် ဘဏ်၏ မြေအောက်ဥမင်လှိုဏ်ခေါင်းများတစ်လျှောက် အရှိန်အဟုန်ဖြင့် စီးနင်းဖြတ်သန်းကာသွားကြရခြင်းဖြစ်သည်။ ဟယ်ရီသည် ဝီစလေမိသားစုငွေတိုက်သို့ သွားသည့် ဇက်ကျိုးလုမတတ် ကြမ်းတမ်းသည့်ခရီးကို သွားရခြင်းအတွက် ပျော်ရွှင်နေသော်လည်း နော့တန်အယ်လေသို့ သူရောက်သွားစဉ်ကထက်ပင် ပို၍ကြောက်လန့်နေမိသည်။

ဝီစလေမိသားစု၏ ငွေတိုက်ခန်းပွင့်သွားသောအခါ အတွင်း၌ ငွေဆစ်ကယ်ပြားအပုံ သေးသေးလေးသာရှိပြီး ရွှေဂယ်လီယွန်တစ်ပြားသာရှိ၏။

အပြင်ဘက် ကျောက်သားလှေကားထစ်များဆီသို့ ရောက်သောအခါ သူတို့အားလုံးတကွဲတပြားစီ ဖြစ်ကုန်ကြသည်။ ပါစီက ငှက်တောင်အသစ်တစ်ချောင်းလိုချင်သည်ဟု မသဲမကွဲရေရွတ်နေပြီး ဖရက်နှင့်ဂျော့က ဟော့ဝပ်မှ သူတို့၏ သူငယ်ချင်း လီဂျော်ဒန်နှင့် သွားတွေ့သည်။ မစ္စစ်ဝီစလေနှင့် ဂျင်းနီတို့ကမူ ဝတ်ရုံအဟောင်းရောင်းသည့်ဆိုင်သို့ သွားရန်ဟန်ပြင်နေသည်။ မစ္စတာဝီစလေကတော့ ဂရင်ဂါမောင်နှံကို လီကီကော်ဒရွန်သို့ခေါ်သွားပြီး အဖျော်ယမကာသောက်ရန် တိုက်တွန်းနေလေသည်။

"မင်းတို့ရဲ့ ကျောင်းစာအုပ်တွေဝယ်ဖို့ 'ဖလောရစ်နဲ့ ဘလော့' ဆိုတဲ့ စာအုပ်ဆိုင်မှာ နောက်တစ်နာရီကြာမှ ပြန်ဆုံကြမယ်"



မစ္စစ်ဝီစလေက ဂျင်းနီနှင့်အတူထွက်သွားရင်း ပြောလိုက်၏။

ထို့နောက်

"ပြီးတော့ နော့တန်အယ်လေထဲကို ယောင်လို့တောင် ခြေမချမိစေနဲ့နော်" ဟု အမ္ဗာညီနောင်ရှိရာနောက်သို့ ပြန်လှည့်ပြီးအော်ပြောလိုက်ကာ ထွက်သွားလေသည်။

ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် လေထန်နေသော ချောမွတ်နေသည့် ကျောက်ခင်းလမ်းကလေးအတိုင်း ဖြေးဖြေးလူလူ လျှောက်လာခဲ့ကြသည်။ ရွှေငွေနှင့်ကြေးဒင်္ဂါးများထည့်ထားသည့် အိတ်ထဲမှ တချွင်ချွင်မြည်နေသံများက သူတို့ကို သုံးပါဖြုန်းပါဟု ဆူညံစွာအော်ဟစ်တောင်းဆိုနေသကဲ့သို့ပင်။ သို့နှင့် ဟယ်ရီသည် မြေပဲနှင့် ထောပတ်ထည့်ထားသည့် စတော်ဘယ်ရီ ရေခဲမုန့်ကြီးသုံးခုကို ဝယ်လိုက်၏။ သူတို့သုံးယောက်သား ပျော်ရွှင်စွာ ရေခဲမုန့်စားရင်း လမ်းကလေးတစ်လျှောက် လှည့်လည်သွားလာကာ ဆွဲဆောင်မှုရှိသော ဈေးဆိုင်များ၏ ပြတင်းပေါက်မှ ပစ္စည်းများကို သေသေချာချာလိုက်လံကြည့်ရှုကြလေသည်။

'ကွာလတီကွစ်ဒစ် အားကစားပစ္စည်းများ'ဟူသည့် ဆိုင်၏ပြတင်းပေါက်မှ ချပ်ဒလေကင်နွန်အသင်း၏ ဝတ်ရုံအပြည့်အစုံအား ရွန်သည် (ဟာမီယွန်က မင်အိုးနှင့် ပုရပိုက်များဝယ်ယူရန် အခြားဆိုင်တံခါးတစ်ခုဆီသို့ သူတို့နှစ်ယောက်ကို ဆွဲခေါ်မသွားမချင်း) လိုချင်မက်မောစွာ ငေးကြည့်နေလေ၏။

'ဂမ်ဘောလ်နှင့်ဂျိပ်စ်'မှော် အထူးအဆန်းပစ္စည်းများ ရောင်းချသည့်ဆိုင်၌ မီးရှူးမီးပန်းနှင့် ဗျောက်အိုးများဝယ်နေသော ဖရက်၊ ဂျော့၊ လီဂျော်ဒန်တို့နှင့် သူတို့ဆုံမိကြသည်။ ဆေးတောင်ဝေ့အကျိုးများ၊ ခနော်နီခနော်နဲ့ဖြစ်နေသည့် ကြေးချိန်ခွင်များနှင့် ဆေးစက်များစွန်းပေနေသည့် ဝတ်ရုံများဖြင့် ပြည့်နှက်နေသော အဟောင်းဆိုင်သေးသေးလေးတစ်ခုအတွင်း၌ကား သေးငယ်ထုထဲပြီး ပျင်း

www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသော 'ဖွမ်းအားရရှိသော အကြီးအကဲများ' ဆိုသည့် စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ သဲကြီးမဲကြီးဖတ်နေသော ပါစီကိုတွေ့လိုက်ရသည်။

"ဟော့ဝပ်အကြီးအကဲများ၏ လေ့လာသင်ယူမှုနှင့် ကျောင်းပြီးသွားလျှင် အသက်မွေးဝမ်းကြောင်းပြုပုံ ဆိုပါလား. . ."

ရွန်က စာအုပ်၏နောက်ကျောဖုံးမှ စာတန်းကို အော်ဖတ်လိုက်၏။

"ကြည့်ရတာ စိတ်ဝင်စားစရာကောင်းမယ့်ပုံပဲ. . ."

"ထွက်သွားကြစမ်းကွာ. . ." ဟု ပါစီက စိတ်ဆိုးမာန်ဆိုးနှင့် အော်ငေါက်လိုက်၏။

"ပါစီကအရမ်းရည်မှန်းချက်ကြီးတာ။ သူ့ရှေ့ရေးအတွက် သေချာအကွက်ချပြင်ဆင်ထားပြီးသား။ သူက မှော်ဝန်ကြီးဌာနရဲ့ ဝန်ကြီးတောင်ဖြစ်ချင်နေသလား မသိဘူး. . ." ဟု သူတို့ ပါစီ၏အနားမှ ထွက်လာကြစဉ် ရွန်က လေသံနှိမ့်ပြီး ပြောလိုက်သည်။

တစ်နာရီခန့်ကြာသော် သူတို့ ဖလေားရစ်နှင့် ဘလော့စာအုပ်ဆိုင်သို့ ချီတက်သွားကြ၏။ သူတို့လူစုသာထိုဆိုင်သို့ သွားကြခြင်းတော့မဟုတ်ပေ။ ထိုဆိုင်ရှေ့သို့ရောက်သောအခါ ဆိုင်တွင်းသို့ဝင်ရန် တံခါးပေါက်၌ တိုးဝှေ့နေသော လူအုပ်ကြီးကို ကြည့်ပြီး သူတို့အံ့အားသင့်သွားကြသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ အပေါ်ဖက် ပြတင်းပေါက်များကို ဖြန့်ချိတ်ဆွဲပြီး လူသိရှင်ကြားကြေငြာထားသည့် ပိုတ်စရှည်ကြီးကြောင့်ဖြစ်သည်။ ထိုပိုတ်စပေါ်၌ -

"ဂေဒီရွိုင်လော့ဟတ် **(GIDEROY LOCKHART)**"

မှ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သော 'ကျွန်ုပ်၏မှော်ပညာ' စာအုပ်၌ လက်မှတ်ရေးထိုးပေးမည်ဖြစ်သည်။

ယနေ့ ၁၂း၃၀ မှ ၄း၃၀ အထိ



ဟု ရေးသားထား၏။

"ငါတို့သူ့ကို မျက်ဝါးထင်ထင် မြင်ခွင့်ရတော့မယ်။ အဲ ငါဆိုလိုတာက ကျောင်းပြဋ္ဌာန်းစာအုပ်စာရင်းတစ်ခုလုံးနီးပါး ရှိတဲ့စာအုပ်တွေကို ရေးတဲ့ ဂေဒီရွိုင်လော့ဟတ်ကို တစ်ခါမှ မမြင်ဖူးသေးဘူး၊ နာမည်ကိုပဲ ကြားဖူးသေးတယ်လို့ ပြောချင်တာပါ" ဟု ဟာမီယွန်က အသံစာစာဖြင့် ပြောလိုက်၏။

လူအုပ်ကြီး၏ အများစုမှာ မစ္စစ်ဝီစလေ၏ အသက်အရွယ်ခန့်ရှိသော စုန်းအမျိုးသမီးကြီးများသာဖြစ်ကြောင်းတွေ့ရပြီး စိုးရိမ်ပူပန်တတ်ကာ ဩဇာပေးချင်ဟန်ရှိသော စုန်းတစ်ယောက်က တံခါးဝတွင်ရပ်ကာ

"အမျိုးသမီးများ ကျေးဇူးပြုပြီး ငြိမ်ငြိမ်သက်သက်နေကြပါ. . . မတွန်းကြပါနဲ့. . . စာအုပ်တွေကို သတိထားပါ။ ကဲ. . ." ဟု အော်ပြောနေ၏။

ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ ဆိုင်ထဲသို့ တိုးဝင်သွားကြ၏။ ဂေဒီရွိုင်လော့ဟတ် လက်မှတ်ထိုးပေးမည့် ဆိုင်၏ညာဘက်ခြမ်းအနောက်ဖက်ကျကျနေရာတွင် ငှက်တောင်ရှည်ကြီးတစ်ချောင်း ထားထားသည်။ သူတို့သည် 'ငှက်ဆိုးထိုးသရဲမနှင့် လမ်းခွဲခြင်း' အမည်ရှိ စာအုပ်တစ်အုပ်စီကို ဆွဲယူလိုက်ကြပြီး ဝီစလေမိသားစုက ဂရင်ဂါမောင်နှံနှင့်အတူ မတ်တပ်ရပ်တန်းစီနေသည့် နေရာသို့ တိုးဝှေ့သွားကြ၏။

"ဩော်. . မင်းတို့ရောက်လာကြပြီကိုး. . ကောင်းတယ်" ဟု မစ္စစ်ဝီစလေက ပြောလိုက်သည်။ မစ္စစ်ဝီစလေမှာ အသက်ပင်ရှူသည့်ပုံမရဘဲ သူမ၏ဆံနွယ်များကို လက်ဖြင့်ပုတ်ခတ်နေလေသည်။

"နောက်တစ်မိနစ်လောက်ဆို ငါတို့သူ့ကိုမြင်တွေ့ရတော့မယ်. ."

ဂေဒီရွိုင်လော့ဟတ်က မြင်ကွင်းထဲသို့ ဖြည်းဖြည်းချင်းဝင်လာလေ၏။ လူအုပ်ကြီးဆီသို့ မျက်စိမှိတ်ကာ ဖွေးလက်နေသော သွားများပေါ်အောင် ပြုံးရယ်နေသည့် သူ့မျက်နှာကို ပုံတူဆွဲထားသော ပန်းချီကားများဝန်းရံထားသည့် စားပွဲ

www.burmeseclassic.com



ဒွိဝင်ထိုင်လိုက်သည်။ တကယ့်လော့ဟတ်အစစ်ကတော့ သူမျက်လုံးပြာပြာနှင့် လိုက်ဖက်သည့် ဖော့ဂတ်မိနော့အပြာရောင် ဝတ်စုံကြီးကို ဝတ်ဆင်ထားပြီး သူ၏ မော့်ဦးထုပ်ချွန်ကို လှိုင်းတွန့်ပုံဆံပင်၏ ကြွရွနေသော အဆောက်အအုံပေါ်တွင် ဆောင်းထားလေသည်။

လူပုစိတ်တိုပုံပေါက်သော လူတစ်ယောက်က လှည့်ပတ်ကရင်း မျက်စိကျိန်းသွားစေသော အလင်းရောင်နှင့် ခရမ်းရောင်မီးခိုးများထွက်လာသည့် အနက်ရောင်ကင်မရာကြီးဖြင့် ဓါတ်ပုံရိုက်နေ၏။

"ဖယ်. . . ဖယ်. . . အဲဒီကဖယ်၊ ဒါတမန်တော်နေ့စဉ် သတင်းစာအတွက်ကွ"

ထိုသူက ပိုမိုကောင်းမွန်စွာ ရိုက်နိုင်အောင် ကိုယ်ကိုနောက်သို့ ဆုတ်တာ ကင်မရာချိန်ရင်း ရွန့်ကိုဟိန်းဟောက်လိုက်သည်။

"ဩော်. . . ရောမအလုပ်ကြီးပဲ"

ရွန်က ဓါတ်ပုံဆရာတက်နင်းသွားသော သူ့ခြေထောက်ကိုပွတ်သပ်ရင်း ပြောလိုက်၏။

ဂေဒီရှိုင်လော့ဟတ်က သူ့စကားကိုကြားသွားပြီး မော့လိုက်သည်။ သူရွန်းကိုတွေ့သွားသည်။ ထို့နောက် ဟယ်ရီကိုပါတွေ့သွားသည်။ သူအကြောင်သား ငေးကြည့်နေပြီးနောက် ထခုန်ကာ ပျော်မြူးစွာအော်ဟစ်လိုက်သည်။

"ဒါ ဟယ်ရီပေါ်တာ မဖြစ်နိုင်ဘူးလား"

လူအုပ်ကြီးမှာ ဖရိုဖရဲဖြစ်သွားပြီး စိတ်လှုပ်ရှားစွာ တီးတိုးပြောသံများထွက်ပေါ်လာလေသည်။ ဂေဒီရှိုင်လော့ဟတ်က ရှေ့သို့ဒိုင်ဗင်ထိုးကာ ဟယ်ရီ့လက်မောင်းကို ဖမ်းဆုပ်လိုက်ပြီး သူ့ကိုလူအုပ်ကြီးရှေ့သို့ ဆွဲခေါ်သွား၏။ လူအုပ်ကြီး



. ဝေါခနဲ တစ်ခဲနက်သြဘာပေးကြလေသည်။ ခပ်လှမ်းလှမ်း၌ ကြောင်တောင်မတောင်နှင့် ဓါတ်ပုံလျှောက်ရိုက်နေသဖြင့် ဝီစလေမိသားစု၏ ခေါင်းပေါ်၌ မီးခိုးများ ထူထပ်စွာဖုံးလွှမ်းသွားစေသည့် ဓါတ်ပုံဆရာကို လော့ဟတ်ကလက်ဝှေ့ယမ်းပြီးခေါ်လိုက်စဉ် ဟယ်ရီမျက်နှာမှာ ရှက်ရွံ့မှုဖြင့် လောင်ကျွမ်းသွားလုမတတ် ပူထူနေ၏။

"အားရပါးရ ပြုံးပါကွ ဟယ်ရီ"

လော့ဟတ်က သူ၏တဖိတ်ဖိတ်လက်နေသာ သွားများပေါ်အောင် ပြုံးရင်း ပြောလိုက်သည်။

"အတူတူပါပဲကွာ. . . မင်းနဲ့ငါနဲ့ဟာ ရှေ့ဆုံးစာမျက်နှာနဲ့ ထိုက်တန်တဲ့သူတွေပါ"

နောက်ဆုံးတွင် လော့ဟတ်က ဟယ်ရီ၏လက်ကိုလွှတ်ပေးလိုက်သောအခါ ဟယ်ရီလက်ချောင်းကလေးများသည် ခံစားမှုကင်းမဲ့ကာ ထုံကျင်နေ၏။ ဟယ်ရီသည် လော့ဟတ်၏အနားမှ တိမ်းရှောင်ကာ ဝီစလေမိသားစုထံ ပြန်သွားရန် ကြိုးစားသော်လည်း လော့ဟတ်က ဟယ်ရီကို ကျောသပ်ရင်သပ်ဖြင့် သူ၏နံဘေး၌ရှိနေအောင် မြဲမြံစွာဖက်ထားလိုက်၏။

"ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျာ. . . " ဟု သူကအော်ပြောလိုက်ပြီး လူအုပ်ကြီးအား တိတ်ဆိတ်ငြိမ်သက်မှုပေးကြရန် လက်ဝှေ့ယမ်းပြလိုက်ရင်း စကားဆက်ပြောသည်။

"ဒီအချိန်ဟာ တကယ့်ကိုထူးကဲလှတဲ့ အချိန်ကလေးပါ. . . ကြေညာချက်လေးတစ်ခုလုပ်ဖို့ အချိန်အတန်ကြာထိုင်စောင့်နေရတဲ့ ကျွန်တော့်အတွက် ပြီးပြည့်စုံတဲ့အချိန်လေးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဟယ်ရီကလေး ဖလောရစ်နဲ့ ဘလော့ဆိုင်ထဲကို လျှောက်လှမ်းလာရတာဟာ ကျွန်တော့်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို ဝယ်ချင်တဲ့အတွက်ပဲဖြစ်ပါတယ်။ အခုအဲဒီစာအုပ်ကို အဖိုးအခမယူဘဲ သူ့ကိုလက်ဆောင်အဖြစ်ပေးလိုက်ရရင် ကျွန်တော် အတိုင်းမသိကျေနပ်ဝမ်းသာမိမှာပါ"

လူအုပ်ကြီးက သြဘာပေးကြပြန်သည်။

လော့ဟတ်က သူ့မျက်မှန် နှာခေါင်းထိပ်သို့ လျှောကျလာအောင် ဟယ်ရီ၏ကိုယ်ကိုလှုပ်ခါရင်း စကားဆက်၏။

"သူစဉ်းစားမိမှာမဟုတ်ဘူး. . . ကျွန်တော့်ရဲ့ 'ကျွန်ုပ်၏မှော်ပညာ'ဆိုတဲ့စာအုပ်ကိုသာမကဘဲ စာအုပ်တွေအများကြီး၊ အများကြီးရလိမ့်မယ်ဆုတာကိုပေါ့။ တကယ်ပါ သူနဲ့ကျောင်းနေဖက်သူ့သူငယ်ချင်းတွေအားလုံးရကြမှာပါ။ ဟုတ်ကဲ့ ဂုဏ်သရေရှိလူကြီးမင်းများကို ကျွန်တော်အင်မတန် ဝမ်းသာဂုဏ်ယူမိစွာနှင့် ကြေငြာစရာရှိပါတယ်။ ဒါကတော့ လာမယ့်စက်တင်ဘာလကျရင် ဟော့ဝပ်စုန်းကဝေအတတ်ပညာသင်ကျောင်းကြီးရဲ့ အောက်လမ်းမိစ္ဆာနှိမ်နှင်းရေးပညာရပ်ကို သင်ကြားမယ့် ဆရာအဖြစ်လက်ခံလိုက်တယ်ဆိုတာပါပဲ"

လူအုပ်ကြီးက ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခုပ်တီး၍ အားပေးကြပြီး ဂေဒီရှိုင်လော့ဟတ်က သူရေးသားထားသမျှ စာအုပ်အားလုံးကို လက်ဆောင်ပေးလိုက်ကြောင်း ဟယ်ရီသိလိုက်ရသည်။ စာအုပ်များ၏ အလေးချိန်ကြောင့် ဟယ်ရီသည် ဖြူဖွေးနေသော အလင်းရောင်အောက်မှ ရှောင်ဖယ်ကာ (နံဘေးတွင်ဒယ်အိုးအသစ်ကိုချထားပြီး မတ်တပ်ရပ်နေသော) ဂျင်းနီရှိရာအခန်းထောင့်သို့ ဒယိမ်းဒယိုင်ဖြင့်လျှောက်သွား၏။

ဟယ်ရီက သူလက်ဆောင်ရသောစာအုပ်များကို ဒယ်အိုးထဲသို့ ပစ်ထည့်ရင်း "အဲဒီစာအုပ်တွေကို မင်းပဲယူလိုက်တော့၊ ငါ့ဖာသာငါ သပ်သပ်ဝယ်. . ."



သူ့စကားမဆုံးခင်မှာပင်. . .

"စူပါစတားဖြစ်ရလို့ သိပ်ဝမ်းသာပြီး အောက်မေ့လွတ်နေတယ်မဟုတ်လား. . . ဟယ်ရီ"

ဟု ပြောလိုက်သောအသံက ဟယ်ရီ့အတွက် မမှတ်မိနိုင်စရာမရှိ။ ဟယ်ရီသည်ထုံးစံအတိုင်း လှောင်ပြုံးပြုံးလျက်ရှိသော မယ်ဖွိုင်းထံသို့ တည့်တည့်မတ်မတ်သွားပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"နာမည်ကျော် ဟယ်ရီပေါ်တာပဲ. . . သတင်းစာတွေရဲ့ ရှေ့မျက်နှာဖုံးသတင်းမှာမပါဘဲနဲ့ စာအုပ်ဆိုင်တစ်ဆိုင်ကိုတောင် မဝင်နိုင်ဘူး" ဟု မယ်ဖွိုင်းကရိသ့ဲသ့ဲပြောလိုက်၏။

"သူ့ကိုလွှတ်ထားလိုက်စမ်းပါ။ သူကအဲဒါတွေကို မနာလိုဖြစ်နေတာ" ဟု ဂျင်းနီက ပြောလိုက်သည်။ ဤသည်မှာ သူမအနေနှင့် ဟယ်ရီ၏ရှေ့တွင် ပထမဆုံးအကြိမ် စကားပြောခြင်းဖြစ်သည်။ သူမက မယ်ဖွိုင်းကို ဒေါသတကြီးစိုက်ကြည့်လိုက်သည်။

"ပေါ်တာ. . . မင်းက မိန်းကလေးသူငယ်ချင်း(ရည်းစား)တွေဘာတွေရနေပြီပဲ" ဟု မယ်ဖွိုင်းက လေးလေးတွဲ့တွဲ့နှင့် ပြောလိုက်၏။

ရွန်နှင့်ဟာမိယွန်တို့က သူတို့၏ကျောင်းစာအုပ်အစည်းလိုက်ကို ကိုယ်စီသယ်ပြီး လူအုပ်ထဲမှ တိုးဝှေ့လာနေကြစဉ် ဂျင်းနီ၏မျက်နှာမှာ ကြက်သွေးရောင်ပြောင်းသွားလေသည်။

"သြော်. . . မင်းကိုး. . . ဟယ်ရီ့ကို ဒီမှာတွေ့လိုက်ရတော့ မင်းတော်တော်အံ့သြသွားလိမ့်မယ်ဆိုတာ သေချာပေါက်ပြောရဲတယ်"

ရွန်က ဖိနပ်ပေါက်နေသဖြင့် စိတ်မသက်မသာခံစားနေရသည့် မျက်နှာထားမျိုးဖြင့် မယ်ဖွိုင်းကိုကြည့်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါဒီဆိုင်မှာတွေ့လိုက်ရသလောက်တော့ အံ့ဩစရာမကောင်းပါဘူး ဇီစလေ. . . ဒီစာအုပ်တွေဝယ်ဖို့ မင်းရဲ့မိဘတွေ တစ်လလောက်အငတ်ခံလိုက်ရလိမ့်မယ်ထင်တယ်" ဟု မယ်ဖွိုင်းကလည်း အညံ့မခံဘဲ ပြန်ပြော၏။

ရွန့်မျက်နှာမှာ ဂျင်းနီ၏မျက်နှာကဲ့သို့ပင် နီမြန်းသွားလေသည်။ သူလည်း စာအုပ်များကို ဒယ်အိုးထဲသို့ထည့်လိုက်ပြီး မယ်ဖွိုင်းအနားသို့ကပ်သွား၏။ သို့ရာတွင် ဟယ်ရီနှင့်ဟာမီယွန်တို့က သူ့ဂျာကင်အင်္ကျီအနောက်ဖက်ကို ဆွဲထားကြသည်။

"ရွန်"

မစ္စတာဝီစလေက ဖရက်၊ ဂျော့တို့နှင့်အတူ လူအုပ်ထဲမှ တိုးဝှေ့ပြီးနောက် လာရင်းလှမ်းပြောလိုက်၏။

"မင်းဘာလုပ်နေတာလဲ. . . ဒီမှာနေနေတာ ရှူးလို့ပဲ၊ လာအပြင်ထွက်ကြစို့"

"ကောင်းပါရဲ့. . . ကောင်းပါရဲ့ အာသာဝီစလေ"

ထိုသူမှာ မစ္စတာမယ်ဖွိုင်းပင်။ သူကဒရက်ကို၏ ပခုံးပေါ် လက်တင်ကာ ရယ်နေရင်း သရော်တော်တော်ပြုံးလျှက်ရှိသည်။

"လူစီးယပ်ကိုး. . ."

မစ္စတာဝီစလေက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အေးစက်စွာပြောလိုက်သည်။

"ရှောင်တခင်ကိစ္စတွေနဲ့ ဝန်ကြီးဌာနမှာ တော်တော်အလုပ်များနေတယ်လို့ကြားတယ်။ သူတို့ကမင်းကို အချိန်ပိုလုပ်ခပေးပါစေလို့ ငါမျှော်လင့်ပါတယ်" ဟု မစ္စတာမယ်ဖွိုင်းက ပြောလိုက်၏။ သူကဂျင်းနီ၏ ဒယ်အိုးနားသို့ရောက်သွားပြီး သစ်လွင်တောက်ပြောင်နေသော လော့ဟတ်၏စာအုပ်များအကြားမှ လွန်စွာ



ဟောင်းနွမ်းစုတ်ပြတ်နေပြီဖြစ်သော 'စတင်လေ့လာသူများအတွက် ရုပ်သွင်ပြောင်းနည်းလမ်းညွှန်' ဟူသည့် စာအုပ်ကိုဆွဲထုတ်ယူလိုက်သည်။

"ဒါပေမယ့် သေချာပါတယ် ပေးမှာမဟုတ်ပါဘူး. . . ဒါနဲ့များကွာ။ ပိုက်ဆံလေးတစ်ပဲခြောက်ပြားနဲ့. . .။ သူတို့က မင်းကို ထိုက်ထိုက်တန်တန် မပေးဘူးဆိုရင် စုန်းကဝေဆိုတဲ့ နာမည်ညှိုးနွမ်းအောင် လုပ်ရတာ ဘာအကျိုးရှိမှာလဲ"

မစ္စတာဝီစလေ၏ မျက်နှာမှာ ရွန်နှင့်ဂျင်းနီတို့ထက်ပို၍ နီမှောင်သောအရောင်သို့ ပြောင်းသွား၏။

"စုန်းကဝေဆိုတဲ့နာမည်ကို ညှိုးနွမ်းအောင်လုပ်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မင်းနဲ့ငါအယူအဆမတူကြဘူး မယ်ဖွိုင်း" ဟု သူကပြန်ပြောလိုက်သည်။

"ခပ်ရှင်းရှင်းပြောရရင်. . ."

မစ္စတာမယ်ဖွိုင်းက စိုးရိမ်ပူပန်စွာ စောင့်ကြည့်နေသော ဂရင်ဂါမောင်နှံဘက်သို့ ဖျော့တော့သော မျက်လုံးအစုံကို စွေကြည့်ရင်း ပြောလိုက်သည်။

"ဒီလူ (မတ်ဂယ်) တွေနှင့် ပေါင်းနေသ၍တော့. . . မင်းရဲ့ ဝီစလေမိသားစုဟာ အောက်ဆုံးအဆင့်ကို ရောက်သွားလိမ့်မယ်"

ဂျင်းနီ၏ ဒယ်အိုးမှာ လွင့်ပျံသွားပြီး ဒေါင်ခနဲအသံထွက်လာ၏။ မစ္စတာဝီစလေက မစ္စတာမယ်ဖွိုင်းကို ဒယ်အိုးဖြင့်ပစ်လိုက်ရာ ထိမှန်သွားပြီး စာအုပ်စင်နှင့် နောက်စေ့နှင့် ဆောင့်မိလေသည်။ လေးလံထူထဲသော ဂါထာမန္တာန်ပေါင်းချုပ်စာအုပ်များက သူတို့၏ဦးခေါင်းများပေါ်သို့ တဝုန်းဝုန်းနှင့် ပြုတ်ကျလာကြ၏။

"ဒီငနဲကြီးကို ချသာချအဖေ" ဟု ဖရက်နှင့် ဂျော့၏အားပေးသံများ၊ "မလုပ်နဲ့ အာသာ မလုပ်နဲ့" ဟု မစ္စစ်ဝီစလေ၏ စူးစူးရှရှအော်သံများထွက်ပေါ်လာသည်။ လူအုပ်ကြီးက ဝရုန်းသုန်းကားနှင့် နောက်သို့ကြောက်လန့်တကြားဆုတ်ကြစဉ် များပြားလှသော စာအုပ်စင်များနှင့် ထပ်တိုက်မိကြပြန်သည်။ "လူကြီးမင်းတို့ ကျေးဇူးပြုပြီး ကျေးဇူးပြုပြီး. . ."ဟု စာအုပ်အရောင်းသမားက အော်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် အသံဗလံများ အားလုံးကိုဖုံးလွှမ်းသွားစေသော

"တော်ကြပါတော့. . . လူကြီးမင်းများ တော်ကြပါတော့" ဟု အော်သံကြီး ထွက်ပေါ်လာလေသည်။

ဟက်ဂရစ်သည် စာအုပ်ပင်လယ်ကြီးကို ခဲရာခဲဆစ်ဖြတ်သန်းကာ သူတို့ထံ ဦးတည်ပြီးလာနေ၏။ သူကရောက်လျှင်ရောက်ချင်း မစ္စတာဝီစလေနှင့် မစ္စတာ မယ်ဖွိုင်းတို့အား ဆွဲခွါထုတ်ပြီး ဖျန်ဖြေပေးလိုက်သည်။ မစ္စတာဝီစလေမှာ နှုတ်ခမ်း ကွဲသွားပြီး မစ္စတာမယ်ဖွိုင်းမှာမူ 'တုတ်ဒ်စတူးလ်မှိုအကြောင်း စွယ်စုံကျမ်း'စာအုပ် ကြီးနှင့် မျက်လုံးကိုပိတ်တီးခြင်းခံလိုက်ရ၏။ **သူက ဂျင်းနီ၏ အသွင်ပြောင်းခြင်း စာအုပ်အဟောင်းလေးကို ကိုင်ထားဆဲဖြစ်သည်။ သူက ထိုစာအုပ်ကို ဂျင်းနီ၏ လက်ထဲဆောင့်ထည့်ပေးလိုက်၏။** သူ၏မျက်လုံးများမှာ မစ္ဆရိယစိတ်များဖြင့် တလက်လက် တောက်ပနေလေသည်။

"ဟော့. . . ကောင်မလေး။ ရော့ နင့်စာအုပ်တွေ။ ဒါ နင့်အဖေက နင့်ကို ပေးနိုင်တဲ့ အကောင်းဆုံးပစ္စည်းပဲ"

ထို့နောက် မစ္စတာမယ်ဖွိုင်းသည် ဟက်ဂရစ်၏ ဆုပ်ကိုင်ထားမှုမှ ရုန်းထွက် ကာ ဒရက်ကိုအား မျက်နှိမ်ပြပြီး ဆိုင်ထဲမှ လျင်မြန်စွာထွက်ခွါသွားလေသည်။

"ခင်ဗျားသူ့ကို ဥပေက္ခာပြုထားလိုက်ရင်ပြီးရော အာသာ"

သူ၏ဝတ်စုံကို ပြန်ပြီးဆွဲဆန့်နေသော မစ္စတာဝီစလေကို ဆွဲထူရင်း ဟက် ဂရစ်က ပြောလိုက်၏။

"မယ်ဖွိုင်းမိသားစုတစ်ခုလုံး စိတ်ဓာတ်တွေက အတွင်းမှာလှိုက်စားပြီး ပုတ် သိုးနေတယ်ဆိုတာ လူတိုင်းသိတာပဲ၊ မယ်ဖွိုင်းရဲ့စကားကို နားထောင်နေလို့ အလကားပဲ၊ သွေးဆိုးသွေးညစ်တွေ၊ ဒါပါပဲ သူတို့တွေဟာ လာ. . . အခု ဒီကမြန်မြန်ထွက်သွားကြရင်ကောင်းမယ်"

သူတို့ထွက်လာကြစဉ် အရောင်းစာရေးက တားဆီးချင်သည့် ပုံစံနှင့်ကြည့်



နေ၏။ သို့ရာတွင် သူ့အရပ်မှာ ဟက်ဂရစ်၏ခါးလည်လောက်သာရှိသောကြောင့် သည်အတိုင်းလက်ပိုက်ကြည့်နေလိုက်တာ ကောင်းမည်ဟု သဘောထားလိုက်ပုံရ သည်။ သူတို့လမ်းပေါ်သို့ ခပ်သွက်သွက်ထွက်လာကြစဉ် ဂရင်ဂါမောင်နှံမှာ ကြောက်ရွံ့မှုကြောင့် တုန်ယင်နေပြီး သူတို့၏ နံဘေးမှ မစ္စစ်ဝီစလေကတော့ ဒေါသတွေအလိပ်လိုက် ထနေလေသည်။

"ရှင့်ကလေးတွေအတွက် အကောင်းဆုံး စံနမူနာပေါ့လေ. . . လူအများကြီး ရှေ့မှာ အော်ကြီးဟစ်ကျယ်နဲ့ ရန်ဖြစ်သတဲ့. . . ဂေဒီရို့င်လော့ဟတ်က ဘယ်လို ထင်သွားမလဲ. . ."

"သူ ကျေနပ်မှာပါ၊ ကျွန်တော်တို့ ထွက်လာတုန်းက သူပြောတာမကြား ဘူးလား၊ သူ့ကို တမန်တော်နေ့စဉ် သတင်းစာက ဒီနေ့က ရန်ပွဲအကြောင်းကို သတင်းစာထဲ ထည့်ရေးရမလားလို့ မေးတော့ သူက ဒါဟာ သူ့ကို ပိုနာမည်ကြီး အောင် ကြော်ငြာပေးသလိုတောင် ဖြစ်သေးတယ်. . . လို့ ပြောခဲ့တယ်" ဟု ဖရက်က ပြောလိုက်သည်။

သူတို့က အရက်ဆိုင်မှ ထွက်ခွါသွားပြီး ဟိုဘက်ခြမ်းမှ မတ်ဂယ်တို့၏ လမ်း ဆီသို့ ပြန်ကြမည့် ဂရင်ဂါမိသားစုကို နှုတ်ဆက်လိုက်ကြသည်။ မစ္စတာဝီစလေက ဘတ်စ်ကားမှတ်တိုင်များအကြောင်းမေးရန် ဟန်ပြင်လိုက်သော်လည်း မစ္စစ်ဝီစလေ ၏ မျက်နှာကို ကြည့်ပြီး လျင်မြန်စွာပါးစပ်ပိတ်ထားလိုက်လေသည်။

ဟယ်ရီက ဖလိုပေါင်ဒါကိုအသုံးမပြုခင် သူ့မျက်မှန်ကို အကျီအိတ်ကပ်ထဲ သို့ လုံခြုံစွာထည့်ထားလိုက်၏။ ဖလိုပေါင်ဒါသည် သူနှစ်သက်သောခရီးသွားနည်း တစ်ခုမဟုတ်သည်မှာတော့ အသေအချာပင်ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## သွေးဆာနေသော မိုးမခပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ အားလပ်ရက်များ လျင်မြန်စွာ အဆုံးသတ်သွားတော့မည်ကို ဟယ်ရီအကြိုက်တွေ့နေ၏။ သူသည် ဟော့ဂဝပ်သို့ပြန်သွားရန် မျှော်လင့်စောင့်စားနေခြင်းဖြစ်သည်။ သို့ရာတွင် ဝီစလေမိသားစု၏အိမ်၌ နေခဲ့ရသည့် တစ်လတာအချိန်ကလေးမှာ သူ့ဘဝ၌ ပျော်စရာအကောင်းဆုံး အချိန်ဖြစ်လေသည်။ ဒါစလေမိသားစုအကြောင်းကို ပြန်စဉ်းစားမိသောအခါတွင် ရွှန်၏ဘဝကို မနာလိုမဖြစ်ရန် အတော်ခဲယဉ်းပြီး နောက်တစ်ကြိမ် ပရိဗက်ဒရိုက်သို့ ပြန်ရောက်သည့်အခါတွင်လည်း ယခုလိုပဲ ကြိုဆိုပါစေဟုသာ သူမျှော်လင့်ရုံသာတတ်နိုင်တော့သည်။

သူတို့၏ နောက်ဆုံးညနေခင်းတွင် မစ္စစ်ဝီစလေက ဟယ်ရီ့အကြိုက် အစားအစာအားလုံးပါဝင်သော ခမ်းနားထည်ဝါသည့် ညစာစားပွဲကြီးကို လက်စွမ်းပြတည်ခင်းလျက် ညစာစားသောက်ပြီးသွားသောအခါ သွားရည်ယိုစရာကောင်းလှသော သကာရည်ဖြင့် ပြုလုပ်ထားသော ပူတင်းများကို ထပ်ကျွေးပြန်သည်။ ထို့နောက် ဖရက်နှင့် ဂျော့တို့က မီးရှူးမီးပန်းများကို အသုံးပြုကာ ညနေခင်းကို

www.burmeseclassic.com



လှပစွာ အဆုံးသတ်ပေးကြ၏။ သူတို့က မီးဖိုခန်းလေးထဲသို့ မျက်နှာကျက်နှင့် ကြမ်းပြင်ကို အပြန်အလှန်ရိုက်ခတ်ကာ အနည်းဆုံးနာရီဝက်ကြာအောင် ခုန်ပေါက်နေသော အနီရောင်နှင့် အပြာရောင်ကြယ်များဖြည့်သွင်းပေးကြ၏။ ထို့နောက်တွင်မူ ပူပူနွေးနွေးချောကလက်ရည်တစ်ခွက်သောက်ကာ အိပ်ရာဝင်ကြသည့် အချိန်ပင်ဖြစ်သည်။

နောက်တစ်နေ့ နံနက်ခင်းအစပျိုးသည့်အချိန်တား ရှည်လျားကြာမြင့်လှ၏။ လင်းကြက်တွန်သည်နှင့် သူတို့အိပ်ယာထကြသည်။ သို့ရာတွင် သူတို့၏စိတ်ထဲတွင် လုပ်စရာအလုပ်ကြီးတစ်ခုခုရှိနေသယောင်ယောင် ထင်မိသည်။ မစ္စစ်ဝီစလေမှာ ခြေအိတ်နှင့် ဇာက်မွေးအပိုများကို ရှာဖွေနေရသည့်အတွက် စိတ်တိုတိုနှင့် အလုပ်ကို ကသောကမျော ဆယ်ဆက်သလိုလုပ်နေ၏။ ကျန်လူများမှာ အဝတ်အစားကို တိုးလိုးတန်းလန်းဝတ်ဆင်၍ လက်ထဲ၌ပေါင်မုန့်မီးကင်ကိုယ်စီ ကိုင်ထားရင်း လေ့ကားပေါ်၌ အချင်းချင်းဝင်တိုက်မိပြီး ရှုပ်ယှက်ခတ်ကာ ကသောင်းကနင်းဖြစ်ကုန်ကြ၏။ မစ္စတာဝီစလေခများမှာတော့ ဝင်းခြံကိုဖြတ်သန်းကာ ဂျင်းနီ၏ကျောပိုးအိတ်ရှည်ကိုကားထဲသို့ သွားပို့စဉ်လမ်းသလားနေသော ကြက်တစ်ကောင်ကို ခလုတ်တိုက်မိပြီး ဇက်ကျိုးတော့မလိုဖြစ်သွားသည်။

ဟယ်ရီသည် လူရှစ်ယောက်၊ ကျောပိုးအိတ်ရှည်ခြောက်လုံး၊ ဇီးကွက်နှစ်ကောင်နှင့် ကြွက်တစ်ကောင်တို့ကို ဖို့ဒ်အိန်ဂျလီနာကားသေးသေးလေးနှင့် ဆန့်အောင် မည်ကဲ့သို့လုပ်မည်ဆိုသည်ကို စဉ်းစားမရဘဲဖြစ်နေ၏။ တကယ်တော့ မစ္စတာဝီစလေ အပိုအပြင်မွမ်းမံထားသည့် ကား၏ဝိသေသလက္ခဏာများကို သူထည့်မတွက်မိသောကြောင့်သာ ထိုသို့တောရမ်းမယ်ဖွဲ့ လျှောက်စဉ်းစားနေခြင်းဖြစ်သည်။

"မော်လီ့ကိုပြန်မပြောနဲ့နော်"



မစ္စတာဝီစလေက ကားနောက်ဖုံးကိုဖွင့်ကာ ကျောပိုးအိတ်ရှည်များကို အလွယ်တကူ ဝင်ဆန့်အောင်ထည့်နိုင်ရန် မှော်ပညာမြောက်စွာမည်ကဲ့သို့ ပြုလုပ်ထားကြောင်းကို ဟယ်ရီအားပြရင်း ခပ်တိုးတိုးပြောလိုက်၏။

နောက်ဆုံး သူတို့အားလုံး ကားထဲသို့ရောက်သွားသောအခါ ဟယ်ရီ၊ ရွန်၊ ဖရက်၊ ဂျော့နှင့် ပါစီတို့ဘေးချင်းယှဉ်ကာ သက်တောင့်သက်တာထိုင်နေကြသော အနောက်ဖက်ထိုင်ခုံကို မစ္စစ်ဝီစလေက တစ်ချက်လှမ်းကြည့်လိုက်သည်။

မစ္စတာဝီစလေက ကားစက်နှိုးလိုက်ပြီးနောက် သူတို့သည် ခြံဝင်းထဲမှ ဖြည်းဖြည်းချင်း ထွက်လာခဲ့သည်။ ဟယ်ရီက အိမ်ကို နောက်ဆုံးကြည့်သည့်အနေနှင့် နောက်ပြန်လှည့်ကြည့်လိုက်သည်။

အရေးထဲမှာ ဂျော့က သူ၏ မီးရှူးမီးပန်းသေတ္တာကို မေ့ကျန်ခဲ့သည်။ ငါးမိနစ်ခန့်ကြာပြီးနောက် ဖရက်မေ့ကျန်ခဲ့သော တံမြက်စည်းတံကို သွားပြေးယူနိုင်စေရန်အတွက်ကား ခဏရပ်ပေးရ၏။ ဂျင်းနီက သူမ၏အသံစူးစူးကလေးနှင့် ဒိုင်ယာရီမေ့ကျန်ခဲ့ပြီဟု ထအော်သောအချိန်တွင် သူတို့သည် အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်ခါနီးနေပြီဖြစ်သည်။ သူမကျော်ခွတက်ပြီး ကားထဲသို့ ပြန်ထိုင်လိုက်သောအခါတွင်မူ သူတို့၏ စိုးရိမ်မှုဒီဂရီက မြင့်တက်လာပြီဖြစ်သည်။

မစ္စတာဝီစလေက သူ့လက်ပတ်နာရီကို တစ်ချက်လှမ်းကြည့်ပြီးနောက် သူ့မိန်းမကို စကားစလိုက်သည်။

"မော်လီ. . . အချစ်"

"မလုပ်ရဘူး. . . အာသာ"

"ဘယ်သူမှမမြင်ပါဘူး. . . ဒီမှာရှိတဲ့ ခလုတ်ကလေးက ကားကိုဘယ်သူမှ မမြင်ဘဲလေထဲကို မြင့်တက်သွားအောင် လုပ်ပေးတဲ့ကိရိယာကိုငါတပ်ထားတာ။ အဲဒီခလုတ်နှိပ်လိုက်ရင် ငါတို့လေထုထဲကိုရောက်သွားမယ်။ ပြီးရင် ငါတို့ဟာ တိမ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွေရဲ့ အပေါ်ကနေ ပျံသန်းမောင်းနှင်သွားရုံပဲ၊ ငါတို့အဲဒီကို ဆယ်မိနစ်ထဲနဲ့ ရောက်သွားလိမ့်မယ်။ ဘယ်သူမှလဲ ရိပ်မိမှာမဟုတ်ပါဘူး"

"မလုပ်ရဘူးလို့ပြောနေတယ်အာသာ. . . မလုပ်ပါနဲ့။ ဒီလောက်လင်းလင်းရှင်းရှင်းရှိနေတာကို. . ."

သူတို့ ဆယ့်တစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုတွင် ကင်းခရော့စ်ဘူတာသို့ ရောက်သွားကြသည်။ မစ္စတာဝီစလေက လမ်းမကိုတဟုန်ထိုးဖြတ်ပြေးကာ သူတို့၏ ကျောပိုးအိတ်ရှည်များကိုသယ်ရန် ပစ္စည်းတင်လှည်းများကို သွားယူလာ၏။ ထို့နောက် သူတို့အားလုံး ဘူတာရုံထဲသို့ ကသောကမျောဝင်လာခဲ့ကြသည်။

ဟယ်ရီမှာ ဟော့ဝပ်အမြန်ရထားအကြောင်းကို ပြီးခဲ့သည့်နှစ်ကတည်းက သဘောပေါက်သွားပြီဖြစ်သည်။ ထိုအမြန်ရထား၏ မြှုပ်ကွက်သည် သာမန်ရိုးရိုးလူမျက်စိဖြင့် မမြင်နိုင်သော စကြိုန်ကိုး၏ လေးပုံသုံးပုံထဲတွင်ရှိသည်။ သင်လုပ်ရမည်မှာ စကြိုန်ကိုးနှင့်တစ်ဆယ်ကို ပိုင်းခြားထားသည့် အရံအတားရှိရာဆီသို့ လမ်းလျှောက်သွားကာ ဝင်တိုက်ထည့်လိုက်ရန်ပင်ဖြစ်သည်။ ထိုသို့လုပ်ရသည်မှာ နာကျင်မှုတစ်စုံတစ်ရာမရှိသော်လည်း သင်ရုတ်တရက်ပျောက်ချင်းမလှ ပျောက်သွားသည်ကို မည်သည့်မတ်ဂယ် (လူသာမန်) မျှ သတိမထားမိစေရန် သတိထားပြီးလုပ်ဆောင်ဖို့လိုသည်။

"ပါစီ အရင်သွား"

သူတို့အားလုံး အရံအတားကို ပုံမှန်အတိုင်း ဖြတ်သန်းပျောက်ကွယ်သွားဖို့အတွက် အချိန်ငါးမိနစ်သာရှိတော့ကြောင်းကို ဖော်ပြလျှက်ရှိသည့် ဦးခေါင်းထက်မှ နာရီကို မစ္စစ်ဝီစလေက စိတ်လှုပ်ရှားစွာမော့ကြည့်ရင်း ပြောလိုက်၏။

ပါစီကရှေ့သို့ ခြေလှမ်းကျဲကျဲလှမ်းကာ မြန်ဆန်စွာ လျှောက်သွားရင်း



ပျောက်ကွယ်သွားသည်။ ထို့နောက် မစ္စတာဝီစလေ၊ ဖရက်၊ ပြီးနောက် ဂျော့လိုက်သွား၏။

"ငါ ဂျင်းနီကိုခေါ်သွားမယ်. . . မင်းတို့နှစ်ယောက် ငါတို့နောက်ကလိုက်ခဲ့ကြ" ဟု မစ္စစ်ဝီစလေက ဂျင်းနီ၏လက်ကိုဆွဲကာ လျှောက်သွားရင်း ဟယ်ရီနှင့်ရွန်ကို ပြောလိုက်သည်။ မျက်တောင်တခတ်မျှ အချိန်အတွင်း မစ္စစ်ဝီစလေတို့နှစ်ယောက်ပျောက်ကွယ်သွားကြ၏။

"တို့နှစ်ယောက်အတူတူသွားကြရအောင်၊ ငါတို့မှာ အချိန်တစ်မိနစ်ပဲရှိတော့တယ်" ဟု ရွန်က ဟယ်ရီကိုပြောလိုက်သည်။

ဟယ်ရီသည် သူ့ကျောပိုးအိတ်ပေါ်တင်ထားသည့် ဟက်ဝစ်၏လှောင်အိမ်ကို လုံခြုံစိတ်ချရအောင်လုပ်ပြီး သူ၏ပစ္စည်းတင်လှည်းကို အရံအတားနှင့် မျက်နှာချင်းဆိုင်သို့ တွန်းသွားလိုက်သည်။ သူ့စိတ်ထဲတွင် ကိုယ့်ကိုကိုယ် ယုံကြည်မှုက အပြည့်အဝရှိနေ၏။ ထိုသို့သွားရသည့်အတွက် ဖလိုပေါင်ဒါအသုံးပြုပြီး သွားရသည့်စိတ်မသက်သာဖွယ်ခံစားမှုမျိုး နည်းနည်းကလေးမှ မဖြစ်မိပါ။

သူတို့နှစ်ယောက်သည် ကိုယ်ကိုငုံ့ကိုင်းပြီး သူတို့၏ ပစ္စည်းတင်လှည်းလက်ကိုင်များကို ဆုပ်ကိုင်ကာ အရံအတားရှိရာဆီသို့ ရည်ရွယ်ချက်အပြည့်နှင့် ခပ်သွက်သွက်တွန်းလျှောက်သွား၏။ တစ်ဖြည်းဖြည်းအရှိန်ရလာပြီး အရံအတားနှင့် ပေအနည်းငယ်သာလိုတော့သည့် နေရာသို့ရောက်သောအခါ နှစ်ယောက်သားအားကုန်ထုတ်ပြီး လှည်းကိုယ်စီတွန်းကာ ပြေးသွားကြလေသည်။

"ဝုန်း. . ."

လှည်းနှစ်စီးလုံးက အရံအတားနှင့်တိုက်မိပြီး နောက်သို့ ပြန်ကန်ထွက်လာကြသည်။ ရွန်၏ကျောပိုးအိတ်ရှည်က မြေပြင်ပေါ်သို့ အရှိန်နှင့် 'ဘုန်း'ခနဲ ပြုတ်ကျသွား၏။ ဟယ်ရီ၏ ခြေအစုံမှာတုံ့ဆိုင်းသွားပြီး ဟက်ဝစ်၏ လှောင်အိမ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



တဖိတ်ဖိတ်လက်နေသော ကြမ်းပြင်ပေါ်သို့ လွင့်ကျကာ ခပ်လှမ်းလှမ်းသို့ လိမ့်ထွက်သွားသဖြင့် ဟက်ဝစ်က ဆူရှူစွာအော်မြည်လိုက်သည်။ သူတို့၏ အနီးအနားပတ်ဝန်းကျင်၌ ရှိနေသော လူအားလုံးက အကြောင်သားငေးကြည့်နေကြပြီး အနီးရှိ လုံခြုံရေးအစောင့်က

"မင်းတို့ ဘာတွေလုပ်နေသလဲဆိုတာ တွေးမိကြရဲ့လား" ဟု ထအော်လိုက်၏။

"ပစ္စည်းတင်လှည်းကို အရှိန်မထိန်းနိုင်လို့ပါ"

ဟယ်ရီက ထရပ်လိုက်စဉ် နံကြားကိုလက်ဖြင့်ဖိထားကာ ပင့်သက်ရှူရင်း ပြောလိုက်သည်။ ဘေးပတ်ပတ်လည်ရှိလူများက 'တိရိစ္ဆာန်ကိုညှင်းပန်းနှိပ်စက်နေတယ်' ဟု မကြားတကြားရေရွတ်နေကြခြင်းကို လှုံ့ဆော်ပေးသည့် မြင်ကွင်းဖြစ်နေစေသော ဟက်ဝစ်ကိုရွန်က ပြေးပြီးကောက်ယူလိုက်၏။

"ငါတို့ ဘာဖြစ်လို့ ဖြတ်သန်းသွားလို့ မရ ရတာလဲ" ဟယ်ရီက ရွန့်ကို ရှူးရှူးရှားရှားနှင့် ပြောလိုက်သည်။

"မပြောတတ်ဘူး"

ရွန်က ဘေးဘီဝဲယာကို ကမူးရှူးထိုး ကြည့်လိုက်၏။ စပ်စုတတ်သော လူတစ်ဒါဇင်လောက်က သူတို့ကိုစောင့်ကြည့်နေကြဆဲရှိသေးသည်။

"ငါတို့တော့ ရထားလွတ်သွားတော့မယ်။ ဝင်ပေါက်က ဘာဖြစ်လို့ သူ့ဖာသာသူပိတ်သွားရသလဲဆိုတာ ငါတော့နားမလည်နိုင်အောင်ပဲ"

ဟယ်ရီမှာ သူ့ခေါင်းထက်မှ ရောမနာရီကြီးကို အူထဲအသည်းထဲမှလာသော မုန်းတီးရွံ့ရှာမှုဖြင့် စိုက်ကြည့်နေမိသည်။ ဆယ်စက္ကန့်. . . ကိုးစက္ကန့်. . . ဟယ်ရီသည် သူ၏ပစ္စည်းတင်လှည်းကို အရံအတား၏ ရှေ့တည့်တည့်သို့ ပြန်တွန်းလာ



ပြီး သူတတ်နိုင်သမျှ အားကုန်သုံး၍ ရှေ့သို့တွန်းထည့်လိုက်၏။ ထိုသတ္တုအရံအတားမှာ နဂိုမူလအတိုင်း ထုထည်မပျက်ရှိနေလေ၏။

သုံးစက္ကန့်. . . နှစ်စက္ကန့်. . . တစ်စက္ကန့်. . .

"သွားပြီ" ဟု ရွန်က အိပ်မွေ့ချထားခံထားရသူ တစ်ယောက်လို ရေရွတ်လိုက်သည်။

"ရထားထွက်သွားပြီ။ အဖေနှင့်အမေဘာဖြစ်လို့ ငါတို့ဆီပြန်မလာကြတာလဲ။ မင်းမှာ မတ်ဂယ်တွေသုံးတဲ့ ပိုက်ဆံရှိလား"

ဟယ်ရီက တဟားဟားအော်ရယ်လိုက်၏။

"ဒါစလေမိသားစုက ငါ့ကိုမုန့်ဖိုးမပေးတာ ခြောက်နှစ်လောက်ရှိပြီ"

ရွန်က အေးစက်နေသော အရံအတားကို နားရွက်နှင့် ဖိကပ်ကာ နားစွင့်လိုက်သည်။

"ဘာသံမှလည်း မကြားရဘူး. . . ငါတို့ဘယ်လိုလုပ်ကြမလဲ၊ အဖေနှင့်အမေတို့ ငါတို့ဆီပြန်လာကြဖို့ ဘယ်လောက်တောင်ကြာဦးမလဲမသိဘူး" ဟု ရွန်က တောင့်တောင့်ကြီးပြောလိုက်၏။

သူတို့နှစ်ယောက် ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လူအများက သူတို့ကိုစောင့်ကြည့်နေကြဆဲ၊ အဓိကအကြောင်းရင်းကတော့ ဟက်ဝစ်က မရပ်မနားအော်မြည်နေသောကြောင့်ပင်ဖြစ်လေသည်။

"ငါတို့ ကားထဲမှာ သွားစောင့်နေရင်ပိုကောင်းမယ်ထင်တယ်၊ ဒီမှာဆို ငါတို့ကို အရမ်းအာရုံစိုက်တာခံနေရ. . . ရ"

"ဟယ်ရီ. . ." ဟု ရွန်က ထအော်လိုက်၏။ သူ၏မျက်လုံးများက တလက်လက်တောက်ပလာကြသည်။

"ကား. . ."

www.burmeseclassic.com



"ကား ဘာဖြစ်လို့လဲ"

"ကားနဲ့ ငါတို့ဟော့ဝပ်ကို ပျံသန်းသွားနိုင်တာပေါ့"

"ဒါပေမယ့် ငါစဉ်းစားနေ. . ."

"ငါတို့မှာ တစ်ခြားနည်းလမ်းမရှိတော့ဘူးလေ၊ ပြီးတော့ငါတို့ကျောင်းကို ရောက်ကိုရောက်မှဖြစ်မယ်မဟုတ်လား. . . နောက်ပြီး အရွယ်မရောက်သေးတဲ့ စုန်းကဝေတွေလည်း အကယ်၍ကိုသေရေးရှင်ရေး အရေးကြီးလာရင် မှော်ပညာကို သုံးခွင့်ရှိတယ်လို့ အခန်းဆယ့်ကိုးမှာလား၊ စည်းကမ်းချက်တစ်ခုခုမှာလား ပါတယ် လေကွာ"

ဟယ်ရီ၏ ကြောက်လန့်သော ခံစားမှုက ရုတ်ချည်းပင်စိတ်လှုပ်ရှားတက်ကြွမှုအဖြစ်သို့ ပြောင်းလဲသွား၏။

"မင်း ကားကိုပျံအောင်မောင်းတတ်လို့လား. . ."

"ပြဿနာမရှိပါဘူး"

သူ၏ ပစ္စည်းတင်လှည်းကို ထွက်ပေါက်ရှိရာဆီသို့ တွန်းသွားရင်း ရွန်က ပြောလိုက်သည်။

"လာစမ်းပါ. . . သွားကြရအောင်၊ ငါတို့ ခပ်မြန်မြန်သွားရင် ဟော့ဝပ်ရထားနောက်ကို မှီအောင်လုပ်နိုင်သေးတယ်"

ထို့နောက် သူတို့သည် စပ်စုတတ်သော မတ်ဂယ်များကြားမှ ဖြတ်သန်းချိတက်ကာ ဘူတာရုံထဲမှ ထွက်လာခဲ့ကြပြီး ဖို့ဒ်အိန်ဂျလီနာကားအိုလေး ရပ်ထားသည့် ကားလမ်းမနံဘေးသို့ ပြန်လာခဲ့ကြသည်။

ရွန်က ကားတံခါးကို သူ့ဆေးတောင်ဝှေးနှင့် ကြိမ်ဖန်များစွာခေါက်ပြီး သော့ဖွင့်လိုက်၏။ သူတို့၏ကျောပိုးအိတ်ရှည်များကို ကားနောက်ခန်းသို့ မပြီးထည့်



လိုက်သည်။ ဟက်ဝစ်ကိုနောက်ထိုင်ခုံပေါ်တွင် တင်ထားကာ သူတို့နှစ်ယောက်ရှေ့ခန်းတွင် ဝင်ထိုင်လိုက်ကြသည်။

"ဘယ်သူတွေ စောင့်ကြည့်နေသလဲလို့ တစ်ချက်လောက်အကဲခတ်ကြည့်လိုက်စမ်းပါ"ဟု ရွန်က အင်ဂျင်ကိုမီးကူးစေသည့်အရာကို ဆေးတောင်ဝှေးဖြင့် နောက်တစ်ချက်ထပ်ခေါက်ကာ စက်နှိုးလိုက်သည်။ ဟယ်ရီက မှန်ပြတင်းပေါက်မှ ခေါင်းထုတ်ပြီး ကြည့်လိုက်၏။ ပင်မယာဉ်ကျောတစ်လျှောက်တွင် ကားများက သွားလာနေကြသော်လည်း သူတို့ကားရပ်ထားရာ လမ်းထဲတွင်တော့ အခြားကား တစ်စီးတစ်လေမျှ မရှိဘဲ လူသူရှင်းလင်းနေသည်။

"အိုကေ" ဟု သူကပြောလိုက်သည်။

ရွန်က ကားဒက်ရှ်ဘုတ်ပေါ်မှ ငွေရောင်ခလုတ်သေးသေးလေးကို ဖိလိုက်သည်။ ခလုတ်နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကားတစ်စီးလုံးနှင့်အတူ သူတို့ပါ ပျောက်ကွယ်သွား၏။ ဟယ်ရီသည် သူ့အောက်မှ ထိုင်ခုံ၏ တုန်ခါမှုကို ခံစားနေရပြီး ကားအင်ဂျင်စက်သံကို ကြားနေရသည်။ သူ၏ဒူးခေါင်းများကို လက်ဖြင့်အုပ်ကိုင်ထားရပြီး မျက်မှန်ကနှာခေါင်းပေါ်သို့ လျှောကျလာသည်။

"သွားကြစို့" ဟု ရွန်က ညာဘက်မှ လှမ်းပြောလိုက်၏။ မြေပြင်နှင့် လမ်း၏ တစ်ဖက်တစ်ချက်ရှိ ညစ်ပတ်ပေရေနေသော အဆောက်အဦးများမှာ တစ်ဖြည်းဖြည်းသေးငယ်မှုန်ဝါး၍ ကျန်ခဲ့ပြီး ကားလေထဲသို့မြင့်တက်သွားသည့် စက္ကန့်ပိုင်းကလေးမှာပင် မြင်ကွင်းထဲမှ ပျောက်ကွယ်လုနီးပါးဖြစ်သွားသည်။ မီးခိုးများ ပြောင်ပြောင်လက်လက် အရာဝတ္ထုများနှင့် လန်ဒန်မြို့တော်ကြီးတစ်ခုလုံးသည် သူတို့၏ ကားအောက်တွင် ငြိမ်သက်စွာ လဲလျောင်းလျှက်ကျန်ရစ်ခဲ့လေပြီ။

ထို့နောက် ကားထဲမှဖောက်ခနဲ အသံထွက်လာပြီး ဟယ်ရီနှင့် ရွန်တို့ပြန်ပေါ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . . ခလုတ်ကပျက်ချင်နေပြီထင်တယ်" ဟု ရွန်က ကိုယ်ဖျောက်ခလုတ်ကို လက်ဖြင့်ဖိတွန်းရင်းပြောလိုက်၏။

သူတို့နှစ်ယောက်စလုံး ထိုခလုတ်ကို လက်သီးနှင့် တဒုန်းဒုန်းထုလိုက်မှ ကားက ပြန်ပြီးပျောက်ကွယ်သွားသည်။ ထို့နောက် ဖျတ်ခနဲပြန်ပေါ်လာပြန်သည်။

"ကိုင်ထား. . . " ဟု ရွန်ကအော်လိုက်ပြီး လီဗာကိုအားဖြင့် ဆောင့်နင်းချလိုက်သည်။ သူတို့၏ကားလေးမှာ ခပ်နိမ့်နိမ့်၌ရှိနေသော သိုးမွေးစိုင်တိမ်တိုက်များထဲသို့ တည့်မတ်စွာ တဟုန်ထိုးဝင်ရောက်သွားပြီး အရာအားလုံးသည် မြူမှုန်များဖြင့် ဝေဝါးအုံ့ဆိုင်းသွားလေတော့သည်။

"အခု ဘယ်မှာလဲ"

ဟယ်ရီက သူတို့ကို ပတ်ပတ်လည်ဝိုင်းရံဖိနှိပ်ထားသော တိမ်သားထုကြီးကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်ရင်း မေးလိုက်၏။

"ရထားက ဘယ်အရပ်ကို ဦးတည်ခုတ်မောင်းနေသလဲဆိုတာ ငါတို့သိမှဖြစ်မယ်" ဟု ရွန်က ပြန်ပြောလိုက်သည်။

သူတို့သည် တိမ်တိုက်များ၏ အောက်ခြေသို့ကားကို ပြန်နှိမ့်ချလိုက်ပြီး ထိုင်ခုံ ခါးပတ်များကို ပတ်လိုက်ကြကာ မြေပြင်ဆီသို့ စူးစိုက်ပြီးကြည့်နေကြ၏။

"ရထားကို ငါမြင်ရပြီ။ ရှေ့တည့်တည့်. . ဟိုးရှေ့တည့်တည့်မှာ" ဟု ဟယ်ရီက ထအော်လိုက်သည်။

သူတို့၏ အောက်၌ဟော့ဝပ်အိပ်(စ်)ပရက်စ်က ကြက်သွေးရောင်မြွေတစ်ကောင်လို လျင်မြန်စွာရွေ့လျားနေ၏။

"မြောက်ဖက်ကို ဦးတည်နေတာပဲ"

ရွန်က ဒက်ရှ်ဘုတ်ပေါ်မှ သံလိုက်အိမ်မြှောင်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ကောင်းပြီ. . . ငါတို့ ဒီသံလိုက်အိမ်မြှောင်ကို နာရီဝက်တစ်ကြိမ် ဒါမှမဟုတ် နှစ်ကြိမ်သုံးကြိမ်လောက် သတိထားပြီး လှမ်းလှမ်းကြည့်နေမှဖြစ်မယ်။ ကိုင်ထား. . . . "



ထို့နောက် သူတို့၏ကားလေးသည် တိမ်တိုက်များကို တဟုန်ထိုးဖြတ်သန်းသွားလေတော့သည်။ တစ်မိနစ်ခန့်ကြာသောအခါ သူတို့သည် အလျှံတညီးညီးတောက်လောင်နေသောနေရောင်ခြည်အား ညည်းတွားပြစ်တင်မိကြသည်။

ယင်းမှာ ခြားနားသော ကမ္ဘာတစ်ခုဖြစ်သည်။ ကား၏ဘီးအစုံမှာ နူးညံ့အိစက်သော တိမ်ပင်လယ်ထက်၌ မျောလွင့်နေ၏။ မျက်စိများပင် ကျိန်းသွားစေသော ဖြူဝင်းတောက်ပသည့် နေမင်း၏အောက်တွင် ကောင်းကင်ကြီးမှာ အဆုံးအစမဲ့စွာ ကြည်လင်ပြာလဲ့လျှက် ရှိသည်။

"အခု ငါတို့စိုးရိမ်ရမှာ လေယာဉ်ပျံတွေပဲရှိတော့တယ်" ဟု ရွန်က ပြောလိုက်၏။

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း အချိန်အတော်ကြာအောင် အတောမသပ်ရယ်မောနေကြလေသည်။

အဖြစ်က ရင်သပ်ရှုမော အံ့သြဖွယ်ကောင်းသော အိမ်မက်တစ်ခုထဲသို့ သူတို့နှစ်ယောက်အား ထည့်သွင်းလိုက်သကဲ့သို့ပင်။ လေပွေများနှင့် ဆီးနှင်းဖြူရောင် တိမ်နန်းပြသာဒ်များကို ဖြတ်သန်းကာ တောက်ပနွေးထွေးသော နေရောင်ခြည်ဖြင့် ပြည့်နေသော ကားထဲတွင် ဟယ်ရီမှာ 'ခရီးသွားတယ်ဆိုတာ ဒါမျိုးမှပေါ့. . . ' ဟု တွေးနေမိသည်။

ဟော့ဝပ်ရဲတိုက်ကြီးအရှေ့ရှိ ညီညာသေသပ်စွာ ရိတ်ဖြတ်ထားသောမြက်ခင်းပြင်ကြီးပေါ်သို့ သူတို့ညင်သာသိမ်မွေ့စွာနှင့် ခမ်းနားကြီးကျယ်စွာ ဆင်းသက်လာသည့်အခါ တွင် မနာလိုဝန်တိုဖြစ်နေကြမည့် ဖရက်နှင့်ဂျော့တို့၏ မျက်လုံးများကိုလည်း မြင်ယောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဖက်အရပ်ဆီသို့ ခရီးပေါက်သထက်ပေါက်အောင် သူတို့ပျံသန်းမောင်းနှင်လာကြစဉ် ရထားကိုလည်း သူတို့ပုံမှန်လှမ်းလှမ်းကြည့်မိကြသည်။ တိမ်တိုက်များ၏အောက်၌ ငွေ့ရည်ဖွဲ့နေသော အရာတစ်ခုစီသည် သူတို့အား မြင်ကွင်း တစ်မျိုးစီကို ခင်းကျင်းပြသလျက်ရှိ၏။ လန်ဒန်မြို့သည် သူတို့၏ အောက်ဖက် တွင် အလွန်ဝေးကွာကျန်ရစ်ခဲ့ပြီဖြစ်သည်။ . . . . . တမျှော်တခေါ် ရှုမဆုံးသည့် သပ်ရပ်ညီညာသော အစိမ်းရောင်မြက်ခင်းများ၊ ခရမ်းရောင် ခင်တန်းကုန်းရိုးများ၊ ကစားစရာအရုပ်သေးသေးလေးများကဲ့သို့ ဘုရားရှိခိုးကျောင်းလေးများနှင့်ရွာကလေးများ၊ ရောင်စုံပုရွက်ဆိတ်များကဲ့သို့ ကားများဖြင့် ရှင်သန်လှုပ်ရှားနေသော မြို့ကြီးစသည်တို့က လန်ဒန်မြို့၏ နေရာတွင်အစားထိုးဝင်လာကြသည်။

နာရီပေါင်းများစွာတို့သည် သတိမူမိခြင်းမရှိဘဲ ကုန်ဆုံးသွားကြ၏။ မည်သို့ပင်ဖြစ်စေ ပျော်ရွှင်မှုတစ်ချို့တစ်ဝက်တော့ ကွယ်ပျောက်သွားကြောင်းကို ဟယ်ရီဝန်ခံမိသည်။ တော်ဖီများစွာ စားသောက်ထားခြင်းက သူတို့ကို အလွန်အမင်း ရေငတ်စေပြီး သူတို့၌ သောက်စရာ ဘာမှမရှိချေ။ သူရော ရွန်ပါ သူတို့၏ ဆွယ်တာအင်္ကျီများကို ဆွဲချွတ်လိုက်ကြ၏။ သို့ရာတွင် ဟယ်ရီ၏တီရှပ်မှာ သူ၏ ထိုင်ခုံနောက်ဘက်၌ငြိနေပြီး သူ့မျက်မှန်မှာ ချွေးပြန်နေသော နှာခေါင်းထိပ်သို့ လျှောကျလာတော့သည်။ ဟယ်ရီသည် စိတ်ကြည်နူးပျော်ရွှင်စရာကောင်းသော တိမ်တိုက်များ၏ ပုံသဏ္ဌာန်အမျိုးမျိုးကို သေသေချာချာစူးစိုက်ကြည့်နေခြင်းကို ရပ်လိုက်ပြီး ကား၏အောက်ဖက် မိုင်ပေါင်းများစွာဝေးသော နေရာမှ ရထားအကြောင်းကိုသာ တစိုက်မတ်မတ် တွေးနေမိသည်။ ရထားပေါ်တွင်ဆိုလျှင် ခပ်ဝဝစုန်းမတစ်ယောက်လာရောင်းသည့် တွန်းလှည်းမှ ရေခဲစိမ်ရွှေဖရုံသီးဖျော်



ရည်ကို ဝယ်ယူရနိုင်မည်ဖြစ်သည်။ စကြိန်အမှတ် ကိုးလေးပုံသုံးပုံကို သူတို့ဘာလို့ဖြတ်သန်းလို့မရတာပါလိမ့်။

"သိပ်မဝေးနိုင်တော့ပါဘူး. . . ဟုတ်တယ်နော်"

နေလုံးကြီးက သူတို့အောက်မှ တိမ်ကြမ်းခင်းဆီသို့ ငုတ်လျှိုးကာ ပန်းရောင်ရင့်ရင့်သမ်းသွားစေပြီးသည့်နောက် နာရီအနည်းငယ်ကြာသောအခါတွင် ရွန်က မေးလိုက်ခြင်းဖြစ်သည်။

"ရထားကို နောက်တစ်ခါလှမ်းကြည့်ဖို့ အသင့်ပြင်ထား"

ရထားက သူတို့အောက်တည့်တည့်တွင် ရှိနေဆဲဖြစ်ပြီး ဆီးနှင်းများဖုံးလွှမ်းနေသော တောင်တစ်တောင်ကို ဖြတ်ကျော်နေသည်။ ရထားမှာ တိမ်မျက်နှာကျက်အောက်တွင် ပိုမိုရင့်သောအရောင်သို့ ပြောင်းသွားသယောင်ရှိသည်။

ရွန်က ကားကိုအထက်သို့တဖန် ပျံတက်စေရန် လီဗာကိုနင်းလိုက်၏။ သို့ရာတွင် သူထိုသို့နင်းလိုက်စဉ် အင်ဂျင်စက်သံမှာ ချွတ်ယွင်းစပြုလာသည်။

ဟယ်ရီနှင့် ရွန်တို့သည် တစ်ယောက်ကိုတစ်ယောက် စိတ်လှုပ်ရှားစွာ ကြည့်လိုက်မိကြ၏။

"အင်ဂျင်နည်းနည်း အရှိန်ကျသွားတာ ဖြစ်မှာပေါ့ကွာ. . . ဒီလိုခရီးရှည်မျိုး အရင်ကတစ်ခါမှ မသွားဖူးပဲ"

ကောင်းကင်ပြင်တစ်ခွင်လုံး အမှောင်ထုကြီး ဖုံးလွှမ်းသွားစဉ် တဖြည်းဖြည်းကျယ်လောင်လာသော စက်ချို့ယွင်းသည့်အသံကို သူတို့နှစ်ယောက်စလုံး သတိမထားမိချင်ဟန်ဆောင်နေကြသည်။ အမှောင်ယံထဲ၌ ငွေကြယ်ကလေးများကဖြိုးဖြိုးပြက်ပြက် လက်ကာ ပွင့်လန်းလာကြ၏။ ဟယ်ရီသည် သူ့အင်္ကျီကို ပြန်ဆွဲယူလိုက်ပြီးမော်တော်ကားရှေ့မှန်မိုးရေသုတ်ကိရိယာများ၏ လှုပ်ရှားမှုအရှိန်လျော့နည်းလာသည်ကို သတိမထားမိအောင် ကြိုးစားနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်တော့မှာပါကွ. . . အခုသိပ်မလိုတော့ပါဘူး"

ရွှန်က ကားထက်ဟယ်ရီ့ကိုပို၍ အလေးအနက်ထားကာ ပြောလိုက်ပြီး ကားဒက်ရှ်ဘုတ်ကို စိတ်လှုပ်ရှားစွာ တစ်ခေါက်ခေါက်နှင့်ခေါက်နေလေသည်။

ဟယ်ရီနှင့်ရွှန်တို့သည် တိမ်တိုက်များ၏ အောက်ဖက်နားဆီသို့ ပြန်လည် ပျံ့သန်းလာခဲ့ကြပြီး သိပ်မကြာခင်မှာပင် သူတို့သိသည့်လမ်းပြအမှတ်အသား ကလေး တစ်ခုတလေလောက်များ တွေ့ရမလားဟု အမှောင်ထဲသို့ စောင်းပါးရိပ် ခြည်ခွေကြည့်မိကြသည်။

"ဟိုမှာ. . . ရှေ့တည့်တည့်မှာကွ. . ."

ရွှန်နှင့်ဟက်ဝစ်တို့ လန့်ဖျတ်ပြီး ထခုန်မိလောက်အောင် ဟယ်ရီအော်ထည့် လိုက်၏။

မှောင်နေသော မိုးကုတ်စက်ဝိုင်းထက်၌ အရိပ်မည်းမည်းတစ်ခုမှာ ရေကန် တစ်ဖက်ရှိ ကျောက်ဆောင်ကြီးထက်၌ ပြဒိုးပြသဒ်၊ သူရဲခိုများ၊ မျှော်စင်များနှင့် မြင့်မတ်စွာ ထီးထီးမားမားကြီး တည်ရှိနေသော ဟော့ဂ်ဝပ်ကျောင်းတော်ကြီးပင် ဖြစ်လေတော့သည်။

သို့ရာတွင် ကားမှ တုန်ခါစပြုလာပြီး အရှိန်လျော့ကျသွား၏။

"လုပ်ပါဟ. . . . ဟိုမှာနီးနေပြီ လုပ်စမ်းပါ"

ရွှန်က အားမလိုအားမရဖြင့် ကားစတီယာတိုင်ကို လက်ဖြင့်ကိုင်လှုပ်ရင်း ပြောလိုက်သည်။

အင်ဂျင်စက်သံက မမှန်ချင်တော့။ အမျှင်သေးသွားသော ဂျက်မီးခိုးငွေ့ တန်းများကိုတော့ ကားဘောနက်အောက်မှထုတ်လွှတ်နေဆဲ။ သူတို့ရေကန်ဆီသို့ ဦးတည်၍ပျံသွားစဉ် ထိုင်ခုံ၏အစွန်းကို တင်းကျပ်စွာဆုပ်ကိုင်ထားမိကြောင်း ဟယ်ရီ သူ့ကိုယ်သူသတိပြုမိလိုက်သည်။



ကားက စိတ်မချမ်းမြေ့ဖွယ်ကောင်းစွာ ဘယ်ညာယိမ်းထိုးနေလေပြီ။ ပြတင်း ပေါက်မှ ဖျတ်ခနဲလှမ်းကြည့်လိုက်စဉ် ဟယ်ရီသည် အောက်ဖက်တစ်မိုင်ခန့်အကွာ တွင် တောက်ပချောမွေ့နက်မှောင်နေသော ရေမျက်နှာပြင်ကိုမြင်လိုက်ရသည်။ စတီယာရင်ခွေပေါ်မှ ရွှန်၏လက်ဆစ်များက သွေးဆုတ်ဖြူရော်နေကြပြီဖြစ်၏။ ကားကဘယ်ညာယိမ်းထိုးသွားပြန်သည်။

"လုပ်စမ်းပါဟ. . ."ဟု ရွှန်က မြည်တွန်တောက်တီးနေ၏။

သူတို့သည် ရေကန်ကြီးကိုဖြတ်ကျော်လာခဲ့ကြသည်။ ရဲတိုက်ကြီးကတော့ သူတို့၏ရှေ့တည့်တည့်၌ရှိနေ၏။ ရွှန်က သူ့ခြေထောက်ကို ဖိနင်းချလိုက်သည်။

အရာဝတ္ထုများ ထိခတ်မိသံက ဆူညံစွာထွက်ပေါ်လာကာ ရေစက်ကလေး များ ဖြာထွက်ပြီး အင်ဂျင်ကလုံးဝရပ်ဆိုင်းသွားလေတော့သည်။

"ဟာ. . . သွားပြီ. . ." ဟု ရွှန်ကပြောကာ ငြိမ်ကျသွား၏။

ကား၏ ဦးပိုင်းမှာ လေထဲ၌ စိုက်ကျသွားသည်။ သူတို့သည် အရှိန်နှင့် အောက်သို့ထိုးဆင်းနေပြီး ရဲတိုက်၏ထုထည်ကြီးမားသော ကျောက်သားနံရံဆီသို့ ဦးတည်နေလေ၏။

ရွှန်ကအသံနက်ကြီးဖြင့် အော်လိုက်ပြီး ကားစတီယာတိုင်ကို သုံးလေးပတ် လောက်ဆွဲလှည့်ပစ်လိုက်သည်။ ကားကစက်ဝိုင်းကြီးတစ်ခုလို လည်ထွက်ကာကွေ့ ဝိုက်သွားစဉ် သူတို့သည် အနက်ရောင်ကျောက်သားနံရံနှင့် လက်မတင်ကလေး ကပ်လွတ်သွားပြီး အမှောင်ထဲရှိ အစိမ်းရောင်အိမ်များပေါ်သို့ မြင့်တက်သွားသည်။ ထိုမှတဖန် ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် နက်မှောင်နေသည့် မြက်ခင်းပြင်ကြီးကို ဖြတ်ကျော်လာသည့်တစ်ချိန်လုံး ကားကအောက်သို့သာ အရှိန်ဖြင့်ထိုးဆင်းနေ၏။

ရွှန်က ကားစတီယာတိုင်ကို လုံးဝလွှတ်ပေးလိုက်ပြီး သူ့အင်္ကျီနောက်ဖက် အိတ်ကပ်ထဲမှ ဆေးတောင်ဝှေးကိုဆွဲထုတ်လိုက်သည်။

www.burmeseclassic.com



"ရပ်စမ်း. . . ရပ်စမ်း" ဟု သူကအော်ဟစ်ရင်း ကားဒုံရှုဘုတ်နှင့် ရှေ့မှန်ကို တခွပ်ခွပ်နှင့် ရိုက်နှက်နေသော်လည်း ကားမှာအောက်သို့ဆက်လက် ထိုးကျနေဆဲဖြစ်ပြီး မြေပြင်ကြီးက သူတို့ဆီသို့ ဝဲပျံမြင့်တက်လာသယောင်ယောင်. . .။

"အဲဒီအပင်ကိုသတိထား" ဟု ဟယ်ရီက ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်ရင်း ကားစတီယာတိုင်ကို လှမ်းထိန်းလိုက်သော်လည်း နောက်ကျသွားလေပြီ။

"ဝုန်း"

နားကွဲလုမတတ် ပေါက်ကွဲသံကြီးထွက်ပေါ်လာကာ သူတို့၏ ကားလေးမှာ လုံးပတ်လည်ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နှင့်ဝင်ဆောင့်မိပြီး မြေပြင်ပေါ်သို့ အရှိန်ပြင်းစွာ ပြုတ်ကျလာ၏။ တွန့်လိမ်သွားသော ကားစက်ခေါင်းဖုံးအောက်ဘက်မှ ရေများကလှိုင်းလုံးကြီးများသဖွယ် ပန်းထွက်လာကြသည်။ ဟက်ဝစ်ကကြောက်ကြောက်လန့်လန့်နှင့် စူးရှစွာအော်မြည်လိုက်၏။ ကားရှေ့လေကာမှန်နှင့်ဆောင့်မိသည့် ဟယ်ရီ့ဦးခေါင်းထက်၌ ဝေါက်သီးလုံးခန့် ဘုသီးကြီးထလာပြီး သူ၏ညာဖက်ရှိ ရွန့်ထံမှစိတ်ပျက်လက်ပျက်ညည်းတွားသံသဲ့သဲ့သာ ထွက်လာနိုင်တော့သည်။

"မင်း. . . အဆင်ပြေရဲ့လား" ဟု ဟယ်ရီက ကပျာကယာမေးလိုက်၏။

"ငါ့ဆေးတောင်ဝှေး. . . ငါ့ဆေးတောင်ဝှေးကို ကြည့်ပါဦးကွ" ဟု ရွန်က တုန်ယင်နေသော အသံဖြင့်ပြောလိုက်သည်။

ရွန်၏ဆေးတောင်ဝှေးမှာ နှစ်ပိုင်းကျိုးရန် တဲတဲကလေးသာလိုတော့၍ ထိပ်ဖျားပိုင်းက အောက်သို့ညွတ်ကာညွတ်ကာဖြင့် တွဲလောင်းကျနေပြီး အပိုင်းပိုင်းအစ စကျိုးပဲ့ကြေမွတော့မတတ် ဖြစ်နေလေပြီ။

ဟယ်ရီက ထိုဆေးတောင်ဝှေးကို ကျောင်းသို့ရောက်လျှင် အကောင်းပကတိဖြစ်အောင် ပြန်လုပ်နိုင်မည်ဟု ပြောရန်ပါးစပ်ဟလိုက်သော်လည်း ဘာသံမှထွက်



မလာနိုင်တော့ချေ။ ထိုအခိုက်အတန့်မှာပင် သူထိုင်နေသည့် ကားဘေးဖက်သို့ တစ်စုံတစ်ရာက ဒေါသူပုန်ထနေသော နွားရိုင်းတစ်ကောင်ကဲ့သို့ ဝင်ဆောင့်လိုက်သောကြောင့် ဟယ်ရီမှာ ရွန်၏နံဘေးသို့ ယိုင်ထွက်သွားလေသည်။ အလားတူ ထုနှက်ချက်တစ်ခုက ကားခေါင်မိုးပေါ်သို့ ဘုန်းကနဲကျရောက်လာပြန်၏။

"ဘာဖြစ်တာပါလိမ့်"

ရွန်က ညည်းတွားလိုက်ရင်း မော်တော်ကားရှေ့မှန်မှ အပြင်ဘက်သို့ငေးကြည့်နေလေသည်။ ဟယ်ရီသည် ဘေးဘီဝဲယာကို လှည့်ပတ်အကဲခတ်လိုက်စဉ် စပါးကြီးမြွေတစ်ကောင်၏ လုံးပတ်ခန့်ရှိသော သစ်ကိုင်းကြီးတစ်ခုက သူတို့၏ကားကို ထုနှက်ချေမွရန် ဟန်ပြင်နေသည်ကို အချိန်မီမြင်လိုက်ရ၏။ သူတို့ဝင်တိုက်မိသည့်သစ်ပင်ကြီးက သူတို့ကိုပြန်လည်တိုက်ခိုက်နေခြင်းပင်ဖြစ်လေသည်။ သစ်ပင်ကြီး၏ပင်စည်က ထက်ပိုင်းကျိုးတော့မလိုကိုင်းညွတ်လာပြီး ၎င်း၏တွန့်လိမ်နေသော သစ်ကိုင်းကြီးများက လက်လှမ်းမိနိုင်သမျှ ကားကိုယ်ထည်တစ်ခုလုံးကို တစ်လက်မ မကျန်ထိုးနှက်တိုက်ခိုက်တော့မည့်ပုံရှိသည်။

"အား. . . ."

ရွန်ကအော်လိုက်စဉ် လိမ်ကောက်နေသော သစ်ကိုင်းတစ်ခုက သူ၏ဘေးတံခါးကို ချိုင့်ခွက်ကြီးဖြစ်သွားအောင် ထုချလိုက်၏။ ကားရှေ့လေကာမှန်မှာလည်း လက်ဆစ်များနှင့် တူသည့်သစ်ကိုင်းများ၏ လက်သီးမုန်တိုင်းကြားတွင် တသိမ့်သိမ့်တုန်ခါလျက်ရှိသည်။ အဆောက်အဦးယန္တယားလက်တံတစ်ခုနီးပါးရှိသော သစ်ကိုင်းကြီးတစ်ခုက ကားခေါင်မိုးကို ဒေါသတကြီးထုရိုက်နေသည်မှာ ခေါင်မိုးတစ်ခုလုံး ချိုင့်ဝင်ကျွံကျလာတော့မည့် ပုံရှိသည်။

"ပြေး. . ."

www.burmeseclassic.com

www.burmeseclassic.com



ရွှန်ကအော်လိုက်ပြီး ရှိရှိသမျှအင်အားဖြင့် ကားတံခါးကို ကိုယ်လုံးဖြင့် ဆောင့်တွန်းဖွင့်လိုက်၏။ သို့ရာတွင် မျက်တောင်တခတ်အတွင်းမှာပင် ရွှန်သည် အလစ်ချောင်းနေသည့် သစ်ကိုင်း၏ပင့်လက်သီးမိကာ နောက်သို့ပြန်လွင့်လာပြီး ဟယ်ရီပေါင်ပေါ်သို့ ကျလာသည်။

"ငါတို့တော့ ကိစ္စတုံးပါပြီ"

ကားခေါင်မိုးအောက်သို့ အိကျလာစဉ် ရွှန်ကမျှော်လင့်ချက်မဲ့စွာ ညည်းတွား လိုက်သည်။ သို့ရာတွင် မော်တော်ကားကြမ်းပြင်က ရုတ်တရက်တုန်ခါသွားပြီး အင်ဂျင်စက်ပြန်နိုးသွား၏။

"နောက်ပြန်ကွေ့"

ဟယ်ရီအော်လိုက်စဉ် ကားကနောက်သို့ တရှိန်ထိုးပြန်ဆုတ်လာ၏။ သစ်ပင်ကြီးကတော့ သူတို့ကိုထိုးနှက်ရန် ကြိုးစားနေဆဲ၊ သူတို့ကို မမှီနိုင်သောနေရာသို့ တရှိန်ထိုး ရောက်ရှိသွားစဉ် သစ်ပင်ကြီးမှာ အားမာန်အပြည့်နှင့် ရုန်းကြွလာကာ အမြစ်များမှာ တကျွီကျွီမြည်လာပြီး အကိုင်းအခက်ဖျားများနှင့် ကျာပွတ်လို ရိုက်နှက်ရန် ဟန်ပြင်နေ၏။

"ကဲ. . . ကိစ္စပြတ်သွားပြီ. . . တာဝန်ကျေပါတယ် ငါ့ကားလေးရယ်" ဟု ရွှန်က ဟောဟဲဟောဟဲနှင့် ပြောလိုက်၏။

မည်သို့ဆိုစေ ကားမှာလုံးဝ အားအင်ကုန်ခမ်းနေပြီဖြစ်သည်။ သတ္တုချင်းထိ ခတ်သံနှစ်ချက်ကြားလိုက်ရပြီး ကားတံခါးများပွင့်သွားကာ ဟယ်ရီမှာ သူ့ထိုင်ခုံနှင့် လမ်းဘေးမြေသားတို့ ရိုက်ခတ်မိကြသည်ကို သိလိုက်ရ၏။ နောက်တစ်ချက်သိ လိုက်ရသည်မှာ စွတ်စိုသော မြေပြင်ပေါ်သို့ သူတုံးလုံးပက်လက်လဲကျနေခြင်းပင်။ ကျယ်လောင်စွာ ဟုတ်ခနဲဟုတ်ခနဲ မြည်သံများက ကားနောက်ဖုံးဖွင့်ကာ သူတို့၏



အထုပ်အပိုးများကို ပစ်လွှတ်လိုက်ကြောင်း ဟယ်ရီ့ကိုပြောပြနေသည်။ ဟက်ဝစ်၏ လှောင်အိမ်မှာ လေထဲသို့လွင့်ထွက်သွားပြီး တံခါးပွင့်ထွက်သွား၏။ သူမသည် လှောင်အိမ်ထဲမှထိုးထွက်ကာ ကျယ်လောင်စွာ ဒေါသတကြီးအော်မြည်လိုက်ပြီး နောက်သို့တချက်မှ လှည့်မကြည့်တော့ဘဲ ရဲတိုက်ဆီသို့ တဟုန်ထိုးပျံသန်းသွားလေ တော့သည်။ ထို့နောက်ပိန်ချိုင့်ကာ အစင်းများဗလပွနှင့် ရေများပန်းထွက်နေသော ကားမှာကျယ်လောင်သောအသံဖြင့် အမှောင်ထုထဲသို့ ဝေါခနဲတိုးဝင်သွားလေ၏။ ကားနောက်မီးတစ်စုံကတော့ ဒေါသအရောင်ဖြင့်တလက်လက်တောက်ပလျှက်။

"ပြန်လာခဲ့. . . အဖေငါ့ကိုသတ်လိမ့်မယ်"

ရွှန်ကသူ့ဆေးတောင်ဝှေးအကျိုးကို ဝှေ့ယမ်းရင်း ထွက်ပြေးသွားသော မော်တော်ကားကို အော်ခေါ်နေသည်။

သို့ရာတွင် ကားမှာအိတ်ဇောမှ မီးခိုးတစ်ချက်မှုတ်လိုက်ပြီး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေတော့သည်။

"မင်း ငါတို့ရဲ့ကံကြမ္မာကိုယုံကြည်လား"

ရွှန်က စိတ်ပျက်လက်ပျက်နှင့် မေးလိုက်ရင်း ကိုယ်ကိုင့်ကိုင်း၍ ကြွက်က လေးစကက်ဘာကို ကောက်ယူလိုက်၏။

"ဒီလောက်တစ်ခြားအပင်တွေ အများကြီးရှိရက်သားနဲ့ ငါတို့ကိုပြန်ပြီးရန်မူ မယ့်အပင်ကိုမှ ဝင်တိုက်ရတယ်လို့ကွာ. . ."

ရွှန်သည်ပုခုံးထက်မှကျော်၍ အပင်အိုကြီးကို ဖျတ်ခနဲလှမ်းကြည့်လိုက် သည်။ သစ်ပင်ကြီးကတော့ သူ၏အကိုင်းအခက်များကို ဝှေ့ယမ်းကာ ခြိမ်းခြောက် နေဆဲပင်။

"လာပါ. . . ငါတို့ကျောင်းကို မြန်မြန်ရောက်သွားရင်ပိုကောင်းမယ်" ဟု ဟယ်ရီက မောပန်းနွမ်းနယ်စွာဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကတော့ သူတို့မျှော်လင့်ထားသလို အောင်ပွဲခံပြီး ဝမ်းသာအားရ ရောက်သွားရသည့် အခြေအနေမျိုး လုံးဝမဟုတ်တော့ပါ။ တစ်ကိုယ်လုံးအေးခဲထုံကျင်နေသည့်ကြားမှ ဟယ်ရီနှင့်ရွန်တို့သည် သူတို့၏ကျောပိုးအိတ်ရှည် အနားစွန်းများကို ဆုပ်ကိုင်လိုက်ပြီး မြက်ပင်များ ထူထပ်စွာပေါက်နေသော ဆင်ခြေလျှောတစ်လျှောက်အိတ်များကို ဒရွတ်တိုက်ဆွဲကာတက်လာကြရင်း ကျောင်းမျက်နှာစာမှ ဝက်သစ်ချတံခါးကြီးများရှိရာဆီသို့ လာခဲ့ကြသည်။

"စားသောက်ပွဲကြီး စနေပြီထင်တယ်" ဟု ရွန်ကပြောပြီး သူ့ကျောပိုးအိတ်ရှည်ကို ကျောင်းနစ္ရှ့လှေကားရင်း၌ ပစ်ချလိုက်ရင်း ထိန်ထိန်လင်းနေသည့် မီးရောင်များထင်ဟပ်နေသော ပြတင်းပေါက်မှ အတွင်းသို့တိတ်ဆိတ်စွာ လှမ်းကြည့်လိုက်၏။

"ဟေး. . . ဟယ်ရီ လာကြည့်ပါဦး. . . အဆောင်ရွေးနေကြတာကွ"

ဟယ်ရီလည်း ကသောကမျောရောက်လာပြီး သူနှင့်ရွန်တို့နှစ်ယောက်သား ခန်းမကြီးထဲသို့ ချောင်းကြည့်ကြလေသည်။

မရေမတွက်နိုင်သော ဖယောင်းတိုင်များက လူများပြည့်သိပ်ကျပ်နေသော စားပွဲရှည်ကြီးလေးလုံးထက်ရှိ လေထုထဲ၌ရစ်ဝဲနေကြကာ ရွှေပန်းကန်ပြားများနှင့် ရွှေရေတကောင်းများကို မီးရောင်ဖြင့် တလက်လက်တောက်ပနေစေသည်။ ထိုဖယောင်းတိုင်များအထက်မှာတော့ အပြင်ဖက်ရှိ ကောင်းကင်ကြီးနှင့် တသွေမတိမ်းတူအောင် မှော်ပညာဖြင့် ဖန်ဆင်းထားသော မျက်နှာကျက်ကြီးတစ်ခုလုံး ကြယ်ကလေးများနှင့် ပြိုးပြိုးပြက်ပြက်လက်နေကြသည်။

တောအုပ်သဖွယ်ဖြစ်နေသော အနက်ရောင်ဟော့ဝပ်ဦးထုပ်ချွန်များကို ကျော်ဖြတ်ပြီး ဟယ်ရီတွေ့မြင်လိုက်ရသည်မှာ ကြောက်လန့်နေပုံရသော ပထမနှစ်ကျောင်းသားများ အစီအရီရပ်နေကြသည့် လူတန်းရှည်ကြီးပင်ဖြစ်သည်။



လူအုပ်ထဲတွင် အနီရောင်တောက်တောက် ဝီစလေသက်တဆံပင်နှင့် ဂျင်နီကိုအလွယ်တကူမြင်နေရသည်။ ထိုစဉ် ဆံပင်ကို တင်းကျပ်စွာထုံးနှောင်ထားပြီး မျက်မှန်တပ်ထားသော စုန်းမကြီး ပရော်ဖက်ဆာမက်ဂွန်နာဂေါ ကျောင်းသားများနေရာမယူမီ နာမည်ကျော် ဟော့ဝပ်အဆောင်ရွေးချယ်သည့် ဦးထုပ်ကိုခွေးခြေပေါ် တင်ထားလိုက်၏။

နှစ်စဉ်နှစ်တိုင်း အစင်းကြားများပွန်းပဲ့ရာများနှင့် ညစ်ပတ်ပေရေကာ ဖာမင်းဟောင်းနွမ်းနေသော ထိုဦးထုပ်သည် ကျောင်းသားသစ်လေးများကို အဆောင်လေးဆောင်(ဂရစ်ဖင်ဒေါ၊ ဟပ်ဖယ်ပတ်၊ ရေဗင်ကလော၊ စလီသရင်) ထံသို့ ရွေးချယ်ခွဲခြားပေးနေကျဖြစ်သည်။

လွန်ခဲ့သော တစ်နှစ်တိတိ သည်လိုအချိန်က ထိုဦးထုပ်ဆောင်းခဲ့ရသည့် အဖြစ်အပျက်ကို ဟယ်ရီကောင်းစွာမှတ်မိသေးသည်။ ရင်တထိတ်ထိတ်နှင့် ကျောက်ရုပ်တစ်ခုလို စောင့်စားရင်း ဦးထုပ်၏ တိုးဖျော့စွာရေရွတ်နေသည့် ဆုံးဖြတ်ချက်ကို သူ့နားထဲတွင် ကျယ်လောင်စွာကြားနေရသည်။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ထိုစက္ကန့်ပိုင်းကလေး၌ ဟယ်ရီသည်ဦးထုပ်က သူ့အား စလီသရင်အဆောင်သို့ပို့မည်ကိုတွေးကာ ကြောက်လန့်နေမိသည်။ ထိုအဆောင်မှာ အခြားအဆောင်များထက်ပို၍ အောက်လမ်းစုန်းကဝေများကို အများဆုံး မွေးထုတ်ပေးသည့်နေရာဖြစ်သည်။ သို့ရာတွင် နောက်ဆုံး၌ ဂရစ်ဖင်ဒေါအဆောင်သို့ရွန်၊ ဟာမီယွန်နှင့် ဝီစလေမိသားစုဝင်များနှင့်အတူ သူရောက်သွားသည်။ ပြီးခဲ့သော စာသင်နှစ်က ဟယ်ရီနှင့်ရွန်တို့သည် ခုနှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စလီသရင်အဆောင်ကိုအနိုင်ယူပြီး ဂရစ်ဖင်ဒေါအဆောင်ကို အဆောင်ဆုဖလားရအောင် ကူညီစွမ်းဆောင်ပေးခဲ့ကြသည်။

ထိုစဉ်နာမည်အခေါ်ခံရသော ဆံပင်အညိုရောင်ဖျော့ဖျော့နှင့် ခပ်သေး

www.burmeseclassic.com

www.burmeseclassic.com



သေး ကောင်လေးတစ်ယောက်သည် ဦးထုပ်အစွပ်ခံရန် ရှေ့သို့တိုးလာသည်။ ဟယ်ရီ၏ မျက်ဝန်းများက ထိုကောင်လေးကိုကျော်ပြီး ဆရာများထိုင်ခုံမှနေ၍ အဆောင်ရွေးချယ်ပွဲကို ကြည့်ရှုအကဲခတ်နေသော ကျောင်းအုပ်ဆရာကြီး ပရော်ဖက်ဆာဒမ်ဘယ်ဒိုး ထံ ဝဲလည်နေ၏။ ပါမောက္ခကြီးဒမ်ဘယ်ဒိုး၏ ငွေရောင်မုတ်ဆိတ်ရှည်ကြီးနှင့် လခြမ်းပုံမျက်မှန်မှာ ဖယောင်းတိုင်မီးရောင်အောက်တွင် တဖိတ်ဖိတ်တလက်လက် တောက်ပလျှက်ရှိသည်။ များပြားသောထိုင်ခုံများတစ်လျှောက်၌ ဟယ်ရီသည် စိမ်းပြာရောင်ဝတ်ရုံကိုဝတ်ဆင်ထားသော ဂေဒီရွိုင်လော့ဟတ်ကို တွေ့ရသည်။ ထိုင်ခုံများ၏ အစွန်ဆုံးတွင် ထွားကျိုင်းသန်မာပြီး အမွှေးအမျှင်ဗလပွနှင့် ဟက်ဂရစ်သည် သူ၏ရေတကောင်းထဲမှ အရည်များကို အားရပါးရသောက်သုံးလျှက်ရှိ၏။

"နေဦး. . . ဆရာများထိုင်ခုံတွေမှာ တစ်ခုံလွတ်နေတယ်ကွ. . . 'စနိပ်' ဘယ်ရောက်နေလဲမသိဘူး. . ."

ပရော်ဖက်ဆာဆီးဗားရပ်စ် စနိပ်မှာ ဟယ်ရီသဘောမကျဆုံးဆရာပင်ဖြစ်လေသည်။ ဟယ်ရီသည်လည်း စနိပ်၏ မနှစ်မြို့သောကျောင်းသားဖြစ်ခဲ့ရသည်။ ရက်စက်သော၊ ထေ့ငေါ့တတ်သော၊ သူ့အဆောင်(စလီသရင်)မှ ကျောင်းသားများကလွဲ၍ လူတိုင်းကမုန်းတီးကြသော ပရော်ဖက်ဆာစနိပ်သည် ဆေးရည်များအကြောင်းသင်ကြား၏။

"သူနေမကောင်းလို့ ဖြစ်မှာပေါ့" ဟု ရွန်ကမျှော်လင့်ချက်အပြည့်နှင့် ပြောလိုက်သည်။

"သူနုတ်ထွက်သွားတာလည်းဖြစ်နိုင်တာပဲ. . . ဘာလို့လဲဆိုတော့ အောက်လမ်းမိစ္ဆာနှိမ်နင်းရေးပညာရပ်ကို သင်ကြားရတဲ့အလုပ်ကို လက်လွတ်ဆုံးရှုံးသွားရပြန်ပြီလေ" ဟု ဟယ်ရီကပြန်ပြောလိုက်သည်။

"ဒါမှမဟုတ် သူ့ကိုအလုပ်ထုတ်ပစ်လိုက်သလားမှ မသိတာ၊ ငါဆိုလိုတာက လူတိုင်းသူ့ကိုမုန်းကြတယ်မဟုတ်လား" ဟု ရွန်ကစိတ်ပါလက်ပါနှင့် ပြောလိုက်၏။

"ဒါမှမဟုတ် ဖြစ်နိုင်တာက. ."

အလွန်တရာအေးစက်နေသော စကားသံက သူတို့နောက်တည့်တည့်မှ ထွက်ပေါ်လာလေသည်။

**"မင်းတို့ဘာလို့ ကျောင်းကရထားနဲ့ ရောက်မလာကြတာလဲဆိုတာ နားထောင်ဖို့ စောင့်နေတာလဲဖြစ်နိုင်တာပဲ"**

ဟယ်ရီချာခနဲလှည့်ကြည့်လိုက်မိ၏။ အေးစိမ့်နေသောလေညှင်းထဲတွင် အနက်ရောင်ဝတ်ရုံတဖျတ်ဖျတ်လွင့်လျှက်သားနှင့်ရပ်နေသော ဆီးဗားရပ်စနိပ်ကိုမြင်လိုက်သည်။ စနိပ်သည် အသားအရေကဝါတာတာနှင့် ခပ်ပိန်ပိန်လူတစ်ယောက်ဖြစ်ပြီးနှာယောင်ကောက်ကောက်နှင့် ပခုံးပေါ်ဝဲကျနေသော ဆီရွှဲနေသည့် အနက်ရောင်ဆံပင်များရှိသည်။ ထိုအခိုက်တွင် သူပြုံးလိုက်ပုံက ဟယ်ရီနှင့်ရွန်တို့ ဒုက္ခအကြီးအကျယ်တွေ့ပြီဖြစ်ကြောင်း ဖော်ပြနေလေသည်။

"ငါ့နောက်လိုက်ခဲ့ကြ" ဟု စနိပ် ခပ်ပြတ်ပြတ်ပြောလိုက်၏။

သွားရည်ယိုစရာကောင်းလောက်အောင် သင်းပျံ့မွှေးကြိုင်နေသော အစားအစာများ၏ ရနံ့ကခန်းမကြီးထဲမှ မျောလွင့်လာ၏။ သို့ရာတွင် စနိပ်ကသူတို့အား နွေးထွေးမှုနှင့် အလင်းရောင်တို့နှင့်ဝေးရာသို့ ခေါ်ဆောင်သွားသည်။ ကျဉ်းမြောင်းသော ကျောက်တုံးလှေကားထစ်များမှဆင်း၍ မြေတိုက်ခန်းများထဲသို့ ဦးဆောင်ခေါ်သွား၏။

"ဝင်"

စနိပ်က အေးစိမ့်နေသော လူသွားလမ်းဆီသို့ ဆင်းသွားသည့်တံခါးကိုညွှန်ပြရင်းပြောလိုက်သည်။

ဟယ်ရီနှင့်ရွန်တို့သည် ကြက်သီးဖျန်းဖျန်းထလျှက် စနိပ်၏ရုံးခန်းအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခဲ့ကြ၏။ အရိပ်ကျနေသော နံရံများတွင် အစီအရီထားထားသော ဖန်ကရားကြီးများဖြင့် ပြည့်နှက်နေသည်။ ထိုဖန်ကရားကြီးများထဲ၌ (ထိုအခိုက်အတန့်ကလေးတွင် ဟယ်ရီတကယ့်ကို နာမည်မှျပင်မသိချင်သော) မုန်းတီးရွံ့ရှာဖွယ်ကောင်းသည့် အရာအားလုံးပေါလောပေါ်နေကြ၏။ မီးလင်းဖိုမှာမူ မည်းမှောင်ကာ ဗလာကျင်းနေသည်။ စနိပ်က တံခါးကိုပိတ်ကာ သူတို့ကိုလှည့်ကြည့်လိုက်၏။

"ကိုင်း. . . ရထားက နာမည်ကျော်ဟယ်ရီပေါ်တာနဲ့ သူ့ရဲ့သစ္စာရှိ ရွန်ဝီစလေတို့အတွက် မလုံလောက်ဘူးကိုး. . . မင်းတို့က သူများထက်ပိုထူးခြားတဲ့နည်းမျိုးနဲ့ ရောက်လာချင်ကြတာ မဟုတ်လား" ဟု စနိပ်က ပျော့ပြောင်းစွာ ပြောလိုက်၏။

"မဟုတ်ရပါဘူးဆရာ. . . အဲဒါကင်းခရော့စ်ဘူတာက အရံအတားကြောင့်ပါ။ အဲဒီ. . ."

"တိတ်တိတ်နေစမ်း. . . မင်းတို့ကားနဲ့ ဘာတွေလုပ်ခဲ့ကြသလဲ"ဟု စနိပ်က အေးစက်စက်ဖြင့် ပြောလိုက်ပြန်သည်။

ရွန် ဟန်မဆောင်နိုင်တော့ဘဲ ဟင်ခနဲဖြစ်သွား၏။ လူတွေ၏စိတ်ကိုသိအောင် ဖတ်နိုင်သည့်အတွက် စနိပ်ကို ဟယ်ရီ အထင်ကြီးမိသည်မှာ ဒါပထမဆုံးအကြိမ်မဟုတ်တော့ပါ။ သို့ရာတွင် များမကြာမီ. . . စနိပ်က ယနေ့ထုတ် တမန်တော်နေ့စဉ်သတင်းစာကိုဖြန့်လိုက်သောအခါ အကြောင်းရင်းမှန်ကို ဟယ်ရီ နားလည်သဘောပေါက်သွားသည်။

"မင်းတို့ကိုတွေ့ပြီးပြီ. . ." ဟု စနိပ်က ရှူးရှူးရှားရှားနှင့် ပြောရင်း သူတို့ကို သတင်းစာခေါင်းကြီးပိုင်းကိုပြလိုက်သည်။

**"အိန်္ဂလိနာဗို့ဒ်တားပျံတစ်စီးကြောင့် သို့လောသို့လော. . မြစ်ကုန်ကြသော မတ်ဂယ်များ"**

သူက သတင်းစာကိုအသံကျယ်ကျယ်ဖြင့် အော်ဖတ်ပြလိုက်သည်။



"လန်ဒန်မြို့တွင် လူနှစ်ယောက်သည် စာတိုက်ကြီး၏မျှော်စင်ကို ဖြတ်ကျော်ကာ ပျံသန်းမောင်းနှင်သွားသည့်ကားအိုတစ်စင်းကို အသေအချာတွေ့မြင်ခဲ့ကြသည်။ နေ့လည်ခင်း၌ နော်ဖို့(ခ်)တွင် မစ္စစ်ဟက်တီဘေးလစ်(စ်)သည် အဝတ်လှန်းနေစဉ် ထိုကားကိုတွေ့မြင်ခဲ့ပြီး မီဘဲစ်မှမစ္စတာ အန်းဂတ်စ်ဖလီက သူတွေ့ခဲ့သောကားပျံအကြောင်းကို ရဲဌာနသို့သတင်းပို့ခဲ့၏။ ထိုကားပျံကိုတွေ့မြင်ခဲ့ရသော မတ်ဂယ်စုစုပေါင်း ခြောက်ဦး၊ ခုနှစ်ဦးခန့်ရှိသည်တဲ့. . ။ **မင်းအဖေဟာ မတ်ဂယ်အသုံးအဆောင်ပစ္စည်းများအား အလွဲသုံးစားခြင်းမှ ကာကွယ်သည့်ဌာနမှာ အလုပ်လုပ်**တယ်ဆိုတာ ငါယုံရမှာလား. . ." ဟု စနိပ်က ပြောကာရွန့်ကိုမော့ကြည့်လိုက်ရင်း ခါတိုင်းထက်ပို၍ရွံ့မုန်းစရာကောင်းသည့်အပြုံးဖြင့် ပြုံးလိုက်သည်။

"သနားစရာပဲ. . သနားစရာပဲ. . . သူ့ရဲ့သားက ကျွတ်. . ကျွတ်. . ကျွတ်"

ဟယ်ရီသည် သူ၏ဝမ်းဗိုက်ကို ရှုးသွပ်နေသောအပင်ကြီး၏ သစ်ကိုင်းတစ်ကိုင်းက ပြင်းထန်စွာထိုးနှက်လိုက်သလို ခံစားလိုက်ရ၏။ အကယ်၍တစ်စုံတစ်ယောက်ကများ မစ္စတာဝီစလေသည်ကားကိုမှော်အတတ်ဖြင့် ဖန်တီးထားကြောင်း သိသွားခဲ့လျှင်. . .။ သူ ထိုအကြောင်းကို ထည့်မစဉ်းစားမိခဲ့ချေ။

"ပန်းခြံထဲမှာ ငါသတိပြုမိတာ တစ်ခုရှိတယ်. . . အဖိုးထိုက်တန်လှတဲ့ 'မိုးမခပင်ကြီး' ကို သေအောင်လုပ်တာဟာ ပေါ့ပေါ့တန်တန်ပျက်စီးဆုံးရှုံးမှုတစ်ခု မဖြစ်နိုင်ဘူးဆိုတာကိုပဲ" ဟု စနိပ်ကစကားဆက်လိုက်၏။

"ဒီသစ်ပင်က ကျွန်တော်တို့ထက်သူကပိုပြီး ထိခိုက်ပျက်စီးအောင် လုပ်တာဗျ" ဟု ရွန်ကလွှတ်ခနဲပြောလိုက်သည်။

"ပါးစပ်ပိတ်ထားစမ်း. . ." ဟု စနိပ်ကငေါက်လိုက်ပြန်သည်။

"ကံအဆိုးဆုံးကတော့ မင်းတို့ဟာငါ့အဆောင်ကမဟုတ်တဲ့အတွက် မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ကို ကျောင်းထုတ်ပစ်ဖို့ ဆုံးဖြတ်ရမယ့်ကိစ္စက ငါနဲ့တင်မပြီးဘူးဖြစ်နေတာပါပဲ၊ တကယ့်ကိုပျော်ရွှင်မှုရဲ့ အင်အားတွေအပြည့်အဝ ရရှိနေကြတဲ့လူတွေကို ငါသွားခေါ်လာခဲ့မယ်. . . မင်းတို့ဒီမှာစောင့်နေကြပေတော့. . ."

ဟယ်ရီနှင့်ရွန်တို့ တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြစဉ် သူတို့၏ မျက်နှာမှာ သွေးမရှိတော့ဘဲ ဖြူရော်ရော်ဖြစ်နေကြသည်။ ဟယ်ရီသည် ဘာမှစားချင်စိတ်မရှိတော့ပေ။ ယခုသူဖျားချင်သလိုလိုဖြစ်နေသည့်ဝဏ်ကိုသာ အပြင်းအထန်ခံစားနေရ၏။

အကယ်၍စနိပ်က ဂရစ်ဖင်ဒေါအဆောင်ကို အုပ်ချုပ်သည့်ပရော်ဖက်ဆာမက်ဂွန်နာဂေါကို သွားခေါ်လာခဲ့မည်ဆိုလျှင် သူတို့၏အခြေအနေမှာ အရမ်းကြီးဆိုးဆိုးဝါးဝါးဖြစ်လာနိုင်စရာတော့မရှိ။ သူမသည် စနိပ်ထက်ပို၍ တရားမျှတမှုရှိလိမ့်မည်ဖြစ်သည်။ သို့ရာတွင် သူမသည် စည်းကမ်းတင်းကျပ်လွန်းသူတစ်ယောက်ဖြစ်ချေ၏။

ဆယ်မိနစ်ခန့်ကြာသောအခါ စနိပ်ပြန်ရောက်လာသည်။ သူနှင့်အတူလိုက်ပါလာသူမှာ ပရော်ဖက်ဆာ မက်ဂွန်နာဂေါမှ ပရော်ဖက်ဆာမက်ဂွန်နာဂေါပင်။ ဟယ်ရီ့အနေနှင့် ပရော်ဖက်ဆာမက်ဂွန်နာဂေါ ဒေါသထွက်သည်ကို ကြိမ်ဖန်များစွာတွေ့ဖူးပါသည်။ သို့ရာတွင် ဟယ်ရီသည် သူမမည်သည့်အခါမျိုးတွင် နှုတ်ခမ်းများအား တင်းတင်းစေ့ထားသည်ကို မေ့နေခြင်းပဲလား။ သို့တည်းမဟုတ် သူမ ဒီလောက်ဒေါသထွက်နေပုံမျိုးကို ယခင်က မမြင်ဖူးခြင်းပဲလား. . . နှစ်ခုစလုံးတော့ မသိချေ။ မက်ဂွန်နာဂေါသည် အခန်းထဲသို့ဝင်လာစဉ် သူမ၏ဆေးတောင်ဝှေးကိုမြှောက်လိုက်ရာ ဟယ်ရီရောရွန်ပါ တွန့်ခနဲဖြစ်သွားကြသည်။ သို့ရာတွင် သူမသည် ဆေးတောင်ဝှေးကိုမီးလင်းဖိုထံသို့ ချိန်ရွယ်လိုက်ခြင်းသာဖြစ်လေသည်။ မီးလင်းဖို၌ မီးလျှံများက ဟုန်းခနဲတောက်လောင်လာကြ၏။



"ထိုင်"

သူမကပြောလိုက်စဉ် ဟယ်ရီနှင့်ရွန်တို့သည် မီးလင်းဖိုကိုကျောပေးထားသော ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။

"ကဲ. . ရှင်းစမ်းပါဦး" ဟု မက်ဂွန်နာဂေါက ပြောလိုက်သောအခါ သူမ၏မျက်မှန်များမှာ ကံကြမ္မာဆိုးကိုခေါ်ဆောင်လာသည့်အလား လက်ခနဲဖြစ်သွားကြ၏။

ရွန်သည် ဖြစ်ပျက်ပုံအလုံးစုံကို ဘူတာရုံရှိအရံအတားက သူတို့အားဖြတ်သန်းခွင့်မပေးသည့်အကြောင်းမှ စတင်ရှင်းပြလိုက်သည်။

"အဲဒါ. . . ကျွန်တော်တို့မှာ တစ်ခြားရွေးစရာနည်းလမ်းမရှိတော့ဘူးလေ ပရော်ဖက်ဆာ. . . ကျွန်တော်တို့က ရထားကိုမှမမှီတော့တာ"

"ဘာဖြစ်လို့ ငါတို့ဆီကို ဇီးကွက်နှင့်စာတစ်စောင်လောက် မပို့လိုက်တာလဲ မင်းတို့မှာ ဇီးကွက်တစ်ကောင်တော့ရှိမှာပေါ့. . ."

ပရော်ဖက်ဆာမက်ဂွန်နာဂေါက ဟယ်ရီ့ကိုအေးစက်စွာပြောလိုက်သည်။

ဟယ်ရီပါးစပ်အဟောင်းသားနှင့် သူမကိုကြည့်လိုက်မိ၏။ ယခုသူမပြောသည့်အချက်မှာ သူတို့လုပ်သင့်သော ကိစ္စတစ်ခုဖြစ်ကြောင်း ငြင်းမရအောင်လယ်ပြင်မှာဆင်သွားသလို ထင်ရှားလွန်းနေသည်။

"ကျွန်တော်. . . ကျွန်တော် မတွေးမိခဲ့. . ."

"ဒီလောင်တောင် မတွေးမိကြဘူး. . . ဟုတ်လား" ဟု ပရော်ဖက်ဆာမက်ဂွန်နာဂေါက ပြောလိုက်၏။

ရုံးခန်းတံခါးခေါက်သံ တစ်ချက်ကြားလိုက်ရပြီး တံခါးပွင့်သွားစဉ် စနိပ်မှာ နဂိုကထက်ပို၍ ပျော်ရွှင်သွားသည့်ပုံရှိသည်။ တံခါးဝတွင်ရပ်နေသူကား ကျောင်းအုပ်ကြီးဒမ်ဘယ်ဒိုးပင်ဖြစ်လေသည်။

ဟယ်ရီ၏ခန္ဓာကိုယ်တစ်ခုလုံး ထုံကျင်သွား၏။ ပရော်ဖက်ဆာကြီး ဒမ်ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဒိုး၏မျက်နှာမှာ ခါတိုင်းကဲ့သို့မဟုတ်ဘဲ စိတ်ထိခိုက်နေပုံပေါ်သည်။ သူကနှာခေါင်းကောက်ကောက်ကြီးကို အောက်နှိမ့်ပြီး သူတို့ကိုစိုက်ကြည့်လိုက်စဉ် ဟယ်ရီမှာသူနှင့်ရွန်သည် မိုးမခပင်ကြီး၏လက်ချက်ဖြင့် တစ်ခါတည်းပွဲချင်းပြီး သေသွားခဲ့လျှင် အကောင်းသားဟု ဆုတောင်းမိလေသည်။ အခန်းထဲ၌ တိတ်ဆိတ်ခြင်းက အချိန်အတန်ကြာစိုးမိုးထား၏။ ထို့နောက် ဒမ်ဘယ်ဒိုးက

"မင်းတို့ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတာ တဆိတ်လောက်ရှင်းပြပါဦး" ဟုပြောလိုက်သည်။

သူအော်ငေါက်လိုက်တာကမှ ပိုကောင်းဦးမည်။ ဒမ်ဘယ်ဒိုး၏စကားသံထဲ၌ အထင်းသားပေါ်လွင်နေသော စိတ်ပျက်နေမှုကို ဟယ်ရီမနှစ်သက်ချေ။ အကြောင်းကြောင်းကြောင့် ဟယ်ရီသည် ဒမ်ဘယ်ဒိုးကိုမျက်လုံးချင်းမဆိုင်ရဲဘဲ သူ့ဒူးခေါင်းများကိုသာ ငုံ့ကြည့်ပြီးပြောနေရ၏။

ဟယ်ရီသည် ပါမောက္ခကြီးဒမ်ဘယ်ဒိုးအား အရာအားလုံးကိုပြောပြသော်လည်း မှော်ပညာဖြင့်ဖန်တီးထားသောကားကို မစ္စတာဝီစလေပိုင်ဆိုင်သည်ဆိုသည့်အချက်ကိုမူ ချန်လှပ်ထားခဲ့သည်။ ထိုအစားသူနှင့်ရွန်တို့သည် ဘူတာရုံအပြင်ဘက်၌ရပ်ထားသော ကားပျံတစ်စီးကိုအမှတ်မထင် တွေ့ရှိခဲ့ကြသည်ဟု လိုးလွှဲပြောဆိုလိုက်၏။ ထိုအကြောင်းကို ဒမ်ဘယ်ဒိုးချက်ချင်းရိပ်စားမိမည်ဖြစ်ကြောင်း ဟယ်ရီသိသော်လည်း ပရော်ဖက်ဆာကြီးက ကားနှင့်ပတ်သက်၍ တလုံးတပါဒမျှ မမေးချေ။ ဟယ်ရီရှင်းပြ၍ပြီးသွားသောအခါ ဒမ်ဘယ်ဒိုးက သူ့မျက်မှန်၏ နောက်ကွယ်မှ ဟယ်ရီတို့ကို သေသေချာချာနီးကပ်စွာ စိုက်ကြည့်နေလေသည်။

"ငါတို့ရဲ့ပစ္စည်းတွေ သွားယူကြရင်ကောင်းမယ်"



ရွန်က မျှော်လင့်ချက်ကင်းမဲ့နေသောလေသံဖြင့် ပြောလိုက်၏။

"မင်းဘာတွေပြောနေတာလဲ ဝီစလေ" ဟု ပရော်ဖက်ဆာမက်ဂွန်နာဂေါက သူ့ကိုမာန်မဲလိုက်သည်။

"ဟင်. . . ဆရာမကြီးတို့က ကျွန်တော်တို့နှစ်ယောက်ကို ကျောင်းထုတ်ပစ်တော့မှာမဟုတ်ဘူးလား"ဟု ရွန်ကပြန်မေးလိုက်၏။

ဟယ်ရီက ဒမ်ဘယ်ဒိုး၏မျက်နှာကို ကပျာကယာလှမ်းကြည့်လိုက်သည်။

"ဒီနေ့တော့ ကျောင်းကမထုတ်သေးပါဘူး ဝီစလေ. . . ဒါပေမယ့် မင်းတို့လုပ်ရပ်ရဲ့နောက်ကွယ်က ကျောင်းအပေါ် အလေးအနက်ထားမှုအတွက်တော့ မင်းတို့နှစ်ယောက်စလုံးကို ငါလေးစားပါတယ်။ ငါ ဒီညမင်းတို့နှစ်ဦးစလုံးရဲ့ မိသားစုတွေဆီ စာရေးမယ်. . . တကယ်လို့ ဒီလိုအမှားမျိုးနောက်တစ်ကြိမ်ထပ်ပြီး ကျူးလွန်ခဲ့မယ်ဆိုရင်တော့ ငါမင်းတို့ကို ကျောင်းထုတ်ပစ်ဖို့ကလွဲပြီး တစ်ခြားရွေးချယ်စရာနည်းလမ်းမရှိတော့ဘူးဆိုတာကိုလည်း သတိပေးရလိမ့်မယ်"

စနိပ်မှာ သူ့အားပါးတရမျှော်လင့်ထားသော ခရစ်စမတ်ကို ဖျက်သိမ်းပြီဟု ပြောသံကိုကြားလိုက်ရသကဲ့သို့ ဖြစ်သွား၏။ သူက လည်ချောင်းရှင်းလိုက်ပြီး

"ပရော်ဖက်ဆာကြီးဒမ်ဘယ်ဒိုး. . ဒီကောင်လေးတွေဟာ အရွယ်မရောက်သေးတဲ့ စုန်းကဝေများအား ကန့်သတ်တားမြစ်ထားတဲ့ ဥပဒေနဲ့ငြိစွန်းနေတဲ့အပြင် အဖိုးထိုက်တန်လှတဲ့ မိုးမခပင်ကြီးကိုလည်း အကြီးအကျယ်ထိခိုက်ပျက်စီးအောင် လုပ်ခဲ့ကြတာပါ. . . ဒီလိုအပြုအမူမျိုးနဲ့ပတ်သက်ပြီး ကျိန်းသေ. ."

"ဒီအတွက် ကောင်လေးတွေကို ဘယ်လိုအပြစ်ဒဏ်ပေးရမယ်ဆိုတာ ပရော်ဖက်ဆာမက်ဂွန်နာဂေါက ဆုံးဖြတ်ပါလိမ့်မယ်. . . သူတို့ဟာပရော်ဖက်ဆာမက်ဂွန်နာဂေါ်ရဲ့ အဆောင်ကဖြစ်တဲ့အတွက် သူ့မှာပဲတာဝန်ရှိပါတယ်" ဟု ပါမောက္ခကြီးဒမ်ဘယ်ဒိုးက တည်ငြိမ်စွာပြောလိုက်၏။ ထို့နောက် သူသည် ပရော်ဖက်ဆာမက်ဂွန်နာဂေါ်ဘက်သို့လှည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ငါ စားသောက်ပွဲကိုပြန်ရဦးမယ်. . . မင်နာဗာ။ အဲဒီမှာ ဆောင်ရန်ရှောင်ရန်အချက်တွေ ပြောစရာရှိနေသေးတယ်။ လာ. . . ဆီးဗားရက်၊ အရသာရှိပုံရတဲ့ အချိုမုန့်ကို ငါသွားမြည်းစမ်းကြည့်ချင်တယ်"

စနိပ်ကရုံးခန်းထဲမှ ထွက်သွားစဉ် ဟယ်ရီနှင့်ရွန်တို့ကို မကျေမချမ်းနှင့် ကြည့်သွားပြီး သူတို့နှစ်ယောက်အား ပရော်ဖက်ဆာမက်ဂွန်နာဂေါနှင့်ထားခဲ့၏။ ပရော်ဖက်ဆာမက်ဂွန်နာဂေါကတော့ ဟယ်ရီတို့နှစ်ယောက်ကို ဒေါ်သူပုန်ထနေသည့် လင်းယုန်တစ်ကောင်လို သေသေချာချာစိုက်ကြည့်နေလေသည်။

"မင်းကျောင်းဆေးရုံကို သွားတက်ရင်ကောင်းမယ် ဝိစလေ၊ မင်းဒဏ်ရာက သွေးတွေ အရမ်းထွက်နေပြီ. . ."

"ဒဏ်ရာက သိပ်မများပါဘူး" ရွန်က သူ့မျက်လုံးကို အင်္ကျီလက်စဖြင့် ပွတ်လိုက်ရင်းချိုတုံချတုံနှင့် ပြောလိုက်၏။

"ပရော်ဖက်ဆာ. . ကျွန်တော့်ညီမ အဆောင်ရွေးချယ်ခံရတာကို သွားကြည့်ချင်တယ်"

"အဆောင်ရွေးချယ်ပွဲအခမ်းအနားက ပြီးသွားပြီ. . . မင်းညီမလည်း ဂရစ်ဖင်ဒေါ်အဆောင်မှာပဲ နေရမယ်" ဟု ပရော်ဖက်ဆာမက်ဂွန်နာဂေါက ပြောလိုက်သည်။

"ဟာ. . ကောင်းလိုက်တာ" ဟု ရွန်ကပြောလိုက်၏။

"အင်း. . . ဂရစ်ဖင်ဒေါ်အဆောင်အတွက်ပြောရရင်. . ."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ပြတ်သားစွာစကားစလိုက်သည်။ သို့ရာတွင် ဟယ်ရီက သူ့စကားကိုဖြတ်လိုက်ပြီး

"ပရော်ဖက်ဆာ. . . ကျွန်တော်တို့ကားကို ယူလာတုန်းက စာသင်နှစ်မစသေးဘူး. . . ဒါ. . . ဒါကြောင့် ဂရစ်ဖင်ဒေါ်အဆောင်က အဲဒီကိစ္စအတွက် တကယ်အမှတ်မဖြတ်ဘူးမဟုတ်လား၊ ဖြတ်မှာလားဟင်. . ."

ဟယ်ရီစကားဆုံးသည်နှင့် သူမကိုမျှော်လင့်တကြီးကြည့်လိုက်၏။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူ့ကိုစူးစူးရဲရဲစိုက်ကြည့်လိုက်သည်။ သို့ရာတွင် သူမပြုံးတော့မလိုဖြစ်သွားသည်ကို ဟယ်ရီသေချာသိသည်။ သူမ၏နှုတ်ခမ်းက အနည်းငယ်ပြေလျော့သွားသလိုပင်။

"ငါ. . . ဂရစ်ဖင်ဒေါ်အဆောင်က တစ်မှတ်မှမဖြတ်ပါဘူး" ဟု သူမက ပြောလိုက်စဉ် ဟယ်ရီ့ရင်ထဲ၌ သိသိသာသာကြီး ပေါ့သွား၏။

"ဒါပေမယ့် မင်းတို့နှစ်ယောက်စလုံး အပြစ်ဒဏ်ခံယူရလိမ့်မယ်"

အခြေအနေက ဟယ်ရီမျှော်လင့်ထားသည်ထက်ပင် ပို၍ကောင်းနေသေးသည်။ ဒမ်ဘယ်ဒိုးက ဒါစလေမိသားစုထံစာရေးလည်း အကြောင်းထူးမည်မဟုတ်ပါ။ မိုးမခပင်ကြီးက သူ့ကိုစိစိညက်ညက်ကြေအောင် မခြေပစ်လိုက်သည့်ကိုပင် သူတို့စိတ်ပျက်မိကြလိမ့်မည်ဖြစ်ကြောင်း ဟယ်ရီကောင်းစွာသဘောပေါက်သည်။

ပရော်ဖက်ဆာမက်ဂွန်နာဂေါက သူမ၏ဆေးတောင်ဝှေးကို ထပ်မြှောက်လိုက်ပြီး စနိပ်၏ စားပွဲခုံကို ချိန်ရွယ်လိုက်၏။ ဆင်းဒဝစ်ချ်များထည့်ထားသည့် ပန်းကန်ကြီးတစ်ချပ်၊ ငွေရေတကောင်းနှစ်လုံးနှင့် ရေခဲစိမ်ရွှေဖရုံသီးဖျော်ရည်တစ်ကရားတို့က 'ပလွတ်'ခနဲပေါ်လာကြသည်။

"မင်းတို့ ဒီမှာစားကြ၊ ပြီးရင် မင်းတို့ရဲ့ အိပ်ဆောင်ဆီကို တန်းတန်းမတ်မတ်ပြန်၊ ငါစားသောက်ပွဲကို ပြန်သွားရဦးမယ်" ဟု သူမက ပြောလိုက်၏။

ပရော်ဖက်ဆာမက်ဂွန်နာဂေါထွက်သွားပြီး တံခါးပိတ်သွားသောအခါ ရွန်က ခပ်တိုးတိုးလေး လေချွန်နေလေသည်။ သူကဆင်းဒဝစ်တစ်ခုကို ဖိုးဖိုးဖေါ်ဖတ်လှမ်းယူရင်း

"ငါတော့ ကျောင်းထုတ်ခံရပြီလို့ ထင်ထားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ငါလည်းဒီအတိုင်းပဲ" ဟု ဟယ်ရီကပြောရင်း သူလည်းဆင်းဒ ဝစ်တစ်ခုကို လှမ်းယူလိုက်၏။

"ဒါပေမယ့် မင်းငါတို့ရဲ့ ကံကြမ္မာကို ယုံကြည်လို့ရနိုင်လား. . ." ဟု ရွန်က မေးရင်း ကြက်သားနှင့် ဝက်ပေါင်ခြောက်ကို ပါးစပ်ထဲသို့လောဘတကြီးထည့် လိုက်သည်။

"ဖရက်နှင့် ဂျော့ဆိုရင်အဲဒီကားကို ယူမောင်းတာ ခြောက်ခါ၊ ခုနစ်ခါ လောက်ရှိပြီ။ ဘယ်မတ်ဂယ်မှ သူတို့ကိုမတွေ့ခဲ့ကြဘူး. . . ငါတို့ဘာလို့ အရဲ အတားကို ဖြတ်လို့မရတာလဲ မသိဘူးနော်"

သူက ပါးစပ်ထဲမှဟာကို မျိုချလိုက်ပြီး မုန့်ကိုနောက်တစ်ကိုက် အားရပါးရ ကိုက်လိုက်၏။

ဟယ်ရီက ပခုံးတွန့်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် အခုအချိန်ကစပြီး ခြေလှမ်းတစ်ချက်မမှားအောင် ငါတို့ သတိထားရတော့မယ်။ ငါတို့စားသောက်ပွဲ သွားခွင့်ရရင် ကောင်းမယ်ကွာ. . ." ဟုပြောရင်း ရွှေဖရုံသီးဖျော်ရည်ကို တစိမ့်စိမ့်ဇိမ်ဆွဲပြီး သောက်နေလေသည်။

"ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ငါတို့ကို လူတွေမတွေ့စေချင်သေးဘူးကွ၊ ကားပျံနဲ့ရောက်လာတာကို အားကျစရာလို့ လူတွေမထင်မှတ်စေချင်တာလည်း ပါတယ်"

သူတို့နှစ်ယောက်သည် ဆင်းဒဝစ်များကို စားနိုင်သလောက်နင်းကန်စားပြီး (ပန်းကန်ထဲမှ ဆင်းဒဝစ်ကပြန်ပြန်ပြည့်လာလေ့ရှိသည်)သောအခါ စားပွဲမှထကာ ရုံးခန်းထဲမှ ထွက်လာခဲ့ကြပြီး သူတို့နှင့်အကျွမ်းတဝင်ရှိသော ဂရင်ဖင်ဒေါမျော်စင် သို့သွားသည့်လမ်းကိုမှန်းဆ၍ လာခဲ့ကြသည်။ သူတို့သည် တီးတိုးပြောနေသော ပုံတူပန်းချီကားချပ်များနှင့် တကျွီကျွီမြည်နေသော သံချပ်ဝတ်စုံများကို ဖြတ်



လျှောက်လာခဲ့ကြပြီး ကျဉ်းမြောင်းသောကျောက်တုံးလှေကားထစ်များကို တစ်ထစ် ချင်းတက်လာခဲ့ကြသည်။ နောက်ဆုံးတွင် ဂရင်ဖင်ဒေါမျော်စင်၏ လျှို့ဝှက်ဝင် ပေါက်ကိုဖုံးကွယ်ထားသော ပန်းနုရောင်ဝတ်ဆင်ထားသော အလွန်ဝသည့် မိန်းမ တစ်ယောက်၏ ဆီဆေးပုံတူပန်းချီကားရှေ့ရှိ လူသွားစင်္ကြံဆီသို့ ရောက်လာခဲ့ ကြ၏။

"စကားဝှက်"

တံခါးရှေ့သို့ရောက်သွားသည့်အခါ ထိုအမျိုးသမီးက မေးလိုက်၏။

"အဲ. . ."

ဂရင်ဖင်ဒေါမျော်စင်၏ အကြီးအကဲနှင့် မတွေ့ရသေးသောကြောင့် ယခုနှစ် သစ်၏ စကားဝှက်ကိုသူတို့မသိကြသေးချေ။ အကူအညီပေးမည့်သူက ချက်ချင်း ဆိုသလိုပေါ်ပေါက်လာ၏။ သူတို့၏အနောက်ဖက်မှ ခပ်သုတ်သုတ်နှင့်လျှောက် လာသော ခြေသံကိုကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ကြရာ သူတို့ထံသို့ ကသောကမျောလျှောက်လာသော ဟာမီယွန်ကိုတွေ့လိုက်ရလေသည်။

"သြော်. . နင်တို့ကိုး. . . နင်တို့ ဘယ်ရောက်နေကြလဲ. . နင်တို့အကြောင်း ကောလဟာလတွေကြားရတာ အရမ်းရယ်စရာကောင်းတယ်. . . ကားပျံနဲ့တိုက် တဲ့ အမှုကြောင့် နင်တို့ကျောင်းထုတ်ခံလိုက်ရပြီလို့ ပြောနေကြလေရဲ့. ."

"ဟာ. . . ငါတို့ကျောင်းအထုတ်မခံရပါဘူး" ဟု ဟယ်ရီကသူမကို အလေး အနက်ပြောလိုက်၏။

"နင်တို့ ဒီကိုပျံလာကြတာလားဆိုတာ ငါ့ကိုမပြောရသေးဘူးနော်"

ဟာမီယွန်က ပရော်ဖက်ဆာမက်ဂွန်နာဂေါ၏လေသံမျိုးနှင့် ပြောလိုက် သည်။ ရွန်ကစိတ်မရှည်တော့ဘဲ

"လက်ချာတွေလာပေးမနေနဲ့ဟာ. . . ငါတို့ကိုစကားဝှက်အရင်ပြောပြ စမ်းပါ" ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဝက်တဲလ်ဘတ်. . . ဒါပေမယ့်အဲဒါက အဓိကမကျပါဘူး” ဟု ဟာမီယွန်ကလည်း စိတ်မရှည်စွာပြန်ပြောလိုက်သည်။

သူမ၏စကားလုံးများက တိုရှင်း၍ပြတ်သားလှသည်။ မည်သို့ပင်ဖြစ်စေကာမူ မိန်းမဝကြီး၏ ပုံတူပန်းချီကားတံခါးပွင့်သွားပြီးသည်နှင့်တစ်ပြိုင်နက် လက်ခုပ်သြဘာသံများက မုန်တိုင်းတိုက်ခတ်သလို တဖြောင်းဖြောင်းနှင့် ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။ ကြည့်ရသည်မှာ ဂရစ်ဖင်ဒေါ်တစ်ဆောင်လုံး မအိပ်သေးဘဲ ဟယ်ရီတို့ကိုစောင့်ဆိုင်းနေကြပုံရသည်။ စက်ဝိုင်းပုံစုပေါင်းနားနေခန်းထဲတွင် လူများပြည့်နေပြီး တစ်ဖက်စောင်းစားပွဲများ၊ အိစက်နေသည့် လက်တင်ကုလားထိုင်များပေါ်တွင်တက်ရပ်ကာ သူတို့အလာကိုစောင့်မျှော်နေကြ၏။ ဟယ်ရီနှင့်ရွန်တို့ကို ပုံတူပန်းချီကားတံခါးပေါက်မှဆွဲသွင်းရန် လက်တွေက အလျှိုလျှိုပေါ်လာကြသည်။ ဟာမီယွန်ကိုမူ ဟယ်ရီတို့နောက်မှဝင်ရန် ချန်ထားခဲ့ကြ၏။

“ပြောင်မြောက်တယ်ကွယ်. . ” ဟု လီဂျော်ဒန်က ထအော်လိုက်သည်။

“အံ့မခန်း အပျံ့စားပဲ”

“လူတွေက ဒီအကြောင်းကို နောင်နှစ်ပေါင်းများစွာတိုင်အောင် တဖွဖွနဲ့ ပြောလို့ဆုံးမှာမဟုတ်ဘူး” ဟု ဟယ်ရီနှင့် တစ်ခါမှစကားမပြောဘူးသော ပဉ္စမနှစ်ကျောင်းသားတစ်ယောက်က ပြောလိုက်၏။ တစ်စုံတစ်ယောက်က သူ့အားမာရသွန်ပြိုင်ပွဲ၌ အနိုင်ရခဲ့သူတစ်ယောက်အလား နောက်ကျောကိုရင်းရင်းနှီးနှီး ပုတ်လိုက်သည်။ ဖရက်နှင့် ဂျော့တို့က လူအုပ်ကြားထဲမှ ထိုးထွက်လာပြီး

“မင်းတို့က ငါတို့ကိုဘာလို့ လာပြန်မခေါ်နိုင်ရတာလဲကွ” ဟု ပြိုင်တူပြောလိုက်ကြ၏။

ရွန်၏မျက်နှာမှာ ကြက်သွေးရောင်သို့ပြောင်းသွားပြီး စိတ်ကသိကအောက်ဖြစ်စွာ ပြုံးဖြဲဖြဲလုပ်နေသည်။ သို့ရာတွင် လုံးဝမပျော်ရွှင်နိုင်၊ မပြုံးရွှင်နိုင်ဖြစ်နေသူ



တစ်ယောက်ကို ဟယ်ရီတွေ့လိုက်ရ၏။ စိတ်လှုပ်ရှားနေကြသော ပထမနှစ်ကျောင်းသားအချို့၏ ဦးခေါင်းများပေါ်မှ ကျော်၍ပါစီကိုမြင်နိုင်ပြီး သူသည်ဟယ်ရီနှင့် ရွန့်ကိုဆူပူကြိမ်းမောင်းရန် ဟန်ပြင်နေရင်းသူတို့အနားသို့တိုးလာနေသည်။ ဟယ်ရီသည်ရွန်၏နံကြားကို တံတောင်ဖြင့်တွက်ပြီး သူတို့ဆီဦးတည်လာနေသည့် ပါစီကိုမေးငေါ့ပြလိုက်၏။ ရွန်ကလည်း ချက်ချင်းပင်သဘောပေါက်သည်။

“အပေါ်တက်တော့မယ်ကွာ”

အခန်း၏အခြားတစ်ဖက်ရှိတံခါးပေါက်သို့ သူတို့နှစ်ယောက် လူအုပ်ကြားထဲမှ တိုးထွက်လာခဲ့ကြသည်။

“ကောင်းသောညပဲဟေ့. . . ”

ဟယ်ရီက ပါစီလိုပင် သူတို့ကိုမျက်မှောင်ကြုတ်ပြီးကြည့်နေသည့် ဟာမီယွန်ကို နောက်ပြန်လှည့်ပြီးအော်ဟစ်နှုတ်ဆက်လိုက်သည်။

ဟယ်ရီနှင့်ရွန်တို့သည် ကျောပြင်ကိုတဖျတ်ဖျတ်နှင့် အရိုက်ခံနေရသည့်ကြားမှ စုပေါင်းနားနေခန်း၏ အခြားတစ်ဖက်သို့ ကြိုးစားပန်းစား ထွက်လာခဲ့ကြ၏။ သူတို့လှေကားရှိရာသို့ရောက်မှ ငြိမ်းချမ်းမှုကို ရရှိခံစားရတော့သည်။ သူတို့နှစ်ယောက်သည် လှေကားထိပ်သို့ တဟုန်ထိုးပြေးတက်လာခဲ့ကြပြီး နောက်ဆုံးတွင် သူတို့၏ ယခင်အိပ်နေကျ အိပ်ဆောင်တံခါးရှေ့သို့ ရောက်လာခဲ့ကြသည်။ ယခုအခါ တံခါးဘက်၌ ‘ဒုတိယနှစ်ကျောင်းသားများ’ဟု ဆိုင်းဘုတ်ပြောင်းချိတ်ထား၏။ သူတို့၏သေတ္တာများသည်ပင် ကုတင်ခြေရင်း၌ နေသားတကျ ရောက်နှင့်နေကြပြီဖြစ်၏။

ရွန်က အပြစ်ရှိသူတစ်ယောက်လို ဟယ်ရီ့ကိုပြုံးစိစိနှင့် ကြည့်လိုက်သည်။

“ဒီကိစ္စ ဒါမှမဟုတ် ဒီလိုမျိုး တစ်ခြားအရာတွေအပေါ် မသာယာသင့်ဘူးဆိုတာ ငါသိပါတယ်. . ဒါပေမယ့်. . . ”

ထိုစဉ် အိပ်ဆောင်တံခါးက ဖွင့်ခနဲပွင့်သွားပြီး ဂရစ်ဖင်ဒေါ်အဆောင်မှ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ်ကျောင်းသားအချို့ ဝင်လာကြ၏။ ထိုသူများမှာ ရှေ့မတ်ဖင်နီဂန်၊ ဒင်းသောမတ်စ်နှင့် နယ်ဗီလီလောင်းဘော့တွန်တို့ပင်တည်း။

"မယုံနိုင်စရာပဲ" ဟု ရှေးမတ်က ပျော်ရွှင်မြူးကြွစွာပြုံးရင်း ပြောလိုက်၏။

"မိုက်တယ်ကွာ" ဟု ဒင်းကပြောလိုက်ပြီး

"အံ့မခန်းပါပဲ" ဟု နယ်ဗီလီက လေးစားကြောက်ရွံ့စွာပြောလိုက်သည်။ ဟယ်ရီမနေနိုင်တော့ဘဲ သူလည်းပြုံးလိုက်မိလေသည်။

❑

အခန်း (၆)

---

## မိစ္ဆာနှိမ်နင်းရေးဆရာသစ်၏ အုကြောင်ကြောင်သင်ခန်းစာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ဟယ်ရီအတွက် တစ်ကြိမ်လောက်ပြုံးနိုင်ရန်အတွက်ပင် အခွင့်အရေးက ပါးလျလွန်းနေ၏။ အဆင်မပြေမှုများမှာ ခန်းမကြီးအတွင်း၌ နံနက်စာစားနေစဉ် စတင်ပေါ်ပေါက်လာခဲ့သည်။

မှော်ပညာဖြင့်ဖန်တီးထားသော မျက်နှာကျက်(ယနေ့တိမ်ထူကာ မိုးခိုးရောင်ဖွံ့ဖြိုးနေ၏)အောက်တွင် အဆောင်လေးခု၏ စားပွဲရှည်ကြီးလေးလုံးမှာ ဆန်ပြုတ်ပန်းကန်စောက်များ၊ ငါးခြောက်ပန်းကန်ပြား၊ တောင်လိုပုံနေသော ပေါင်မုန့်မီးကင်များ၊ ကြက်ဥနှင့်ဝက်ပေါင်ခြောက်ဟင်းပန်းကန်များဖြင့် ဝန်ပိနေကြသည်။

ဟယ်ရီနှင့်ရွန်တို့သည် ဂရစ်ဖင်ဒေါ်အဆောင်စားပွဲရှိ ဟာမီယွန်နီဘေးတွင် ဝင်ထိုင်လိုက်ကြ၏။ ဟာမီယွန်က သူမ၏ 'သွေးစုတ်ဖုတ်ကောင်များနှင့် ရေကြောင်းခရီး'စာအုပ်ကို နို့ကရားနှင့်မှေးတင်ကာဖွင့်ထား၏။ မသိမသာကလေးတင်းမာနေသည့်သူမ၏ 'မင်္ဂလာနံနက်ခင်းပါ'ဟု နှုတ်ဆက်လိုက်သံက ကျောင်းသို့ ဟယ်ရီကားပျံဖြင့် ရောက်လာခဲ့သည့်ကိစ္စကို သူမ မကျေမနပ်ဖြစ်နေသေးကြောင်း ဖော်ပြလျှက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နယ်ဗီလီလောင်းဘော့တွန်ကမူ ဟယ်ရီနှင့်ရွန်တို့ကို ပျော်ရွှင်မြူး ကြွစွာနှုတ်ဆက်လိုက်သည်။ နယ်ဗီလီသည် မတော်တဆထိခိုက်မှုများကို တစ်နည်းမဟုတ် တစ်နည်း ကြုံတွေ့နေတတ်သော မျက်နှာဝိုင်းဝိုင်းနှင့် ကောင်လေးဖြစ်ပြီး ဟယ်ရီတွေ့ဖူးသမျှလူတွေထဲတွင် ဉာဏ်အထိုင်းဆုံးဟု ဆိုရမည်။

"စာပို့ချိန်ရောက်တော့မယ်. . . 'အဖွား'က ငါမေ့နေတာလေးတွေ ပို့ပေးလိုက်မယ်ထင်တယ်"

သူတို့၏ဦးခေါင်းထက်မှ အရှိန်အဟုန်ဖြင့် ပျံသန်းလာသည့် အသံများကို ကြားလိုက်ရပြီး အကောင်တစ်ရာ (သို့မဟုတ်)ထိုထက်ပိုများသော ဇီးကွက်များသည် ခန်းမကြီးထဲတွင် ဝဲပျံလာပြီး တွတ်ထိုးနေကြသော လူအုပ်ထဲသို့စာများနှင့် အထုပ်အပိုးများကို ပစ်ချပေးနေစဉ် ဟယ်ရီခမျာသူ့ဆန်ပြုတ်ပန်းကန်ကိုသာ ငေးစိုက်ကြည့်နေရသည်။

ကြီးမားဖောင်းကားနေသော ပါဆယ်ထုပ်ကြီးတစ်ထုပ်က နယ်ဗီလီ၏ ခေါင်းပေါ်သို့ တစ်ရှိန်ထိုး ပြုတ်ကျလာ၏။ နောက် တစ်စက္ကန့်မျှကြာသောအခါ ကြီးမားသော မီးခိုးရောင် တစ်စုံတစ်ရာက ဟာမီယွန်၏ ကရားခွက်ထဲသို့ ပြုတ်ကျလာပြန်သဖြင့် သူတို့အားလုံး နို့စက်များနှင့် ငှက်မွေးများ စင်ကုန်ကြသည်။

"အယ်ရို" ဟု ရွန်ကအော်လိုက်ပြီး မိုးရေနှင့် ရွှံ့များကြောင့် ညစ်ပတ်ပေရေနေသည့် ဇီးကွက်ကို ခြေထောက်မှကိုင်ကာ နို့ကရားထဲမှ ဆွဲမြောက်ယူလိုက်၏။ အယ်ရိုမှာ ရုတ်တရက် ပြုတ်ကျလာသဖြင့် စားပွဲပေါ်တွင် သတိလစ်နေသည်။ သူ့ခြေထောက်များက လေထဲတွင် ထောင်နေပြီး စိုထိုင်းထိုင်းဖြစ်နေသည့် အနီရောင်စာအိတ်တစ်အိတ်ကို နှုတ်သီးဖြင့် ကိုက်ထား၏။

"ဟိုက်. . . သွားပါပြီ"

ရွန်က အသက်ပင်မရှူနိုင်ဘဲ ပြောလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဟ။ အခု သူအသက်ရှင်နေသေးတာပဲ"



ဟာမီယွန်က အယ်ရို့ကို သူမ၏ လက်ချောင်းထိပ်ကလေးဖြင့် အသာအယာတို့ထိကြည့်ရင်း ပြောလိုက်၏။

"ငါ သူ့ကို ပြောတာမဟုတ်ဘူး. . . စာအိတ်ကိုပြောတာ"

ရွန်က အနီရောင်စာအိတ်ကို ညွှန်ပြရင်း ပြောလိုက်သည်။ ထိုစာအိတ်မှာ ဟယ်ရီ့အတွက်မှာတော့ သာမန်စာအိတ်အတိုင်းပင်။ သို့ရာတွင် ရွန်နှင့် နယ်ဗီလီတို့ကမူ စာအိတ်ကို အချိန်မရွေး ထပေါက်တော့မည့် ဗုံးတစ်လုံးလို ဝိုင်းကြည့်နေကြ၏။

"ဘာဖြစ်လို့လဲ"ဟု ဟယ်ရီက မေးလိုက်သည်။

"အမေ. . . အမေက ငါ့ဆီကို ဆုံးမစာ (ဟောင်လာ)ပို့လိုက်လို့ကွ" ဟု ရွန်က လေသံတိုးတိုးလေးဖြင့် ပြောလိုက်၏။

"မင်းဖွင့်ကြည့်လိုက်ရင် ပိုကောင်းမယ် ရွန်။ ဖွင့်မကြည့်ရင် ပိုဆိုးသွားလိမ့်မယ်။ ငါ့အဖွားလည်း ငါ့ဆီကို ဒီလိုမျိုးတစ်စောင် ပို့ဖူးတယ်။ ငါလည်း အဲဒီစာအိတ်ကို ဂရုမစိုက်ဘဲထားလိုက်တာ. . . တကယ်ကို ကြောက်စရာကောင်းတယ်ကွာ"

နယ်ဗီလီကလည်း ကြောက်လန့်နေပုံရသော လေသံတိုးတိုးလေးဖြင့် ဝင်ပြောလိုက်သည်။

ဟယ်ရီက သူတို့နှစ်ယောက်၏ ကြောက်ရွံ့ထိတ်လန့်နေသော မျက်နှာများကို တလှည့်၊ အနီရောင်စာအိတ်ကို တလှည့် ကြည့်လိုက်ပြီးနောက်

"ဆုံးမစာဆိုတာ ဘာလဲ" ဟု မေးလိုက်၏။

သို့ရာတွင် ရွန်၏စိတ်အာရုံတစ်ခုလုံးက စာအိတ်ပေါ်သို့သာရောက်နေသည်။ ထိုစဉ် စာအိတ်၏ထောင့်စွန်းများမှ မီးခိုးများ စတင်ထွက်ပေါ်လာသည်။

"ဖွင့်ကြည့်လိုက်ပါကွာ. . . မိနစ်အနည်းငယ်အတွင်း အားလုံးပြီးသွားမှာပါ. . ."ဟု နယ်ဗီလီက တိုက်တွန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်သည် တုန်ယင်နေသည့်လက်တစ်ဖက်ကို ဆန့်၍ အယ်ရှီ၏နှုတ်သီးကြားမှ စာအိတ်ကို ဆွဲယူကာ ဖွင့်လိုက်၏။ နယ်ဗီလီမှာ သူ၏လက်ချောင်းများကို နားရွက်များထဲသို့ ထိုးထည့်ကာ ပိတ်ထားသည်။ မျက်တောင်တခတ်မျှကြာသောအခါ သူတို့ ဘာကြောင့် ဇီလောက်ကြောက်နေရသလဲဆိုတာကို ဟယ်ရီနားလည်သွားသည်။ တခဏအကြာတွင် စာအိတ်မှာ ထပေါက်ကွဲရာမှ ထွက်ပေါ်လာသော အသံနက်ကြီးက ကြီးမားလှသောခန်းမဆောင်ကြီးတစ်ခုလုံးကိုပင် ဖုံးလွှမ်းသွားပြီး ခန်းမဆောင်တစ်ခုလုံး တုန်ခါသွားသဖြင့် မျက်နှာကျက်မှ အမှုန်များပင် ကျလာလေသည်။

"...ကားကို ခိုးသွားတယ်...သူတို့က နင့်ကိုကျောင်းထုတ်ပစ်မယ် ဆိုရင်လည်း ငါမအံ့ဩဘူး"

မစ္စစ်ဝီစလေ၏ အော်ဟစ်ကြိမ်းမောင်းသံက ခါတိုင်းထက် အဆတစ်ရာလောက် ပိုကျယ်သဖြင့် စားပွဲပေါ်ရှိ ပန်းကန်ပြားများနှင့် ဇွန်းများကို အဆက်မပြတ် လှုပ်ရမ်းနေစေပြီး နားများပင် အူသွားစေနိုင်လောက်အောင် ပဲ့တင်သံများက ကျောက်သားနံရံများကို ရိုက်ခတ်ကာ မနားတမ်းထွက်ပေါ်နေ၏။

ခန်းမကြီးတစ်ခုလုံးထဲရှိ လူများက ဆုံးမစာ (ဟောင်လာ)ကို လက်ခံရရှိသူကို ကြည့်ရှုရန် လေးဘက်လေးတန် ပတ်ပတ်လည် ဝိုင်းလာကြသဖြင့် ရွှန်က သူ့ခေါင်းကို အစွမ်းကုန်ငုံ့ထားရာ ကြက်သွေးရောင်ဖြစ်နေသော သူ့နဖူးကိုသာ မြင်နေရသည်။

"...မနေ့ညက ဒမ်ဘယ်ဒိုးဆီက စာရတယ်။ နင့်အဖေကတော့ ရှက်လွန်းလို့ သေတော့မယ်ထင်တယ်။ ဒီလိုမျိုးလုပ်ဖို့ နင့်ကို ငါတို့မွေးမြူထိန်းကျောင်းခဲ့တာမဟုတ်ဘူး။ နင်ရော ဟယ်ရီပါ သေသွားနိုင်တယ် သိလား ..."

ဟယ်ရီမှာ သူ့နာမည်ကို ရုတ်တရက်ကြားလိုက်ရသဖြင့် ထိတ်ကနဲဖြစ်သွားသည်။ ဟယ်ရီသည် သူ၏နားစည်ကို ရိုက်ခတ်နေသော အသံကြီးကို မကြား



ရသလို ဟန်ဆောင်ဖို့ အတော်ပင်ခက်ခက်ခဲခဲ ကြိုးစားနေရ၏။

"တကယ်ရှုံဖို့ကောင်းတယ်။ နင့်အဖေတော့ ရုံးမှာ စုံစမ်းစစ်ဆေးတာခံနေရတယ်။ ဒါတွေအားလုံး နင့်အပြစ်တွေချည်းပဲ။ နောက်ထပ် စည်းကမ်းဖောက်တယ်ကြားလို့ကတော့ ငါတို့ကိုယ်တိုင် နင့်ကို ချက်ချင်းအိမ်ပြန်ခေါ်သွားမယ်"

အသံတိတ်ဆိတ်သွားသောအခါ နားတွေအူပြီး ကျန်ခဲ့သည်။ အနီရောင်စာအိတ်မှာ ရွှန်၏လက်ထဲမှ ပြုတ်ကျသွားကာ မီးထတောက်ပြီး တွန့်လိမ်ကာ ပြာဖြစ်သွား၏။ ဟယ်ရီနှင့် ရွှန်သည် ဒီလှိုင်းများက သူတို့ကို ဖုံးလွှမ်းကျော်လွှားခြင်း ခံလိုက်ရသကဲ့သို့ ကြက်သေသေပြီး ထိုင်နေကြသည်။ လူအနည်းငယ် ရယ်မောကြသံများ တဖြည်းဖြည်းချင်းထွက်လာပြီး ကျွက်စီကျွက်စီနှင့် စကားပြောသံများ ပြန်ဆူညံလာကြသည်။

ဟာမီယွန်က 'သွေးစုပ်ဖုတ်ကောင်များနှင့် ရေကြောင်းခရီး' စာအုပ်ကို ပိတ်လိုက်ပြီး ရွှန်၏နဖူးကို ငုံ့ကြည့်လိုက်သည်။

"အင်း ... နင်ဘာကိုမျှော်လင့်သလဲတော့ ငါမသိဘူး ... ဒါပေမယ့် နင်.."

"ဒီအပြစ်ဒဏ်ကို ခံထိုက်တယ်လို့ ငါ့ကိုလာမပြောနဲ့" ဟု ရွှန်က ရှူးရှူးရှားရှားနှင့် ပြောလိုက်၏။

ဟယ်ရီက သူ့ဆန်ပြုတ်ပန်းကန်ကို တွန်းဖယ်လိုက်သည်။ သူ၏ကိုယ်တွင်း၌ အပြစ်များဖြင့် လောင်ကျွမ်းနေကြ၏။ မစ္စတာဝီစလေခမျာ ရုံးတွင် စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်နေရလေပြီ။ မစ္စတာဝီစလေတို့ ဇနီးမောင်နှံသည် နွေရာသီတစ်လျှောက်လုံး သူ့ကို အစွမ်းကုန်ပြုစုစောင့်ရှောက်ခဲ့ကြသော်လည်း ...။

သို့ရာတွင် ဟယ်ရီသည် ထိုအကြောင်းကို ဆက်တွေးနေရန် အချိန်မရှိတော့ချေ။ ပရော်ဖက်ဆာမက်ဂွန်နာဂေါက ဂရစ်ဖင်ဒေါ်စားပွဲတစ်လျှောက် ဝေသင်ရန် အချိန်ဇယားများကို လိုက်လံဝေငှနေသောကြောင့် ဖြစ်သည်။ ဟယ်ရီသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့အချိန်ဇယားကို ယူကြည့်လိုက်သောအခါ နွယ်မြက်ဆေးပင်ဗေဒသင်ချိန် နှစ်ချိန်ဆက်ရှိကြောင်း တွေ့လိုက်ရ၏။

ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် ရဲတိုက်မှ အတူတကွ ထွက်လာခဲ့ကြသည်။

သူတို့သည် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ဖြတ်ကာ မှော်ဆေးပင်များထားသည့် မှန်လုံအိမ်များဆီသို့ လျှောက်လာခဲ့ကြ၏။ ဆုံးမစာ (ဟောင်လာ) သည် အနည်းဆုံး ကောင်းကျိုးတစ်ခုကိုတော့ ဆောင်ခဲ့လေသည်။ ယခု သူတို့နှင့် ထိုက်တန်သောအပြစ်ဒဏ်ကို ခံပြီးပြီဟု ဟာမီယွန်က ထင်သွားပုံရ၍ သူတို့နှစ်ယောက်နှင့် ယခင်အတိုင်း ရင်းရင်းနှီးနှီး ပြန်ဖြစ်သွား၏။

သူတို့သုံးယောက် မှန်လုံအိမ်များနှင့် နီးလာသောအခါ မှန်လုံအိမ်အပြင်၌ ပရော်ဖက်ဆာစပရောက်အလာကို ရပ်ပြီးစောင့်နေကြသည့် ကျန်အတန်းသားအတန်းသူများကို တွေ့လိုက်ရသည်။ ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် ပရော်ဖက်ဆာစပရောက်တစ်ယောက် ဂေဒီရိုင်လော့ဟတ်နှင့်အတူ မြက်ခင်းပြင်ကို ဖြတ်သန်းကာ သူတို့၏မြင်ကွင်းထဲသို့ ခပ်သုတ်သုတ် လျှောက်လာသည့်အခါတွင်မှ ထိုကျောင်းသားကျောင်းသူများနှင့် ရောနှောဝင်လိုက်ကြ၏။ ပရော်ဖက်ဆာစပရောက်၏လက်မောင်းများမှာ ပတ်တီးများနှင့် ပြည့်နေပြီး ခပ်လှမ်းလှမ်းတွင်ရှိ သွေးဆာနေသော မိုးမခပင်ကြီး၏ ထိခိုက်ဒဏ်ရာရထားသည့် အကိုင်းအခက်တို့ကို ဆေးထည့်ကာ နေသားတကျပြန်ချည်နှောင်ထားသည်ကို တွေ့ရ၏။

ဟယ်ရီတို့ကြောင့် အကိုင်းအခက်တချို့ ကျိုးပဲ့သွားသည့် မိုးမခပင်ကြီးကို ပြုစုကုသပေးရင်း ပရော်ဖက်ဆာစပရောက်၏ လက်မောင်းတွင် အနာတရဖြစ်ခဲ့ပုံရသည်။

"အားလုံးပဲ မင်္ဂလာပါ ! " ဟု လော့ဟတ်က သူ့ကို ဝိုင်းရံစုဝေးနေကြသော ကျောင်းသားများကို အော်ဟစ်နှုတ်ဆက်လိုက်သည်။



သူက ခပ်ကြွားကြွားလေသံဖြင့် . . .

"ဆရာက . . . မင်းတို့ရဲ့ ပရော်ဖက်ဆာစပရောက်ကို မိုးမခပင်ကြီး ပြန်ကောင်းလာအောင် ဘယ်လိုဆေးကုပေးရမယ်ဆိုတာ သင်ပေးနေရလို့ နည်းနည်းကြာသွားတာ။ ဩော် . . . ဒီလိုပြောလိုက်လို့ နွယ်မြက်ဆေးပင်ဗေဒမှာ ဆရာက ပရော်ဖက်ဆာစပရောက်ထက် ပိုတော်တယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်။ သိတဲ့အတိုင်းပဲ ဆရာက အတွေ့အကြုံတွေ အများကြီး ရှိ . . . ရှိ . . . "

"ဒီနေ့ မှန်လုံအိမ်အမှတ်သုံးဟော တပည့်တို့ ! " ဟု ပရော်ဖက်ဆာစပရောက်က လော့ဟတ်၏ ကြွားလုံးကို စကားဖြတ်ပြီးဝင်ပြောလိုက်၏။ သူမကို ကြည့်ရသည်မှာ သိသာထင်ရှားစွာ သုန်မှုန်နေသည်။ ခါတိုင်းလို ရွှင်လန်းတက်ကြွနေဟန် လုံးဝမရှိချေ။

စိတ်ဝင်စားစွာ တီးတိုးပြောသံများထွက်ပေါ်လာ၏။ ယခင်က ကျောင်းသားများသည် မှန်လုံအိမ်အမှတ်တစ်မှာသာ အမြဲလက်တွေ့လုပ်ကြရသည်။ မှန်လုံအိမ်အမှတ်သုံးမှာ ပို၍စိတ်ဝင်စားဖွယ်ကောင်းသော အန္တရာယ်များသောဆေးပင်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

ပရော်ဖက်ဆာစပရောက်က သူမ၏ခါးပတ်မှ သော့ကြီးတစ်ချောင်းကို ယူပြီး တံခါးသော့ဖွင့်လိုက်၏။ ဟယ်ရီသည် စိုထိုင်းသောမြေကြီးနှင့် ဓါတ်မြေဩဇာတို့၏ အနံ့အသက်နှင့် နံရံတွင် တွဲလောင်းဖြစ်နေသည့် ထီးအရွယ်အစားခန့်ရှိသော ရောမပန်းပွင့်ကြီးများ၏ စူးရှပြင်းထန်သော မွှေးရနံ့တို့ ရောယှက်ပေါင်းစပ်နေသည့်အနံ့တစ်မျိုးကို ရှူရှိုက်မိသည်။ ဂေဒီရိုင်လော့ဟတ်က လက်ကို ဆန့်ပြီး တားလိုက်စဉ် ဟယ်ရီမှာ ရွန်နှင့် ဟာမီယွန်တို့၏နောက်မှလိုက်ပြီး မှန်လုံအိမ်ထဲသို့ ဝင်တော့မည်ဖြစ်သည်။

"ဟယ်ရီ ! ကိုယ်စကားနည်းနည်းလောက်ပြောချင်လို့ . . . တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ တစ်မိနစ် နှစ်မိနစ်လောက် နောက်ကျသွားမယ်ဆိုရင် ခင်ဗျားစိတ်မဆိုးပါဘူးနော် ပရော်ဖက်ဆာစပရောက်"

ပရော်ဖက်ဆာစပရောက် မျက်မှောင်ကြုတ်လိုက်သည်ကိုကြည့်ရခြင်းအားဖြင့် သူမ တကယ်ပင် စိတ်ဆိုးသွားမှန်း သိနိုင်၏။ သို့ရာတွင် လော့ဟတ်က "တကယ်လိုအပ်လို့ပါ" ဟုပြောလိုက်ပြီး မှန်လုံအိမ်တံခါးကို ဆွဲပိတ်လိုက်သည်။ ထို့နောက်. .

"ဟယ်ရီ . . . ဟယ်ရီ ဟယ်ရီ ဟယ်ရီ" ဟု လော့ဟတ်က ရေရွတ်လိုက်သည်။ သူ၏ခေါင်းကို ခါရမ်းလိုက်စဉ် ကြီးမားဖြူဖွေးသော သွားများက နေရောင်အောက်တွင် တလက်လက်တောက်ပသွားကြ၏။

ဟယ်ရီမှာ ဇဝေဇဝါနှင့် ဘာပြန်ပြောရမှန်းမသိချေ။

"ငါကြားရတုန်းက . . . အင်း . . . အားလုံး ငါ့အပြစ်တွေဆိုတာ ပြောနေစရာတောင်မလိုပါဘူး။ ကိုယ့်ပါးတောင် ကိုယ်ပြန်ရိုက်ပစ်ချင်မိတယ်"

ဟယ်ရီသည် လော့ဟတ်ဘာတွေပြောနေသည်ကို စဉ်းစား၍မရဘဲ ဖြစ်နေသည်။ သူက မေးရန်ဟန်ပြင်လိုက်စဉ် လော့ဟတ်က စကားဆက်လိုက်၏။

"ငါဘယ်လောက်တုန်လှုပ်သွားသလဲဆိုတာ မင်းမသိဘူးနော်။ ဟော့ဝပ်ကို ကားနဲ့ပျံသန်းလာတယ်တဲ့ ! မင်းဘာလို့ ဒီလိုလုပ်တယ်ဆိုတာ ငါချက်ချင်းသဘောပေါက်လိုက်တယ်။ ဘာကြောင့်လဲဆိုတာ အရမ်းသိသာလွန်းတာ . . . ဩော်. . . ဟယ်ရီ . . . ဟယ်ရီ . . . ဟယ်ရီ "

သူစကားမပြောသည့်အချိန်တွင်တောင်မှ သူ၏တောက်ပနေသော သွားသုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ပြသနိုင်ပုံကတော့ နည်းနာမှတ်သား အတုယူဖွယ်ကောင်းလှသည်။

"နာမည်ကျော်ကြားမှုရဲ့အရသာကို မင်းသိအောင် တစ်ခါလောက်မြည်းကြည့်နိုင်းခဲ့မိတာကိုး ဟုတ်တယ်မဟုတ်လား။ မင်းရဲ့ခေါင်းထဲကို ပိုးထည့်ပေးလိုက်မိတယ်။ မင်းဟာ ငါနဲ့အတူ စာစောင်ရဲ့ရှေ့မျက်နှာဖုံးမှာ ပါဝင်ခွင့်ရခဲ့ပြီး ဒီလိုမျိုး အခွင့်အရေးကို မင်း နောက်တစ်ကြိမ်ထပ်မစောင့်နိုင်တော့ဘူး"



"မဟုတ်ဘူး ပရော်ဖက်ဆာ . . . မြင် . . "

"ဟယ်ရီ ဟယ်ရီ ဟယ်ရီ" ဟု လော့ဟတ်က ညည်းရင်း လက်ဆန့်ကာ ဟယ်ရီ့ပုခုံးကို မြဲမြဲစွာဆုပ်ကိုင်လိုက်၏။

"ငါနားလည်ပါတယ် . . . ပထမဆုံးခံစားဖူးတဲ့ အရသာကို ထပ်ပြီးလိုချင်မိတာ သဘာဝပဲ. . . အဲဒီအရသာကို ငါ မင်းကိုပေးခဲ့မိတဲ့အတွက် ငါ့ကိုယ်ငါ အပြစ်တင်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စက မင်းခေါင်းထဲရောက်သွားပြီလေ။ ဒါပေမယ့် စဉ်းစားကြည့်ကောင်လေး . . . ပျံသန်းနေတဲ့ကားတွေနဲ့ စပြီးကြိုးစားကြည့်လို့ မရနိုင်ဘူးဆိုတာ မင်းကိုယ်မင်း သတိချုပ်ဆင်ခြင်ပါ။ စိတ်ကိုအေးချမ်းတည်ငြိမ်အောင်ထားပြီးတော့ပေါ့ ဟုတ်လား။ မင်းကြီးပြင်းလာတဲ့အခါမှာ နာမည်ကျော်ကြားဖို့အတွက် အချိန်တွေအများကြီးရှိပါသေးတယ်ကွာ။ သိပြီသိပြီ မင်းဘာတွေတွေးနေသလဲ ငါသိပြီ ! "

"သူ့ဘဝက ဟန်ကျလိုက်တာ။ သူကတော့ ကမ္ဘာတဝှန်းလုံးမှာ ထင်ရှားကျော်စောပြီးသား စုန်းကဝေတစ်ယောက်ပဲ !' လို့ တွေးပြီး မင်း ငါ့ကို အားကျနေတာမဟုတ်လား။ ဒါပေမယ့် ငါ ဆယ့်နှစ်နှစ်သားတုန်းက အခု မင်းလိုပဲ ဘာဆိုဘာမှ မဟုတ်သေးဘူး ! တကယ်တမ်းတော့ ခုနက ငါပြောခဲ့သလိုပဲ ငါက ဘာမှမယ်မယ်ရရ မဖြစ်သေးချိန်ပေါ့။ ဆိုလိုတာက အခု မင်းဆိုရင် လူနည်းနည်းပါးပါးက သိကြသေးတယ်။ ဟိုကောင်ကြီးနဲ့ ပတ်သက်သမျှကိစ္စအားလုံးနဲ့ ဆက်စပ်ပြီးတော့ပေါ့"

သူက ဟယ်ရီ၏နဖူးထက်မှ လျှပ်စီးပုံသဏ္ဌာန် အမာရွတ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

"ငါသိတယ် . . . ငါသိတယ် . . . အဲ့ဒါဟာ ငါ 'စုန်းကဝေ အပတ်စဉ်'

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆွဲဆောင်မှုအရှိဆုံး အပြုံးပိုင်ရှင်ဆုကို ငါးကြိမ်ဆက်တိုက်ရတာလောက်တော့ မကောင်းသေးပါဘူး။ ဒါပေမယ့် အဲဒါအစပဲရှိသေးတယ် ဟယ်ရီ . . . အစပဲရှိသေးတယ်"

ဟယ်ရီသည် စက္ကန့်အနည်းငယ်မျှကြက်သေသေပြီး ရပ်နေမိသည်။ ထို့နောက်တွင်မှ မှန်လုံအိမ်အတွင်း၌ သူရှိနေရမည်ကို သတိရသွားပြီး တံခါးဖွင့်ကာ အတွင်းသို့ ဖျတ်ခနဲလှမ်းဝင်လိုက်၏။

ပရော်ဖက်ဆာစပရောက်မှာ မှန်လုံအိမ်၏အလယ်ရှိ ခြေထောက်အရှင်တပ်ခုံရှည်၏နောက်၌ မတ်တပ်ရပ်နေသည်။ ကွဲပြားခြားနားသည့် အရောင်အမျိုးမျိုးနှင့် နားကျပ်အစုံနှစ်ဆယ်ခန့်က ခုံတန်းရှည်ပေါ်တွင် လဲလျောင်းနေကြ၏။

ဟယ်ရီသည် ရွန်နှင့် ဟာမီယွန်တို့၏ကြားတွင် နေရာယူလိုက်စဉ် သူမက ပြောလိုက်သည်။

"ဒီနေ့ ငါတို့ ဆီမီးတောက်ပင်ကို ပန်းအိုးအသစ်လဲနည်း သင်ကြမယ်။ ကိုင်း . . . ဆီမီးတောက်ပင်ရဲ့ ဂုဏ်သတ္တိတွေအကြောင်း ဆရာမကို ဘယ်သူပြောပြနိုင်မလဲ"

ဟာမီယွန်က ပထမဦးဆုံး လက်ထောင်လိုက်သည်ကို မည်သူမှ မအံ့ဩကြပါ။

"ဆီမီးတောက်ပင် (ခေါ်) မန်ဒရာဂိုရာ-ကျန်းမာခြင်းနှင့် ခွန်အားကို ပြန်လည်ဖြည့်စွမ်းပေးသည်။ ယင်းအပင်ကို ရုပ်သွင်ပြောင်းသူများနှင့် ကျိန်စာသင့်သူများအား နဂိုမူလအတိုင်း ပြန်ဖြစ်အောင်လုပ်ရာ၌ အသုံးပြုသည်"

ဟာမီယွန်က ပြဌာန်းစာအုပ်တစ်အုပ်လုံးကို မျိုချထားသည့်နှယ် ဖြည်းဖြည်းနှင့်မှန်မှန်ရွတ်ပြသွားသည်။

"အရမ်းတော်တယ်။ ဂရစ်ဖင်ဒေါ်အဆောင်ကို ဆယ်မှတ်ပေးလိုက်တယ်" ဟု ပရော်ဖက်ဆာ စပရောက်ကပြောလိုက်၏။



"ဆီမီးတောက်ပင်ဟာ အဆိပ်ပြေဆေးအများစုရဲ့ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုပဲ။ ဒါပေမယ့် ဆီမီးတောက်ပင်ဟာ အန္တရာယ်လည်းရှိတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ ဘယ်သူပြောပြနိုင်မလဲ"

ဟာမီယွန်က ထပ်မံလက်ထောင်လိုက်စဉ် သူမ၏လက်က ဟယ်ရီ၏ မျက်မှန်နှင့် သီသီကလေးကပ်လွတ်သွားသည်။

"ဆီမီးတောက်ပင်ရဲ့ငိုသံဟာ ကြားရသူတိုင်းကို သေစေနိုင်တယ်" ဟု သူမကဒိုးဒိုးဒေါက်ဒေါက်နှင့် သွက်လက်စွာဖြေလိုက်၏။

"မှန်လိုက်လေ. . . နောက် ဆယ်မှတ်ထပ်ယူ. . . အခုငါတို့ဆီမှာရှိတဲ့ ဆီမီးတောက်ပင်တွေက အရမ်းငယ်သေးတယ်နော်. . ."

သူမက ပြောပြောဆိုဆိုနှင့် စောက်နက်နက်လင်ဗန်းအတန်းလိုက်ကြီးကို လက်ညှိုးထိုးပြလိုက်သည်။ ကျောင်းသားအားလုံးက သေချာမြင်တွေ့နိုင်စေရန် ရှေ့တိုးလာကြ၏။ အပင်တစ်ရာသို့မဟုတ် တစ်ရာကျော်သော ခရမ်းစိမ်းရောင်အပင်အစုံလိုက်က လင်ဗန်းများထဲတွင် အစီအရီပေါက်နေကြသည်။ ယင်းအပင်များမှာ ဟယ်ရီ့အတွက် သိပ်ပြီးထူးခြားသည့်ပုံမရှိ။ ဆီမီးတောက်ပင်၏ ငိုသံနှင့်ပတ်သက်ပြီး ဟာမီယွန်က ဘာကိုဆိုလိုသလဲဟု ဟယ်ရီနည်းနည်းကလေးမှ မတွေးတတ်ပေ။

"အားလုံး နားကျပ်တစ်စုံစီယူကြ" ဟု ပရော်ဖက်ဆာစပရောက်ကပြောလိုက်၏။

ပန်းရောင်မပီမသနှင့် အမွှေးနုကလေးများတုံးနေပြီဖြစ်သော နားကျပ်တစ်စုံစီကို ကျောင်းသားများက ဆုပ်ကိုင်ယူဆောင်နိုင်ရန် ကြိုးစားရင်းရုန်းကန်တွန်းတိုးနေကြသည်။

"ငါ မင်းတို့ကိုနားကျပ်တပ်ဖို့ပြောတဲ့အခါ မင်းတို့ရဲ့နားတွေကို လုံလုံခြုံခြုံအုပ်မိရဲ့လားဆိုတာ သေချာသတိထားကြည့်ကြ။ နားကျပ်ချွတ်ဖို့လုံခြုံစိတ်ချရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်ကျရင် ငါမင်းတို့ကိုလက်မထောင်ပြလိုက်မယ်. . . ကိုင်း. . နားကျပ်တပ်ကြ"

ဟယ်ရီက နားကျပ်တပ်လိုက်၏။ နားကျပ်များက အသံလုံးဝမကြားရအောင် ပြုလုပ်ပေးနိုင်ကြသည်။ ပရော်ဖက်ဆာစပရောက်ကလည်း ပန်းနုရောင်နားကျပ်တစ်စုံကိုတပ်လိုက်ပြီး အကျႌလက်စများကိုလိပ်တင်လိုက်ရင်း အပင်ငယ်တစ်ပင်ကို မြဲမြံစွာဆုပ်ကိုင်ကာ အားနှင့်ဆွဲလိုက်၏။

ဟယ်ရီပါးစပ်မှ လွှတ်ခနဲထွက်သွားသော အာမေဋိတ်သံကို မည်သူမှမကြားကြချေ။

အပင်၏အမြစ်အစား သေးသေးကွေးကွေးနှင့် ရွှံ့များပေကျံနေသော အရုပ်ဆိုးဆိုးကလေးငယ်တစ်ဦးနှင့် ချွတ်စွပ်တူသည့်အရာတစ်ခုက မြေကြီးထဲမှ ထွက်ပေါ်လာသည်။ အရွက်များက ၎င်း၏ဦးခေါင်းအပေါ်တည့်တည့်၌ ပေါက်နေကြသည်။ ထိုကလေးလေးမှာ အစိမ်းရောင်ရှိပြီး အစက်အပြောက်များရှိသော အသားအရေနှင့် အစွမ်းကုန်အော်ဟစ်ငိုကြွေးနေလေ၏။

ပရော်ဖက်ဆာစပရောက်က စားပွဲအောက်မှ ပန်းအိုးကြီးတစ်လုံးကို ဆွဲထုတ်ယူလိုက်ကာ ဆီမီးတောက်ပင်ကို ထိုပန်းအိုးထဲသို့ အားဖြင့်ထည့်လိုက်ပြီး အရွက်သေးသေးလေးများကိုသာ မြင်ရတော့သည်အထိ အမြစ်ကလေးကို မည်းနက်စိုထိုင်းသော မြေသားများဖြင့်ဖုံးအုပ်လိုက်သည်။ ပရော်ဖက်ဆာစပရောက်က သူမ၏လက်များကိုဖုန်ခါလိုက်ကာ ကျောင်းသားအားလုံးကို လက်မထောင်ပြလိုက်ပြီး သူမ၏နားကျပ်ကိုဖယ်ရှားလိုက်၏။

"ငါတို့ရဲ့ ဆီမီးတောက်ပင်တွေဟာ ပျိုးပင်တွေအဆင့်ပဲရှိသေးတာကြောင့် အသက်သေလောက်အောင် မဖြစ်နိုင်သေးဘူး"

ပရော်ဖက်ဆာစပရောက်က သာမန်ပန်းပင်ရေလောင်းသည့်အလုပ်ကို လုပ်ခဲ့သလိုမျိုး အေးဆေးတည်ငြိမ်စွာပြောလိုက်သည်။



"ဒါပေမယ့် အဲဒီအပင်တွေဟာ နာရီပေါင်းများစွာမေ့မျောနေအောင်တော့လုပ်နိုင်တယ်။ မင်းတို့တတွေထဲက ဘယ်သူမှပထမဆုံးစာသင်ရတဲ့နေ့ကို လက်လွှတ်ခံချင်မှာမဟုတ်ဘူးဆိုတာ ငါသေချာပေါက်ပြောရဲတယ်။ အဲဒီတော့ မင်းတို့အလုပ်လုပ်နေတုန်း နားကျပ်တွေကို သေသေချာချာတပ်ထားကြပါ။

"လေးယောက်ကို တစ်ဗန်းစီ၊ ပန်းအိုးကြီးတွေက ဒီမှာရှိတယ်။ မြေဆွေးတွေထည့်ထားတဲ့အိတ်ကဟိုမှာ. . . မြေဆိပ်မြေနှာမောင်းပင်ကိုသတိထား. . အဲဒီအပင်မှာသွားတွေရှိတယ်"

သူမကပြောနေရင်း ဆူးချွန်ကလေးများနှင့် အနီရောင်ရင့်ရင့်အပင်ငယ်ကို ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်သည်။

ဟယ်ရီ၊ ရွန်နှင့် ဟာမိယွန်တို့သည် ဟယ်ရီမျက်မှန်းတန်းမိသော်လည်း စကားမပြောဖူးသော ဟပ်ဖယ်ပတ်အဆောင်မှ ဆံပင်အညိုရောင်ရှိသော ကောင်လေးတစ်ယောက်နှင့် တစ်လင်ဗန်းတည်းအတူလုပ်ကြရ၏။

"ဂျပ်စတင်ဖင့်ချဖလက်ချလေပါ" သူက တောက်ပစွာပြုံး၍ ဟယ်ရီကို လက်ဆွဲနှုတ်ဆက်ရင်းပြောလိုက်၏။

"ခင်ဗျားဘယ်သူလဲဆိုတာကိုတော့ မပြောဘဲသိပါတယ်။ နာမည်ကျော် ဟယ်ရီပေါ်တာ. . . ခင်ဗျားကတော့ ဟာမိယွန်ဂရင်ဂါပေါ့နော်. . . အရာရာတိုင်း ထိပ်ဆုံးမှာချည်းပဲ၊ (ဟာမိယွန်က လက်ဆွဲနှုတ်ဆက်ရင်း အားရကျေနပ်စွာပြုံးလိုက်၏) အင်း. . . ရွန်ဝီစလေ ကားပျံက ခင်ဗျားရဲ့ကားမဟုတ်လား. . ."

ရွန်ကတော့ မပြုံးနိုင်ပါ. . . ဆုံးမစာ(ဟောင်လာ)ကသူ့စိတ်ထဲတွင် အထင်အရှားရှိနေသေးသည်။

"ပရော်ဖက်ဆာလော့ဟတ်ကတော့ အပျံစားပဲနော်"

သူတို့သည် ပန်းအိုးများထဲသို့ နဂါးချေးမြေဩဇာများကို ထည့်နေစဉ် မဇော်စတင်က ပျော်ပျော်ရွှင်ရွှင်ပြောလိုက်၏။

www.burmeseclassic.com



"အင်မတန်ရဲရင့်တဲ့သူပဲ၊ ခင်ဗျားသူ့စာအုပ်တွေ ဖတ်ဖူးတယ်မဟုတ်လား။ ကျွန်တော်သာ တယ်လီဖုန်းရုံထဲမှာ ဝံပုလွေတစ်ကောင်နဲ့ဆိုရင် ကြောက်တာနဲ့ သေမှာပဲ၊ ဒါပေမယ့် သူကတော့ အေးအေးဆေးဆေးနေလိုက်သေးတယ်။ အနိုင်ယူလိုက်သေးတယ်။ အံ့မခန်းပဲ"

"ကျွန်တော့်နာမည်က အီတန်မျိုးရိုးက ဆင်းသက်လာတာပါ။ ကျွန်တော် ဒီကိုရောက်လာရတာ ဘယ်လောက်ဝမ်းသာသလဲဆိုတာ ခင်ဗျားကိုပြောမပြနိုင်အောင်ပဲ၊ တကယ်တော့ အမေကတော့ နည်းနည်းစိတ်ပျက်တာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်သူ့ကို လော့ဟတ်ရဲ့စာအုပ်တွေ ပေးဖတ်လိုက်ပြီးကတည်းကစပြီး မိသားစုထဲမှာ ပြည့်ပြည့်ဝဝလေ့ကျင့်ထားတဲ့ စုန်းကဝေတစ်ယောက်ရှိတာဟာ ဘယ်လောက်အသုံးကျသလဲဆိုတာ သဘောပေါက်သွားတယ်ထင်တာပဲ"

ထို့နောက်တွင်မူ သူတို့စကားပြောဖို့အခွင့်အရေးမရတော့ချေ။ ဆီမီးတောက်အပင်များပေါ်တွင် အာရုံစူးစိုက်ရန် လိုအပ်သောကြောင့် နားကျပ်များကို သူတို့ပြန်တပ်လိုက်ရသည်။ ပရော်ဖက်ဆာစပရောက်အတွက်တော့ ထိုအလုပ်မှာ အရမ်းလွယ်ကူနေပုံရ၏။ သို့ရာတွင် တကယ်တော့သိပ်လွယ်လှသည်မဟုတ်ပါ။ ဆီမီးတောက်ပင်များသည် မြေကြီးထဲမှထွက်လာရသည်ကို မနှစ်သက်ကြပါ။ သို့ရာတွင် သူတို့ကို မြေကြီးထဲမှ ထုတ်ယူပြီးသည့်အခါတွင်မူ မြေကြီးထဲသို့လည်း ပြန်သွားချင်ပုံမရ။ အပင်များကလူးလွန့်ကန်ကျောက်ကာ ချွန်ထက်သောသူတို့၏ လက်သီးသေးသေးလေးများကိုဝှေ့ယမ်း၍ အံကြိတ်ပြကြလေသည်။ ဟယ်ရီသည် ခပ်ထွားထွားအပင်တစ်ပင်ကို ပန်းအိုးထဲထည့်ရန်ကြိုးစားရင်း ဆယ်မိနစ်လုံးလုံး အချိန်တွေကုန်ဆုံးသွား၏။

စာသင်ချိန်အပြီးတွင် အခြားသူများကဲ့သို့ပင် ဟယ်ရီသည်လည်း နာကျင်ကိုက်ခဲသည့်ဝေဒနာကိုခံစားရင်း တစ်ကိုယ်လုံး ဖုန်မှုန့်အလိမ်းလိမ်းပေကျံနေလေသည်။ ဂရစ်ဖင်ဒေါကျောင်းသားများသည် ရဲတိုက်ဆီသို့ပြန်ကာ



ကမန်းကတန်းကိုယ်လက်ဆေးကြောကြပြီးနောက် ရုပ်သွင်ပြောင်းခြင်းသင်သည့် နေရာသို့ ကသောကမျောသွားကြ၏။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်၏စာသင်ချိန်တိုင်းသည် အမြဲလိုလိုပင် ခက်ခဲတတ်သော်လည်း ယနေ့စာသင်ချိန်၏ ခက်ခဲလှပုံကိုတော့ မှိုနိုင်မည်မထင်။ ပြီးခဲ့သည့်နှစ်က ဟယ်ရီသင်ယူခဲ့သမျှ အရာအားလုံးသည် နွေရာသီကျောင်းပိတ်ရက်အတွင်း သူ၏ခေါင်းထဲ၌ မှုန်ဝါးသွားလေပြီ။ နွားချေးပိုးကောင်ကို ကြယ်သီးအဖြစ်ပြောင်းလဲနိုင်လိမ့်မည်ဟု ဟယ်ရီထင်ထားသော်လည်း သူ၏လုပ်ဆောင်ချက်မှန်သမျှသည် စားပွဲခုံထိပ်၌ သူ၏ဆေးတောင်ဝှေးကို လှည့်ပတ်ရှောင်နေသော ချေးပိုးထိုးကောင်ကို ကျွန်းမာရေးလေ့ကျင့်ခန်း အနည်းငယ်လုပ်ပေးနေသကဲ့သို့ ဖြစ်နေလေသည်။

ရွန်မှာပို၍ဆိုးရွားသော ပြဿနာများနှင့်ကြုံရသည်။

ရွန်သည် သူ၏နွားချေးပိုးကောင်ကို ရုပ်သွင်ပြောင်းလဲရန် ကြိုးပမ်းသည့်အခါ တိုင်း ကြက်ဥပုပ်နံ့ထွက်သော မီးခိုးရောင်မီးခိုးများက သူ့အားထူထပ်စွာ ဖုံးလွှမ်းသွားကြသည်။ သူဘာလုပ်နေသည်ဆိုခြင်းကိုပင် မမြင်ရတော့ချေ။ ရွန်က မတော်တဆလိုလိုနှင့် သူ၏နွားချေးပိုးကောင်အား တံတောင်ဆစ်နှင့်တိုက်ချလိုက်ပြီး နောက်ထပ်အသစ်တစ်ကောင်ထပ်တောင်းသဖြင့် ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူ့ကိုမကျေနပ်ပေ။

ဟယ်ရီသည် မုန့်စားဆင်းခေါင်းလောင်းသံကိုကြားမှ စိတ်သက်သာရာရသွား၏။ သူ့ဦးနှောက်မှာ ဆုပ်ညှစ်ခံထားရသော ရေမြှုပ်တစ်ခုလို ဖြစ်နေသည်။ သူ၏ဆေးတောင်ဝှေးကို စားပွဲခုံစောင်းနှင့် တခွပ်ခွပ်မြည်အောင် ရိုက်နေသော ရွန်နှင့်ဟယ်ရီမှလွဲ၍ ကျန်ကျောင်းသားများက အတန်းထဲမှ ထွက်သွားကြလေ၏။

"အသုံးမကျတဲ့ဟာ. . ."

"အိမ်ကိုစာရေးပြီး အသစ်တစ်ချောင်းထပ်မှာပါလား. . ."

www.burmeseclassic.com



ဆေးတောင်ဇော့ထဲမှ ဗျောက်အိုးမိုးရွာသကဲ့သို့ ပေါက်ကွဲသံများဆက်တိုက်ထွက်လာစဉ် ဟယ်ရီက ပြောလိုက်သည်။

"ဪ. . . ဒါဆို နောက်ထပ်ဆုံးမစာတစ်ခုထပ်ရဦးမှာပေါ့. . ."

ရွန်က တရှုံးရှုံးတရှဲရှဲဖြစ်နေသော ဆေးတောင်ဇော့ကို အိတ်ထဲသို့ထိုးထည့်ရင်း ပြောလိုက်၏။

"နင့်ဆေးတောင်ဇော့ ကျိုးသွားတာ နင့်ဖာသာလုပ်တဲ့အပြစ်ပဲဆိုတာ တွေကြားရအုံးမယ်"

သူတို့ နေ့လည်စာစားရန် ဆင်းလာကြစဉ် ဟာမီယွန်က ရုပ်သွင်ပြောင်းခြင်းသင်ချိန်၌ သူလုပ်ထားသည့် ကြယ်သီးများကို ပြသော်လည်း ရွန်၏စိတ်အခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိပါချေ။

"ဒီနေ့လည် ငါတို့ဘာအချိန်ရှိလဲ" ဟယ်ရီက စကားလမ်းကြောင်းပြောင်းပေးလိုက်၏။

"အောက်လမ်းမိစ္ဆာနှိမ်နှင်းရေးသင်တဲ့ အချိန်လေဟာ"ဟု ဟာမီယွန်က ချက်ချင်းပြန်ဖြေလိုက်သည်။

"နေစမ်းပါဦး၊ ဘာဖြစ်လို့ နင်က အချိန်ဇယားထဲမှာ လော့ဟတ်ရဲ့ အတန်းချိန်တွေကို အသည်းပုံနဲ့ ဘောင်ခတ်ထားရတာလဲ. . . ယာမီယွန်"

ရွန်က ဟာမီယွန်၏ အချိန်ဇယားကို ဆွဲယူရင်းပြောလိုက်၏။

ဟာမီယွန်၏မျက်နှာမှာ ဒေါသဖြင့်နီမြန်းသွားပြီး အချိန်ဇယားကို ဇတ်ခနဲ ပြန်ဆွဲယူလိုက်သည်။

သူတို့သုံးယောက် နေ့လည်စာစားပြီးနောက် တိမ်များထူထပ်အုံ့မှိုင်းလျှက်ရှိသော မြေကွက်တစ်ကွက်ဆီသို့ ထွက်လာခဲ့ကြ၏။ ဟာမီယွန်က ကျောက်တုံးလှေကားထစ် တစ်ထစ်ပေါ်တွင် ထိုင်ချလိုက်ပြီး. . 'သွေးစုပ်ဖုတ်ကောင်များနှင့် ရေကြောင်းခရီး' စာအုပ်ကို ခေါင်းငုံ့ကာ သဲကြီးမဲကြီးဖတ်နေပြန်သည်။ ဟယ်ရီ



စိတ်ထဲ၌ သူ့အားတစ်စုံတစ်ယောက်က နီးနီးကပ်ကပ် စိုက်ကြည့်နေသည်ဟု ထင်လာသည့်အချိန်ထိ ဟယ်ရီနှင့်ရွန်တို့သည် မတ်တပ်ရပ်ရင်း ကွစ်ဒစ်ကစားပွဲအကြောင်း မိနစ်အတန်ကြာ စကားပြောနေကြသည်။ ဟယ်ရီမျက်လွှာပင့်ကြည့်လိုက်သောအခါ သူ့အားမလှုပ်မယှက် ငေးစိုက်ကြည့်နေသည့် မနေ့ကအဆောင်ရွေးပွဲ၌ မြင်ခဲ့ရသော ဆံပင်အညိုရောင်ဖျော့ဖျော့နှင့် သေးသေးကွေးကွေး ကောင်လေးကိုတွေ့လိုက်ရ၏။ ထိုကောင်လေးမှာ မတ်ဂယ် (ရိုးရိုးသာမန်လူ)များ သုံးသည့် ကင်မရာကိုဆုပ်ကိုင်ထားပြီး ဟယ်ရီကသူ့အား စိုက်ကြည့်လိုက်သည့် အခိုက်တွင် သူ့မျက်နှာမှာရဲရဲတွတ်နီမြန်းသွားလေသည်။

"အဲ. . . အဲ. . . ဟယ်ရီ ကျွန်. . . ကျွန်တော်က ကိုလင်ခရီဗီပါ" သူက အသက်မျှပင်မရှူဘဲ ပြောလိုက်ပြီး ရှေ့သို့မရဲတရဲနှင့် ခြေတစ်လှမ်းတိုးလိုက်သည်။

"ကျွန်တော်လည်းဂရစ်ဖင်ဒေါကပါပဲ၊ ကျွန်တော်ဓါတ်ပုံတစ်ပုံ ရိုက်မယ်ဆိုရင် အစ်ကို့အတွက် အဆင်ပြေနိုင်မလား. . ." ဟု ခရီဗီက ပြောရင်း ကင်မရာကို မျှော်လင့်ချက်အပြည့်နှင့် မြှောက်ပြလိုက်သည်။

"ဓါတ်ပုံတစ်ပုံ" ဟယ်ရီက အံ့ဩသွားသလို ရေရွတ်လိုက်၏။

"အစ်ကိုနဲ့ ကျွန်တော်တွေ့ခဲ့တယ်ဆိုတာ သက်သေပြနိုင်ဖို့အတွက်ပါ" ကိုလင်ခရီဗီက စိတ်အားထက်သန်စွာ ဟယ်ရီ့အနားသို့ တိုးကပ်လာရင်း ပြောလိုက်သည်။

" ကျွန်တော်အစ်ကို့အကြောင်းတွေ အကုန်လုံးသိတယ်။ လူတိုင်းက ကျွန်တော့်ကို ပြောကြတယ်။ ဟိုကောင်ကြီး အစ်ကို့ကို သတ်ဖို့ကြိုးစားတုန်းက သူဘယ်လိုပျောက်ကွယ်ဇာတ်မြုပ်သွားရတယ်ဆိုတာနဲ့. . . အစ်ကိုဘယ်လိုအသက်ရှင်ပြီး ကျန်ရစ်ခဲ့တယ်ဆိုတာကိုပေါ့. . . အားလုံးပေါ့လေ. . . အစ်ကို့နဖူးပေါ်မှာ ရှိနေတဲ့ အမာရွတ်ကို ဘယ်လိုရခဲ့တယ်ဆိုတာလည်း ပါတာပေါ့။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆောင်ထဲက ကောင်လေးတစ်ယောက်ကပြောတယ်။ ဓါတ်ပုံဖလင်ကို သင့်တော်တဲ့ဆေးရည်တစ်မျိုးနှင့် ပေါင်းစပ်ဖန်တီးနိုင်လို့ရှိရင် အဲဒီဖလင်က အသက်ဝင်လာလိမ့်မယ်တဲ့"

ကိုလင်က ပန်းသားများပင် ကြွတက်လာအောင် စိတ်လှုပ်ရှားနေသည့် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ရင်း

"ဒီနေရာဟာ တကယ်ပဲပြောင်မြောက်တယ်နော်။ ဟော့ဝပ်ကျောင်းက ခေါ်စာရောက်မလာခင်အထိ ကျွန်တော်လုပ်နိုင်ခဲ့တဲ့ ထူးထူးဆန်းဆန်းအရာတွေ အားလုံးဟာ မှော်ပညာဆိုတာ ကျွန်တော်မသိသေးဘူး. . . ကျွန်တော့်အဖေက လည်း နို့ပို့သမားဆိုတော့ သူလည်းဒါကိုမယုံကြည်နိုင်ဘူးဖြစ်နေတယ်။ ဒါနဲ့ကျွန်တော်လည်း ဒီမှာဓါတ်ပုံတွေ အများကြီးလျှောက်ရိုက်ပြီး သူ့အတွက်အိမ်ကိုပို့ပေးလိုက်တယ်။ အစ်ကို့ရဲ့ဓါတ်ပုံတစ်ပုံလောက်ရမယ်ဆိုရင်တော့ အရမ်းကောင်းမှာပဲ"

ကိုလင်ခရီဗီက ဟယ်ရီ့ကိုတိုးလျှိုးတောင်းပန်သလိုကြည့်ရင်း

"ကျွန်တော်အစ်ကို့နံဘေးမှာ အတူတွဲရပ်ပြီးနေနိုင်အောင် အစ်ကို့သူငယ်ချင်းက ရိုက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ပြီးရင် ကျွန်တော့်ကို လက်မှတ်ထိုးပေးနိုင်မလားခင်ဗျာ"

"ဓါတ်ပုံမှာလက်မှတ်ထိုးပေးတယ်။ မင်းကဓါတ်ပုံတွေမှာ လက်မှတ်ထိုးပေးနေတယ် ဟုတ်လား ပေါ်တာ"

ကျယ်လောင်ပြင်းထန်လှသော ဒရက်ကိုမယ်ဖွိုင်း၏အသံက မြေကွက်လပ်တစ်ခုလုံးကို ပဲ့တင်ထပ်ပျံ့နှံ့သွားသည်။ မယ်ဖွိုင်းက ကိုလင်ခရီဗီ၏နောက်တည့်တည့်တွင် (ဟော့ဝပ်၌ အစဉ်အမြဲတွဲလေ့ရှိသည့် ကိုယ်လုံးကြီးကြီးနှင့် မိုက်ဖော်မိုက်ဖက်နှစ်ယောက်ဖြစ်သော) ခရပ်ဘီနှင့် ဂွိုင်လီတို့ကို ခြံရံလျှက်ရပ်နေလေ၏။



"အားလုံးတန်းစီကြဟေ့. . . ဟယ်ရီပေါ်တာက သူ့ဓါတ်ပုံတွေကို လက်မှတ်ထိုးပေးနေတယ်တဲ့"

မယ်ဖွိုင်းက ကျောင်းသားအုပ်ကြီးကို ကျယ်လောင်စွာအော်ပြောလိုက်သည်။

"မဟုတ်ဘူး. . . ငါမလုပ်ဘူး။ ပါးစပ်ပိတ်ထားစမ်း မယ်ဖွိုင်း"

ဟယ်ရီက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ရင်းဒေါသတကြီး ပြောလိုက်၏။

"ခင်ဗျားက အလကားမနာလိုဖြစ်နေတာပဲ" ဟု ကိုလင်က စကားစလိုက်၏။ သူ၏ခန္ဓာကိုယ်လေးတစ်ခုလုံးကား ခရပ်ဘီ၏လည်ပင်းလောက်သာရှိသည်။

"မနာလိုဖြစ်တာ. . . !ဘာလို့ဖြစ်ရမှာလဲ ငါ့နဖူးတည့်တည့်မှာ စက်ဆုပ်စရာအမာရွတ်တစ်ခုရှိနေတာမျိုး ငါမလိုချင်ပါဘူး. . .။ ကျေးဇူးတင်ပါတယ်၊ ငါ့အနေနှင့်တော့ ခေါင်းအကွဲခံရတာဟာ မင်းကိုအထူးစပါယ်ရှယ်လူတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်လိမ့်မယ်လို့ ငါမထင်မိဘူး. . ."

ခရပ်ဘီနှင့် ဂွိုင်လီတို့က မိုက်မဲစွာ တဟင်းဟင်းနှင့်ရယ်လိုက်ကြ၏။

"......"

ရွှန်က ဒေါသထွက်စွာဖြင့် ဆဲရေးလိုက်သည်။

ခရပ်ဘီက ရယ်မောနေခြင်းကိုရပ်လိုက်ပြီး သူ၏မြင်းစားသည့်ပဲဆံနှင့်တူသော လက်ချောင်းထိပ်များကို ခြိမ်းခြောက်သလိုမျိုး နှိပ်နယ်ဟန်လုပ်နေလိုက်၏။

"ဆင်ဆင်ခြင်ခြင်နေပါ ဝီစလေ. . . ဒုက္ခမရှာချင်ပါနဲ့ နို့မဟုတ်ရင် မင်းအမေကကျောင်းကိုလာပြီး မင်းကိုပြန်ခေါ်သွားလိမ့်မယ်"

သူက ဆုံးမစာ (ဟောင်လာ) ထဲမှလိုမျိုး အသံသေးအသံကြောင်ဖြင့်. .

www.burmeseclassic.com

www.burmeseclassic.com



"နင်နောက်တစ်ခါ စည်းကမ်းဖောက်ရဲဖောက်ကြည့်စမ်း"

ထိုစကားကို အနီးရှိစလီသရင်မှ ပဥ္စမနှစ်ကျောင်းသားတစ်အုပ်က ဝါးခနဲကျယ်လောင်စွာ ရယ်မောလိုက်ကြ၏။

"ဝီစလေကတော့ လက်မှတ်ထိုးထားတဲ့ ဓါတ်ပုံတစ်ပုံလောက် လိုချင်ရှာလိမ့်မယ် ပေါ်တား၊ ဒါဟာသူ့မိသားစု အိမ်တစ်ခုလုံးထက်ပိုပြီး တန်ဖိုးရှိတာကိုး"

ရွှန်ကသူ၏ဆယ်လိုတိတ်ပတ်ထားသော ဆေးတောင်ဖွေးကိုဖွေ့ယမ်းလိုက်၏။ သို့ရာတွင် ဟာမီယွန်က 'သွေးစုပ်ဖုတ်ကောင်များနှင့် ရေကြောင်းခရီး' စာအုပ်ကို ဖျတ်ခနဲပိတ်လိုက်ပြီး တီးတိုးပြောလိုက်လေသည်။

"သတိထား"

"ဘာဖြစ်နေကြတာလဲ. . . ဘာဖြစ်နေကြတာလဲ"

ဂေဗီရှိုင်လော့ဟတ်က သူတို့ထံသို့ခြေလှမ်းကျဲကျဲနှင့် လျှောက်လာ၏။ သူ၏စိမ်းပြာရောင်ဝတ်စုံက နောက်ကျောဖက်၌ တဖျတ်ဖျတ်လွင့်နေသည်။

"ဘယ်သူကများ ဓါတ်ပုံမှာလက်မှတ်တွေထိုးပေးနေတာလဲ"

ဟယ်ရီက ရှင်းပြရန်ဟန်ပြင်လိုက်သော်လည်း လော့ဟတ်က သူ၏ပုခုံးကိုသိုင်းဖက်ကာ ပျော်ရွှင်စွာအော်ဟစ်လိုက်သဖြင့် ဘာမှပြောခွင့်မရလိုက်ချေ။

"မေးနေစရာတောင်မလိုဘူး၊ ငါတို့ထပ်တွေ့ပြန်ပြီဟယ်ရီ"

ဟယ်ရီ့ခမျာ လော့ဟတ်၏နံဘေးတွင် မလှုပ်နိုင်ဘဲရှိနေရင်း ရှက်ရွံ့မှုဖြင့် တစ်ကိုယ်လုံးလောင်မြိုက်နေလေသည်။ မယ်ဖွိုင်းက အားရကျေနပ်စွာပြုံးရင်း လူအုပ်ထဲသို့ ဖျတ်ခနဲတိုးဝင်သွားသည်ကိုသူတွေ့လိုက်ရသည်။

"ဒါဖြင့် လုပ်စမ်းပါ မစ္စတာခရီဗီ. . . ဒီထက်ကောင်းတာတော့ ထပ်ပြောစရာရှိတော့မှာမဟုတ်ဘူး. . ငါတို့နှစ်ယောက်စလုံး မင်းအတွက် လက်မှတ်ထိုးပေးမယ်"

ကိုလင်က ကင်မရာကို ယောင်နနဖြင့် ကိုင်ကာဓါတ်ပုံရိုက်စဉ် သူတို့၏



နောက်ကျောဖက်မှ ခေါင်းလောင်းတီးသံကြားလိုက်ရ၏။ နေ့လည်ပိုင်းအတန်းများပြန်လည်စတင်ရန် အချက်ပေးသည့်ခေါင်းလောင်းသံပင်ဖြစ်သည်။

"မင်းတို့စာသင်ချိန်စနေပြီ"

လော့ဟတ်က လူအုပ်ကြီးကိုအော်ပြောလိုက်ပြီး ဟယ်ရီနဲ့အတူ ရဲတိုက်ဆီသို့ပြန်လာခဲ့သည်။ စပါးကြီးမြွေ၏ အညှို့ခံထားရသူတစ်ယောက်လို လော့ဟတ်၏ နံဘေးတွင် မရုန်းနိုင်ဘဲပါလာစဉ် ဟယ်ရီသည် ကိုယ်ပျောက်သွားနိုင်မည့်ဂါထာမန္တာန်ကောင်းကောင်း တစ်ခုလောက်သိရင်ေ...ာင်းမယ်ဟု ဆုတောင်းမိ၏။

"တွေးချိန်ချင့်စရာ စကားတစ်ခွန်းလောက်တော့ ပြောရဦးမယ်ဟယ်ရီ၊ အဲဒီကို ငါကပြန်လာတာဟာ ခရီဗီလေးဆီကနေ မင်းကိုအကာအကွယ်ပေးဖို့ပဲ၊ သူက ငါ့ကိုလည်း ဓါတ်ပုံရိုက်နေမယ်ဆိုရင် မင်းတို့ကျောင်းက ကောင်တွေက မင်းကိုသိပ်ပြီး လူတွင်ကျယ်လုပ်နေပြီလို့ထင်တော့မှာမဟုတ်ဘူး. . ."

ဟယ်ရီ အထစ်ထစ်အငေါ့ငေါ့နှင့် ပြန်ပြောသည်များကို မကြားတော့ဘဲ လော့ဟတ်က သူ့ကိုကျောင်းသားများဝိုင်းပြီး ငေးစိုက်ကြည့်သည့် ကော်ရစ်ဒါအတိုင်း ဆွဲခေါ်သွားကာ လှေကားပေါ်သို့တက်လာခဲ့သည်။

"ဓါတ်ပုံတွေကို လက်မှတ်ထိုးပြီးပေးတာဟာ မင်းရဲ့အသက်အရွယ်နှင့်စာလျှင် မလင့်တော်ဘူးဆိုတာလေးကို ငါပြောပါရစေ"

"အဲဒီအချိန်က ကောင်းကောင်းကြီး လာဦးမှာပါ. . ငါ့လိုပေါ့. . မင်းဘယ်ကိုသွားသွား ကိုယ့်ကိုယ်ကိုအတော်ထိန်းသိမ်းဖို့လိုသေးတယ် ဒါပေမယ့်. ."

သူက ပျော်မြူးသည့်အသံကျယ်ကျယ်ပြုလျှက်

"မင်းတော်တော်ခရီးရောက်နေပြီလို့ ငါမထင်ပါဘူး" ဟု ပြောလိုက်၏။

သူတို့နှစ်ယောက်သည် လော့ဟတ်၏စာသင်ခန်းရှေ့သို့ရောက်လာခဲ့ပြီး နောက်ဆုံး၌ လော့ဟတ်က ဟယ်ရီ့အားသွားခွင့်ပြုလိုက်သည်။ ဟယ်ရီက သူ့ဝတ်

www.burmeseclassic.com

www.burmeseclassic.com



စုံကို ဆွဲဆန့်လိုက်ပြီး အတန်း၏အနောက်ဖက်အကျဆုံး ခုံတစ်ခုံ၌ဝင်ထိုင်လိုက်၏။ ထိုနေရာတွင် ဟယ်ရီသည် လော့ဟတ်၏စာအုပ်ခုနစ်အုပ်စလုံးကိုပုံ၍ သူ့ရှေ့၌ ကာလိုက်ပြီး သူ့ကိုမမြင်အောင်ကွယ်ထားလိုက်သည်။

ကျန်အတန်းသားများမှာ ဟေးဟေးဟားဟားနှင့် စကားပြောရင်း အတန်းထဲသို့ဝင်လာကြပြီး ရွန်နှင့်ဟာမီယွန်တို့ကတော့ ဟယ်ရီ၏ဘေးတစ်ဘက်တစ်ချက်စီတွင် ဝင်ထိုင်လိုက်ကြ၏။

"မင်းရဲ့မျက်နှာပေါ်မှာ ကြက်ဥတောင်ကြော်လို့ရနိုင်တယ်။ ခရိုဗီနှင့်ဂျင်နီ မတွေ့ကြပါစေနဲ့လို့ မင်းဆုတောင်းရင်ပိုကောင်းလိမ့်မယ်။ သူတို့က 'ဟယ်ရီပေါ်တာကိုနှစ်သက်လိုလားသူများအသင်း' ထူထောင်ကြမလို့တဲ့"

"ပါးစပ်ပိတ်ထားကွာ" ဟု ဟယ်ရီက ဒေါသတကြီးအော်ပြောလိုက်၏။ 'ဟယ်ရီပေါ်တာကိုနှစ်သက်လိုလားသူများအသင်း' ဆိုသည့်စကားစုကို လော့ဟတ်ကြားသွားလို့ကတော့ ငါးပါးမှောက်ပြီဖြစ်သည်။

တတန်းလုံးနေရာတကျထိုင်ပြီးသောအခါ လော့ဟတ်က ကျယ်လောင်စွာ ချောင်းဟန့်လိုက်ကာ အတန်းကိုတိတ်ဆိတ်သွားစေသည်။ သူက အတန်းရှေ့ဖက်သို့ရောက်လာပြီး နယ်ဗီလွန်လောင်းဘော့တွန်၏ 'နှင်းတောင်ဘီလူးများနှင့် ခရီးသွားခြင်း'စာအုပ်ကို ကောက်ကိုင်လိုက်ရင်း စာအုပ်၏ရှေ့မျက်နှာဖုံးရှိ မျက်စိမှိတ်ပြနေသော သူ့ဓါတ်ပုံကိုပြလိုက်၏။

"ငါဟာ. . ."

သူကပြောရင်း ပုံကိုထောက်ပြကာ ထိုအတိုင်းမျက်စိမှိတ်ပြလိုက်ပြီး

"ဂေဒီရိုင်လော့ဟတ်ပဲ. . . မယ်ရီလင် တတိယအဆင့် အောက်လမ်းမိစ္ဆာစွမ်းအားတိုက်ဖျက်ရေးအသင်းရဲ့ ဂုဏ်ထူးဆောင်အဖွဲ့ဝင်ကြီးဖြစ်ပြီးတော့ 'စုန်းကဝေအပတ်စဉ်'ရဲ့ ဆွဲဆောင်မှုအရှိဆုံး အပြုံးပိုင်ရှင်ဆုကို ငါးကြိမ်ဆက်တိုက်ရထားတယ်။ ဒါပေမယ့် အဲဒီအကြောင်းတွေကို ငါထုတ်မပြောချင်ပါဘူး. . . 'ဘန်ဒန်' ငှက်ဆိုးထိုးသရဲမကို ငါ့အပြုံးနဲ့ ညှို့ယူပြီး မသုတ်သင်ခဲ့ပါဘူး"



လော့ဟတ်က ကျောင်းသားများရယ်မောကြစေရန် ခဏစောင့်လိုက်၏။ သို့ရာတွင် ကျောင်းသားအနည်းငယ်မျှသာ မပြုံးချင်ပြုံးချင်ပြုံးကြသည်။

"မင်းတို့အားလုံး ငါ့ရဲ့စာအုပ်တွေကို အပြည့်အစုံဝယ်ထားကြတာကို တွေ့ရတယ်။ ကောင်းတယ်။ ငါတို့ဒီနေ့ကို ပဟေဠိကလေးနည်းနည်းလောက်စကြရင်ကောင်းမယ်ထင်တယ်။ ဒီအတွက် ဘာမှစိတ်မပူပါနဲ့။ ငါ့ရဲ့စာအုပ်တွေကို မင်းတို့ဘယ်လောက်ကျေကျေညက်ညက်ဖတ်ပြီးကြပြီလဲဆိုတာ စစ်ဆေးကြည့်ရုံပါပဲ၊ စာအုပ်တွေထဲကနေ ဘယ်လောက်များမှတ်မိသလဲဆိုတာပေါ့"

လော့ဟတ်က မေးခွန်းလွှာများကို ဝေပေးပြီးသောအခါ အတန်းရှေ့သို့ ပြန်ရောက်လာပြီး ပြောလိုက်၏။

"မင်းတို့ကို ဖြေချိန်မိနစ်သုံးဆယ်ပေးမယ်။ ကိုင်းစကြပေတော့"

ဟယ်ရီက သူ၏မေးခွန်းလွှာကိုငုံ့ကြည့်ပြီး ဖတ်လိုက်သည်။

၁။ ဂေဒီရိုင်လော့ဟတ်ရဲ့ အကြိုက်ဆုံးအရောင်ကဘာလဲ ?

၂။ ဂေဒီရိုင်လော့ဟတ်ရဲ့ လျှို့ဝှက်ရည်မှန်းချက်က ဘာလဲ?

၃။ ဂေဒီရိုင်လော့ဟတ်ဟာ ယခုအခါအကြီးအကျယ်အောင်မြင်မှုရနေပြီလားဆိုတာ သင့်ရဲ့ထင်မြင်ချက်ပေးပါ?

ဆက်တိုက်ဖတ်သွားရင်း စာမျက်နှာသုံးမျက်နှာကျော်ခန့်တွင် အောက်ပါအတိုင်းရေးထား၏။

၅၄။ ဂေဒီရိုင်လော့ဟတ်ရဲ့ မွေးနေ့ကဘယ်နေ့လဲ၊ ပြီးတော့သူ့ရဲ့စံသတ်မှတ်ထားတဲ့ မွေးနေ့လက်ဆောင်ကဘာလဲ?

နာရီဝက်အကြာတွင် လော့ဟတ်က အဖြေလွှာစာရွက်များကို ပြန်လည်သိမ်းဆည်းပြီး စစ်ဆေးကြည့်ရှုလိုက်သည်။ ထို့နောက်. . .

"ကွတ်. . . ကွတ်. . . ငါ့အကြိုက်ဆုံးအရောင်ဟာ ပန်းခရမ်းရောင်ဆိုတာ မင်းတို့တော်တော်များများက မသိကြပါလား။ ငါ ဒီအကြောင်းကို 'နှင်းလူများနဲ့တစ်နှစ်တာစာအုပ်'မှာ ပြောထားတယ်လေ။ အင်း. . . မင်းတို့ထဲက နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းပါးပါးလောက်ကတော့ 'သမန်းဝံပုလွေများနှင့် စနေ၊ တနင်္ဂနွေအားလပ်ရက်များ' စာအုပ်ကို ဗိုပြီးဂရုတစိုက်ဖတ်ဖို့လိုတယ်။ အဲဒီစာအုပ်ရဲ့အခန်းဆယ့်နှစ်မှာ ငါ့ရဲ့ စံသတ်မှတ်ထားတဲ့ မွေးနေ့လက်ဆောင်ဟာ မှော်ပညာရှင်အားလုံးနဲ့ ရိုးရိုးသာမန်လူတွေအကြားမှာ အဆင်ပြေငြိမ်းချမ်းမှုရှိဖို့ပဲလို့ ရှင်းရှင်းလင်းလင်းဖော်ပြထားတယ်လေ။ ဒါပေမယ့် အော့ဒ်နှစ်ချိုးမီးတောက် ဝီစကီပုလင်းကြီးတစ်ပုလင်းဆိုရင်တော့ မငြင်းပါဘူး"

လော့ဟတ်က ကျောင်းသားများကို မရိုးသားသလို မျက်စိမှိတ်ပြလိုက်၏။ ယခုလော့ဟတ်ကို ငေးစိုက်ကြည့်နေသော ရွန်၏မျက်နှာပေါ်တွင် မယုံကြည်ခြင်းက အထင်းသားပေါ်လွင်နေသည်။ ဟယ်ရီတို့၏ရှေ့၌ ထိုင်နေသော ရှေးမတ်ဖင်နီဂန်တို့ကမူ အသံမထွက်အောင် တိုးတိုးတိတ်တိတ် ကြိတ်ရယ်မောနေကြသဖြင့် သူတို့၏ ကိုယ်လုံးများက တသိမ့်သိမ့်တုန်ခါနေကြသည်။ သို့ရာတွင် ဟာမီယွန်ကတော့ လော့ဟတ်ပြောသမျှကို အာရုံစိုက်ကာနားထောင်နေပြီး သူမ၏နာမည်ကို ရည်ညွှန်းပြီးပြောလိုက်သည့်အခါတွင်မူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဒါပေမယ့် ဟာမီယွန်ဂရင်ဂါကတော့ ငါ့ရဲ့လျှို့ဝှက်သော ရည်မှန်းချက်ဟာ အောက်လမ်းမိစ္ဆာလောကကို သုတ်သင်ရှင်းလင်းပစ်ဖို့နဲ့ ငါဖော်စပ်ထားတဲ့ ဆံကေသာလှပသန်စွမ်းစေတဲ့ ဆေးရည်အစုံလိုက်ကို ဈေးကွက်တင်ရောင်းချဖို့ပဲဆိုတာကိုသိတယ်။ အရမ်းတော်တဲ့ကလေးမပဲ!. . . တကယ်"

လော့ဟတ်က ဟာမီယွန်၏ အဖြေလွှာကိုလက်ဖြင့်ထောက်လိုက်ပြီး

"အမှတ်ပြည့်ပဲ! ဘယ်မှာလဲဟာမီယွန်ဂရင်ဂါ"

ဟာမီယွန်က တုန်ယင်နေသောလက်ကို ထောင်ပြလိုက်၏။

"အကောင်းဆုံးပဲ! တော်တော့်ကိုကောင်းတယ်! ဂရစ်ဖင်ဒေါအဆောင်ကို ဆယ်မှတ်ပေးလိုက်ပြီ၊ ကိုင်း စာသင်ကြစို့. . ."

လော့ဟတ်က သူ၏စားပွဲခုံအနောက်တွင် ကိုယ်ကိုငုံ့ကိုင်း၍ ဖုံးအုပ်



ထားသောလှောင်ချိုင့်ကြီးကို မ,ယူလိုက်သည်။

"တစ်ခုသတိပေးထားရဦးမယ်။ စုန်းကဝေလောကသားတွေက ပကောင်းဆိုးဝါးလို့သတ်မှတ်ထားတဲ့ သတ္တဝါတွေကို မင်းတို့ရင်ဆိုင်တိုက်ခိုက်နိုင်အောင် ကူညီပံ့ပိုးပေးဖို့က ငါ့ရဲ့တာဝန်ပဲ။ ဒီအခန်းထဲမှာပဲ မင်းတို့ရဲ့အဆိုးရွားဆုံး ကြောက်စိတ်တွေကို ရင်ဆိုင်မယ့်နည်းလမ်းကို မင်းတို့ဖာသာရှာဖွေနိုင်ကြလိမ့်မယ်။ ငါ ဒီအတန်းထဲမှာရှိနေသမျှ မင်းတို့အပေါ် ဘာအန္တရာယ်မှမကျရောက်နိုင်ဘူးဆိုတာကိုတော့ နားလည်ထားရမယ်။ ငါတောင်းဆိုချင်တာအားလုံးဟာ မင်းတို့ဆက်ပြီး တည်တည်ငြိမ်ငြိမ်နေကြပါဆိုတာပဲ"

ဟယ်ရီသည် လှောင်ချိုင့်ကိုပို၍ သဲသဲကွဲကွဲ မြင်ရအောင် စာအုပ်ပုံကို ခပ်ကွယ်ကွယ်လုပ်ကာ ကြည့်လိုက်၏။ လော့ဟတ်က လှောင်ချိုင့်ကိုဖုံးထားသည့် အဖုံးအကာပေါ်တွင် လက်တင်ထားသည်။ ဒင်းနှင့် ရှေးမတ်တို့သည် ရယ်မောနေကြခြင်းကို ရပ်တန့်လိုက်ကြ၏။ နယ်ဗီလီကတော့ သူ၏ရှေ့ဆုံး ခုံတန်းထိုင်ခုံတွင် ကိုယ်ကိုကျုံ့ကာ ဝပ်ထားလေသည်။

"မင်းတို့ ကြောက်လန့်ပြီး မအော်ကြရဘူးနော်. . . အော်လိုက်ရင် သတ္တဝါတွေ ဒေါသထွက်လာကြလိမ့်မယ်"

တစ်တန်းလုံး အသက်မျှပင်မရှူအားဘဲ ရင်မထားကြစဉ် လော့ဟတ်က အဖုံးအကာကိုဖယ်လိုက်၏။

"ကဲ. . ."

လော့ဟတ်က ပြဇာတ်ဆန်ဆန်အော်ပြောလိုက်သည်။

ရှေးမတ်ဖင်နီဂန်မှာ သူ့ကိုယ်သူမထိန်းနိုင်တော့။ သူ့ထံမှ ဟင်းခနဲထွက်ပေါ်လာသောရယ်သံမှာ လော့ဟတ်အတွက် ကြောက်လန့်ပြီးအော်သည့်အသံနှင့် ကင်မှတ်မှားနိုင်စရာမရှိချေ။

"ဘာဖြစ်လို့လဲ"

လော့ဟတ်က ရှေးမတ်ကို ပြုံးပြလိုက်ရင်းမေးလိုက်၏။

www.burmeseclassic.com



"ဟိုလေ. . . သူတို့. . . သူတို့တွေဟာ သိပ်ပြီးအန္တရာယ်မများဘူး မဟုတ်လား"

ရှေးမတ်က အသက်ရှူမရသလို မွန်းကြပ်နေသည့်အသံဖြင့် ပြောလိုက်သည်။

"သိပ်ပြီး သေချာမနေနဲ့ဦး ဒီမှင်စာတွေက ကောက်ကျစ်ဉာဏ်များပြီး သူတို့တတ်နိုင်သလောက် ဒုက္ခပေးတဲ့အကောင်လေးတွေကွ"

ပစ်(က်)ဆီမှင်စာလေးများသည် ပြာပြာလဲ့လဲ့တောက်ပနေပြီး အရပ်အမောင်းမှာ ရှစ်လက်မခန့်သာရှိသည်။ မျက်နှာများက ချွန်ချွန်သွယ်သွယ်နှင့်ဖြစ်ပြီး သူတို့၏အသံများမှာ လွန်စွာစူးရှသဖြင့် နားထောင်ရသည်မှာ ကြက်တူရွေးအုပ်ကြီး အငြင်းပွားနေသံမျိုးနှင့်တူသည်။ လှောင်ချိုင့်၏ အဖုံးအကာကိုဖယ်လိုက်သည့်တစ်ခဏတွင် မှင်စာများသည် ဗလုံးဗထွေးနှင့် ဆူပူနေကြပြီး သံတိုင်များကိုလှုပ်ခါကာ သူတို့၏အနားပတ်ဝန်းကျင်ရှိလူများကို အူကြောင်ကြောင်အမူအယာများလုပ်ပြကြ၏။

"ကိုင်း. . . မင်းတို့တွေ သူတို့ကိုဘယ်လိုကိုင်တွယ်မလဲဆိုတာ ကြည့်ကြရအောင်"

လော့ဟတ်က ကျယ်လောင်စွာအော်ပြောရင်း လှောင်ချိုင့်ကိုဖွင့်လိုက်သည်။

အကြီးအကျယ် ဆူညံမှုကြီး ဖြစ်ပေါ်လာလေတော့သည်။ မှင်စာများက အရပ်မျက်နှာပေါင်းစုံသို့ ဒုံးကျည်များလို ဝီခနဲ၊ ဝီခနဲ ထွက်သွားကြပြီး ထိုမှင်စာများထဲမှ နှစ်ကောင်က နယ်ဗီလီ၏နားရွက်ကိုတစ်ယောက်တစ်ဖက်ဆွဲကာ သူ့ကိုလေထဲသို့ မတင်သွား၏။ များပြားလှစွာသော မှင်စာများကမူ ပြတင်းပေါက်ဆီသို့ တဟုန်ထိုးပျံထွက်သွားကာ အနောက်ဖက်တန်းမှ ကျောင်းသားများအပေါ်သို့ မှန်ကွဲမိုးရွာချလိုက်သည်။ ကျန်မှင်စာများကတော့ ဒေါသူပုန်ထနေသော ကြွံတစ်ကောင်ထက်ပင် ပိုမိုထိရောက်စွာ စာသင်ခန်းကို ဝိုင်းဝန်းဖျက်ဆီးနေကြ၏။ သူတို့



သည် မှင်ဗူးများကိုလုယူကာ အတန်းထဲ၌ မှင်များဖြင့်ပက်ဖျန်းကြသည်။ စာအုပ်များနှင့် စာရွက်များကိုဆွဲဖြဲကာ နံရံမှရုပ်ပုံကားချပ်များကို ဆွဲခွါပြီးလုံးချေပစ်ကာ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်ကြ၏။ မိနစ်ပိုင်းအတွင်း စာသင်ခန်းထဲမှ ကျောင်းသားတဝက်ခန့်မှာ စားပွဲခုံများအောက်တွင် အကာအကွယ်ယူကာ ပုန်းခိုနေကြရပြီး နယ်ဗီလီကတော့ မျက်နှာကျက်ရှိ ဖယောင်းတိုင်ပန်းဆိုင်းတွင် တွဲလောင်းချိတ်နေလေသည်။

"လာကြ. . . သူတို့ကိုဝိုင်းပြီး သုတ်သင်ကြ. . . ဝိုင်းပြီးသုတ်သင်ကြ၊ သူတို့က မှင်စာလေးတွေပါကွာ" ဟု လော့ဟတ်က အော်လိုက်သည်။

သူက အင်္ကျီလက်များကိုခေါက်တင်လိုက်ပြီး ဆေးတောင်ဝှေးကိုဝှေ့ယမ်းကာ ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သည်။

"ပက်စကီပစ်ကစီ ပက်စတာနိုမီ!"

သို့ရာတွင် ဘာမှအကျိုးသက်ရောက်မှုမရှိချေ။ မှင်စာတစ်ကောင်က လော့ဟတ်၏ ဆေးတောင်ဝှေးကိုဖမ်းဆွဲပြီး ပြတင်းပေါက်မှ လွှင့်ပစ်လိုက်၏။ လော့ဟတ်သည် လွန်ခဲ့သောစက္ကန့်အနည်းငယ်ခန့်က ဖယောင်းတိုင်ပန်းဆိုင်းပေါ်မှ ပြုတ်ကျလာသော နယ်ဗီလီပေါ်သို့ တက်မဖိမိအောင် ရှောင်ရင်း သူ၏စားပွဲခုံအောက်သို့ ကသောကမျောဝိုင်ဗင်ထိုးဝင်လိုက်သည်။

အတန်းလွှတ်ခေါင်းလောင်းသံကိုကြားလိုက်ရပြီး ကြောက်လန့်သွေးပျက်နေကြသူများက အပေါက်ဝသို့ အတင်းတိုးထွက်ကြ၏။ တည်တည်ငြိမ်ငြိမ်ရှိသူများကထိုသူများအနောက်မှ ဖြည်းဖြည်းချင်းလိုက်သွားကြစဉ် လော့ဟတ်က တံခါးဝနားသို့ရောက်နေပြီဖြစ်သော ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ကိုတွေ့သွားကာ သူတို့ထံသို့ တည့်တည့်မတ်မတ်လျှောက်လာပြီး ပြောလိုက်သည်။

"အင်း. . မင်းတို့သုံးယောက်က ကျန်တဲ့မှင်စာတွေကို လှောင်ချိုင့်ထဲ ပြန်ထည့်ပေးပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



လော့ဟတ်က ဟယ်ရီတို့၏ ဘေးနားမှခြေလှမ်းကျဲကျဲဖြင့် ခပ်သုတ်သုတ် လျှောက်သွားပြီး သူ၏ နောက်ဖက်မှတံခါးကိုလျှင်မြန်စွာ ပိတ်သွား၏။

"မင်းတို့ သူ့ကိုယုံကြလား"

ကျန်နေသည့် မှင်စာတစ်ကောင်က သူ၏နားကိုကိုက်ခဲထားသဖြင့် နာကျင်စွာအော်ဟစ်ရင်း ရွန်ကပြောလိုက်သည်။

"သူက ငါတို့ကိုအတွေ့အကြုံရအောင်လုပ်ပေးတာပါဟာ"

မလှုပ်မယှက်ဖြစ်သွားစေသည့် မန္တာန်ကို ကျွမ်းကျင်စွာ အသုံးပြုလိုက် သဖြင့် တစ်ချက်တည်းနှင့် မလှုပ်ရှားနိုင်တော့သော မှင်စာနှစ်ကောင်ကို လှောင် အိမ်ထဲသို့ ပြန်ဖိထည့်ရင်း ဟာမီယွန်က ပြောလိုက်၏။

"အတွေ့အကြုံပေးတာ. . .၊ ဟုတ်လား"

ဟယ်ရီက သူနှင့်မမှီမကမ်းနေရာမှ လျှာထုတ်ပြကာ ပြောင်ပြနေသော မှင်စာတစ်ကောင်ကို ဖမ်းယူဖို့ကြိုးစားရင်း ပြောလိုက်၏။

"ဟာမီယွန် သူဘာလုပ်နေတယ်ဆိုတာ ငါမစဉ်းစားတတ်တော့ဘူး"

"အဓိပ္ပါယ်မရှိတာ၊ နင်တို့သူ့စာအုပ်တွေဖတ်ဖူးပြီးသားပဲ၊ ရင်သပ်ရှုမော ဖြစ်အောင်သူလုပ်ခဲ့တာတွေကို ပြန်ကြည့်ပါဦးဟ. . ." ဟု ဟာမီယွန်က ပြော လိုက်သည်။

"သူကတော့ လုပ်ခဲ့တယ်လို့ကြွားတာပဲ" ဟု ရွန်က မကြားတကြား ရေရွတ်လိုက်၏။

❑

အခန်း (၇)

---

မျော်မျိုးရိုးမစစ်သူများအတွက် ဖန္တရာယ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များစွာ၏ အချိန်တော်တော်များများကို ဟယ်ရီသည် လော့ဟတ်တစ်ယောက် လူသွားစင်္ကြံသို့ဆင်းလာသည်ကို တွေ့တိုင်းသူမမြင်အောင် ပုန်းလျှိုးကွယ်လျှိုးသွားခြင်းဖြင့် ကုန်လွန်ခဲ့ရ၏။ သို့ရာတွင် ရှောင်ရန်ခက်ခဲလှသူကတော့ ကိုလင်ခရီဗီပင်။ သူကတော့ ဟယ်ရီ၏ အချိန်ဇယားတစ်ခုလုံးကို အလွတ်ရသလားဟု အောက်မေ့ရသည်။ တစ်နေ့လျှင် ခြောက်ခါ၊ ခုနစ်ခါလောက် 'အဆင်ပြေလားဟယ်ရီ'ဟု ပျော်ရွှင်စိတ်လှုပ်ရှားစွာ ဟယ်ရီကြားအောင် နှုတ်ဆက်ရုံမှတစ်ပါး ကိုလင့်မှာ အခြားလုပ်စရာရှိပုံမရချေ။ 'ဟယ်လို ကိုလင်'ဟု ဟယ်ရီပြန်နှုတ်ဆက်လေ့ရှိသော်လည်း သူ့အသံကစိတ်တိုနေသည့်အသံဖြစ်နေတတ်သည်။

ဖိုးကွက်မငေ့လေး ဟက်ဝဲကတော့ ရုတ်တရက်ဖြုန်းစားကြီး ဒုက္ခခံလိုက်ရသော မော်တော်ကားခရီးစဉ်နှင့်ပတ်သက်ပြီး ဟယ်ရီ့ကိုစိတ်ဆိုးမပြေသေးချေ။ ရွှန်၏ ဆေးတောင်ဝှေးမှာ ပြန်မကောင်းသေးသောကြောင့် သောကြာနေ့နံနက်တွင် မန္တာန်ရွတ်ရင်း ထိန်းမရဘဲ ဆေးတောင်ဝှေးမှ သူ့ဖာသာသူထွက်သွားသော ရောင်ခြည်တန်းက သေးကွေးအိမင်းသော ပရော်ဖက်ဆာဖလစ်ဝစ်၏ မျက်လုံး

www.burmeseclassic.com



နှစ်ခုကြားကို ထိမှန်သွားပြီး ထိုနေရာ၌ တဆတ်ဆတ်တုန်ခါနေသော အစိမ်းရောင်အဖုကြီးဖြစ်သွား၏။ ထိုကဲ့သို့အဖြစ်အပျက်များကို တစ်မျိုးပြီးတစ်မျိုး ရင်ဆိုင်ကြုံတွေ့နေရရင်း ဟယ်ရီသည် စနေ၊ တနင်္ဂနွေအားလပ်ရက်သို့ရောက်တော့မည့်အတွက် တော်တော်ပျော်နေမိသည်။

သူ၊ ရွန်နှင့် ဟာမီယွန်တို့သည် စနေနေ့မနက်၌ ဟက်ဂရစ်ထံသွားလည်ရန် အစီအစဉ်ဆွဲထားကြသည်။ သို့သော်ငြားလည်း ဟယ်ရီသည် ထိုနေ့မနက်၌ သူစိတ်လက်ကြည်သာစွာနိုးထချင်သည့်စိတ်ထက် နာရီပေါင်းများစွာစော၍ ဂရစ်ဖင်ဒေါကွစ်ဒစ်အသင်းခေါင်းဆောင် အိုလီဗာဝုဒ်၏လှုပ်နှိုးခြင်းကိုခံရ၏။

"ဘာကိစ္စလဲ" ဟု အိပ်ရေးမဝသေးသော ဟယ်ရီကမေးလိုက်သည်။

"ကွစ်ဒစ်လေ့ကျင့်ခန်းလေ! လာ. . . ထ" ဟု ဝုဒ်ကဖြေလိုက်၏။

ဟယ်ရီသည် ပြတင်းပေါက်ကို တစ်ချက်ဖွေကြည့်လိုက်၏။ အပြင်ဖက်တွင် မြူနှင်းပုဝါပါးပါးက ပန်းရောင်နှင့်ရွှေရောင်ရောစပ်လျှက်ရှိသော ကောင်းကင်ကို သိုင်းယှက်လွှမ်းခြုံထားသည်။ ယခုဟယ်ရီအိပ်ရာမှနိုးပြီး သူသည်ကျေးငှက်တို့က တီတီတာတာအသံကျယ်လောင်စွာ ပြုနေသည့်ကြားမှ ဘာကြောင့်အိပ်၍ပျော်နိုင်သည်ကို နားမလည်ဘဲ ဖြစ်နေမိသည်။

"အိုလီဗာ. . . အခုမှအရုဏ်ကျင်းစပဲရှိသေးတယ်" ဟု ဟယ်ရီက အိပ်ချင်မူးတူးဖြင့် ပြောလိုက်၏။

"အသေအချာပေါ့. . ." ဟု ဝုဒ်က ပြန်ဖြေလိုက်သည်။ သူသည် အရပ်ရှည်ရှည်နှင့် သန်စွမ်းတောင့်တင်းသော ဆဋ္ဌမနှစ်ကျောင်းသားတစ်ယောက်ဖြစ်၏။ စကားပြောလိုက်သည့်ခဏတွင် မျက်လုံးများက အရူးအမူးစိတ်အားထက်သန်နေမှုဖြင့် တလက်လက်တောက်ပနေကြသည်။

"ဒါဟာ ငါတို့လေ့ကျင့်မှု အစီအစဉ်ရဲ့ တစိတ်တပိုင်းပဲ။ လာစမ်းပါ။ မင်းတံမြက်စည်းပျံကိုယူပြီးသွားကြစို့"



ဝုဒ်က စိတ်ခါတ်တက်ကြွစွာ အားရပါးရပြောလိုက်၏။

"တစ်ခြားဘယ်အသင်းမှ လေ့ကျင့်ခန်းစလုပ်ကြသေးတာမဟုတ်ဘူး။ ငါတို့ဒီနှစ် အမှတ်အပြတ်အသတ်ရလိမ့်မယ်"

သမ်းဝေကာ အနည်းငယ်လူးလွန့်လိုက်ရင်း ဟယ်ရီသည် အိပ်ရာထဲမှ ထကာ သူ၏ကွစ်ဒစ်ဝတ်စုံများကို ရှာရန်ကြိုးစားလိုက်၏။

"လူတော်လေးပဲ. . . မင်းနဲ့ကစားကွင်းမှာ ဆယ့်ငါးမိနစ်အတွင်းတွေ့မယ်" ဟု ဝုဒ်ကပြောလိုက်သည်။

သူ၏ကြက်သွေးရောင် ကွစ်ဒစ်အသင်းဝတ်စုံကို ဟယ်ရီရှာတွေ့သောအခါ အနွေးဓာတ်ရစေရန် ဟယ်ရီသည် ဝတ်စုံကိုခပ်တင်းတင်းဆွဲလိုက်၏။ ထို့နောက် သူမည်သည့်နေရာသို့သွားကြောင်း ရှင်းပြသည့်စာကိုခပ်သော့သော့ ရေးခဲ့ပြီး ဟယ်ရီသည် သူ၏နင်းဗတ် ၂၀၀၀ တံမြက်စည်းကိုပခုံးထက်တွင် ထမ်းကာ ကြောင်လိမ်လှေကားအတိုင်း စုပေါင်းနားနေခန်းဆီသို့ ဆင်းလာခဲ့သည်။

သူ၏နောက်မှ တဒုန်းဒုန်းနှင့် အသံကြားရပြီး ကိုလင်ခရီဗီကြောင်လိမ်လှေကားပေါ်မှ တရှိန်ထိုးပြေးဆင်းလာချိန်တွင် ဟယ်ရီမှာ ပုံတူပန်းချီကားတံခါးပေါက်ရှေ့သို့ရောက်ရုံသာရှိသေးသည်။ ကိုလင်ခရီဗီ၏ ကင်မရာက သူ့လည်ပင်းတဝိုက်တွင် နာရီချိန်သီးပမာ လွဲရမ်းနေပြီး သူ့လက်ထဲ၌ တစ်စုံတစ်ခုကို ဆုပ်ကိုင်ထား၏။

"တစ်ယောက်ယောက် လှေကားပေါ်မှာ ခင်ဗျားနာမည်ပြောနေတာကြားလိုက်ရတယ်။ ဟယ်ရီ. . ကြည့်ပါဦး ကျွန်တော်ဘာရလာသလဲဆိုတာကို . . ။ ကျွန်တော်လုပ်ထားတာ တော်တော်တိုးတက်နေပြီ၊ အဲဒါ ခင်ဗျားကိုပြချင်လို့"

သူ၏နှာခေါင်းအောက်နား၌ ကိုလင်ဖော့ယမ်းပြနေသည့် ဓါတ်ပုံကို ဟယ်ရီသည် စိတ်ရှုပ်ထွေးစွာနှင့် ကြည့်လိုက်၏။

လှုပ်ရှားနေသော အဖြူအမည်းအရောင်နှင့် လော့ဟတ်၏ပုံက မြင်ရုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံမှန်းသိစေသည့် ဟယ်ရီပုံ၏ လက်မောင်းကို အားနှင့်ဆွဲထားသည်ကိုတွေ့လိုက်ရ၏။ ကိုလင်၏ ဓါတ်ပုံပြုလုပ်ချက်မှာ သဘာဝကျကျရှုန်းကန်မှုဖြစ်ပေါ်နေပြီး မြင်ကွင်းထဲသို့ တရွေ့ရွေ့ဝင်လာရန် ပြင်းဆန်နေသည့်အဖြစ်ကိုတွေ့ရသောကြောင့် ထိုဓါတ်ပုံအားကြည့်ရသည်ကို ဟယ်ရီကျေနပ်သွား၏။ ဟယ်ရီကြည့်နေစဉ် လော့ဟတ်မှာ လက်လျော့သွားကာ အရုပ်ကြိုးပြတ်ခွေကျသွားပြီး ဓါတ်ပုံ၏ အဖြူရောင်အနားစွန်းကိုမှီ၍ ဟောဟဲဟောဟဲနှင့် မောပန်းနေသည်ကိုတွေ့လိုက်ရသည်။

"ခင်ဗျားလက်မှတ်ထိုးပေးမှာလားဟင်" ကိုလင်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်၏။

"မထိုးပေးဘူး"

ဟယ်ရီက ခပ်ပြတ်ပြတ်ဖြေလိုက်ပြီး အခြားမည်သူမျှ အခန်းထဲ၌မရှိကြသည်မှာ သေချာရဲ့လားဟု ဘေးဘီဝဲယာကို လှည့်ပတ်အကဲခတ်လိုက်သည်။

"ဝမ်းနည်းပါတယ် ကိုလင်၊ ငါအလျင်လိုနေလို့ပါ။ ကွစ်ဒစ်လေ့ကျင့်ခန်းလုပ်စရာရှိတယ်"

ဟယ်ရီက ပြောပြောဆိုဆိုနှင့် ပုံတူပန်းချီကားတံခါးပေါက်ကို ဖြတ်ကျော်လာခဲ့၏။

"ဟာ! လှတယ်. . . ကျွန်တော့်ကိုစောင့်ပါဦး၊ ကွစ်ဒစ်ကစားတာ ကျွန်တော်အရင်က တစ်ခါမှ မကြည့်ဘူးလို့ပါ"

ကိုလင်သည် ပုံတူပန်းချီကားအပေါက်ကို တွားသွားဖြတ်ကျော်ကာ ဟယ်ရီနောက်သို့ လိုက်လာ၏။

"အဲဒီကစားနည်းက တကယ်ပျင်းစရာကောင်းတယ်" ဟု ဟယ်ရီက လျှင်မြန်စွာ ပြောလိုက်သော်လည်း ကိုလင်က သူ့ကိုဂရုမစိုက်ချေ။ ကိုလင်၏မျက်နှာမှာ စိတ်လှုပ်ရှားမှုဖြင့် တောက်ပနေ၏။



"ခင်ဗျားဟာ နှစ်တစ်ရာအတွင်းမှာ အဆောင်ရဲ့ အသက်အငယ်ဆုံးကစားသမားပဲနော် ဟုတ်တယ်မဟုတ်လား ဟယ်ရီ. . ဟုတ်လား"

ကိုလင်က မနှေးမမြန်လျှောက်လာကာ ဟယ်ရီ၏ဘေးမှ လိုက်လာရင်းပြောလိုက်သည်။

"ခင်ဗျားကစားတာ ထူးချွန်ပြောင်မြောက်မှာပဲ၊ ကျွန်တော်တစ်ခါမှ အဲသလိုမပျံဖူးဘူး။ အဲဒါလွယ်လားဟင်။ ဒါက ခင်ဗျားရဲ့ကိုယ်ပိုင် တံမြက်စည်းလား၊ ဒါအကောင်းဆုံးတံမြက်စည်းတစ်ချောင်းလား"

ကိုလင့်ကို ဘယ်လိုပထုတ်ရမှန်း ဟယ်ရီမသိတော့ချေ။ ထိုငနဲလေးမှာ အလွန်တရာစကားများနေသော အရိပ်တစ်ခုလိုပင်ဖြစ်နေသည်။

"ကွစ်ဒစ်ကစားနည်းကို ကျွန်တော်တကယ်နားမလည်လို့ပါ။ ကစားရတဲ့ဘောလုံးလေးလုံးရှိတယ်ဆိုတာ အမှန်ပဲလားဟင်။ ပြီးတော့ ဘောလုံးနှစ်လုံးက လှည့်ပတ်ပျံသန်းနေပြီး တံမြက်စည်းတံပေါ်က လူတွေကိုပြုတ်ကျသွားအောင်လုပ်ဖို့ကြိုးစားတယ်ဆိုတာကောဟုတ်လား"

"ဟုတ်တယ်"

ရှုပ်ထွေးလှသော ကွစ်ဒစ်ကစားပွဲ စည်းမျဉ်းများကို ရှင်းပြရမည်ကို အောင့်အည်းသည်းခံရင်း ဟယ်ရီကလေးလံစွာ ဖြေလိုက်၏။

"အဲဒီဘောလုံးနှစ်လုံးကို 'ဘလပ်ဂျာ'လို့ခေါ်တယ်။ အသင်းတစ်သင်းစီမှာ ခံစစ်မှူးနှစ်ယောက်ရှိတယ်။ သူတို့ကတင်းပုတ်တွေကိုင်ပြီး ဘလပ်ဂျာတွေကို သူတို့အသင်းဖက်ကနေ ခပ်ဝေးဝေးကိုရောက်သွားအောင် ရိုက်ထုတ်ဖယ်ရှားပေးရတယ်။ ဖရက်နှင့် ဂျော့ဝီစလေတို့က ငါတို့ဂရစ်ဖင်ဒေါ်အသင်းရဲ့ ခံစစ်မှူးတွေပဲ"

"နောက်ပြီး တစ်ခြားဘောလုံးတွေကရော ဘာအတွက်လဲ"

ကိုလင်သည် ဟယ်ရီကို ပါးစပ်အပြောင်းသားနှင့် ငေးမေးသော ကြောင့် လေ့ကားထစ်များကို နှစ်ထစ်စီကျော်လွှားဆင်းမိနေရင်းမှ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . 'ကွာဖယ်'ဆိုတာကတော့ အကြီးဆုံး အနီရောင်ဘောလုံးကြီး အဲဒီဘောလုံးနဲ့ ဂိုးသွင်းပြီးအမှတ်ယူရတာ။ အသင်းတစ်သင်းစီမှာ ကွာဖယ် တစ်ယောက်ဆီကိုတစ်ယောက်ပစ်ပေးရင်း ကစားကွင်းရဲ့ အဆုံးတစ်ဖက်စီမှာရှိ ဂိုးတိုင်တွေထဲကို ဂိုးဝင်အောင်သွင်းရတဲ့ တိုက်စစ်မှူးသုံးယောက်ရှိတယ်။ ကစား ကွင်းရဲ့ အဆုံးတစ်ဖက်စီမှာ ရှည်လျားပြီးကွင်းတပ်ထားတဲ့ ဂိုးတိုင်သုံးတိုင်စီရှိ တယ်"

"စတုဗ္ဗမြောက် ဘောလုံးကရော"

"အဲဒါက ရွှေဘောလုံးပဲ၊ အဲဒီဘောလုံးကအရှမ်းသေးတယ်၊ အရှမ်းမြန် ပြီး ဖမ်းမိဖို့လည်းခက်တယ်။ ဒါပေမယ့် ရွှေဘောလုံးကိုလိုက်ဖမ်းရတာဟာ ရှာ ဘောလုံးသမားရဲ့တာဝန်ပဲ။ ဘာလို့လဲဆိုတော့ ကွစ်ဒစ်ကစားပွဲတစ်ပွဲဟာ ရွှေဘော လုံးကိုမမိမချင်းပွဲမပြီးဘူး။ ဘယ်အသင်းရဲ့ ရွှေဘောလုံးသမားကပဲ ရွှေဘောလုံး ကိုရရ သူ့အသင်းကိုအမှတ်တစ်ရာငါးဆယ် ထပ်ပေါင်းပေးရတယ်"

"အင်း. . ခင်ဗျားက ဂရစ်ဖင်ဒေါအသင်းရဲ့ ရွှေဘောလုံးသမားမဟုတ် လား"

"ဟုတ်တယ်"

သူတို့နှစ်ယောက်ရဲတိုက်မှ ထွက်လာကြကာ နှင်းရည်စက်လက်နှင့် မြက် ခင်းပြင်ကို ဖြတ်သန်းလာကြစဉ် ဟယ်ရီက ပြန်ဖြေလိုက်သည်။

"ပြီးတော့ ဂိုးသမားဆိုတာလည်းရှိသေးတယ်။ သူက ဂိုးတိုင်တွေကိုစောင့် ရတယ်။ အဲဒါ တကယ်. . ."

သို့ရာတွင် ကိုလင်သည် ကွစ်ဒစ်ကစားကွင်းဆီသို့ ဆင်ခြေလျှောစိုက် ခင်းကိုဖြတ်သန်းကာ ဆင်းလာရာလမ်းတစ်လျှောက်လုံး ဟယ်ရီကိုမရပ်မနားမေး ခွန်းများထုတ်နေလေသည်။ အဝတ်လဲခန်းသို့ ဟယ်ရီရောက်သွားသောအခါတွင် မှ ကိုလင့်ကိုသူခွါထုတ်နိုင်တော့သည်။



ကိုလင်က ပိုက်ထဲမှထွက်လာသည့် အသံမျိုးဖြင့် ဟယ်ရီ့နောက်မှ အော် ပြောလိုက်သည်။

"ကျွန်တော် ထိုင်ခုံကောင်းကောင်းတစ်ခုံသွားရှာပြီး ထိုင်နေမယ် ဟယ်ရီ"

ထို့နောက် ပွဲကြည့်စင်များရှိရာသို့ ကပျာကယာပြေးထွက်သွားသည်။

ကျန်ဂရစ်ဖင်ဒေါအသင်းသားများအားလုံးက အဝတ်လဲခန်းအတွင်း၌ ရောက်နေကြပြီးဖြစ်သည်။ ဝုဒ်သည် တကယ်ပင်နိုးကြားတက်ကြွနေပုံရသည့် တစ်ယောက်တည်းသောလူဖြစ်၏။ ဖရက်နှင့် ဂျော့ဇ်စလေတို့ကမူ မျက်လုံးများ မဖွင့်ချင်ဖွင့်ချင်နှင့် ခေါင်းစုတ်ဖွားများဖြင့် ထိုင်နေကြပြီး သူတို့၏နံဘေးတွင် စတုတ္ထနှစ်ကျောင်းသူ အဲလစ်စီယာစပင်းနက်က ဇက်ကျိုးနေသောသူတစ်ယောက် လို သူမ၏နောက်မှ နံရံကိုမှီပြီးငိုက်နေလေသည်။ သူမနှင့်အပေါင်းအပါ တိုက်စစ် မှူးများဖြစ်သော ကက်တီဘဲလ်နှင့် အိန်ဂျလီနာဂျွန်ဆင်တို့ကတော့ မျက်နှာချင်း ဆိုင်တွင် ဘေးချင်းယှဉ်လျက် မှီထိုင်နေရင်း တဝါးဝါးသမ်းဝေနေကြ၏။

"မင်းရောက်လာပြီကိုး ဟယ်ရီ၊ ဘာလို့ကြာနေတာလဲ" ဟု ဝုဒ်က ခပ်သွက်သွက်လှမ်းပြောလိုက်၏။

"ကဲ. . . ငါတို့လေ့ကျင့်ကွင်းထဲမဆင်းခင် မင်းတို့အားလုံးကို ငါစကား ခပ်မြန်မြန်ပြောချင်တယ်။ ဘာကြောင့်လဲဆိုတော့ ငါနွေရာသီမှာ လေ့ကျင့်မှု အစီ အစဉ်အသစ်တစ်ခုလုံးကို အပြန်အလှန်လုပ်နေရတာနဲ့ပဲ အချိန်ကုန်ခဲ့ရတယ်။ အရာအားလုံးကိုပြောင်းလဲသွားအောင် လုပ်နိုင်မယ်လို့ ငါတွေးမိတယ်"

ဝုဒ်က အရောင်အမျိုးမျိုးနှင့်ရေးဆွဲထားသည့် မျဉ်းကြောင်းများ၊ မြှား လမ်းကြောင်းများ၊ ကြက်ခြေခတ်များဖြင့် ရှုပ်ပွနေသည့် ကွစ်ဒစ်ကစားကွင်းပုံ အကြီးကြီးကို ကိုင်ထား၏။ ဝုဒ်က သူ့ဆေးတောင်ဝှေးကိုထုတ်လိုက်ပြီး ကစားကွင်း ပုံပေါ်ရှိ ခူကောင်များနှင့်တူသော မြှားလမ်းကြောင်းများကိုထောက်ကာ ဟိုရွှေ့

www.burmeseclassic.com



ဒီရွှေ့လုပ်ရင်း ရှင်းပြရန်ဟန်ပြင်လိုက်သည်။ ဝုဒ်ကသူ၏နည်းစနစ်အသစ်အကြောင်းကို အားမာန်ပါပါနှင့် စတင်ရှင်းပြနေစဉ် ဖရက်ဝီစလေ၏ခေါင်းက အဲလစ်စီယာစပင်းနက်၏ ပုခုံးပေါ် သို့ငိုက်ကျသွားပြီး ဟောက်သံပင်ထွက်လာလေသည်။

ပထမပုံကို ရှင်းပြရန်ပင် အချိန်မိနစ် နှစ်ဆယ်နီးပါးကြာသွား၏။ သို့ရာတွင် ထိုပုံအောက်မှ နောက်တစ်ပုံထပ်ထွက်လာပြန်သည်။ ထိုပုံ၏အောက်မှ တတိယပုံထပ်ထွက်လာသည်။ ဝုဒ်က ထိုနည်းစနစ်အသစ်အကြောင်းကိုသာ မနားတမ်းပြောနေရာ ဟယ်ရီမှာ ခေါင်းများပင်မူးနောက်လာ၏။

"ကိုင်း. . ."

နောက်ဆုံး၌ ဝုဒ်ပြောလိုက်သံက သူ ရဲတိုက်တွင် ခဏတာလေးမျှ မနက်စာဘယ်လိုစားခွင့်ရနိုင်မလဲဟု မွတ်သိပ်တောင့်တနေသည့်အတွေးကမ္ဘာထဲမှ ဟယ်ရီကို ဆွဲထုတ်လိုက်၏။

"ရှင်းကြလား. . . မေးစရာရှိသေးလား"

"မေးစရာတစ်ခုရှိတယ် အိုလီဗာ"

အိပ်ပျော်နေရာမှ နိုးလာသော ဂျော့ကပြောလိုက်သည်။

"ဒါတွေအားလုံးကို မနေ့ကငါတို့တတွေ နိုးနိုးကြားကြားဖြစ်နေတဲ့အချိန်တုန်းက ဘာလို့မပြောနိုင်ရတာလဲ"

ဝုဒ်မကျေမနပ်ဖြစ်သွား၏။

"နားထောင်. . မနှစ်ကငါတို့တတွေဟာ ကွစ်ဒစ်ဖလားကို ရသင့်တယ်။ ငါတို့အသင်းဟာ သိပ်အားစိုက်စရာမလိုဘဲနဲ့ အကောင်းဆုံးအသင်းဖြစ်ခဲ့တယ်။ ဒါပေမယ့် ကံမကောင်းအကြောင်းမလှစွာနဲ့ ငါတို့ထိန်းသိမ်းနိုင်စွမ်းမရှိတဲ့ အခြေအနေတွေ ဖြစ်လာခဲ့တယ်။"

ဟယ်ရီသည် အပြစ်မကင်းစွာနှင့် သူထိုင်ခုံမှ ကိုယ်ကိုအနည်းငယ်ကြွ



လိုက်မိသည်။ မနှစ်က ဗိုလ်လုပွဲကစားရမည့်အချိန်တွင် သူဆေးရုံ၌သတိလစ်နေခဲ့၏။ ထိုအဖြစ်ကြောင့် ဂရစ်ဖင်ဒေါအသင်းအတွက် အားထားရမည့်ကစားသမားမရှိတော့ဘဲ နှစ်ပေါင်းသုံးရာအတွင်း အဆိုးရွားဆုံးရှုံးနိမ့်မှုကို သူတို့ခံစားခဲ့ရသည်။

ဝုဒ်က သူ့ကိုယ်သူထိန်းသိမ်းနိုင်ရန် ခဏတာမျှ အချိန်ယူလိုက်သည်။ သူတို့၏ နောက်ဆုံးရှုံးနိမ့်ခဲ့မှုသည် ကြည်လင်ပီသစွာသူ့ကို ညှင်းပန်းနှိပ်စက်နေဆဲပင်။

"ဒါကြောင့် ဒီနှစ်မှာ ငါတို့ခါတိုင်းထက် ပိုပြီးပြင်းပြင်းထန်ထန် လေ့ကျင့်ရမယ်။ အိုကေ. . . သွားကြမယ်. . . ငါတို့ရဲ့သီအိုရီအသစ်တွေနှင့် လေ့ကျင့်ကြစို့"

ဟု ဝုဒ်က သူ့တံမြက်စည်းကိုဆုပ်ကိုင်ရင်း အဝတ်လဲခန်းများအတွင်းမှ ဦးဆောင်၍ထွက်သွား၏။ ခြေလှမ်းများကို မလှမ်းချင်လှမ်းချင်နှင့် လှမ်းကာ သမ်းဝေနေကြသည့် သူ့အသင်းသားများက နောက်မှလိုက်ပါလာကြသည်။

မြူနှင်းအကြွင်းအကျန်များက ကစားကွင်းအတွင်းရှိ မြက်ပင်များထက်၌ တွဲလဲခိုနေကြဆဲပင်ဖြစ်သော်လည်း သူတို့အဝတ်လဲခန်းအတွင်း၌ အချိန်အတော်ကြာသွားသည့်အတွက် နေအနည်းငယ်မြင့်စပြုလာပြီဖြစ်သည်။ ကစားကွင်းထဲသို့ ဟယ်ရီလမ်းလျှောက်သွားစဉ် ပွဲကြည့်စင်များ၌ထိုင်နေသော ရွန်နှင့် ဟာမီယွန်တို့ကို တွေ့လိုက်ရ၏။

"မင်းဟာက မပြီးသေးဘူးလား" ဟု ရွန်က မယုံကြည်နိုင်စွာအော်မေးလိုက်သည်။

"စတောင်မစရသေးဘူး။ ဝုဒ်က နည်းဗျူဟာအသစ်တွေသင်နေလို့ကွ"

ဟယ်ရီသည် ခန်းမကြီးထဲ၌ ရွန်နှင့်ဟာမီယွန်တို့ယူဆောင်လာကြသည့် ပေါင်မုန့်မီးကင်နှင့် လိမ္မော်ခွံယိုများကို မနာလိုစွာကြည့်ရင်းပြောလိုက်၏။

သူကတံမြက်စည်းတံပေါ် တွင် ခွတက်ကာ မြေပြင်ကိုတစ်ချက်ကန်ထည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး လေထဲသို့တဟုန်ထိုး ထိုးတက်သွားသည်။ သူ၏မျက်နှာကို ရိုက်ခတ်လာသော အေးမြသည့် နံနက်ခင်းလေက ဝုဒ်၏ရှည်လျားလှသော စကားများထက်ပင် ပို၍ထိရောက်စွာ သူ့ကိုနိုးကြွလန်းဆန်းလာစေသည်။ ကွစ်ဒစ်ကွင်းထဲသို့ သူပြန်ရောက်လာရသည်ကို မယုံကြည်နိုင်လောက်အောင် ခံစားရသည်။ ဟယ်ရီသည် ညာဖက်လှည့်ကာ ကစားကွင်းကိုအပြင်းဆုံးအရှိန်ဖြင့် ပတ်ရင်းဖရက်၊ ဂျော့တို့နှင့် ပြိုင်ပြီးပျံသန်းနေ၏။

"ကလစ် . . . ကလစ်နဲ့ ရယ်စရာကောင်းတဲ့အသံကဘာပါလိမ့်"

ကစားကွင်း၏ ထောင့်တစ်နေရာ၌ အရှိန်ပြင်းစွာပျံသန်းနေစဉ် ဖရက်က အော်ပြောလိုက်သည်။

ဟယ်ရီက ပွဲကြည့်စင်များကို လှမ်းကြည့်လိုက်၏။ ကိုလင်က အမြင့်ဆုံးထိုင်ခုံတစ်ခုံတွင်ထိုင်နေပြီး သူ၏ကင်မရာကိုမြှောက်ကာ ဓါတ်ပုံတစ်ပုံပြီးတစ်ပုံ ရိုက်နေလေသည်။ ထိုကင်မရာမှ အသံကခြောက်ကပ်တိတ်ဆိတ်နေသော ကစားကွင်းအတွင်း၌ ထူးထူးခြားခြားသိသာထင်ရှားနေလေ၏။

"ဒီဖက်ကိုလှည့် . . ဟယ်ရီ။ ဒီဖက်ကို . . . "

ကိုလင်က စူးရှစွာအော်ပြောလိုက်သည်။

"သူက ဘယ်သူလဲကွ" ဟု ဖရက်က မေးလိုက်၏။

"မသိဘူး" ဟယ်ရီသည် ကိုလင်နှင့်ဝေးနိုင်သမျှ ဝေးအောင်အရှိန်ကို ခပ်ပြင်းပြင်း ဆောင့်တင်လိုက်ရင်း ညာပြောလိုက်သည်။

"ဘာတွေဖြစ်နေတာလဲ"

ဝုဒ်ကသူတို့ရှေ့တည့်တည့်မှ လေထုထဲတွင်ရှပ်တိုက်ဝဲပျံရင်း မျက်မှောင်ကြုတ်ပြီးမေးလိုက်၏။

"ဘာဖြစ်လို့ ဒီပထမနှစ်ကျောင်းသားက ဓါတ်ပုံတွေရိုက်နေရတာလဲ၊ ငါတော့ သဘောမကျဘူး။ သူက စလီသရင်ရဲ့ သူလျှိုဖြစ်နိုင်တယ်။ ငါတို့ရဲ့ လေ့ကျင့်ခန်းအစီအစဉ် အသစ်ကို ထောက်လှမ်းဖို့ကြိုးစားနေတာပဲဖြစ်ရမယ်"



"သူက ဂရစ်ဖင်ဒေါ်ကျောင်းသားပါ" ဟု ဟယ်ရီက အလျင်အမြန်ဝင် ပြောလိုက်၏။

"စလီသရင်က ကျောင်းသားတွေကလည်း သူလျှိုလွှတ်စရာမလိုဘူး အိုလီဗာ" ဟု ဂျော့ကပြောလိုက်သည်။

"မင်းဘာလို့ ဒီလိုပြောတာလဲ" ဝုဒ်က နားမလည်နိုင်စွာ မေးလိုက်၏။

"ဘာလို့လဲဆိုတော့ သူတို့ဒီကို လူကိုယ်တိုင်ရောက်နေကြပြီလေ" ဂျော့ကလက်ညှိုးထိုးပြရင်းပြောလိုက်သည်။

အစိမ်းရောင်ဝတ်ရုံများနှင့် လူများက ကစားကွင်းထဲသို့ လျှောက်လာကြပြီး လက်ထဲတွင်တံမြက်စည်းများ ကိုင်ဆောင်ထားကြသည်။

"ငါယုံတောင်မယုံနိုင်ဘူး။ ဒီနေ့ဒီကစားကွင်းကို ငါတို့အတွက် စာရင်းပေးထားတာ။ ဒီကိစ္စ ရှင်းကြတာပေါ့"

ဝုဒ်က ဒေါသဖြစ်ဖြစ်နှင့် ရေရွတ်ရင်း စလီသရင်အသင်းသားများဆီသို့ လျှောက်သွား၏။ ဟယ်ရီ၊ ဖရက်နှင့် ဂျော့တို့က သူ့နောက်မှလိုက်သွားကြသည်။

"ဖလင့်! "

ဝုဒ်က စလီသရင်အသင်းခေါင်းဆောင်ကို ဝမ်းခေါင်းသံကြီးနှင့် အော်ခေါ်လိုက်သည်။

"ဒါ ငါတို့ရဲ့ လေ့ကျင့်ချိန်၊ ဒီအချိန်ကို ငါတို့အထူးစီစဉ်ထားတာ၊ မင်းတို့အခုချက်ချင်း ဒီကဖယ်ပေးပါ"

မားကပ်ဖလင့်မှာ ဖရက်ထက်ပင်လူကောင်ပိုကြီး၏။ သူပြန်ပြောလိုက်စဉ် ဘီလူးတစ်ကောင်၏ ကောက်ကျစ်ဉာဏ်များသော အကြည့်မျိုးက သူ့မျက်နှာ၌ထင်ဟပ်နေသည်။

"ငါတို့အားလုံးအတွက် အခန်းတွေအများကြီးပါဝုဒ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အိန်ဂျလီနာ၊ အဲလစ်စီယာနှင့် ကက်တီတို့ပါရောက်လာကြ၏။ စလီသရင်အသင်း၌မူ မိန်းကလေးတစ်ယောက်မှမပါဝင်ချေ။ စလီသရင်အသင်းသားများက ဂရစ်ဖင်ဒေါအသင်းသားများနှင့် မျက်နှာချင်းဆိုင်၍ ရင်ဘောင်တန်းရပ်နေကြကာ ရန်လိုသောအကြည့်များဖြင့် ကြည့်နေကြသည်။

"ဒါပေမယ့် ကစားကွင်းကို ငါဒီနေ့ကစားဖို့စာရင်းပေးထားတာပဲ"

ဝုဒ်ကဒေါသတကြီးဖြင့် ထွီခနဲတံတွေးထွေးရင်း ပြောလိုက်၏။

"ငါစာရင်းပေးထားတာ. . . ! "

"ဟာ. . . ဒါပေမယ့် ငါကလည်း ဒီမှာပရော်ဖက်ဆာစနိပ်ရဲ့ အထူးခွင့်ပြုချက်နဲ့လာတာပါကွ" ဟု ဖလင့်ကပြောရင်း စနိပ်၏ခွင့်ပြုစာကိုဖတ်ပြလိုက်သည်။

" *ကျွန်ုပ် ပရော်ဖက်ဆာဆီးဗားရက်စနိပ်က စလီသရင်အသင်းအားသူတို့၏ရှေ့ဘောလုံးသမားအသစ်ကို လေ့ကျင့်ပေးရန်လိုအပ်မှုကြောင့် ကွစ်ဒစ်ကစားကွင်း၌ ယနေ့လေ့ကျင့်ရန် ခွင့်ပြုချက်ပေးလိုက်သည်*"

"မင်းတို့ ရှေ့ဘောလုံးသမားအသစ်ရပြီလား. . . ဘယ်မှာလဲ" ဟု ဝုဒ်က စိတ်ရှုပ်ရှုပ်နှင့် မေးလိုက်၏။

လူကောင်ကြီးကြီး ခြောက်ယောက်၏နောက်မှ ဖြူရော်ရော်ဖြစ်နေသောမျက်နှာချွန်ချွန်၊ လူကောင်သေးသေးနှင့် ကောင်လေးတစ်ယောက်က အားရကျေနပ်စွာပြုံးရင်း သူတို့၏ရှေ့သို့ထွက်လာသည်။ ထိုသူကား ဒရက်ကိုမယ်ဖွိုင်းပင်. . ။

"မင်းက လူစီးယပ်မယ်ဖွိုင်းရဲ့သားမဟုတ်လား"

ဖရက်က မယ်ဖွိုင်းကို မနှစ်မြို့စွာကြည့်ရင်း မေးလိုက်၏။

"ဒရက်ကိုရဲ့ အဖေအကြောင်း မင်းထုတ်ပြောတာ ရယ်စရာကောင်းတယ်" စလီသရင်အသင်းတစ်ခုလုံး သာမန်ထက်ပို၍ အားရပါးရ ပြုံးလိုက်စဉ်ဖလင့်ကပြောလိုက်သည်။



"သူက စလီသရင်အသင်းအတွက် ရက်ရက်ရောရောပေးလိုက်တဲ့ လက်ဆောင်ကို မင်းကိုပြခွင့်ပြုပါ"

စလီသရင်အသင်းသားခုနှစ်ယောက်လုံးက သူတို့၏တံမြက်စည်းတံများကိုထုတ်ကိုင်လိုက်ကြသည်။ ပြောင်လက်နေအောင် ပေါ်လစ်တိုက်ထားသောအသစ်စက်စက် လက်ကိုင်များပေါ်၌ နင်းဗတ် ၂၀၀၁ ဟု ရွှေရောင်စာလုံးများရေးထိုးထားသည့် တံမြက်စည်းခုနှစ်ချောင်းက ဂရစ်ဖင်ဒေါအသင်းသားများ၏နှာခေါင်းအောက်ရှိ နံနက်ခင်းနေရောင်ခြည်ထဲတွင် တဖိတ်ဖိတ်တလက်လက်တောက်ပနေကြသည်။

"ဒါနောက်ဆုံးပေါ်မော်ဒယ်ပဲ. . . ပြီးခဲ့တဲ့လကမှ ဒီဇိုင်းအသစ်ထုတ်တာလေ"

ဖလင့်က သူ့တံမြက်စည်းတံ၏ လက်ကိုင်အဆုံး၌ကပ်နေသော ဖုန်မှုန့်အနည်းငယ်ကို ခါထုတ်ရင်း ခပ်ပေါ့ပေါ့ပြောလိုက်၏။

"ဒီတံမြက်စည်းတံက ၂၀၀၀ မော်ဒယ်တံမြက်စည်းတံအဟောင်းတွေကို သိသိသာသာကြီး ကျော်ဖြတ်ပြီးထားရစ်ခဲ့နိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်။ ကလင်းဆွီ(ပ်)အဟောင်းတွေကိုဆိုရင်တော့. . . "

ဖလင့်က ဖရက်နှင့်ဂျော့တို့ ဆုပ်ကိုင်ထားသော ကလင်းဆွီ(ပ်)ဖိုက်(၅)တံမြက်စည်းတံများကို လှောင်ပြုံးပြုံးကာကြည့်လိုက်ပြီးမှ

"အပြတ်အသတ်အနိုင်ယူလိမ့်မယ်"

ထိုတခဏ၌ ဂရစ်ဖင်ဒေါအသင်းသားအားလုံး ခွန်းတုံ့ပြန်ပြောစရာစကားကို မစဉ်းစားနိုင်ကြချေ။ မယ်ဖွိုင်းက နှစ်ထောင်းအားရဖြစ်စွာ ပြုံးလိုက်စဉ်သူ၏မျက်လုံးစိမ်းတစ်စုံက ပို၍ကျဉ်းမြောင်းသွားကြသည်။

"အိုး. . . ကြည့်ပါဦး။ ကစားကွင်းကျူးကျော်မှုတဲ့" ဟု ဖလင့်က လှောင်ပြောင်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်နှင့်ဟာမီယွန်တို့က သူတို့ဖြစ်ပျက်နေကြသည်ကိုမြင်နိုင်ရန် မြက်ပင်များကို ဖြတ်သန်းလာကြသည်။

"ဘာဖြစ်နေတာလဲ. . . မင်းတို့ကဘာလို့မကစားကြတာလဲ။ သူကရော ဒီမှာဘာလာလုပ်တာလဲ" ဟု ရွှန်က ဟယ်ရီကိုမေးလိုက်၏။

သူက စလီသရင်ကွစ်ဒစ်အသင်းဝတ်စုံကို ဝတ်ထားသောမယ်ဖွိုင်းကို လှမ်းကြည့်လိုက်သည်။

"ငါက စလီသရင်အသင်းရဲ့ ရှာရောင်ဘောလုံးသမားဖြစ်သွားပြီ ဝီစလေ ရဲ့။ လူတိုင်းက ငါတို့ရဲ့အသင်းအတွက် ငါ့အဖေဝယ်ပေးထားတဲ့ တံမြက်စည်းတွေကို ကြည့်ပြီးလေးစားနေကြတာ" ဟု မယ်ဖွိုင်းက ပြောလိုက်သည်။

ရွှန်သည် သူ့ရှေ့ရှိ အကောင်းတကာ့အကောင်းဆုံး တံမြက်စည်းခုနှစ်ချောင်းကိုကြည့်ပြီး ရင်သပ်ရှုမောနှင့် ပါးစပ်အဟောင်းသားဖြစ်သွား၏။

"ကောင်းတယ်နော်. . . မဟုတ်ဘူးလား. . ဒါပေမယ့် သေချာပါတယ် ဂရစ်ဖင်ဒေါ်အသင်းလည်း ရွှေနည်းနည်းလောက်ရှာနိုင်မယ်ဆိုရင် တံမြက်စည်းအသစ်တွေရမှာပါပဲ။ မင်းတို့ဒီကလင်းဆွဲ(ပ်)ဖိုက်(၅)တံမြက်စည်းတွေကို မဲဖောက်ပြီး ပြန်ရောင်းလိုက်ပေါ့ . . . ဒီတံမြက်စည်းတွေကို ပြတိုက်ကလာဝယ်တော့မှာ သေချာတယ်" ဟု မယ်ဖွိုင်းက အေးဆေးစွာပြောလိုက်သည်။

စလီသရင်အသင်းသားများ ဝါးခနဲရယ်မောလိုက်ကြ၏။ ဟာမီယွန်က

"ဂရစ်ဖင်ဒေါ်အသင်းမှာ ဘယ်သူကမှ တံမြက်စည်းအသစ်ဝယ်စရာ မလိုပါဘူး. . . သူတို့မှာ ကိုယ်ပိုင်အရည်အချင်းကောင်းကောင်းရှိပြီးသားပဲ"

မယ်ဖွိုင်း၏မျက်နှာပေါ်မှ အားရကျေနပ်မှုများ မှိန်ဖျော့သွားသည်။

"ဘယ်သူမှ နင့်ဆီက ထင်မြင်ချက်တောင်းနေတာမဟုတ်ဘူး ရွံစရာကောင်းတဲ့ မျိုးမစစ်သွေး(မတ်ဘလက်)လေးရဲ့" ဟု မယ်ဖွိုင်းက တံတွေးတစ်ချက်ထွေးရင်း ပြောလိုက်၏။



မယ်ဖွိုင်းက ထိခိုက်နစ်နာစရာတစ်ခုခုကို ပြောလိုက်ကြောင်း ဟယ်ရီချက်ချင်းသိလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့စကားကို စလီသရင်အသင်းသားများက မရပ်မနားရယ်နေကြသောကြောင့်ပင်။ ဖရက်နှင့်ဂျော့တို့က မယ်ဖွိုင်းအား ခုန်အုပ်လိုက်ခြင်းကို ဟန့်တားရန် ဖလင့်က မယ်ဖွိုင်းရှေ့သို့ ဒိုင်ဗင်ပစ်ခါဝင်ကာလိုက်၏။ အဲလစ်စီယာက 'နင်ဒီလောက်တောင်စော်ကားရဲလား' ဟု စူးရှစွာအော်လိုက်ပြီး ရွှန်ကသူ၏ဝတ်ရုံထဲသို့လက်နှိုက်လိုက်ရင်း

"ဒီလိုပြောတဲ့အတွက် မင်းပြန်ပြီးပေးဆပ်ရလိမ့်မယ် မယ်ဖွိုင်း! "

ဟုအော်ကာ ဖလင့်၏လက်မောင်းအောက်မှနေ၍ မယ်ဖွိုင်း၏မျက်နှာကို သူ၏ဆေးတောင်ဝှေးဖြင့် ဒေါသတကြီးချိန်ရွယ်လိုက်သည်။

ကျယ်လောင်သော ပေါက်ကွဲသံက ကစားကွင်းပတ်ပတ်လည်၌ ပဲ့တင်ထပ်ပျံ့နှံ့သွားပြီး အစိမ်းရောင်မီးတန်းက(ဆေးတောင်ဝှေးထိပ်မှထွက်လာရမည့်အစား) တလွဲတချော်ဖြစ်ကာ ဆေးတောင်ဝှေး၏နောက်မှ ကန်ထွက်လာရာ ရွှန်၏ဗိုက်ကိုထိမှန်သွားပြီး သူ့ကိုမြက်ခင်းပြင်ပေါ်သို့ နောက်ပြန်လွင့်စင်သွားစေ၏။

"ရွှန်. . . ရွှန်. . . ဘာဖြစ်သွားလဲ" ဟု ဟာမီယွန်က စူးစူးရှရှအော်လိုက်သည်။

စလီသရင်အသင်းတစ်ခုလုံး ထိန်းမနိုင်သိမ်းမရရယ်ကြ၏။ ဖလင့်က နှစ်ဆပို၍ သူ၏တံမြက်စည်းတံကိုအားပြုကာ ထောက်ထားရင်း ရယ်နေပြီး မယ်ဖွိုင်းကတော့ လေးဆပိုကာ မြေပြင်ကို လက်သီးဖြင့်ထုထုပြီးရယ်နေလေသည်။ ဂရစ်ဖင်ဒေါ်အသင်းသားများက ရွှန့်အနားတွင်စုပြုံသွားကြသည်။ ရွှန်မှာတောက်ပသော ပက်ကျိများကိုအန်ထုတ်နေလေ၏။ ကြည့်ရသည်မှာ မည်သူမျှသူ့ကိုလက်ဖြင့် ကိုင်တွယ်ချင်ပုံမရချေ။

"ငါတို့သူ့ကို ဟက်ဂရစ်ဆီခေါ်သွားရင်ကောင်းမယ်၊ အဲဒါပိုနီးတယ်" ဟု ဟယ်ရီက ဟာမီယွန်ကိုပြောလိုက်၏။ ဟာမီယွန်က ရဲရင့်စွာခေါင်းညိတ်ပြ

www.burmeseclassic.com



လိုက်ရင်း ရွှန်ကို သူတို့နှစ်ယောက် လက်မောင်းတစ်ဖက်စီမှကိုင်ကာ ဆွဲထူလိုက်ကြသည်။

"ဘာဖြစ်နေကြတာလဲဟယ်ရီ. . ဘာဖြစ်နေတာလဲ။ သူနေမကောင်းဘူးလား. . . ဒါပေမယ့် ခင်ဗျားကသူ့ကိုကုပေးနိုင်မှာပါ။ ကုမပေးနိုင်ဘူးလား"

ကိုလင်က သူ့ထိုင်ခုံမှပြေးဆင်းလာပြီး ဟယ်ရီကို ကစားကွင်းမှထွက်လာကြစဉ် သူတို့၏ဘေးမှလိုက်လာရင်း မေးလိုက်၏။ ရွှန်.ပါးစပ်ထဲမှတစ်ကောင်ချင်းထွက်ကျလာသော ပက်ကျိများက ကြီးမားသောအပုံကြီးတစ်ပုံဖြစ်သွားသည်။

"အိုး. . သူ့ကိုခဏလောက်ငြိမ်ငြိမ်လေးကိုင်ထားပေးနိုင်မလား ဟယ်ရီ" ကိုလင်အလောတကြီးနှင့် ကင်မရာကိုကိုင်မြှောက်လိုက်ရင်း ပြောလိုက်၏။

"လမ်းဖယ်ပေးစမ်း ကိုလင်"

ဟယ်ရီက စိတ်ဆိုးမာန်ဆိုးနှင့် သူ့.ကိုအော်ထုတ်လိုက်သည်။ ဟယ်ရီနှင့် ဟာမီယွန်တို့သည် ရွှန်.ကိုတွဲကာ ကစားကွင်းထဲမှထွက်လာခဲ့ကြပြီး ကွင်းပြင်ကိုဖြတ်သန်းကာ တောအုပ်အစပ်နားဆီသို့ လာခဲ့ကြသည်။

"ရောက်တော့မယ်ရွှန်. . . တစ်မိနစ်အတွင်း နင်ပြန်ကောင်းသွားမှာပါဟာ။ ရောက်ခါနီးပါပြီ. ."

ကျောင်းစောင့်ကြီး ဟက်ဂရစ်၏ တဲကလေးကို လှမ်းမြင်နေရစဉ် ဟာမီယွန်က ရွှန်.ကိုအားပေးလိုက်၏။

ဟက်ဂရစ်၏ အိမ်ရှေ့တံခါးပွင့်သွားစဉ် ဟယ်ရီတို့သည် ထိုနေရာသို့ရောက်ရန် ပေနှစ်ဆယ်ခန့်သာလိုတော့သည်။ သို့.ရာတွင် တံခါးပေါက်မှထွက်လာသူကား ဟက်ဂရစ်မဟုတ်ချေ။ မရမ်းရောင်ဖျော့ဖျော့ဝတ်ရုံကို ဝတ်ဆင်ကာ ခြေလှမ်းကျဲကျဲနှင့် ထွက်လာသူက ဂေဒီရှိုင်လော့ဟတ်ဖြစ်နေလေသည်။

"မြန်မြန်. . . အဲဒီအနောက်ကိုသွား"

ဟယ်ရီက ရှူးရှူးရှားရှားနှင့် ပြောလိုက်ပြီး ရွှန်.ကိုအနီးရှိ ခြုံပုတ်တစ်ခု၏



နောက်သို့ ဆွဲခေါ်သွား၏။ ဟာမီယွန်ကတွန့်ဆုတ်တွန့်ဆုတ်ဖြင့် ဟယ်ရီနောက်သို့ လိုက်လာသည်။

"ခင်ဗျားဘာလုပ်နေတယ်ဆိုတာ ခင်ဗျားဖာသာသိရင် ဒီကိစ္စအလွယ်လေးပါ. ခင်ဗျားအကူအညီလိုတယ်ဆိုရင် ကျွန်တော်ရှိတဲ့နေရာခင်ဗျားသိတာပဲ၊ ကျွန်တော်ခင်ဗျားကို ကျွန်တော့်ရဲ့ စာအုပ်တစ်အုပ်ပေးရမှာပေါ့. . . ခင်ဗျားမှာ တစ်အုပ်မှမရှိသေးတာ ကျွန်တော်အံ့ဩတယ်ဗျာ။ စာအုပ်တစ်အုပ်ကို ကျွန်တော် လက်မှတ်ထိုးပြီးပို့လိုက်ပါ့မယ်။ ကဲ. . . သွားဦးမယ်"

ထို့နောက် လော့ဟတ်ကရဲတိုက်ဆီသို့ ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွါသွား၏။

ဟယ်ရီသည် လော့ဟတ်မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စောင့်ဆိုင်းနေလိုက်ပြီးမှ ရွှန်.ကိုခြုံပုတ်ထဲမှဆွဲခေါ်ကာ ဟက်ဂရစ်၏အိမ်ရှေ့တံခါးဆီရောက်အောင်သွားလိုက်သည်။ သူတို့တံခါးကိုအလျင်အမြန်ခေါက်လိုက်ကြ၏။

ဟက်ဂရစ်က တံခါးဝ၌ ချက်ချင်းပေါ်လာ၏။ သူ့ကြည့်ရသည်မှာ ဒေါသထွက်နေပုံရသော်လည်း သူတွေ့.လိုက်ရသည့်သူမှာ မည်သူမှန်းသိလိုက်ရသည်နှင့် မျက်နှာတစ်ခုလုံး ဝင်းထိန်သွားသည်။

"မင်းတို့ငါ့ဆီ ဘယ်တော့လာကြမလဲလို့ တွေးနေတာကွ. . . ဝင်ကြလေ၊ ဝင်ကြလေကွ. . . ဘာလဲ မင်းတို့က ပရော်ဖက်ဆာလော့ဟတ်ပြန်လာမယ်ထင်လို့လား"

ဟယ်ရီနှင့် ဟာမီယွန်တို့က ရွှန်.ကိုတွဲကာ တံခါးပေါက်မှ အခန်းတစ်ခန်းသာရှိသည့် အိမ်ကလေးထဲသို့ လှမ်းဝင်လိုက်သည်။ အခန်း၏ ထောင့်တစ်ထောင့်၌ ရောမကုတင်ကြီးတစ်လုံးရှိပြီး အခြားတဖက်ရှိအခန်းထောင့်၌ မီးလျှံများက မြူးထူးခုန်ပေါက်နေသလိုမျိုး တလက်လက်တောက်လောင်နေကြသည်။

ဟယ်ရီကရွှန်.အား ကုလားထိုင်ပေါ်တွဲတင်ပေးလိုက်စဉ် ရှင်းပြရန်တဲ့

www.burmeseclassic.com



ဆိုင်းဆိုင်းဖြစ်နေသည့် ပက်ကျိပြဿနာကို ဟက်ဂရစ်ကစိုးရိမ်ကြောင့်ကြမှု ရှိပုံမရပေ။

"အထဲမှာထက် အပြင်မှာဆိုပိုကောင်းတယ်။ အားလုံးကုန်သွားအောင် အန်ထုတ်လိုက်ရွန်"

ဟက်ဂရစ်က ပျော်ရွှင်မြူးတူးစွာပြောလိုက်ပြီး ကြေးဇလုံကြီးတစ်ခုကို ရွန့်ရှေ့၌ 'ဝူမ်'ခနဲမြည်သွားအောင် ချပေးလိုက်သည်။

"ဒီလိုဖြစ်နေတာ ရပ်သွားတဲ့အထိ စောင့်ရုံကလွဲပြီး တစ်ခြားဘာမှလုပ်လို့မရဘူးလို့ ကျွန်မတော့ထင်တာပဲ။ အခါအခွင့်သင့်တဲ့အချိန်တွေမှာတောင် အဲဒီကျိန်စာကိုဖြစ်အောင်လုပ်ဖို့ လွယ်တာမဟုတ်ဘူး။ ဒါပေမယ့် ဆေးတောင်ဖော့အကျိုးအပဲ့နဲ့ဆိုတော့လည်း"

ဟာမီယွန်က ကြေးဇလုံဆီသို့ ကိုယ်ကိုငုံ့ကိုင်းလိုက်သော ရွန့်ကိုစိတ်ပူပန်စွာစောင့်ကြည့်ရင်းပြောလိုက်၏။

ဟက်ဂရစ်ကတော့ သူတို့အတွက် လက်ဖက်ရည်ဖျော်ပေးရန် ပျာယာခတ်နေလေသည်။ သူ၏အမဲလိုက်ခွေးကြီးဖန်းကတော့ ဟယ်ရီကိုပွတ်သီးပွတ်သပ်လုပ်ကာ လျှာဖြင့်လျက်နေ၏။

"လော့ဟတ်က ခင်ဗျားကို ဘာလုပ်စေချင်တာလဲ ဟက်ဂရစ်"

ဟယ်ရီက ဖန်း၏နားရွက်များကို လက်ဖြင့်ကုတ်ပေးရင်းမေးလိုက်သည်။

"ရေတွင်းထဲကနေ (Kelipies) တွေထုတ်ဖို့ အကြံပေးတာပါ" ဟု ဟက်ဂရစ်က ထက်ခြမ်းခြမ်းထားသော မွေးမြူရေးကြက်ဖကိုဖယ်ကာ စားပွဲကို သုတ်သင်ရှင်းလင်းပြီး လက်ဖက်ရည်အိုးကို စားပွဲပေါ်တွင် ချထားလိုက်သည်။

"သူသုတ်သင်ရှင်းလင်းခဲ့တဲ့ ငှက်ဆိုးထိုးသရဲတွေအကြောင်း အော်ကျယ်အော်ကျယ်လုပ်နေတာပါကွာ. . . သူပြောတာတစ်ခွန်းလောက်များမှန်လို့ရှိရင် ငါ့ရဲ့ ဒီရေနွေးကရားကို ဝါးစားပြလိုက်မယ်"



ဟော့ဝပ်မှ ဆရာတစ်ယောက်အား ဝေဖန်ရသည်ကို ဟက်ဂရစ် သဘောမကျဆုံးဖြစ်ကြောင်းသိသော ဟယ်ရီကသူ့ကို အံ့အားသင့်စွာကြည့်လိုက်မိ၏။ မည်သို့ပင်ဖြစ်စေ ဟာမီယွန်က သာမန်ပြောနေကျထက်အသံကိုမြှင့်ပြီး

"အဲဒါတော့ ရှင်နည်းနည်းမတရားဘူးထင်တယ်။ လော့ဟတ်က အဲဒီအလုပ်အတွက် အကောင်းဆုံးလူလို့ ပါမောက္ခကြီးဒမ်ဘယ်ဒိုးက သေသေချာချာတွေးပြီးမှ ခန့်ထားတာနေမှာပါ. . ."

"သူက ဒီအလုပ်နဲ့ အသင့်တော်ဆုံးလူတစ်ယောက်. . ဟုတ်လား"

ရွန်က ကြေးဇလုံထဲသို့ ချောင်းဆိုးလိုက်၍ ဗွက်ခနဲမြည်သွားစဉ် ဟက်ဂရစ်က သူတို့ကို သကာရည်ဆမ်းထားသော မုန့်ကိုလှမ်းပေးရင်းပြောလိုက်သည်။

"ငါဆိုလိုတာက ဒီတစ်ယောက်နဲ့ပဲ (သင့်လျော်)လား။ အောက်လမ်းပညာ နှိမ်နင်းရေးအလုပ်အတွက် လူရှာရတာ အရမ်းခက်တယ်။ လူတွေက အဲဒီအလုပ်မှာ သိပ်ပြီး စိတ်အားထက်သန်မှု မရှိကြဘူး. . . ကြည့်နေ။ သူတို့ဟာ ဒီမှာအလုပ်လုပ်ရတာ ကံဆိုးတာပဲလို့တဖြည်းဖြည်း တွေးလာကြလိမ့်မယ်။ အခုလိုအချိန်ခဏလေးကလွဲပြီး ဘယ်သူမှတာရှည်ခံမှာ မဟုတ်ဘူး. . . ကဲ. . . ငါ့ကိုပြောပါဦး ဘယ်သူ့ကို သူကကျိန်စာတိုက်ဖို့ကြိုးစားတာလဲ" ဟက်ဂရစ်က ရွန့်အားခေါင်းဆတ်ပြရင်းမေးလိုက်၏။

"မယ်ဖွိုင်းက ဟာမီယွန်ကိုတစ်ခုခုခေါ်လိုက်တယ်။ အဲဒါတော်တော်ဆိုးတဲ့စကားဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းက ရူးသွားတဲ့လူတွေလိုပဲ (ရယ်ကြတယ်)"

"အဲဒီစကားကဆိုးတာပေါ့. . . မယ်ဖွိုင်းက သူ့ကို 'မျိုးမစစ်သွေး'လို့ ပြောတာ ဟက်ဂရစ်ရဲ့. . ."

ရွန်က စားပွဲထိပ်တစ်ဖက်မှ ခေါင်းထောင်လာရင်း ကွဲအက်နေသော

www.burmeseclassic.com

www.burmeseclassic.com



အသံဖြင့် ပြောလိုက်၏။ ဟက်ဂရစ်မှာ ထိုစကားကြောင့် ဒေါသအိုးပေါက်ကွဲသွားပုံရသည်။

"သူမပြောခဲ့ဘူးလား"

ဟက်ဂရစ်က ဟာမီယွန်ကို ကျယ်လောင်စွာမေးလိုက်၏။

"သူပြောခဲ့တယ်. . . ဒါပေမယ့် အဲဒါဘာအဓိပ္ပါယ်လဲဆိုတာ ကျွန်မမသိဘူး။ အဲဒီစကားက တော်တော်ရိုင်းတယ်ဆိုတာပဲ ကျွန်မပြောနိုင်တယ်တကယ်"

"ဒါသူတွေးနိုင်သမျှထဲမှာ အစော်ကားဆုံးစကားပဲ" ရွန်က ပင့်သက်ရှူကာ ကိုယ်ကိုပြန်မတ်ရင်း ပြောလိုက်သည်။

"မျိုးမစစ်သွေး ဆိုတာက ရိုးရိုးသာမန်လူ(မတ်ဂယ်)ကမွေးလာတဲ့သူအတွက် တကယ့်ကိုစက်ဆုပ်စရာနာမည်ပဲ၊ မင်းသိမှာပေါ့. . . အဖေရော၊ အမေရော၊ မှော်ပညာမတတ်ကြတဲ့သူတွေလေ။ အဲ မယ်ဖွိုင်းရဲ့မိသားစုလိုမျိုးစုန်းကဝေတစ်ချို့ရှိတယ်။ သူတို့က လူတွေက 'မျိုးစစ်သွေး' လို့ခေါ်တဲ့သူတွေဖြစ်တဲ့အတွက် လူတိုင်းထက်သာတယ်လို့ထင်ကြတယ်"

ရွန်ကလေချဉ်တက်လိုက်စဉ် ပက်ကျိတစ်ကောင်တည်းသာ သူ၏ဆန့်တန်းထားသောလက်ထဲသို့ ကျလာတော့သည်။ သူက ထိုပက်ကျိကိုကြေးဇလုံထဲသို့ လွှင့်ပစ်လိုက်ပြီး စကားဆက်ပြော၏။

"ငါဆိုလိုတာက ကျန်တဲ့ ငါတို့စုန်းတွေကတော့ အဲဒါဟာ သိပ်ကွဲပြားခြားနားမှုမရှိဘူးဆိုတာသိကြတယ်။ နယ်ဗီလီလောင်းဘော့တွန်ကိုပဲကြည့်ပါလား၊ သူက မျိုးစစ်သွေးဖြစ်ပေမယ့်လို့ ဆေးရည်ဒယ်အိုးတစ်လုံးကိုတောင် အဆင်ပြေအောင် ဖော်စပ်နိုင်တာမဟုတ်ဘူး"

"ပြီးတော့ ငါတို့ရဲ့ ဟာမီယွန်လိုက်မလုပ်နိုင်တဲ့ မန္တာန်မျိုးကိုလည်း သူတို့မတီထွင်နိုင်ပါဘူး"



ဟက်ဂရစ်က ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်သည့်စကားက ဟာမီယွန်၏မျက်နှာကို ကြက်သွေးရောင်တောက်သွားစေသည်။

"ဒါဟာ တစ်ယောက်ကိုတစ်ယောက် ခေါ်ဖို့အတွက် စက်ဆုပ်စရာကောင်းတဲ့ကိစ္စပါ"

ရွန်ကချွေးများသီးနေသည့်သူ့နဖူးပြင်ကို တုန်ယင်နေသည့် လက်တစ်ဖက်ဖြင့် သုတ်ရင်းပြောလိုက်၏။

"သွေးဆိုးသွေးညစ်တဲ့၊ ကြည့်ပါဦး. . သာမန်သွေးတဲ့၊ အဲဒါရူးနေကြတာ၊ ဒီနေ့ခေတ် စုန်းကဝေအများစုဟာ ဘယ်လိုပဲဖြစ်ဖြစ်၊ ကပြားသွေးတွေချည်းပဲ၊ မတ်ဂယ်တွေနဲ့ လက်မထပ်ရဘူးဆိုရင် ငါတို့လည်းသေဖို့ပဲရှိတယ်"

ပြောနေရင်း ရွန်က ထိုးအန်ရန် ခေါင်းကိုငုံ့လိုက်သဖြင့် မြင်ကွင်းထဲမှပျောက်ကွယ်သွားပြန်သည်။

"အင်း. . မင်းသူ့ကိုကျိန်စာတိုက်ဖို့ကြိုးစားတဲ့အတွက် ငါမင်းကိုအပြစ်မတင်ပါဘူးရွန်. . ဒါပေမယ့်. . . "

ဟက်ဂရစ်က ပက်ကျိများ အထွေးလိုက်ကြေးဇလုံထဲသို့ ပြုတ်ကျနေသည့်အသံကိုလွှမ်းသွားအောင် အော်ပြောလိုက်၏။

"ဒါပေမယ့် မင်းရဲ့ဆေးတောင်ပွေ့နောက်ပြန်ကန်ထွက်လာတာကိုပဲ ကောင်းတယ်လို့ ပြောရမယ်။ တကယ်လို့မင်းကသာ သူ့သားကိုကျိန်စာတိုက်လိုက်ရင် လူစီးယပ်မယ်ဖွိုင်းတစ်ယောက် ကျောင်းကို ဒေါနဲ့မောနဲ့ချီတက်လာမှာသေချာတယ်။ အနည်းဆုံး မင်းဒုက္ခမရောက်ဘူးဆိုရင်တောင် မလွယ်ဘူး"

အဲဒီဒုက္ခက ပါးစပ်ထဲကနေ ပက်ကျိတွေထွက်ကျလာရတာလောက်ဆိုးစရာရှိသေးလားဟု ဟယ်ရီကထောက်ပြလိုက်ချင်သော်လည်း သူမလှုပ်နိုင်ချေ။ ဟက်ဂရစ်၏သကြားလုံးက သူ၏မေးရိုးများကို ဟ၍မရအောင် အစ်တကိုင်ထားသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ"

ရုတ်တရက်တစ်စုံတစ်ခုကိုစဉ်းစားမိသလို ဟက်ဂရစ်ကခေါ်လိုက်၏။

"မင်းနဲ့စာရင်းရှင်းစရာရှိတယ်။ မင်းဓါတ်ပုံတွေလက်မှတ်ထိုးပေးနေတယ်လို့ ကြားတယ်။ ငါကျတော့ ဘာလို့တစ်ပုံမှ မရတာလဲ"

ဟယ်ရီသည် ဒေါသထွက်စွာ ပါးစပ်ဟလိုက်ပြီး

"ကျွန်တော် ဓါတ်ပုံတွေ လက်မှတ်မထိုးပေးပါဘူး. . . ကြည့်ရတာလော့ဟတ်က ဒီအကြောင်းပြောနေတုန်းပဲနဲ့တူတယ်" ဟု စိတ်တိုတိုနှင့်ပြောလိုက်၏။

သို့ရာတွင် ဟက်ဂရစ်ရယ်လိုက်သည်ကို သူတွေ့လိုက်ရသည်။

"ငါက နောက်တာပါကွ" ဟု ဟက်ဂရစ်က ပြောရင်းဟယ်ရီ၏ ကျောပြင်ကို ချစ်ခင်ရင်းနှီးစွာပုတ်လိုက်ရာ ဟယ်ရီမှာ ရှေ့သို့ငိုက်ဆင်းသွားပြီး စားပွဲနှင့်မျက်နှာချင်းအပ်မိတော့မလိုဖြစ်သွား၏။

"မင်းတကယ်မလုပ်ဘူးဆိုတာ ငါသိပါတယ်။ မင်းကဒီလိုလုပ်စရာ မလိုဘူးလို့ ငါလော့ဟတ်ကိုပြောလိုက်သေးတယ်။ မင်းဟာအထူးတလည်ကြိုးစားနေစရာမလိုဘဲ သူ့ထက်ပိုပြီးကျော်ကြားတယ်လို့လဲ ပြောလိုက်တယ်"

"သူဒီစကားကို သဘောကျပုံမှာမဟုတ်ဘူးဆိုတာ လောင်းရဲတယ်"

ဟယ်ရီက မတ်တပ်ရပ်လိုက်ကာ မေးစေ့ကိုလက်ဖြင့်ပွတ်ရင်း ပြောလိုက်သည်။

"သူကြိုက်မယ်မထင်ဘူး" ဟု ဟက်ဂရစ်ကပြောလိုက်၏။ သူ့မျက်လုံးများက တလက်လက်တောက်ပနေကြသည်။

"နောက်ပြီးတော့ ငါသူ့ရဲ့စာအုပ်တွေတစ်အုပ်မှ မဖတ်ဖူးလို့လည်းပြောလိုက်ရော. . . သူငါ့ဆီကနေ ပြန်ဖို့ဆုံးဖြတ်လိုက်တော့တာပဲ၊ သကြားလုံးစားဦးမလားရွှန်. . ."



ထိုစဉ် ရွှန်ပြန်ပေါ်လာပြန်သဖြင့် ဟက်ဂရစ်က သူ့ကိုလှမ်းမေးလိုက်၏။

"မစားတော့ဘူး ကျေးဇူးပဲ. . . မစွန့်စားကြည့်တာပိုကောင်းမယ်" ဟု ရွှန်က ဖျော့တော့အားနည်းစွာ ပြောလိုက်သည်။

"ငါဘာတွေစိုက်ထားသလဲဆိုတာ လိုက်ပြီးကြည့်ပါဦး"

ဟယ်ရီနှင့် ဟာမီယွန်တို့က သူတို့၏ လက်ဖက်ရည်များကို လက်စသတ်လိုက်ကြစဉ် ဟက်ဂရစ်ကပြောလိုက်၏။

ဟက်ဂရစ်၏ အိမ်နောက်ဖေးရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းကလေးထဲတွင် ဟယ်ရီမြင်တွေ့နေကျ ရောမရွှေဖရုံသီးပင်များ တစ်ဒါဇင်မန့်ပေါက်နေကြသည်။ ရွှေဖရုံသီးတစ်လုံးတစ်လုံးက လူတစ်ဖက်စာကျောက်လုံးကြီးတစ်လုံး၏ အရွယ်ခန့်ရှိသည်။

"သီးနှံတွေကတကယ်ဖြစ်ထွန်းတယ်နော်. . . မဟုတ်ဘူးလား။ ဟယ်လိုဝိန်းပွဲတော်ရဲ့စားပွဲသောက်ပွဲအတွက်. . . ဒီလောက်ဆိုကောင်းကောင်းလုံလောက်မှာပါ" ဟု ဟက်ဂရစ်က ပျော်ရွှင်စွာပြောလိုက်၏။

"ခင်ဗျားဒီအပင်တွေကို ဘယ်လိုပြုစုစောင့်ရှောက်ပေးလဲ" ဟု ဟယ်ရီက မေးလိုက်သည်။

ဟက်ဂရစ်က သူတို့တတွေသာရှိကြောင်း သေချာစေရန် ပုခုံးထက်မှကျော်၍ ဟိုကြည့်ဒီကြည့်လုပ်လိုက်ပြီးမှ

"အင်း. . . ဒီအပင်တွေကို ငါလုပ်ပေးတာကွ သိလား. . . ဘာတွေညာတွေ အကူအညီတစ်ချို့တော့ လိုတာပေါ့ကွာ. . ."

ပန်းပွင့်များပါသော ဟက်ဂရစ်၏ပန်းရောင်ထီးအား အိမ်အနောက်ဘက်နရံ၌ထောင်ထားသည်ကို ဟယ်ရီသတိထားမိသည်။ ယခုအခါ ဟယ်ရီသည် ဤထီး မှာ အမြင်အတိုင်းမဟုတ်ဘဲ လျှို့ဝှက်ချက်တစ်ခုခုရှိနိုင်သည်ဟု ယုံကြည်ရန်

www.burmeseclassic.com



ခိုင်လုံသော အကြောင်းတရားများ ရှိလာ၏။ ဟက်ဂရစ်၏ ကျောင်းတုန်းက ဆေးတောင်ဝှေးအဟောင်းကို ထိုထီးထဲ၌ မြှုပ်နှံထားသည်ဟု သူအနိုင်အမာ ယုံကြည်နေမိသည်။ ဟက်ဂရစ်ခမျာ မှော်ပညာကိုအသုံးပြုခွင့်ရှိမည်မထင်၊ ဟက်ဂရစ်တို့တတိယနှစ်ကတည်းကပင် ကျောင်းမှထုတ်ပယ်ထားသည်မဟုတ်ပါလား၊ သို့ရာတွင် ထိုတိစ္ဆ၏သဲလွန်စနှင့် ဘာကြောင့်လဲဆိုသည့်အကြောင်းကို ဟယ်ရီစုံစမ်း၍မရပေ၊ ဟက်ဂရစ်က ကျယ်လောင်စွာ ချောင်းဟန့်လိုက်ပြီး စကားလမ်းကြောင်းပြောင်းသွားသည်အထိ အသိရခက်စွာ ငူငူငိုင်ငိုင်ကြီးလုပ်နေလေသည်။

"ကျွန်မကတော့. . . သီးနှံကြီးထွားရေးမန္တာန်သုံးတယ်လို့ထင်တာပဲ"

ဟာမီယွန်ကတော့ သဘောမကျခြင်းနှင့် ပျော်ရွှင်ခြင်းတို့၏ နှစ်ခုကြားအလယ်အလတ်ကိုရွေးကာ ပြောလိုက်၏။

"အင်း. . . ရှင်သုံးတဲ့ မှော်ပညာက တကယ်ထိရောက်တာပဲ"

"မင်းရဲ့ညီမငယ်လေးပြောသလိုပေါ့" ဟု ဟက်ဂရစ်က ရွန့်ကို ခေါင်းညိတ်ပြရင်းပြောလိုက်သည်။

"မနေ့က သူ(ဂျင်းနီ)နဲ့ ငါတွေ့ကြသေးတယ်လေ. . ."

ဟက်ဂရစ်က ဟယ်ရီ့ကိုတည့်မတ်စွာစိုက်ကြည့်ရင်း ပြောလိုက်၏။ သူ၏မုတ်ဆိတ်မွေးများက အကြောဆွဲသလို တွန့်လိမ်သွားကြသည်။

"သူက ကွင်းပြင်တွေကို လျှောက်ကြည့်တာလို့ ပြောတာပါပဲ။ ဒါပေမယ့် ငါ့အထင်တော့ တစ်ယောက်ယောက်နဲ့များ ငါ့အိမ်မှာဆုံမလားလို့ ဂျင်းနီက မျှော်လင့်နေပုံရတယ်"

ဟက်ဂရစ်က ဟယ်ရီ့ကိုမျက်စိမှိတ်ပြလိုက်ရင်း

"မင်းငါ့ကိုမေးမယ်ဆိုရင် (ဓါတ်ပုံမှာ)လက်မှတ်ထိုးပေးတာကို သူမငြင်းပါဘူးတဲ့. . ."

"အို. . . မပြောနဲ့တော့ဗျာ"



ဟု ဟယ်ရီက ပြောလိုက်၏။ ရွန်ကရယ်ရင်း နှာချေလိုက်ရာ မြေပြင်၌ပက်ကျိမျိုးပြန့်ကျဲသွားကြသည်။

"သတိထား. . ."

ဟု ဟက်ဂရစ်ကအော်လိုက်ပြီး သူ၏အဖိုးတန်ရွှေဖရုံသီးပင်များနှင့်ဝေးရာသို့ ရွန့်ကို ဆွဲခေါ်သွား၏။

နေ့လည်စာစားပြီးချိန်နီးနေပြီဖြစ်သော်လည်း ဟယ်ရီမှာ အရုဏ်တက်ချိန်ကတည်းက ယခုထိ သကာရည်ဆမ်းထားသော မုန့်တစ်ခုသာ စားရသေးသောကြောင့် ကျောင်းပြန်ပြီး အစာစားရန်စိတ်အားထက်သန်နေသည်။ သူတို့သည် ဟက်ဂရစ်ကို နှုတ်ဆက်ကာ ရဲတိုက်သို့လမ်းလျှောက်ပြီး ပြန်လာခဲ့ကြ၏။ ရွန်ကမကြာခဏပင် တအေ့အေ့နှင့် ကြို့ထိုးနေသည်။ သို့ရာတွင် (ထိုအခါမျိုး၌) ပက်ကျိသေးသေးလေးနှစ်ကောင်ခန့်သာ ထွက်ကျလာတော့သည်။

အသံတစ်သံထွက်ပေါ်လာချိန်တွင် သူတို့သုံးယောက်မှာ အေးမြနေသောအဝင်ခန်းမကြီးထဲသို့ ခြေချမိရုံသာရှိသေးသည်။

"မင်းတို့ရောက်လာကြပြီကိုး. . . ပေါ်တာနဲ့ဝီစလေ"

ပရော်ဖက်ဆာမက်ဂွန်နာဂေါကသူတို့ကို တင်းတင်းကြပ်ကြပ်ကိုင်တွယ်မည့်ပုံဖြင့် သူတို့ထံ လျှောက်လာ၏။

"မင်းတို့နှစ်ယောက်စလုံး ဒီညနေအပြစ်ဒဏ်ခံယူရမယ်"

"ကျွန်တော်တို့ ဘာလုပ်ရမှာလဲ ပရော်ဖက်ဆာ"

ရွန်က လေချဉ်မတက်အောင်စိတ်လှုပ်ရှားစွာထိန်းရင်း ရွန်ကမေးလိုက်သည်။

"မင်းကဆုတံဆိပ်တွေထားတဲ့ အခန်းထဲမှာ မစ္စတာဖေ့ချ်နှင့်အတူ ငွေထည်တွေကိုပြောင်လက်အောင်တိုက်ရမယ်. မှော်ပညာလုံးဝမသုံးရဘူး. . နမူးကချွေးခြေမကျဖို့သာပြင်ဆင်ထားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ရွှန်မှာဟင်ခနဲဖြစ်သွား၏။ အားဂတ်ဖေ့ရ်ဲ ဆိုသော ကျောင်းစည်းကမ်
ထိန်းသိမ်းရေးမှူးမှာ သဘောမနောပုပ်သဖြင့် သူ့ကို ကျောင်းမှကျောင်းသားတိုင်း
ရွံရှာစက်ဆုပ်ကြသည်။

"အင်း. . . ပေါ်တာ။ မင်းကတော့ ပရော်ဖက်ဆာလော့ဟတ်ကို သူ့
မိတ်ဆက်စာတွေဝိုင်းကူပြီး ပြန်ပေးရမယ်" ဟု ပရော်ဖက်ဆာ မက်ဂွန်နာဂေါက
ပြောလိုက်သည်။

"ဟာ မလုပ်ပါနဲ့။ ကျွန်တော် သူ့ဆီမသွားဘဲ ဆုတံဆိပ်တွေထားတဲ့
အခန်းကို သွားလို့မရဘူးလား" ဟု ဟယ်ရီကအရဲစွန့်ပြီး ပြောလိုက်၏။

"လုံးဝမရဘူး. . . ပရော်ဖက်ဆာလော့ဟတ်က မင်းကိုအမိကထားပြီး
တောင်းဆိုတာ။ ရှစ်နာရီဒေါင်ခနဲအရောက်နော်. . . . မင်းတို့နှစ်ယောက်စလုံး

ဟု ပရော်ဖက်ဆာ မက်ဂွန်နာဂေါက မျက်ခုံးနှစ်ဖက်ကိုပင့်ရင်း ပြော
လိုက်သည်။

ဟယ်ရီနှင့် ရွှန်တို့သည် ဝမ်းနည်းစိတ်ပျက်မှုကို လှိုက်လှိုက်လှဲလှဲခံစား
ရင်း ခန်းမကြီးထဲသို့ လေးလံထိုင်းမှိုင်းစွာ ဝင်လာခဲ့ကြသည်။ ဟာမီယွန်က

"ကောင်းတယ်. . . နင်တို့နှစ်ယောက်က ကျောင်းစည်းကမ်းကို ဖောက်
ဖျက်တာကိုး" ဟူသည့် ပုံစံမျိုးဖြင့် သူတို့နှစ်ယောက်၏နောက်မှလိုက်လာ၏။
ဟယ်ရီသည် အာလူးကက်တလိပ်၏အရသာကို သူမျှော်လင့်ထားသလို ပျော်ရွှင်
စွာ မခံစားနိုင်တော့ချေ။ သူနှင့်ရွှန်တို့နှစ်ဦးစလုံးသည် သူတို့ခံယူရသည့် အပြစ်
ဒဏ်ကပို၍ကြီးမားနေသည်ဟု ခံစားနေကြရသည်။

"ဖေ့ရ်ဲကငါ့ကို တစ်ညလုံးခိုင်းမှာကွ. . . မှော်ပညာမသုံးရဘူးတဲ့။ အဲဒီ
အခန်းထဲမှာ ငွေဖလားတွေက တစ်ရာလောက်ရှိတာ။ ငါက မတ်ဂယ်တွေလို
ဆေးကြောသန့်စင်တဲ့အလုပ်ကို ကျွမ်းကျင်တာမဟုတ်ဘူး"

"ငါကတော့ နေရာချင်းလဲဖို့အချိန်မရွေးဘဲ၊ ငါ့မှာ ဒါစလေမီသားရဲ



ပေးထားတဲ့ အတွေ့အကြုံတွေ အများကြီးရှိတယ်။ ခုတော့ လော့ဟတ်ဆီကိုလာ
တဲ့ မိတ်ဆက်စာတွေကို ကူညီပြန်ပေးရမယ်တဲ့ကွာ. . သူကတကယ့်အိပ်မက်ဆိုး
ပဲကွ"

စနေနေ့၏နေ့လည်ခင်းအချိန်များသည် အရည်ပျော်ကျကုန်ဆုံးသွားပုံ
ရသည်။ ယခုအခါ သူတို့အတွက် အချိန်သိပ်ရှိတော့ပုံမပေါ်။ ရှစ်နာရီထိုးရန်
ငါးမိနစ်သာလိုတော့စဉ် ဟယ်ရီသည် လော့ဟတ်၏ရုံးခန်းဆီသို့ ဒုတိယထပ်
လှေသွားစင်္ကြံန်တစ်လျှောက်လုံး သူ့ခြေထောက်ကို ဒရွတ်တိုက်ဆွဲကာ လာခဲ့၏။
သူကအံကြိတ်ပြီးတံခါးခေါက်လိုက်သည်။

တံခါးက ချက်ချင်းပွင့်သွား၏။ လော့ဟတ်က သူ့ကို တောက်ပစွာပြုံးပြီး
ကြည့်နေလေသည်။

"လာ. . လူဆိုးကလေးရောက်လာပြီ။ အထဲဝင်လေ. . . ဟယ်ရီ အထဲ
ဝင်" ဟု လော့ဟတ်က ပြောလိုက်၏။

မြောက်မြားလှစွာသော အလင်းရောင်က ဘောင်သွင်းထားသည့် မရေ
မတွက်နိုင်အောင် များပြားလှသော လော့ဟတ်၏ဓါတ်ပုံများထားရှိရာ နံရံများပေါ်
သို့ လင်းလက်တောက်ပစွာ ဖြာကျနေသည်။ သူက ဓါတ်ပုံအချို့ကို လက်မှတ်ပင်
ထိုးထားလိုက်သေးသည်။

သူ၏ စားပွဲပေါ်၌လည်း ဓါတ်ပုံများကို တထပ်ကြီးပုံထား၏။

"မင်းကစာအိတ်တွေကို လိပ်စာတပ်ပေးနိုင်မှာပါ" ဟု လော့ဟတ်က
ကြုံတောင့်ကြုံခဲ ပျော်ရွှင်မှုကြီးတစ်ခုကို ခံစားနေရသလိုမျိုး ဟယ်ရီကိုပြောလိုက်
သည်။

"ပထမတစ်စောင်က ဂလက်ဒီစ်ဂေါ့ဂီယွန်ဆီကို. . . သူမကို ဘုရား
သခင်ကောင်းချီးပေးပါစေ. . . ငါ့ရဲ့ရောမ ပရိသတ်ကြီးထဲကတစ်ယောက်ပေါ့"

မိနစ်များက ခရုတစ်ကောင်လို နှေးကွေးလေးလံစွာ ကုန်ဆုံးနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟယ်ရီသည် လော့ဟတ် မကြာမကြာပြောတတ်သည့် "အင်း" "ဟုတ်တယ်" "ဟုတ်ပြီ" စသောအသံများ၏ ဖုံးလွှမ်းရိုက်ခတ်မှုကို အောင့်အီးသည်းခံနေရ၏။ ကျော်ကြားမှုဆိုတာ အပြောင်းအလဲမြန်တဲ့ မိတ်ဆွေတွေပေါ့ ဟယ်ရီ (သို့မဟုတ်) ကျော်ကြားမှုဆိုတာ ကျော်ကြားမှုပါပဲ ဒါကိုသတိရပါ ..စသည့် စကားမျိုးကို မကြာခဏပင် ကြားနေရသည်။

ဖယောင်းတိုင်များက တစ်ဖြည်းဖြည်းနိမ့်ဆင်းကာ လောင်ကျွမ်းသွားကြပြီး ဟယ်ရီ့ကိုကြည့်နေကြသော များပြားသည့် လော့ဟတ်၏ မျက်နှာများပေါ်တွင် အလင်းကပွဲတစ်ခုကို ဆင်နွှဲနေကြသည်။ ဟယ်ရီသည် မာရွှန်နီကာစမက်သလေ၏ လိပ်စာကိုရေးနေစဉ် စာအိတ်တစ်ထောင်လောက် ရေးပြီးသလိုမျိုးခံစားနေရသည့် နာကျင်ကိုက်ခဲနေပြီဖြစ်သော သူ၏လက်ကိုလှုပ်ခါလိုက်သည်။ ပြန်ဖို့အချိန်နီးပြီနဲ့တူပါတယ် ဟု ဟယ်ရီသည် စိတ်မချမ်းမြေ့စွာ တွေးနေမိသည်။ အချိန်နီးပြီလို့ပဲ ကျေးဇူးပြုပြီး သဘောထားလိုက်ပါ။

ထို့နောက် တစ်စုံတစ်ရာကို သူကြားလိုက်ရ၏။ ထိုအသံသည် မီးသေခါနီး တဖျစ်ဖျစ်လောင်ကျွမ်းနေသည့် ဖယောင်းတိုင်များ၏ အသံနှင့်လော့ဟတ်၏ သူ့ပရိသတ်အကြောင်းအချည်းနှီးရေရွတ်နေသံနှင့်အတော်ပင်ကွဲပြားသည်။

ထိုအသံသည် ကျောရိုးစိမ့်သွားစေသောအသံ ဝိဉာဉ်နှုတ်ယူသွားနိုင်သည့်အသံ...။ ရေခဲတမျှ အေးစက်နေသော အမုန်းတရား၏အသံမျိုးဖြစ်လေသည်။

"လာ...ငါ့ဆီကိုလာ။ ငါ မင်းကို(တစ်စစီ)ဆုတ်ဖြဲမယ်၊ ငါ မင်းတို(တစ်စစီ)ဆွဲဖြဲမယ်၊ ငါမင်းကို သတ်မယ်..."

ဟယ်ရီမှာ အမြင့်ကြီးရောက်အောင် ထခုန်လိုက်ရာ မာရွှန်နီကာစမက်သလေ၏ လမ်းနာမည်ပေါ်၌ မင်အကွက်ကြီးဖြစ်သွား၏။

"ဘာ..." ဟု ဟယ်ရီက ကျယ်လောင်စွာအော်လိုက်သည်။



"ငါသိတယ်... ခြောက်လလုံးလုံးအရောင်းရဆုံးစာရင်းရဲ့ ထိပ်ဆုံးမှာရှိတယ်၊ စံချိန်အားလုံးကို ချိုးပြီးတော့..." ဟု လော့ဟတ်က ပြောလိုက်၏။

ဟယ်ရီက တုန်လှုပ်ချောက်ခြားစွာ ပြောလိုက်သည်။

"မဟုတ်ဘူး...ဟိုအသံကိုပြောတာ..."

"ဆောရီး...ဘာအသံကိုပြောတာလဲ" ဟု လော့ဟတ်က ပြန်မေးလိုက်သည်။

"ဟို...ဟိုပြောလိုက်တဲ့အသံလေ..ခင်ဗျားမကြားလိုက်ဘူးလား"

လော့ဟတ်က ဟယ်ရီ့ကိုအံ့သြတကြီးနှင့် ကြည့်နေ၏။

"မင်းဘာတွေပြောနေတာလဲဟယ်ရီ...အိပ်ချင်ပြီနဲ့တူတယ်။ ကိုင်း..တော်လောက်ပါပြီ။ နာရီကိုကြည့်ပါဦး..ငါတို့လေးနာရီနီးပါးကြာသွားတာပဲ၊ ငါတောင် မယုံနိုင်ဘူး။ အချိန်ကုန်သွားတာမြန်တယ်နော် မဟုတ်ဘူးလား"

ဟယ်ရီက ပြန်မဖြေပေ။ ထိုအသံကို သူထပ်ကြားရဦးမလားဟု ကြိုးစားပန်းစားဖြင့် နားစွင့်ထားမိသည်။ သို့ရာတွင် လော့ဟတ်က ဟယ်ရီအပြစ်ဒဏ်ခံနေရသည့်အချိန်တွင် ယခုလိုမျိုးအချိန်တိုင်းပျော်နေရသည့်အဖြစ်ကို မျှော်လင့်ထားမည်မထင်ကြောင်း သူ့အားပြောနေသည့် စကားသံမှတစ်ပါး မည်သည့်အသံမျှ မကြားရတော့ချေ။ ဟယ်ရီသည် မူးနောက်ရီဝေစွာဖြင့် လော့ဟတ်ထံမှ ထွက်လာခဲ့သည်။

သူပြန်လာသည့်အချိန်မှာ အလွန်နောက်ကျနေပြီဖြစ်သောကြောင့် ဂရစ်ဖင်ဒေါအဆောင်၏ စုပေါင်းနားနေခန်းအတွင်းလူမရှိတော့သလောက်ပင်ဖြစ်နေ၏။ ဟယ်ရီသည် အိပ်ဆောင်ဆီသို့ တန်းတန်းမတ်မတ် တက်လာခဲ့သည်။ ရွန်တတော့ ပြန်မရောက်သေး။ ဟယ်ရီသည် သူ၏ညအိပ်ဝတ်စုံကို ဆွဲယူလိုက်ပြီး အိပ်ရာထဲသို့ဝင်ကာ စောင့်နေလိုက်၏။ နာရီဝက်ခန့်အကြာတွင် ညာဖက်လက်မောင်းကိုဆုပ်နယ်ရင်း ရွန်ပြန်ရောက်လာသည်။ သူနှင့်အတူ စူးရှသောပေါ်လစ်

www.burmeseclassic.com



အနံ့သည်လည်း မှောင်မည်းနေသော အခန်းတွင်းသို့ ကပ်ပါလာလေသည်။

"ငါ့ရဲ့ကြွက်သားတွေအားလုံး ကမောက်ကမဖြစ်ကုန်ပြီ"

ရွှန်က သူ့အိပ်ရာထဲသို့ တိုးဝင်ရင်းညည်းတွားလိုက်၏။

"ဖေ့ချ်က သူမတျေနပ်မချင်း ကွစ်ဒစ်ဖလားကို ဆယ့်လေးငါးခါ ပေါ် လစ်တိုက်ခိုင်းတယ်။ ပြီးတော့ ကျောင်းကို အကျိုးဆောင်ပေးလို့ရတဲ့ အထူးဆုတွေ အားလုံးနဲ့ ငါ့ကို ပင်ပန်းအောင်နှိပ်ကွပ်သေးတယ်။ ရွှံ့ဖေးတွေကိုပုံသွင်းရတာလည်း ဘယ်နှစ်ကမ္ဘာလောက်ကြာမှန်းတောင်မသိဘူး။ လော့ဟတ်နဲ့ရော ဘယ်လိုနေလဲ"

ဟယ်ရီသည် နယ်ဗီလီ၊ ဒင်းနှင့် ရှေးမတ်တို့ နိုးသွားမည်စိုးသဖြင့် အသံကိုနှိမ့်ကာ ရွှန့်အားသူကြားခဲ့သည့်အသံအကြောင်းကို အတိအကျပြန်ပြောပြ လိုက်သည်။

"ဒါဖြင့် လော့ဟတ်က သူမကြားလိုက်ဘူးလို့ ပြောတယ်ပေါ့" ဟု ရွှန်က ပြောလိုက်၏။ လရောင်အောက်တွင် မျက်မှောင်ကြုတ်ထားသော သူ့ကို ဟယ်ရီမြင်နေရသည်။

"သူညာနေတယ်လို့ မင်းထင်လို့လား. . . ငါတော့မထင်ဘူး ဟယ်ရီ။ မမြင်နိုင်တဲ့ တစ်စုံတစ်ယောက်က တံခါးဖွင့်ပြီးဝင်လာရင်တောင်မှပေါ့. . ."

"ငါသိတယ်. . ."

ဟယ်ရီက သူ၏အိပ်ယာခုတင်ပေါ်၌ လဲလျောင်းကာ ဦးခေါင်းထက်မှ မျက်နှာကျက်ကိုငေးကြည့်ရင်း ပြောလိုက်၏။

"ငါလည်း သူလိမ်ပြောတာလို့ မထင်ဘူး"

❑

# အခန်း (၈)

## မရဏာပါတီ

www.burmeseclassic.com

www.burmeseclassic.com

စွတ်စိုထိုင်းမှိုင်းသော အအေးဓာတ်က ရဲတိုက်နှင့် ကွင်းပြင်များအား ဖြန့်ကျက်လွှမ်းခြုံရင်း အောက်တိုဘာလ ရောက်လာခဲ့၏။ ဆေးရုံအုပ်ဖြစ်သော မဒမ်ပွန်ဖရေမှာ ဝန်ထမ်းများနှင့် ကျောင်းသားများ၏ ကောက်ကာငင်ကာ အအေးမိဖျားနာမှုများကြောင့် အလုပ်ရှုပ်နေသည်။ သူမ ဓရတ်ကောင်းဖြင့် ဖော်စပ်ထားသည့် အဖျားပြတ်ဆေးရည်က ချက်ချင်းလက်ငင်းအစွမ်းပြသော်လည်း သောက်ရသည့်သူအဖို့ ဆေးသောက်ပြီးနာရီပေါင်းများစွာကြာသည့်တိုင်အောင် နားနှစ်ဖက်မှ မီးခိုးများအူထွက်နေသယောင် ခံစားရ၏။ ဂျင်းနီဗီစလေမှာ ဖြူဖျော့အားနည်းနေပုံရပြီးပါစီက ဆေးရည်တစ်ချို့ကိုသူ့အား အတင်းအဓမ္မတိုက်ရသည်။ ဆေးရည်လောင်းထည့်လိုက်သည့်အခါ သူမ၏အာခေါင်တစ်ခုလုံးမီးတောက်နေကြောင်း အနီရောင်တောက်တောက်ဆံပင်များ၏ အောက်မှ(မျက်နှာက)ဖော်ပြနေလေသည်။

ကျည်ဆံတစ်တောင့်၏အရွယ်ခန့်ရှိသော ဆီးနှင်းမိုးပေါက်များက ရဲတိုက်ကြီး၏ ပြတင်းပေါက်များပေါ်သို့ ရက်အတန်ကြာမရပ်မနားထပ်ချုန်းရွာသွန်းနေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ရေကန်၏ရေမျက်နှာပြင်မြင့်တက်လာပြီး ပန်းစိုက်ခင်းများသည် ရွှံ့ဗွက်ထူပြောသော စမ်းချောင်းများအဖြစ်ပြောင်းလဲသွားကြသည်။ ဟက်ဂရစ်၏ ရွှေဖရုံသီးများမှာလည်း ဥယျာဉ်ခြံ၏ အမိုးအကာများနှင့် ထပ်တူကျအောင် ကြီးထွားလာကြသည်။ မည်သို့ပင်ဖြစ်စေ ပုံမှန်ကွစ်ဒစ်လေ့ကျင့်ခန်းများလုပ်ရန် ဝုဒ်၏စိတ်အားထက်သန်မှုက လျော့ကျမသွားသည့်အတွက်ကြောင့် ဟယ်လိုဝိန်းပွဲမတိုင်မီရက်အနည်းငယ်အလို မုန်တိုင်းထန်သော စနေနေ့မွန်းလွဲပိုင်း၌ တစ်ကိုယ်လုံးစိုရွှဲကာ ရွှံ့စက်များပေကျံလျှက် ဂရစ်ဖင်ဒေါမျှော်စင်ဆီသို့ ပြန်လာသောဟယ်ရီကို တွေ့ရပေလိမ့်မည်။

မိုးထဲလေထဲ၌ လေ့ကျင့်ရခြင်းမဟုတ်သော်လည်း ပျော်စရာကောင်းသည့် လေ့ကျင့်ခန်းလုပ်ချိန်တော့ မဟုတ်ချေ။ စလီသရင်အသင်းကို လျှို့ဝှက်စွာ ထောက်လှမ်းနေသော ဂျော့နှင့် ဖရက်တို့ကမူ နင်းဗတ် ၂၀၀၁ တံမြက်စည်းအသစ်များ၏ အမြန်နှုန်းကို သူတို့ကိုယ်တိုင် မြင်တွေ့လာခဲ့ကြသည်။ သူတို့က စလီသရင်အသင်းသည် ဂျက်အင်ဂျင်တပ်ထားသလို လေထုထဲ၌ ပျံသန်းသွားစဉ် (မြန်လွန်းသောကြောင့်)အစိမ်းရောင်ဝိုးတဝါးပုံရိပ်တစ်ခုနှစ်ခုထက်ပိုပြီး မမြင်တွေ့ရကြောင်း သတင်းပေးကြသည်။

ဟယ်ရီသည် လူသူကင်းရှင်းနေသော လူသွားစင်္ကြံတစ်လျှောက်တွင် တဗွက်ဗွက်အသံမြည်ကာ နင်းလျှောက်လာစဉ်

ဂရစ်ဖင်ဒေါမျှော်စင်၏ တစ္ဆေဖြစ်သော ခေါင်းပြတ်ခါနီးနစ်က စိတ်ပျက်ဒေါသထွက်စွာ ပြတင်းပေါက်အပြင်ဖက်သို့ငေးမောရင်း တစ်စုံတစ်ခုကို တီးတိုးရေရွတ်နေ၏။

"သူတို့ရဲ့ လိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်လို့. . . လက်မဝက်လောက်. . . ဒီလိုဆိုရင်. . . "



"ဟယ်လို. . . နစ်" ဟယ်ရီကနှုတ်ဆက်လိုက်သည်။

"ဟယ်လို. . . ဟယ်လို"

နစ်က အသက်ဝင်လာသလို ဘေးဘီဝဲယာကိုကြည့်ရင်း ပြန်နှုတ်ဆက်လိုက်သည်။ သူကကောက်ကွေးရှည်လျားသည့် ဆံပင်များထက်၌ ဦးထုပ်အဝိုင်းတစ်လုံးကို ဆောင်းထားပြီး ဇာက်မွေးတစ်မွေးတပ်ထားသော စစ်အင်္ကျီကဲ့သို့ အပေါ်အင်္ကျီကိုဝတ်ဆင်ထား၏။ ထိုအင်္ကျီက နစ်၏လည်ပင်းများပြတ်လုနီးနီးဖြစ်နေသည်ဟူသောအချက်ကို ဖုံးကွယ်ပေးထားနိုင်သည်။ သူက မီးခိုးငွေ့လို ဖြူဖျော့ကာ အလင်းပေါက်သဖြင့် ဟယ်ရီသည် သူ၏ခန္ဓာကိုယ်ကို ဖိုးလျှိုပေါက်ပြတ်သန်းကာ နက်မှောင်နေသော ကောင်းကင်ကြီးနှင့်အပြင်၌ သဲသဲမဲမဲရွာသွန်းနေသော မိုးစက်များကို တွေ့မြင်နေရသည်။

"မင်းကြည့်ရတာ. . . ဒုက္ခရောက်လာပုံရတယ် ပေါ်တာလေး"

နစ်က ထုတ်ချင်းပေါက်မြင်နိုင်သော စာရွက်အကြည်တစ်ရွက်ကို ခေါက်ကာ သူ၏လက်ပြတ် အတွင်းခံအင်္ကျီထဲသို့ထိုးထည့်ရင်း ပြောလိုက်၏။

"ခင်ဗျားလည်း ဒုက္ခရောက်နေပုံရတယ်" ဟု ဟယ်ရီကပြန်ပြောလိုက်သည်။

"ဟား. . . သိပ်အရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူးကွာ. . . ငါကလျှောက်သာလျှောက်တာ. . . အသင်းထဲဝင်ခွင့်ရဖို့ သိပ်ဆန္ဒပြင်းပြလှတာမဟုတ်ပါဘူး. . ဒါပေမယ့် နားလည်လိုက်ရတာက ငါ့ဘက်က သူတို့ရဲ့လိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်လို့တဲ့"

ဟူသည့်အသံက ကြည်လင်ပေ့ါပါးနေသော်လည်း မျက်နှာကတော့ ခြေမားသော ခါးသီးမှုကြီးကို ဖော်ပြလျက်ရှိသည်။

"ဒါပေမယ့် ဖြစ်သင့်လား. . . မဖြစ်သင့်လား. . မင်းစဉ်းစားကြည့်ကွာ"

www.burmeseclassic.com



နစ်ကစာကို သူ့အိတ်ကပ်ထဲမှ ပြန်ဆွဲထုတ်ရင်း ရုတ်တရက်ပေါက်ကွဲစွာပြောလိုက်၏။

"ပုဆိန်တုံးတုံးကြီးနှင့် လည်ပင်းကိုလေးဆယ့်ငါးချက် အခုတ်ခံရတဲ့သူက ခေါင်းပြတ်မှုဆိုးအသင်းထဲဝင်ဖို့ အရည်အသွေးမမီနိုင်ဘူးလား"

"ဟာ မီတာပေါ့"

သဘောတူသင့်ကြောင်း သိသာထင်ရှားစွာ စဉ်းစားမိသော ဟယ်ရီက ထောက်ခံလိုက်သည်။

ခေါင်းပြတ်ခါနီးနစ်က စာကိုခါယမ်းကာ ဖွင့်လိုက်ပြီး ဒေါသကြီးစွာ ဖတ်ပြလိုက်သည်။

"ကျွန်ုပ်တို့သည် ခေါင်းနှင့်ကိုယ်တစ်ကွဲတစ်ပြားစီ ဖြစ်နေသောသူများကိုသာလက်ခံနိုင်ပါသည်။ ထိုသို့မဖြစ်သောသူများအတွက် မြင်းပေါ်ထိုင်ကာ ဦးခေါင်းများကို မျက်လှည့်ပြကစားခြင်း၊ ဦးခေါင်းနှင့် ပိုလိုရိုက်ခြင်းကစားနည်းများတွင် ပါဝင်ဆင်နွှဲရန် မဖြစ်နိုင်ကြောင်း သင်လည်းသဘောပေါက်နားလည်နိုင်ပါလိမ့်မည်။ ထို့ကြောင့် အလွန်စိတ်မကောင်းဖြစ်စွာနှင့်ပင် သင်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း အကြောင်းပြန်လိုက်ရပါသည်။

ဆုမွန်ကောင်းတောင်းလျှက်
ဆာပက်ထရစ်ဒီလန်နေ၊ ပေါ့(ဒ်)မိုး"

ခေါင်းပြတ်ခါနီးနစ်က ဒေါသတကြီးနှင့် စာကိုလုံးချေပြီး လွှင့်ပစ်လိုက်၏။

"ကြွက်သားနဲ့ အရေပြားလေး လက်မဝက်လောက်က ငါ့လည်ပင်းမှာ



တဲတဲလေးကျန်နေလို့တဲ့ဟယ်ရီ၊ လူအများစုကတော့ ခေါင်းဖြတ်ခံရပေမယ့် ဒီလိုတဲတဲလေးဖြစ်နေတာဟာ ကောင်းတယ်လို့တွေးကြမှာပဲ၊ ဒါပေမယ့် လုံးဝပဲ ဒီလိုဖြစ်နေတာက တကယ့်ခေါင်းပြတ်ကြီးပေါ့ဒ်မိုးအတွက် မလုံလောက်ဘူးတဲ့ကွာ"

ခေါင်းပြတ်ခါနီး နစ်က အကြိမ်ပေါင်းများစွာ အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် ပို၍တည်ငြိမ်လာသောလေသံဖြင့်

"အင်း. . မင်းရော ဘာတွေစိတ်အနှောက်အယှက်ဖြစ်နေသလဲ။ ငါကဘာများ အကူအညီပေးနိုင်မလဲ" ဟု မေးလိုက်သည်။

"မမေးပါနဲ့. . . ကျွန်တော်တို့ စလီသရင်နဲ့ ရင်ဆိုင်ရမယ့် ပြိုင်ပွဲအတွက် နင်းဗတ် ၂၀၀၁ တံမြက်စည်းအသစ်ခုနှစ်ချောင်းလောက် ဘယ်မှာများအလကားရနိုင်မလဲဆိုတာ ခင်ဗျားမသိရင်. . ."

ဟယ်ရီ၏ ကျန်စကားလုံးများမှာ သူ့ခြေကျင်းဝတ်များအနီးရှိ တစ်စုံတစ်ရာက 'ညောင်'ဟု ကျယ်လောင်စူးရှစွာ အော်လိုက်သည့်အသံကြောင့် နစ်မြုပ်ပျောက်ကွယ်သွားကြသည်။ ဟယ်ရီငုံ့ကြည့်လိုက်သောအခါ သူ့ကိုစိုက်ကြည့်နေသည့် မီးအိမ်နှင့်တူသော အဝါရောင်မျက်လုံးတစ်စုံနှင့် ဆုံတွေ့မိလေသည်။ ထိုအရာမှာ ကျောင်းစောင့်အားဂတ်ဖေ့ချ်က (ကျောင်းသားများအား ဖီလာဆန့်ကျင်လုပ်နေသည့် သူ၏မဆုံးနိုင်သောစစ်ပွဲတွင်) ကိုယ်စားလှယ်အဖြစ်ခိုင်းစေလေ့ရှိသည့် အရိုးပြိုင်းပြိုင်းနှင့် မီးခိုးရောင်ကြောင်မကြီး မစ္စနောရစ်ပင်ဖြစ်သည်။

"မင်း ဒီနေရာက ထွက်သွားရင် ကောင်းမယ်. . . ဟယ်ရီ။ ဖေ့ချ် ဒေါပွနေတယ်. . . သူတုပ်ကွေးမိနေတုန်း တတိယနှစ်ကျောင်းသားတစ်ချို့က မတော်တဆနဲ့ မြေတိုက်အမှတ်(၅)ရဲ့ မျက်နှာကြက်တစ်ခုလုံးကို ဖားဦးနှောက်တွေ စင်ပြီး ပေပွသွားအောင်လုပ်ခဲ့တယ်။ သူ တစ်မနက်လုံး အဲဒါတွေကို ဆေးကြောသုတ်သင်နေရလို့ သိပ်မကြည်လင်ဘူး။ တကယ်လို့ နေရာအနှံ့ မင်းကိုယ်ပေါ်က ရွှံ့စက်တွေစီးကျနေတာတွေ သွားရင်. . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဟယ်ရီက ပြောပြောဆိုဆိုနှင့် မစ္စနောရစ်၏ ပြစ်တင်စွပ်စွဲလိုသော မျက်လုံးများကို ကျောခိုင်းလှည့်ထွက်လိုက်၏။ သို့ရာတွင် သူမြန်သင့်သလောက် မမြန်ဘဲ ဖြစ်သွားသည်။

ဖေ့ချ်နှင့် သူ၏ရွံ့စရာကောင်းသော ကြောင်တို့အား ဆက်သွယ်ထားသည့် ဆန်းကြယ်လျှို့ဝှက်သော စွမ်းအားတစ်ခုက လှမ်းခေါ်လိုက်ပုံရသည်။ ဖေ့ချ်က ဟယ်ရီ၏ ညာဖက်ဘေးရှိ နံရံကိုဖုံးအုပ်ထားသော ကဗ္ဗလာထည်ကြားမှ ရုတ်တရက် ဘွားကနဲပေါ်လာ၏။ ဖေ့ချ်က ရင်ကြပ်ပန်းနာရောဂါသည်တစ်ယောက်လို ရင်ခေါင်းထဲမှ တရှုံ့ရှုံ့နှင့် အသံမြည်နေရင်းမှ စည်းကမ်းဖောက်ဖျက်သူကို ရူးရဲခက်ထန်စွာ ကြည့်လိုက်သည်။ သူက ထူထဲသောသက္ကလတ်မာဖလာကို ခေါင်း၌ပတ်ထားပြီး သူ့နှာခေါင်းမှာ သာမန်မဟုတ်ဘဲ ခရမ်းရောင်သမ်းနေ၏။

"ညစ်ပတ်လိုက်တာ! " ဟု ဖေ့ချ်က အော်လိုက်သည်။ သူ၏မေးရိုးများက ဟယ်ရီ၏ ကွစ်ဒစ်ဝတ်စုံမှကျထားသည့် ရွှံ့အိုင်ကလေးများကို ညွှန်ပြနေစဉ် သူ့မျက်လုံးများက အံ့သြဒေါသထွက်စွာ ပြူးကျယ်နေကြသည်။

"နေရာတိုင်းမှာ ညစ်ပတ်ပေပွနေတာပဲ မင်းကိုအပြစ်ပေးဘို့ လုံလောက်နေပြီ! ငါ့နောက်ကို လိုက်ခဲ့ . . . ပေါ်တာ! "

သို့နှင့် ဟယ်ရီသည် ခေါင်းပြတ်ခါနီးနစ်ကို စိတ်ပျက်အားငယ်စွာဖြင့် လက်ဝှေ့ယမ်းကာ နှုတ်ဆက်လိုက်ပြီး ဖေ့ချ်နောက်သို့လိုက်ရင်း အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ ထိုအခါ ရွှံ့ပေနေသော ခြေရာများက ကြမ်းပြင်ပေါ်တွင် နှစ်ခါပြန် (အသွားတစ်ခါ အပြန်တစ်ခါ)ထင်ကျန်စွန်းပေကုန်၏။

ဟယ်ရီသည် ဖေ့ချ်၏ရုံးခန်းမှာ ကျောင်းသားအများစု ရှောင်ရှားကြသော နေရာဖြစ်သောကြောင့် အရင်ကတစ်ခါမှမရောက်ဖူးချေ။ အခန်းမှာ ပြတင်း



ပေါက်တစ်ပေါက်မှမရှိဘဲ အလင်းရောင်ကင်းမဲ့ကာ ညစ်ပတ်နေပြီး မျက်နှာကြက်နိမ့်နိမ့်၌ ဆီမီးအိမ်တစ်ခုတည်းကိုသာ ထွန်းညှိချိတ်ဆွဲထားသည်။ သင်းပျံ့သော ငါးကြော်နံ့က အခန်းထဲ၌ ဝဲလည်နေ၏။ သစ်သားပိုင်းများထားရှိသည့် ဘီရိုများကို နာမည်များရေးထိုးကာ နံရံများ၏ပတ်ပတ်လည်တွင် စီထားသည်။ ဖေ့ချ် အပြစ်ပေးထားသော ကျောင်းသားတိုင်း၏ အသေးစိတ်အချက်အလက်များ ရေးထားသည့်နာမည်စာရင်းများကို ဟယ်ရီမြင်နေရသည်။ ဖရက်နှင့် ဂျော့ဇ်စလေတို့ အတွက်မူ အံဆွဲတစ်ခုလုံး သီးသန့်ထားရှိသည်ကိုလည်း တွေ့ရသည်။ ပြောင်လက်နေအောင် အရောင်တင်ကာ စနစ်တကျစုစည်းထားသည့် သံကြိုးများ၊ သံခြေကျင်းများနှင့် လက်ထိပ်များကို ဖေ့ချ်၏စားပွဲခုံအနောက်ဖက်ရှိ နံရံ၌ချိတ်ဆွဲထား၏။ အပြစ်ကျူးလွန်သောကျောင်းသားများ၏ ခြေကျင်းဝတ်ကို သံကြိုးဖြင့်ချည်ကာ မျက်နှာကြက်၌ ချိတ်ဆွဲထားရန် ဖေ့ချ်က ဒမ်ဘယ်ဒိုးအား မကြာခဏ အရေးဆိုလေ့ရှိကြောင်း ဟယ်ရီကြားဖူးနားဝသိထား၏။

ဖေ့ချ်က စားပွဲခုံပေါ်ရှိ အိုးထဲမှငှက်တောင်တစ်ချောင်းကို ဆွဲယူလိုက်ပြီး ဟိုဟိုဒီဒီ ရှုပ်တိုက်လျှောက်ကာ ရေးရန်ပုရပိုက်ကို လိုက်ရှာနေသည်။

"ရှုံးရှုံးရွဲရွဲ မြည်နေတဲ့ နာနာဘာဝနဂါးကြီးတွေ . . . ဖားဦးနှောက်တွေ . . . ကြွက်အူတွေ . . . ငါ့အတွက်တော့ တော်လောက်ပါပြီ . . . နမူနာပေးရမယ် . . . ပုံစံစာရွက် ဘယ်ရောက်နေလဲ . . . ရပြီ . . . "

ဖေ့ချ်က ဒေါသထွက်စွာ ပွစိပွစိလုပ်နေ၏။

သူ၏စားပွဲခုံ အံဆွဲထဲမှ ပုရပိုက်အလိပ်ကြီးကို ဖေ့ချ်ပြန်ရှာတွေ့သွားကာ ထိုပုရပိုက်ကို သူ့ရှေ့၌ဖြန့်လိုက်ပြီး အနက်ရောင်ငှက်တောင်ရှည်ကြီးကို မင်အိုးထဲသို့ နှစ်လိုက်သည်။

"အမည် . . . ဟယ်ရီပေါ်တာ။ ပြစ်မှု . . . "

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မဖြစ်စလောက်ရွံ့ကလေးပါဗျာ!" ဟု ဟယ်ရီက ပြောလိုက်၏။

"မင်းအတွက်တော့ မဖြစ်စလောက်ရွံ့လေးပဲပေါ့. . . ကောင်လေးရဲ့။ ငါ့အတွက်တော့ တစ်နာရီလောက် အလကားသက်သက်သန့်ရှင်းရေးလုပ်ရတာပေါ့!"

သူ၏ မီးသီးနှင့်တူသောနှာခေါင်းပေါက်မှ နှာရည်တစ်စက်က စိတ်မသက်သာဖွယ်ရာ တဆတ်ဆတ်တုန်နေစဉ် ဖေ့ချ်က အော်ငေါက်လိုက်သည်။

"ပြစ်မှု. . . ရဲတိုက်ကို ညစ်ပတ်အောင်လုပ်မှု. . . ချမှတ်သင့်သောပြစ်ဒဏ်. . ."

နှာရည်ယိုနေသော သူ့နှာခေါင်းကိုပွတ်ရင်း ဖေ့ချ်က သူ့အား မည်သည့်အပြစ်ဒဏ်များချမှတ်မလဲဟု အသက်ပင်မရှူအားဘဲ ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေသော ဟယ်ရီကို စိတ်မချမ်းသာစရာအကြည့်ဖြင့် ဇွေကြည့်လိုက်သည်။

သို့ရာတွင် ဖေ့ချ်က ငှက်တောင်ကိုနှိမ့်ကာ ရေးရန်ဟန်ပြင်လိုက်စဉ်မျက် နှာကြက်အပေါ်မှ "ဝုန်း"ကနဲအသံကြီး ထွက်ပေါ်လာပြီး ချိတ်ဆွဲထားသော ဆီမီးအိမ်ပင် တဂျက်ဂျက်နှင့် ခါရမ်းသွားလေသည်။

"ပီးဗက် ! "

ဖေ့ချ်က လက်ထဲမှငှက်တောင်ကို ဒေါသတကြီးလွှင့်ပစ်လိုက်ပြီး ကျယ်လောင်စွာအော်လိုက်၏။

"ဒီတစ်ခါ ငါမင်းကို မိအောင်ဖမ်းမယ်! ငါမင်းကို မိအောင်ဖမ်းမယ်!"

ဟယ်ရီကိုပင် နောက်ပြန်လှည့်ကြည့်ခြင်းမရှိဘဲ ဖေ့ချ်က ခြေဖဝါးနှင့်ကြမ်းပြင် တသားတည်းကျစွာ ရုံးခန်းထဲမှ ပြေးထွက်သွားသည်။ မစ္စနောရစ်က သူ့နံဘေးမှပြေးလိုက်သွား၏။

ပီးဗက်မှ ကျောင်း၌ပုဏ္ဏကတိုက်ကာ သောင်းကျန်းလေ့ရှိသော တစ္ဆေဖြစ်သည်။ သူတစ်ပါးပစ္စည်းကို ဖျက်ဆီးရန်နှင့် စိတ်ဒုက္ခရောက်အောင်လုပ်ရန် ပြုံးဖြဲဖြဲနှင့် လေထဲ၌ဝဲပျံနေလေ့ရှိသော အန္တရာယ်ကောင်ဖြစ်သည်။ ဟယ်ရီမှာ



ပီးဗက်ကိုသိပ်သဘောကျခြင်းမရှိသော်လည်း (ယခုလို) အချိန်ကိုက်နှောင့်ယှက်မှုအတွက် သူ့အားကျေးဇူးမတင်ဘဲမနေနိုင်ချေ။ ပီးဗက် ဘာပဲလုပ်လုပ် (အသံနားထောင်ရသည်မှာ သည်တစ်ကြိမ်တွင် ကြီးကြီးမားမား တစ်စုံတစ်ရာကို ဖျက်စီးလိုက်ပုံရသည်) ဖေ့ချ်တို့ ဟယ်ရီထံမှ အာရုံပြောင်းသွားစေသည်။

ဖေ့ချ်ပြန်အလာကို သူစောင့်ဆိုင်းနေသင့်သည်ဟုတွေးရင်း ဟယ်ရီသည် စားပွဲခုံဘေးမှ ပိုးစားနေသောထိုင်ခုံကို ငုံ့ကြည့်လိုက်၏။ ဟယ်ရီ၏ တစ်ဝက်တစ်ပျက်ရေးပြီးနေသော ပုံစံစာရွက်နှင့် မလှမ်းမကမ်းတွင် ရွှေဖက်၌ ငွေရောင်စာလုံးများဖြင့်ရေးထားသည့် တောက်ပြောင်ချောမွေ့နေသော ခရမ်းရောင်စာအိတ်ကြီးတစ်အိတ်ကို ခုံပေါ်တင်ထားသည်။ ဖေ့ချ်ပြန်မလာသေးသည်မှာ သေချာကြောင်းသိရှိစေရန် ဟယ်ရီသည် တံခါးဝကို ကပျာကယာလှမ်းကြည့်လိုက်ပြီး စာအိတ်ကိုကောက်ယူကာ ဖတ်ကြည့်လိုက်၏။

## ကွစ်မန္တန်

မှော်ပညာစတင်လေ့ကျင့်သူများအတွက်

စာပေးစာယူပို့ချချက်

ထိုစာသားက သိချင်စိတ်ကို နှိုးဆွလိုက်သလိုပင်. . .။ ဟယ်ရီသည် စာအိတ်ကို အသာအယာဖွင့်လိုက်ပြီး အတွင်းမှ ပုရပိုက်အချပ်ကို ဆွဲထုတ်လိုက်၏။ ငွေရောင်စာလုံးလိမ်လိမ်ကောက်ကောက်ဖြင့် ရွှေဖက်၌ရေးထားသည်မှာ. .

"ခေတ်သစ်မှော်ပညာလောကရဲ့အပြင်ဖက်ကို ရောက်နေသလိုခံစားနေရပါသလား။ အလွယ်ကူဆုံးမန္တန်များကိုပင် ရွတ်ဆိုပြဖို့ ဆင်ခြေပေးနေရသည့်အဖြစ်ကို သင့်ကိုယ်သင် သတိထားမိပါသလား။ ရန်သူများပြည့်နှက်နေသည့် သင်၏ဆေးတောင်ဝှေးကိုင်ဆောင်ထားရသောအလုပ်၌ မခံချိမသာဖြစ်အောင်အစခံရဖူးပါသလား။

www.burmeseclassic.com

www.burmeseclassic.com



*ဟောဒီမှာအဖြေရှိတယ်!*

*ကွစ်မန္တန်ဟာ အရာရာအသစ်ဖြစ်တယ်. . . ကျရှုံးမှုမှကာကွယ်ပေးတယ်. . . လျှင်မြန်စွာအကျိုးခံစားရတယ်. . . သင်ဖို့လွယ်ကူတယ်ဆိုတဲ့ သင်ခန်းစာမျိုးဖြစ်တယ်။ ရာပေါင်းများစွာသော မှော်ဆရာနဲ့ မှော်ဆရာမတွေဟာ ကွစ်မန္တန်ရဲ့ နည်းနာနိဿယတွေဆီက အကျိုးအမြတ်ရရှိခဲ့ကြပြီးပြီ။*

*တော့ရှမ်းမြို့က မဒမ် ဇက် နက်တယ်က ဟောဒီလို ထောက်ခံချက်ပေးထားပါတယ်. . .*

**"ကျွန်မဟာ ဂါထာမန္တန်တွေကိုလည်း အလွတ်မရ. . . ကျွန်မရဲ့ဆေးရည်တွေဟာလည်း မိသားစုအတွက် ဟာဒယရွှင်ဆေးလို ဖြစ်ခဲ့တယ်၊ အခု ကွစ်မန္တန်သင်ပြီးမှပဲ ပါတီပွဲတွေမှာ အဓိကထားအာရုံစိုက်မှုကို ခံရပြီး သူငယ်ချင်းတွေကလည်း ကျွန်မရဲ့ပြောင်မြောက်တဲ့ဆေးရည်ဖော်စပ်နည်းကို တောင်းနေကြတော့တာပါပဲ! "**

*ဒစ်စဘာရီ က စုန်းတစ်ယောက်ဖြစ်တဲ့ ဒီ ဂျေ ပရောက်ကလည်း. . .*

**"ကျွန်တော့်မိန်းမဟာ ကျွန်တော့်ရဲ့ ထိရောက်မှုမရှိတဲ့ မန္တန်တွေကို လှောင်ရယ်ရယ်လေ့ရှိတယ်၊ ဒါပေမယ့် သင့်ရဲ့အံ့မခန်းကွစ်မန္တန်သင်ခန်းစာကို တစ်လလောက်လည်းလေ့ကျင့်ပြီးရော သူမကို တိဗက်နွားရိုင်းအဖြစ် အောင်မြင်စွာအသွင်ပြောင်းပစ်လိုက်နိုင်တယ်၊ ကျေးဇူးတင်ပါတယ်! ကွစ်မန္တန် ! "**

စိတ်ဝင်စားစရာပဲ . . . ဟယ်ရီသည် စာအိတ်ထဲ၌ ကျန်ရှိသော အကြောင်းအရာများကို ခပ်မြန်မြန်ဖတ်ကြည့်လိုက်၏။ ဖေ့ချ်က ဘာဖြစ်လို့ ကွစ်မန္တန်ကို သင်ချင်ရတာလဲ။ ဒါဟာ သူ့အနေနဲ့ တကယ့် မှော်ပညာရှင်တစ်ယောက်မဖြစ်သေးဘူးဆိုတဲ့ အဓိပ္ပါယ်လား။ ဟယ်ရီမှာ "သင်ခန်းစာ (၁). . . သင်၏ဆေးတောင်ဝှေးကို ကိုင်စွဲခြင်း (အသုံးဝင်သော အကြံပေးချက်တစ်ချို့)" ဆိုသည့် ခေါင်းစဉ်ကိုဖတ်နေဆဲမှာပင်. . . အပြင်ဖက်မှ ရှပ်တိုက်လျှောက်လာ



သောခြေသံများက ဖေ့ချ်ပြန်လာပြီဟု သူ့ကိုအချက် ပေးလိုက်၏။ သူက ပုရပိုက်ကို စာအိတ်ထဲသို့ ကပျာကယာပြန်ထည့်လိုက်သည်။ တံခါးဖွင့်လာစဉ် ဟယ်ရီသည် စာအိတ်ကို စားပွဲခုံပေါ်သို့ ပစ်တင်လိုက်၏။

ဖေ့ချ်မှာ အောင်ပွဲခံလာပုံရသည်။

"အဲဒီပျောက်သွားတဲ့ဗီရိုက အရမ်းအဖိုးတန်တယ် ! ဒီတစ်ခါတော့ ငါတို့ ပီးဗက်ကို ရှင်းထုတ်နိုင်လိမ့်မယ် . . . အချစ်ကလေး"

သူက မစ္စနောရစ်ကို ခပ်မြူးမြူးလေး ပြောလိုက်၏။

ဖေ့ချ်၏မျက်လုံးအစုံက ဟယ်ရီ့ပေါ်သို့ ကျရောက်လာပြီးနောက် ကွစ်မန္တန်စာအိတ်ပေါ်သို့ လျှင်မြန်စွာ ရောက်သွားသည်။ ထိုစာအိတ်မှာ မူလနေရာနှင့် နှစ်ပေခန့်ကွာဝေးနေကြောင်း ဟယ်ရီ သတိထားမိလိုက်ချိန်တွင် အလွန်နောက်ကျသွားလေပြီ။

"မင်း . . . မင်း ဖတ်ကြည့်သေးလား"

သူက ဗလုံးဗထွေးနှင့် ကပျာကယာ မေးလိုက်၏။

"မဖတ်ပါဘူး"

ဟယ်ရီက သွက်လက်စွာ ညာပြောလိုက်သည်။

ဖေ့ချ်၏ အဖုအထစ်များနှင့် လက်နှစ်ချောင်းက တစ်ခုနှင့်တစ်ခု လိမ်ယှက်သွားကြသည်။

"တကယ်လို့ ငါ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မင်းဖတ်မိတယ်လို့ တွေးမိရင်. . . ဒါဟာ ငါ့ဟာ မဟုတ်ဘူး . . . သူငယ်ချင်းတစ်ယောက်အတွက် . . . ထားလိုက်ပါတော့လေ. . . ဘယ်လိုပဲဖြစ်ဖြစ်ပေါ့"

ဟယ်ရီက သူ့ကို သတိနှင့်စိုက်ကြည့်နေမိသည်။ ယခုလို ဖေ့ချ် အရူးတစ်ယောက်ကဲ့သို့ ဖြစ်နေပုံမျိုးကို ဟယ်ရီ တစ်ခါမှ မမြင်ဖူးချေ. . . သူ၏မျက်လုံးအစုံက မြူးထွက်နေပြီး ချိုင့်ခွက်နေသော သူ့ပါးပြင်တစ်ဖက်မှာ လေငန်းဖြတ်

www.burmeseclassic.com

www.burmeseclassic.com



သလို အကြောဆွဲနေရာ သူ၏သက္ကလတ်မာဖလာလည်း ဘာမှမတတ်နိုင်ချေ။

"ကောင်းပြီလေ. . . သွားတော့. . . စကားတစ်ခွန်းမှမပြောနဲ့. . . မပြောနဲ့. . . ဘယ်လိုပဲဖြစ်ဖြစ်. . . မင်း မဖတ်ရသေးဘူးဆိုရင်လည်း . . . အခုထွက်သွားတော့ . . . ငါ ပီးဗက်အကြောင်း အစီရင်ခံစာ ရေးရဦးမယ် . . . သွား . . ."

သူ၏ကံကြမ္မာကို အံ့ဩစွာနှင့် ဟယ်ရီသည် ဖော့ချ်၏ရုံးခန်းအတွင်းမှ သုတ်ခြေတင်လာခဲ့ပြီး လူသွားစင်္ကြံပေါ်သို့ လှေကားထစ်များမှ ပြန်တက်လာခဲ့သည်။ ဖော့ချ်၏ ရုံးခန်းအတွင်းမှ ပြစ်ဒဏ်အပေးမခံရဘဲ ပြန်ထွက်လာနိုင်ခြင်းသည် ကျောင်း၌ စံတင်လောက်စရာအကြောင်းတစ်ခုဖြစ်သည်မှာ အသေအချာပင်။

"ဟယ်ရီ၊ ဟယ်ရီ! အလုပ်ဖြစ်ရဲ့လား"

ခေါင်းပြတ်ခါနီးနစ်က စာသင်ခန်းတစ်ခုအတွင်းမှ ရွှေ့မျောကာ ထွက်လာပြီး မေးလိုက်၏။ သူ၏အနောက်တွင် အမြင့်ကြီးမှ ပြုတ်ကျထားပုံရသော အပျက်အစီးများနှင့် အနက်နှင့်ရွှေရောင် ရောစပ်ထားသော ဘီရိုကြီးတစ်လုံးကို ဟယ်ရီ မြင်လိုက်ရသည်။

"ဒါကြီးကို ဖော့ချ်ရုံးခန်းပေါ် တည့်တည့် ပြုတ်ကျအောင်လုပ်ဖို့ ပီးဗက်ကို ငါ လှည့်ဖြားသွေးဆောင်လိုက်တာလေ. . . ဖော့ချ်ကို အာရုံပြောင်းသွားအောင် လုပ်နိုင်ခဲ့မယ်လို့ ထင်တာပဲ. . ."

"အဲဒီလိုလုပ်တာ ခင်ဗျားလား. . . ဟာ . . . တကယ်အလုပ်ဖြစ်တာပေါ့ဗျာ . . . ကျွန်တော် အပြစ်ဒဏ်တောင် အပေးမခံခဲ့ရဘူး၊ ကျေးဇူးပဲ နစ်!"

ဟယ်ရီက ကျေးဇူးတင်စွာဖြင့် ပြောလိုက်၏။

သူတို့နှစ်ဦးသည် လူသွားစင်္ကြံပေါ်သို့ အတူတကွတက်လာခဲ့ကြသည်။



ခေါင်းပြတ်ခါနီးနစ်မှာ ဆာပက်ထရစ် ငြင်းပယ်ထားသည့်စာကို ကိုင်ထားဆဲဖြစ်ကြောင်း ဟယ်ရီ သတိထားမိ၏။

"ကျွန်တော်လည်း ခေါင်းပြတ်မုဆိုးအသင်းကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားအတွက် တစ်ခုခု လုပ်ပေးနိုင်ရင် ကောင်းမှာပဲ"

ဟု ဟယ်ရီက ပြောလိုက်သည်။

ခေါင်းပြတ်ခါနီးနစ်က သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်သဖြင့် ဟယ်ရီမှာ သူ့ကို တည့်တည့်ဝင်တိုးမိ၏။ ဝင်မတိုးလိုက်မိလျှင် အကောင်းသားဟု ဟယ်ရီ တွေးလိုက်မိသည်။ နစ်နှင့် ဝင်တိုးမိသည်မှာ ရေခဲတစ်မျှ အေးစက်နေသည့် ရေအောက်သို့ ဝင်လိုက်ရသလိုပင်. . .။

"ဒါပေမယ့် မင်း ငါ့ကို လုပ်ပေးနိုင်တာတစ်ခု ရှိပါတယ်. . . ဟယ်ရီ . . . ငါတောင်းဆိုတာ အရမ်းများသွားမလား. . . ဒါပေမယ့် မင်း စိတ်မပါရင် မလုပ်ပါနဲ့"

ဟု နစ်က စိတ်လှုပ်ရှားစွာ ပြောလိုက်၏။

"ဘာများလဲ"

ဟု ဟယ်ရီက စိတ်ဝင်တစားနှင့် မေးလိုက်သည်။

"အင်း. . . ဒီဟယ်လိုဝိန်း ပွဲတော်နေ့က ငါသေတာ အနှစ်ငါးရာပြည့်တဲ့နေ့လေ"

နစ်က ဂုဏ်ယူသလိုမျိုး ကိုယ်ကိုမတ်ထားကာ ပြောလိုက်၏။

"အိုး . . . တကယ်လား"

ဟု ဟယ်ရီက ပြောလိုက်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သူ ပျော်ရမည်လား၊ ဝမ်းနည်းသည့်အမူအရာ ပြသင့်သလားဆိုသည်ကို မသေမချာ ဖြစ်နေသည်။

"မြေတိုက်ထဲက အခန်းကျယ်ကျယ်တစ်ခုမှာ ကျင်းပမယ့် အဲဒီပါတီပွဲ

www.burmeseclassic.com



ကို တက်ရောက်ခဲ့မယ်ဆိုရင် ငါ့ကို အမှန်တကယ် ဂုဏ်ပြုတာပဲ။ မစ္စတာ ဝီစလေ နဲ့ ဂရင်ဂါတို့ ကိုလည်း လှိုက်လှဲစွာ ဖိတ်ခေါ်ပါတယ် . . . ဒါပေမယ့် မင်း (ငါ့ဆီကို မလာဘဲ) ကျောင်းရဲ့ ဟယ်လိုဝိန်း ညစာစားပွဲကိုပဲ သွားလိမ့်မယ်လို့ ငါ ပြော ရဲတယ်"

ဟု ပြောပြီး နစ်က ဟယ်ရီ့ကို ရင်တမမနှင့် ကြည့်နေ၏။

"မသွားဘူး . . . (ခင်ဗျားရဲ့ပွဲကိုပဲ) ကျွန်တော် လာခဲ့မယ်"

"ငါ့ရဲ့ ချစ်စရာကောင်းတဲ့ လူကလေးကွ! ဟယ်ရီပေါ်တာက ငါ့ရဲ့ သေနေ့ပါတီကို လာမယ်တဲ့! ပြီးတော့ . . ."

နစ်က ဆက်ပြောရင်း စိတ်လှုပ်ရှားစွာ တွဲဆိုင်းသွားပြီးမှ

"ငါ့ဆီကို မင်းလာတဲ့အတွက် ဆာပက်ထရစ်တို့ ဘယ်လောက်တောင် ဖြုံသွားပြီး ကြောက်လန့်သွားစေနိုင်တယ်ဆိုတာရော မင်း မတွေးမိဘူးလား"

" သေ. . . သေချာတာပေါ့"

ဟယ်ရီက ပြောလိုက်သည်။

ခေါင်းပြတ်ခါနီးနစ်က သူ့ကို တောက်ပစွာ ပြုံးကြည့်နေလေ၏။

●

"သေနေ့ပွဲ ဟုတ်လား"

နောက်ဆုံး၌ ဟယ်ရီအဝတ်အစားလဲပြီးနောက် ရွန်၊ ဟာမီယွန်တို့နှင့် စုပေါင်းနားနေခန်းထဲ၌ရှိနေစဉ် ဟာမီယွန်က စိတ်အားထက်သန်စွာဖြင့် ပြော လိုက်သည်။

"အဲဒီပွဲကို အသက်ရှင်နေတဲ့သူတွေ သိပ်လာကြမှာမဟုတ်ဘဲနဲ့ နစ်လို



လူမျိုး (တစ္ဆေ) တွေပဲ လာကြလိမ့်မယ်ဆိုတာ ငါ လောင်းရဲတယ်. . . တော်တော် စိတ်ဝင်စားစရာ ကောင်းမှာပဲ!"

"သေသွားတဲ့နေ့ကိုများ သူတို့က ဘာဖြစ်လို့ အထိမ်းအမှတ်ပွဲ ကျင်းပ ကြရတာလဲ . . . သေတဲ့အကြောင်းကြားရတာ ငါ့အတွက်တော့ စိတ်ညစ်စရာ ကြီး . . ."

သူ၏ဆေးရည်သင်ခန်းစာ အိမ်စာလေ့ကျင့်ခန်းလုပ်လိုက်၊ စိတ်တိုလိုက် နှင့် ဖြစ်နေသော ရွန်က ပြောလိုက်ခြင်း ဖြစ်သည်။

မီးစက်များက ပြူတင်းပေါက်များကို ရိုက်ခတ်နေကြဆဲဖြစ်ပြီး အပြင် ဖက်၌ မင်တုံးမင်ခဲကဲ့သို့ မည်းမည်းမှောင်နေ၏။ သို့ရာတွင် အတွင်း၌မူ အရာ ဒအားလုံးသည် တောက်ပနေကြပြီး ပျော်ရွှင်တက်ကြွဖွယ် ကောင်းနေကြသည်။ မီးပုံမီးလျှံများက မရေမတွက်နိုင်အောင် ပြည့်ကျပ်ညပ်နေသည့် ထိုင်ခုံများတွင် တဖတ်သူဖတ် စကားပြောသူ ပြော . . . အိမ်စာလုပ်သူ လုပ်နှင့် ရှိနေကြပြီး ထိုသို့ မလုပ်ကြသူများသည် ဖရက်နှင့် ဂျော့တို့က မီးကင်းလိပ်ချောကို ဖီလီ ဘတ်စတာ ပျောက်အိုး ကျွေးကြည့်လျှင် ဘယ်လိုနေမလဲဟု စမ်းသပ်ရန် ကြိုးစား နေခြင်းအား စောင့်ကြည့်နေကြ၏။ ဖရက်က 'မှော်ပညာနှင့်ဆိုင်သော သတ္တဝါ များအား ထိန်းသိမ်းစောင့်ရှောက်သည့်နေရာ' မှ မီးထဲတွင်နေနိုင်သော လိမ္မော် ရောင်တောက်တောက်နှင့် ကင်းလိပ်ချောတစ်ကောင်ကို ယူလာခဲ့သည်။ စားပွဲ ပေါ်တင်ထားသော မီးလျှံများ တငွေ့ငွေ့တောက်လောင်နေသည့် ထိုသတ္တဝါကို စပ်စုတတ်သော လူအုပ်ကြီးက ဝိုင်းအုံကြည့်နေကြ၏။ မီးကင်းလိပ်ချောဟာ အခန်းထဲ၌ ရှိုင်းစိုင်းစွာ လှည့်ပတ်ပြေးလွှားနေရင်း တရှီးရှီးတဗိုင်းဗိုင်းနှင့် ပါးစပ်မှ မီးရှူးမီးပန်းများကို လေထဲသို့ လွှတ်ထုတ်လိုက်စဉ် ဟယ်ရီမှာ ဟာမီယွန်နှင့် ရွန် တို့အား ဖှေ့ချိုနှင့် ကွစ်မန္တန်အကြောင်းပြော၍ ကောင်းနေဆဲရှိသေးသည်။ ဖရက်

www.burmeseclassic.com



နှင့် ဂျော့တို့ကို ဝမ်းခေါင်းသံကြီးဖြင့် အသံပြာသွားအောင် အော်လိုက်သောပါစီ၏ မြင်ကွင်းကို တခမ်းတနား ခင်းကျင်းပြသသလို မီးကင်းလိပ်ချော၏ပါးစပ်မှ ပန်းထွက်လာသည့် လိမ္မော်သီးအရွယ် ကြယ်ပွင့်များက ဖုံးလွှမ်းသွားကြသည်။ ပေါက်ကွဲမှုများနှင့်အတူ ထိုသတ္တဝါလည်း မီးလျှံများကြားထဲသို့ ပြေးဝင်လွတ်မြောက်သွားပြီး ဖေ့ချ်နှင့် ကွစ်မန္တန်တို့၏ အကြောင်းမှာလည်း ဟယ်ရီ့စိတ်ထဲမှ ပျောက်ကွယ်သွားလေတော့သည်။

●

ဟယ်လိုဝိန်းပွဲတော် ဆိုက်ရောက်လာသောအခါ ဟယ်ရီသည် 'သေနေ့ပွဲ' မရဏပါတီသို့သွားရန် မစဉ်းစားမဆင်ခြင်ဘဲ ကတိပေးမိသည့်အတွက် နောင်တရနေမိသည်။ ကျန် ကျောင်းသားများကတော့ ဟယ်လိုဝိန်းစားသောက်ပွဲအတွက် ပျော်ရွှင်စွာ ကြိုတင်ပြင်ဆင်နေကြသည်။ ခန်းမဆောင်ကြီးကို ပုံမှန်အသက်ရှင်နေသည့် လင်းနို့များဖြင့် တန်ဆာဆင် မွမ်းမံထားပြီး (မျက်စိများ၊ နှာခေါင်း၊ ပါးစပ်များ ဖောက်ကာ) ပုံဖော်ထားသည့် ဟက်ဂရစ်၏ ရောမရွှေဖရုံသီးမီးပုံးကြီးများမှာ အတွင်း၌ လူသုံးယောက်ဝင်ထိုင်၍ ရလောက်အောင် ကြီးမားလှသည်။ ဒါမောကွကြီး ဒမ်ဘယ်ဒိုးက ဖျော်ဖြေရန်အတွက် အရိုးစုကချေသည်အဖွဲ့ကို ငှားရမ်းထားသည်ဟု ကောလဟာလ ပြောနေကြ၏။

"ကတိက ကတိပဲ ... မရဏပါတီကိုသွားဖို့ နင်ပဲ ပြောထားတာ"

ဟာမီယွန်က ဩဇာသံဖြင့် ဟယ်ရီ့ကို သတိပေးလိုက်သည်။

သို့နှင့် ခုနစ်နာရီထိုးသောအခါ ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည်



ရွှေပန်းကန်ပြားနှင့် ဖယောင်းတိုင်များက ဆွဲဆောင်ဖြားယောင်းသလို တဖိတ်ဖိတ် တလက်လက်တောက်ပနေသော ခန်းမကြီးထဲသို့ သွားသည့်တံခါးပေါက်မှ တန်းတန်းမတ်မတ် ဖြတ်လျှောက်လာကြပြီး သူတို့၏ ခြေလှမ်းများကို မြေတိုက်ခန်းများဆီသို့ ဦးတည်လိုက်ကြ၏။

ခေါင်းပြတ်ခါနီးနစ်၏ ပါတီပွဲသို့သွားသည့် လူသွားစင်္ကြံတလျှောက်၌ ဖယောင်းတိုင်များ ထွန်းညှိထားသော်လည်း အကျိုးသက်ရောက်မှုက ပျော်ရွှင်မှုနှင့် ဝေးကွာနေ၏။ ထိုဖယောင်းတိုင်များမှာ သေးသွယ်ရှည်လျားသော မဟူရာရောင် ဖယောင်းတိုင်ငယ်လေးများဖြစ်ပြီး အားလုံးမှာ အပြာရင့်ရောင် တောက်ပလောင်ကျွမ်းနေကြကာ သူတို့၏ အသက်ရှင်နေသော မျက်နှာများကိုပင် ဖုံးလွှမ်း၍ မှိန်ဖျော့သော တစ္ဆေဆန်ဆန် အလင်းကို ထုတ်လွှတ်နေကြသည်။ လှေကားတစ်ထစ်ဆင်းလိုက်တိုင်း အပူချိန်က လျော့လျော့ကျသွား၏။ ဟယ်ရီမှာ ချမ်းလွန်း၍ ကြက်သီးများပင် ထလာပြီး သူ့ဝတ်ရုံကို တင်းကြပ်စွာ ဆွဲခြုံလိုက်စဉ် ကျောက်သင်ပုန်းကြီးကို လက်သည်းအချောင်းတစ်ထောင်ခန့်ဖြင့် ဝိုင်းကုတ်ခြစ်နေသော အသံမျိုးကို သူ ကြားလိုက်ရသည်။

"အဲဒါ တေးဂီတလို့ အောက်မေ့ရမှာလား"

ဟု ရွန်က တီးတိုးမေးလိုက်၏။ သူတို့ ထောင့်တစ်ခုကို ချိုးကွေ့လိုက်သောအခါ အနက်ရောင်ကတ္တီပါစကိုလွှမ်းခြုံကာ တံခါးဝ၌ရပ်နေသည့် ခေါင်းပြတ်ခါနီးနစ်ကို တွေ့လိုက်ရသည်။ နစ်က

"ငါ့ရဲ့ ချစ်သူငယ်ချင်းတွေ ... ကြိုဆိုပါတယ် ... ကြိုဆိုပါတယ် ... မင်းတို့လာနိုင်တာကိုပဲ အရမ်းကျေနပ်မိပါတယ် ..."

ဟု ပူဆွေးသောကဖြစ်စွာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဦးထုပ်ကြီးကိုချွတ်ကာ ဦးညွှတ်လိုက်ပြီး ဟယ်ရီတို့အား အတွင်းထဲသို့ ခေါ်ဆောင်သွားသည်။

အတွင်းထဲ၌မူ မယုံကြည်နိုင်စရာ မြင်ကွင်းပင်။ မြေတိုက်ခန်းမှာ ပုလဲကဲ့သို့ ဆွတ်ဆွတ်ဖြူနေပြီး တဖက်နှင့်တဖက် ဒိုးယိုပေါက်မြင်နိုင်သော ခန္ဓာကိုယ်ရှိသည့် များစွာသောတစ္ဆေများနှင့် ပြည့်နေလေသည်။ တစ္ဆေအများစုမှာ ပြည့်ကျပ်နေသော အကကြမ်းပြင်တစိုက်၌ လွင့်မျောနေပြီး စည်းသုံးချက်အကကိုချောက်ချားဖွယ်ဖြစ်အောင်ကသူ က၊ ကြက်သီးထဖွယ် လွှသုံးဆယ်၏ ဂီတသံကလည်း ထွက်ပေါ်နေပြီး တီးဝိုင်းကြီးတစ်ဝိုင်းကမူ အနက်ရောင်အဝတ်လွှမ်းထားသော ပလက်ဖောင်းပေါ်တွင် တီးခတ်နေကြသည်။ သူတို့၏ခေါင်းပေါ်မှ ဖယောင်းတိုင် မီးပန်းဆိုင်းထက်၌ အတိုင်တစ်ထောင်မကသော အနက်ရောင်ဖယောင်းတိုင်များက သန်းခေါင်ယံညအပြာရောင် မီးလျှံများဖြင့် တောက်ပနေကြသည်။ အသံက်ရှူထုတ်လိုက်တိုင်း သူတို့နှာသီးဖျားမှ ထွက်လာသော လေငွေ့က ရေစက်ရေမှုန်တွေလို ဖွေးခနဲ ဖွေးခနဲ ဖြစ်သွားကြသည်ကို မြင်ရ၏။ ရေခဲသေတ္တာကြီးတစ်လုံးထဲသို့ ရောက်နေသလို ခံစားရလေသည်။

"ငါတို့ တစ်ပတ်လောက် လျှောက်ပတ်ကြည့်ရအောင်"

သူ၏ခြေထောက်များကို နွေးထွေးလာအောင် လုပ်ချင်နေသည့် ဟယ်ရီက အကြံပြုလိုက်၏။

"တစ်ယောက်ယောက်ကို ဝင်တိုက်ပြီး (ထုတ်ချင်းပေါက်) ဖြတ်မသွားမိအောင်တော့ သတိထားနော်"

ရွန်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။ သူတို့သည် အကကြမ်းပြင်၏အစပ်နားမှ ထွက်ခဲ့ကြ၏။ ဟယ်ရီတို့သည် ကြေကွဲဝမ်းနည်းနေသော မယ်သီလရှင်အုပ်စု၊ သံကြိုးများဆွဲထားသည့် စုတ်စုတ်ပြတ်ပြတ်နှင့် လူ တစ်ယောက်၊



နဖူးထက်၌ မြှားတစ်ချောင်း စိုက်ဝင်နေသည့် သူရဲကောင်းတစ်ဦး နှင့် စကားပြောနေသော ပျော်ပျော်နေတတ်သည့် ဟပ်ဖယ်ပတ်အဆောင်မှ တစ္ဆေ ဝဝဖရိုယာတို့ကို ဖြတ်သန်းလာခဲ့ကြသည်။ ခပ်လှမ်းလှမ်းတွင် အခြားတစ္ဆေများနှင့်ဝိုင်းဖွဲ့ရင်း သူတို့ကို ငေးစိုက်ကြည့်နေသည့် စလီသရင်မှ ငတ်မွတ်ဝိန်ချုံးနေပြီးငွေရောင်သွေးစက်များဖုံးလွှမ်းနေသော သွေးတစ္ဆေဘာရွန်အား တွေ့လိုက်ရသည်ကို ဟယ်ရီ မအံ့သြမိချေ။

"ဟယ် . . . မဖြစ်ဘူး . . . ပြန်လှည့်ကြမယ် . . . ပြန်လှည့်ကြမယ် . . . ငါ 'အမြဲတမ်း ငိုနေတတ်တဲ့ 'ငိုချင်းသည်သရဲမ' မာရတယ်' နဲ့ စကားမပြောချင်ဘူး"

ဟု ဟာမီယွန်က ခြေလှမ်းကို ဖြုန်းကနဲရပ်ကာ ပြောလိုက်၏။

"ဘယ်သူလဲ"

သူတို့ လျှင်မြန်စွာ နောက်ကြောင်း ပြန်လှည့်လာစဉ် ဟယ်ရီက မေးလိုက်သည်။

"ပထမထပ်က မိန်းကလေးအိမ်သာစောင့်တဲ့ သရဲမ 'မာရတယ်' လေဟာ"

ဟု ဟာမီယွန်က မပြောလိုက်၏။

"သူက အိမ်သာစောင့်တယ်"

"ဟုတ်တယ် . . . သူက အမြဲစိတ်တို ဒေါသထွက်နေပြီး ရေလျှံအောင်လုပ်ထားလို့ အဲဒီအိမ်သာကို မသုံးတော့တာ နှစ်နဲ့ချီနေပြီ။ ငါသာ ရှောင်ပြေးရမယ်ဆိုရင် ဘာကိစ္စပဲရှိရှိ အဲဒီ့ကို ဘယ်တော့မှ မသွားဘူး။ နင့်ကို ငိုပြနေတဲ့သူနဲ့ အိမ်သာထဲကို သွားဖို့ကြိုးစားရတာ စိတ်ပျက်စရာ ကောင်းပါတယ်"

" ကြည့်စမ်း . . . အစားအသောက်တွေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှန်က ပြောလိုက်သည်။

မြေတိုက်ခန်း၏တဖက်၌ စားပွဲအရှည်ကြီးတစ်လုံးရှိပြီး ကတ္တီပါအနက်ရောင့်ဖြင့်ပင် ဖုံးအုပ်ထား၏။ သူတို့သည် စိတ်အားထက်သန်စွာဖြင့် ထိုစားပွဲဆီသို့ ရောက်သွားကြသည်။ သို့ရာတွင် နောက်ထပ်အနည်းငယ်မျှသော အချိန်အတွင်း သူတို့၏ခြေလှမ်းများကို ချောက်ချားစွာရပ်လိုက်ကြ၏။ စားစရာများ၏အနံ့က အတော်ပင် ရွံစရာကောင်းသည်။ ပုပ်သိုးနေသော ငါးကြီးများကို သားနားသော ငွေဟင်းပန်းကန်များပေါ် တင်ထားပြီး မီးသွေးလို မည်းနက်တူးခြစ်နေသော ကိတ်မုန့်များကို လင်ဗန်းလေးများပေါ်တွင် ပုံထား၏။ ပိုးလောက်ကောင်များနှင့် သိုးဝမ်းတွင်းသားဟင်း၊ အစိမ်းရောင်မှိုများတက်နေသော ချိစ်အပြားများကိုလည်း ထားရှိသည်။ စားပွဲ၏အဓိကနေရာတွင် အုတ်ဂူပုံသဏ္ဍာန် ပြုလုပ်ထားပြီး ကတ္တရာစေးကဲ့သို့ အနက်ရောင်ရေခဲဖြင့် စာလုံးများ ရေးထိုးထားသော မီးခိုးရောင်ဧရာမကိတ်မုန့်ကြီးတစ်လုံးရှိသည်။

'ဆာနီကိုလ် ဒီမင်စီပေါ်ပင်တွန်

၁၉၄၂ ခုအောက်တိုဘာ ၃၁ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သည်'

လုံးလုံးဝဝ တစ္ဆေတစ်ကောင်က စားပွဲနားသို့ ရောက်လာပြီး ကိုယ်ကိုငုံ့ကိုင်း၍ စားပွဲကို တိုးဝင်ဖြတ်သန်းကာ ပုတ်အဲ့နံစော်နေသော ဆယ်လ်မွန်ငါးတစ်ကောင်အား သူ့ပါးစပ်ထဲသို့ ဝင်သွားစေရန် ပါးစပ်ကိုဖြဲဟထားသည်ကို ဟယ်ရီ တအံ့တသြနှင့် ကြည့်နေမိ၏။

"ခင်ဗျား အရသာခံနိုင်လား"

ဟု ဟယ်ရီက ထိုတစ္ဆေကို မေးလိုက်သည်။

"ခံနိုင်သလိုလိုပါပဲကွာ"

ဟု တစ္ဆေက ကြေကွဲစွာပြောလိုက်ပြီး အဝေးသို့ လွင့်မျောထွက်ခွာသွား၏။



"အနံ့အရသာပြင်းအောင် ဒါတွေကို တမင်အပုတ်ခံထားတယ်လို့ ငါတော့ ထင်တာပဲ"

ဟာမီယွန်က နှာခေါင်းကို လက်ဖြင့်ပိတ်ကာ ပုပ်သိုးနေသော သိုးဝမ်းတွင်းသားများကို အနီးကပ်ကြည့်ရင်း ဗဟုသုတပြည့်ဝစွာ ပြောလိုက်သည်။ ရွှန်က

"ဒီက ခွာကြရင် ကောင်းမယ် . . . ငါတော့ မူးချင်ချင် ဖြစ်လာပြီ"

သို့ရာတွင် သေးသေးညှက်ညှက်လူတစ်ယောက်က စားပွဲအောက်မှ လေထဲသို့ ဖြုန်းကနဲ ပျံတက်သွားပြီး ဟယ်ရီတို့ရှေ့ရှိလေထဲ၌ရပ်နေစဉ် သူတို့သည် ဟိုနား သည်နားသာ လျှောက်ကြည့်ရသေးသည်။

"ဟယ်လို ပီးဗက်"

ဟယ်ရီက သတိထားပြီး နှုတ်ဆက်လိုက်၏။

သူတို့အနား၌ရှိနေသော တစ္ဆေများနှင့်မတူဘဲ ပုဏ္ဏကတစ္ဆေပီးဗက်သည် ဖြူဆွတ်ဆွတ်နှင့် ဗိုးယိုပေါက်မြင်နေရမည့်အစား ပြောင်းပြန်ဖြစ်နေလေသည်။ သူက လိမ္မော်ရောင်တောက်တောက် ကပွဲဦးထုပ်ကို ဆောင်းထားပြီး ချာချာလည်နေသောလည်စီးကိုတပ်ကာ ကောက်ကျစ်ဉာဏ်များသော သူ့မျက်နှာကြီးကို ပြုံးဖြဲဖြဲကြီး လုပ်နေ၏။

"အပျင်းပြေ ဝါးဦးမလား"

သူက မှိုများဖုံးလွှမ်းနေသော မြေပဲပန်းကန်လုံးကို သူတို့ထံ ကမ်းပေးရင်း ချိုသာစွာ ပြောလိုက်သည်။ ဟာမီယွန်က

"မစားတော့ဘူး ကျေးဇူးပဲ"

"အငိုသန်တဲ့ မာရတယ်အကြောင်း မင်း ပြောနေသံကြားတယ်"

ဟု ပီးဗက်က ပြောလိုက်၏။ သူ၏မျက်လုံးများက တဖျတ်ဖျတ် ကခုန်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငိုချင်းသည် မာရတယ်အကြောင်း မင်း အာကြမ်းလျှာကြမ်း ပြောနေတာ"

သူက အသက်ကို ဝအောင်ရှူလိုက်ပြီး ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်၏။

"ဟေး! မာရတယ်!"

"အို . . . မလုပ်ပါနဲ့၊ ပီးဗက် . . . ကျွန်မ ဘာပြောတယ်ဆိုတာ သူ့ကို သွားမပြောပါနဲ့၊ သူ-တကယ်စိတ်ထိခိုက်သွားလိမ့်မယ်"

ဟာမီယွန်က တုန်တုန်ယင်ယင်နှင့် တီးတိုးပြောလိုက်သည်။

"ကျွန်မ ဒီလိုရည်ရွယ်တာ မဟုတ်ပါဘူး၊ ကျွန်မ သူ့ကို စိတ်အနှောင့်အယှက်မပေး . . . ဟဲလို မာရတယ်"

ပုတိုတိုနှင့် မိန်းကလေးတစ္ဆေက လေထဲမှ ထိုးဆင်းလာ၏။ ဟယ်ရီမြင်နေကျ သူမ၏မျက်နှာမှာ ခါတိုင်းထက် သုန်မှုန်နေပြီး ခပ်ကြမ်းကြမ်းဆံပင်များက ထူထဲသောပုလဲရောင်မျက်မှန်ကို တဝက်တပျက် ဖုံးအုပ်နေကြသည်။

"ဘာလဲ"

သူမက ရန်လိုစွာ-မေးလိုက်သည်။

"နေကောင်းလား မာရတယ် . . . မင်းနဲ့ အိမ်သာအပြင်ဖက်မှာ တွေ့ရတာ ဝမ်းသာစရာပဲ"

ဟာမီယွန်က ဟန်လုပ်ကာ ရွှင်ပြနေသည့်အသံဖြင့် နှုတ်ဆက်လိုက်၏။

မာရတယ်က နှာခေါင်းရှုံ့လိုက်သည်။

"ခုလေးတင် မစ္စဂရင်ဂါက မင်းအကြောင်း ပြောနေသေးတယ်"

ဟု ပီးဗက်က မာရတယ်၏နားနားသို့ ကပ်ပြီးခပ်တိုးတိုး ပြောလိုက်၏။

"မင်း ဒီည အရမ်းကြည့်ကောင်းနေတယ်ဆိုတာကို . . . ဆိုတာကို . . . ပြောတာပါ"



ဟာမီယွန်က ပီးဗက်ကို မျက်စောင်းထိုးရင်း ပြောလိုက်သည်။

မာရတယ်က ဟာမီယွန့်ကို သံသယဖြစ်စွာ ကြည့်လိုက်၏။ သူမက

"နင် ငါ့အကြောင်း ဟာသလုပ်နေတာလား"

ဟု ပြောရင်း ငွေရောင်မျက်ရည်များက သေးငယ်ကြည်လင်သော သူမ၏မျက်လုံးများမှ သွင်သွင်စီးကျလာသည်။

"မလုပ်ပါဘူး . . . တကယ်ပြောတာပါ . . . မာရတယ်က အရမ်းကြည့်ကောင်းနေတယ်လို့ ငါ နင်တို့ကို မပြောခဲ့ဘူးလား"

ဟယ်ရီနှင့် ရွန်တို့၏နံရိုးများ အောင့်သွားအောင် တံတောင်ဖြင့်တွတ်ရင်း ဟာမီယွန်က ပြောလိုက်သည်။

"အိုး . . . ဟုတ်တယ် . . ."

"သူ ပြောခဲ့တယ် . . ."

"ငါ့ကို မညာနဲ့"

မာရတယ်က ပင့်သက်ရှိုက်ရင်း ပြောလိုက်၏။ ပီးဗက်က သူမ၏ပခုံးဖက်မှ ကျော်ကြည့်ရင်း တခွိခွိနှင့်ရယ်လိုက်စဉ် မျက်ရည်များက သူမ၏ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။

"လူတွေက နောက်ကွယ်မှာ ငါ့ကို ဘယ်လိုခေါ်ကြသလဲဆိုတာ ငါ မသိဘူးလို့ နင်တို့ ထင်နေသလား . . . ဖက်တီးမာရတယ်! ရုပ်ဆိုးမာရတယ်! စိတ်မချမ်းမြေ့စရာ . . . ညည်းညူမှိုင်တွေနေတဲ့ မာရတယ်!"

"မျက်နှာမှာ ဖြတ်တွေနဲ့ မာရတယ် ဆိုတာကို ချန်ထားခဲ့တယ်"

ပီးဗက်က သူမ၏နားနားကပ်ပြီး ပြောလိုက်၏။

ညည်းညူနေသော မာရတယ်မှာ မချိတင်ကဲ ငိုချလိုက်ပြီး မြေတိုက်ခန်းထဲမှ ပျံဝဲထွက်ခွာသွားသည်။ ပီးဗက်က မာရတယ်ကို မှိုတက်နေသော မြေပဲဆံများနှင့် ပေါက်ကာအော်ဟစ်ရင်း သူမ၏နောက်မှ လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖြုတ်တွေနဲ့! ဖြုတ်တွေနဲ့!"

"အို . . . သနားပါတယ်"

ဟာမီယွန်က စိတ်မကောင်းဖြစ်စွာ ပြောလိုက်၏။

ထိုစဉ် ခေါင်းပြတ်ခါနီးနစ်က တစ္ဆေအုပ်ကိုဖြတ်သန်းကာ သူတို့ထံ လွင့်မျောလာသည်။

"မင်းတို့ ပျော်ကြရဲ့လား"

"အိုး . . . ပျော်တာပေါ့"

သူတို့က ညာပြောလိုက်၏။ နစ်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် . . .

"ငါ မိန့်ခွန်းပြောဖို့အချိန် နီးနေပြီ။ ငါ သွားပြီး တီးဝိုင်းကို သတိပေးထားရင် ကောင်းမယ်"

မည်သို့ပင်ဖြစ်စေ တီးဝိုင်းကတော့ မိန့်ခွန်းပြောရန်အချိန် အလွန်နီးကပ်နေမှ တီးခတ်ခြင်းကို ရပ်လိုက်သည်။ အမဲလိုက်သော ကျွဲချိုသံများ ထွက်ပေါ်လာစဉ် ဟယ်ရီတို့နှင့် မြေတိုက်ခန်းထဲရှိ အခြားသူများအားလုံးတို့သည် ငြိမ်ကျသွားပြီး ဘေးဘီဝဲယာကို စိတ်လှုပ်ရှားစွာ ကြည့်နေမိကြ၏။

"ဟာ . . . စခါနီးကျမှကွာ"

ဟု ခေါင်းပြတ်ခါနီးနစ်က ခါးသီးစွာ ပြောလိုက်သည်။

ခေါင်းပြတ်မြင်းစီးသမားတစ်ယောက်စီ စီးနင်းလာကြသည့် တစ္ဆေမြင်းတစ်ဒါဇင်က မြေတိုက်ခန်းနံရံကို ဖုန်းကနဲ ဖြတ်သန်းဝင်လာကြ၏။ တစ္ဆေအုပ်ကြီးက တခဲနက်လက်ခုပ်သြဘာ ပေးလိုက်ကြသည်။ ဟယ်ရီလည်း လက်ခုပ်တီးလိုက်မိ၏။ သို့ရာတွင် နစ်၏မျက်နှာကို မြင်လိုက်ရသဖြင့် ချက်ချင်း လက်ခုပ်အတီး ရပ်လိုက်သည်။

တစ္ဆေမြင်းများက ကပွဲကြမ်းပြင် အလယ်တည့်တည့်သို့ ဒုန်းစိုင်းလာကြရာမှ ပဒပ်ရပ်ကာ ရပ်တန့်လိုက်ကြပြီး တစ္ဆေများက ခုန်ဆင်းလိုက်ကြ၏။ သူတို့၏



ရှေ့၌ ကတုံးပြောင်ပြောင် ခေါင်းပြတ်ကြီးကို ပိုက်ထားသော တစ္ဆေကြီးက ကျွဲချိုကို မှုတ်နေပြီး မြင်းကို လွှားခနဲခုန်လိုက်သည်။ သူက တစ္ဆေအုပ်ကြီးအား မြင်နိုင်စေရန် သူ့ဦးခေါင်းကို ခပ်မြင့်မြင့် မြှောက်ထားလိုက်၏။ တစ္ဆေများက ဝါးကနဲ ပွဲကျသွားကြသည်။ ထို့နောက် သူက ခေါင်းပြတ်ခါနီးနစ်ကို အနည်းငယ် ဖြတ်ကျော်နင်းသွားပြီး သူ့ဦးခေါင်းကို လည်ပင်းပေါ်ပြန်တင်ကာ ဗိုလ်ထားရင်း ဝမ်းခေါင်းသံကြီးဖြင့် အော်ပြောလိုက်သည်။

"နစ်! နေကောင်းလား။ မင်း ခေါင်းက အရေပြားတန်းလန်းနဲ့ ရှိနေတုန်းပဲလား"

သူက လိုက်လိုက်လှဲလှဲဖြင့် တဟားဟားရယ်လိုက်ပြီး ခေါင်းပြတ်ခါနီးနစ်၏ပခုံးကို ပုတ်လိုက်၏။

"ကြိုဆိုပါတယ် . . . ပက်ထရစ်"

နစ်က မာဆတ်ဆတ်နှင့် ပြောလိုက်သည်။

"အသင်ရှင်နေတဲ့သူတွေပါ ရောက်နေကြတာပဲ . . . ဟုတ်လား"

ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ကို တွေ့သွားသောကြောင့် အံ့သြတကြီးနှင့် ဆာပက်ထရစ်က ပြောရင်း ထခုန်လိုက်၏။ သို့နှင့် သူ့ခေါင်းပြတ်ကြီးက လိမ့်ကျသွားပြန်သည်။ (တစ္ဆေအုပ်ကြီးမှာ ဝါးကနဲ ပွဲကျသွားပြန်သည်)

"အရမ်း ရယ်စရာကောင်းတာပဲ"

နစ်က စိတ်ပျက်လက်ပျက်နှင့် ရွဲ့ပြောလိုက်သည်။

"စိတ်မရှိပါနဲ့ နစ်!"

ကြမ်းပြင်ပေါ်မှ ဆာပက်ထရစ်၏ ခေါင်းပြတ်ကြီးက အော်ပြောလိုက်၏။

"ငါတို့ သူ့ကို အမဲလိုက်အသင်းထဲ ပါဝင်ခွင့်မပေးတဲ့အတွက် စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



နေတုန်းပဲ! ဒါပေမယ့် ငါပြောချင်တဲ့အဓိပ္ပါယ်က ငါ့လူတွေကို ကြည့်လိုက်ပါဦး. . ."

"ကျွန်တော့်အထင်တော့ . . ."

နစ် အဓိပ္ပါယ်ပြည့်ဝစွာ ကြည့်လိုက်စဉ် ဟယ်ရီက ကပျာကယာ ဝင်ပြောလိုက်သည်။

". . . နစ်က အရမ်း . . . ဒီအဖွဲ့ထဲကိုဝင်ချင်နေတယ် . . . အဲ . . ."

"ဟား! မင်းကို သူ ဒီလိုပြောခိုင်းတယ်ဆိုတာ ငါ လောင်းရဲတယ်"

ဟု ဆာပက်ထရစ်၏ ခေါင်းပြတ်ကြီးက အော်လိုက်သည်။

"တကယ်လို့ ငါဟာ အားလုံးရဲ့ အာရုံစိုက်မှုကို ရနေပြီဆိုရင် . . . ဒါ ငါ မိန့်ခွန်းပြောဖို့ အချိန်ပဲ"

နစ်က အော်ပြောလိုက်ပြီး စကားပြောခုံဆီသို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်သွားကာ ရေခဲပြာရောင်စပေါ့မီးရောင်ထဲသို့ လှမ်းဝင်လိုက်သည်။

"ကျွန်တော့်ရဲ့ ကြေကွဲဝမ်းနည်းနေကြတဲ့ အရှင်သခင်တွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ . ခင်ဗျား . . . ဒါဟာ ကျွန်တော့်ရဲ့ အကြီးမားဆုံး ကြေကွဲမှု. . ."

သို့ရာတွင် သူ့စကားသံကို မည်သူမျှ ဘာမှမကြားရတော့ချေ။ ဆာပက်ထရစ်နှင့် ကျန်ခေါင်းပြတ်မုဆိုးအသင်းဝင်များက ခေါင်းပြတ်ဟော်ကီပွဲကို စတင်ကစားကြရာ တစ္ဆေအုပ်ကြီးက ထိုပွဲကို အာရုံပြောင်းပြီး ကြည့်နေကြလေသည်။ ခေါင်းပြတ်ခါနီးနစ်က ပရိသတ်၏ အာရုံစိုက်မှုကို ပြန်ရအောင်ကြိုးစားသော်လည်း အချည်းနှီးပင်။ သို့ရာတွင် ဆာပက်ထရစ်၏ ခေါင်းပြတ်ကြီး မျောလွင့်နေစဉ် ဩဘာသံများ ထွက်လာသည့်အခါတွင်တော့ သူ လက်လျှော့လိုက်ရ၏။



ယခုအခါ ဟယ်ရီမှာ အလွန်ချမ်းလာပြီး ဆာလောင်မှုကိုပင် ဂရုမပြုမိတော့ချေ။

"ငါ ဒီထက်ပိုပြီး မခံစားနိုင်တော့ဘူး"

ရွန်က ညည်းတွား ရေရွတ်လိုက်သည်။ တီးဝိုင်းက ပြန်စရန်ဟန်ပြင်နေပြီး တစ္ဆေများက ကပွဲကြမ်းပြင်ပေါ်သို့ ပြန်ရောက်လာကြစဉ် သူ့သွားများက တဂတ်ဂတ်နှင့် မေးရိုက်နေကြလေသည်။

"သွားကြစို့"

ဟယ်ရီကလည်း သဘောတူလိုက်သည်။

ဟယ်ရီတို့သည် သူတို့ကိုကြည့်နေသူများကို ခေါင်းညိတ်ပြလိုက်၊ ပြုံးပြလိုက်နှင့်လုပ်ရင်း တံခါးဆီသို့ ပြန်လာခဲ့ကြသည်။ တစ်မိနစ်ခန့်ကြာသော် အနက်ရောင်ဖယောင်းတိုင်များ ပြည့်နှက်နေသည့် လူသွားစကြိုန်ပေါ်သို့ ကသောကမျောနှင့် ပြန်ရောက်လာကြ၏။

"ပူတင်းတွေတော့ ကုန်ဦးမှာ မဟုတ်သေးဘူး"

ရွန်က အဝင်ခန်းမကြီးဆီသို့ သွားသည့်လှေကားထစ်များအတိုင်း ဦးဆောင်သွားရင်း မျှော်လင့်ချက်အပြည့်နှင့် ပြောလိုက်သည်။

ထို့နောက် ဟယ်ရီ ကြားလိုက် ရသည်မှာကား . . .

". . . တစ်စစီ ဆုတ်ဖြဲမယ် . . . ဆွဲဖြဲမယ် . . . သတ်ပစ်မယ်"

ယင်းအသံမှာ လော့ဟတ်ရုံးခန်းထဲတွင် ဟယ်ရီ ကြားခဲ့ရသည့် အေးစက်ကြောက်မက်ဖွယ်ရာအသံနှင့် အတူတူပင် ဖြစ်လေသည်။

ဟယ်ရီမှာ ခလုတ်တိုက်မိကာ တံ့ကနဲရပ်သွားပြီး ကျောက်သားနံရံကို ကိုင်ကာ အစွမ်းကုန်နားစွင့်ထားရင်း မီးရောင်မှိန်ဖျော့ဖျော့ထွန်းထားသည့် လူသွားစကြိုန်တလျှောက် ဟိုဟိုဒီဒီ ဝေ့ဝဲ၍ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ . . . မင်း ဘာဖြစ်နေတာလဲ"

"ဟိုအသံ ကြားပြန်ပြီကွ . . . တစ်မိနစ်လောက် ပါးစပ်ပိတ်ထားကြစမ်းပါ"

". . . အရမ်းဆာလောင်နေတာ . . . အရမ်းကြာခဲ့ပြီ . . ."

"နားထောင်!"

ဟယ်ရီက အရေးတကြီး ပြောလိုက်စဉ် ရွန်နှင့် ဟာမီယွန်တို့က မလှုပ်မယှက်နှင့် သူ့ကို ကြည့်နေကြ၏။

"သတ်မယ် . . . သတ်ဖို့အချိန်ကျပြီ . . ."

အသံက တဖြည်းဖြည်း တိုးဖျော့ပျောက်ကွယ်သွားသည်။ ယင်းမှာ အဝေးသို့ ရွေ့လျားသွားကြောင်း အပေါ်ဖက်သို့ ရွေ့လျားသွားကြောင်း အသေအချာ သိသည်။ မှောင်မည်းနေသောမျက်နှာကြက်ကို ဟယ်ရီ ငေးကြည့်နေမိစဉ် ကြောက်ရွံ့မှုနှင့် စိတ်လှုပ်ရှားမှုတို့က သူ့ကို ရောယှက်နှောင်ဖွဲ့ထားကြသည်။ ဒီအသံရှင်ဟာ ဘယ်သူလဲ။ တခြွေလား။ သူ . . . သူ . . . ဘယ်ကိုသွားနေတာလဲ။

"ဒီလမ်းအတိုင်းပဲ"

ဟု ဟယ်ရီက အော်လိုက်ပြီး အဝင်ခန်းမကြီးထဲသို့ သွားသည့်လှေကားထစ်အတိုင်း ထိုအသံရွေ့လျားနေရာဆီသို့ ပြေးတက်လာခဲ့သည်။ ခန်းမကြီးထဲတွင် တစ်စုံတစ်ရာ၏အသံကို နားထောင်နိုင်ရန် မျှော်လင့်နေလျှင်တော့ အလကားပင်။ ဟယ်လိုဝိန်းစားသောက်ပွဲမှ ကျွတ်စီကျွတ်စီနှင့် ဆူညံနေသော စကားပြောသံများက ခန်းမကြီးအပြင်ဖက်သို့ ပဲ့တင်ထပ်ကာ လျှံကျနေလေသည်။ ဟယ်ရီသည် ပထမထပ်ဆီသို့ စကျင်ကျောက်ဖြူလှေကားအတိုင်း တဟုန်ထိုး ပြေးတက်ခဲ့၏။ ရွန်နှင့် ဟာမီယွန်တို့က ဖိနပ်သံတဖျပ်ဖျပ်နှင့် သူ့နောက်မှ လိုက်လာကြသည်။

"ဟယ်ရီ . . . ငါတို့ ဘာတွေ . . ."



"ရှူး"

ဟယ်ရီ နားစွင့်ထားလိုက်၏။ အပေါ်ထပ်ကြမ်းပြင်နှင့် ခပ်လှမ်းလှမ်းတစ်နေရာမှ တိုးဖျော့နေဆဲအသံကို သူ ကြားနေရသည်။

". . . ငါ သွေးနံ့ရတယ် . . . ငါ သွေးနံ့ရတယ်!"

ဟယ်ရီ့ရင်ထဲမှ ကလီစာများ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွား၏။ သူက

"သူ တစ်ယောက်ယောက်ကို သတ်တော့မယ်!"

ဟု အော်လိုက်ပြီး ရွန်နှင့် ဟာမီယွန်တို့၏ စိတ်ရှုပ်ထွေးနေသော မျက်နှာများကို မသိကျိုးကျွံပြုကာ လှေကားသုံးထစ်စီ ကျော်နင်း၍ အပေါ်သို့ အားကုန်ပြေးတက်ခဲ့ပြီး သူ့ခြေသံများအပြင် တခြားဘာသံများ ကြားရဦးမလဲဟု နားစွင့်ထားမိသည်။

ဟယ်ရီသည် ဒုတိယထပ်တစ်ခုလုံး ဟိုဟိုဒီဒီ လျှောက်ပြေးနေစဉ် ရွန်နှင့် ဟာမီယွန်တို့က မောဟိုက်စွာ သူ့နောက်မှ ပြေးလိုက်နေကြရပြီး နောက်ဆုံးတွင် လူသူကင်းမဲ့နေသော လူသွားစင်္ကြန်ထောင့်တစ်ခုသို့ မချိုးကွေ့ခင်အထိ သူတို့ရပ်နားခြင်းမပြုကြပေ။

"ဟယ်ရီ . . . အဲဒါတွေ အားလုံးက ဘာဖြစ်နေတာလဲ"

ရွန်က သူ့မျက်နှာပေါ်မှ ချွေးများကို သပ်ချရင်း ပြောလိုက်သည်။

"ငါတော့ ဘာသံမှ မကြားမိပါလား . . ."

သို့ရာတွင် ဟာမီယွန်က ရုတ်တရက် ဟင်ကနဲ အသံပြုလိုက်ပြီး လူသွားစင်္ကြန်တစ်နေရာကို လက်ညှိုးထိုးပြလိုက်၏။

"ကြည့်စမ်း!"

တစ်စုံတစ်ခုက နံရံပေါ်တွင် တလက်လက်တောက်ပနေလေသည်။ သူတို့သည် အမှောင်ထဲတွင် ဝေ့ဝဲကြည့်ရင်း ထိုနေရာသို့ တဖြည်းဖြည်းချင်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားကြ၏။ ခြေဖဝါးအရွယ်စာလုံးကြီးများကို ပြူတင်းပေါက်နှစ်ခုအကြားရှိ နံရံပေါ်တွင် ရေးဆွဲထားပြီး စာလုံးများမှာ ထွန်းညှိထားသော မီးတိုင်များ၏ အလင်းရောင်ဖြင့် တဖိတ်ဖိတ်တလက်လက် တောက်ပနေကြလေသည်။

*"မိစ္ဆာခန်းဆောင် ပွင့်သွားပြီ*
*မျိုးဆက်ရဲ့ ရန်သူများ သတိထား"*

"အဲဒီအောက်မှာ တွဲလောင်းဖြစ်နေတာ ဘာကြီးလဲ"

ဟု ရွှန်က မေးလိုက်သည်။ သူ့ အသံက ကြောက်ရွံ့မှုကြောင့် မသိမသာ တုန်ခါနေ၏။ သူတို့ ထိုနေရာသို့ ကပ်သွားစဉ် ဟယ်ရီမှာ ချော်လဲတော့မလို ဖြစ်သွား၏။ ကြမ်းပြင်ပေါ်၌ ကြီးမားသောရေကွက်ကြီးတစ်ခု ရှိနေသည်။ ရွှန်နှင့် ဟာမိယွန်တို့က ဟယ်ရီ့ကို လှမ်းကိုင်ကာထိန်းလိုက်ကြပြီး သူတို့သည် စာတမ်းအနီးသို့ တစ်လက်မချင်းတိုးလာခဲ့ရင်း မျက်လုံးများက ထိုစာတမ်းအောက်ဖက်မှ အမှောင်ကျနေသောအရိပ်ပေါ်သို့ မမှိတ်မသုန် ကြည့်နေမိကြ၏။ ထိုအရာမှာ ဘာဖြစ်သည်ဆိုတာကို သူတို့သုံးယောက်စလုံး နားလည်သဘောပေါက်သွားသောအခါ နောက်သို့ ဝုန်းကနဲ ခုန်ဆုတ်လိုက်မိကြသည်။

မစ္စစ်နောရစ်ဆိုသည့် ကျောင်းစောင့်ကြီး၏ ကြောင်မကြီးမှာ မီးတုတ်၏ ကွင်းနှင့် အမြီးကိုချိတ်ကာ တွဲလောင်းကလေး ဖြစ်နေ၏။ သူမ၏ တစ်ကိုယ်လုံး တောင့်တင်းနေပြီး မျက်လုံးများက ပြူးကျယ်ကာ တစ်စုံတစ်ရာကို ငေးကြည့်နေသယောင်။

စက္ကန့်အနည်းငယ်မျှ သူတို့ မလှုပ်ရှားမိကြချေ။ ထို့နောက် ရွှန်က
"ဒီနေရာက ထွက်သွားကြရအောင်"
ဟု ပြောလိုက်သည်။
"ငါတို့ ကြိုးစားပြီး အကူအညီပေးရင် ကောင်းမယ်"



ဟယ်ရီက အနေခက်စွာ ပြောလိုက်၏။ ရွှန်က

"ငါ့ကို ယုံစမ်းပါ . . . ငါတို့ကို ဒီမှာတွေ့မသွားစေချင်ဘူး"

သို့ရာတွင် လွန်စွာမှပင် နောက်ကျသွားလေပြီ။ ခပ်ဝေးဝေးမှ မိုးခြိမ်းလိုက်သလို တအုံးအုံးမြည်သံများက ယခုလေးတင် စားသောက်ပွဲပြီးသွားပြီဖြစ်ကြောင်း ပြောပြနေသကဲ့သို့ပင် သူတို့ရပ်နေကြသော လူသွားစင်္ကြံ၏ ထောင့်စွန်းနှစ်ဖက်စလုံးမှ လှေကားထစ်များကို တက်လာကြသည့် ရာပေါင်းများစွာသော ခြေသံများနှင့် ဗိုက်ဝကျေနပ်နေသောသူများ၏ ပျော်ရွှင်ကျယ်လောင်စွာ စကားပြောသံများကို ကြားလိုက်ကြရသည်။ မျက်တောင်တခတ်မျှ ကြာသော် ကျောင်းသားများက လူသွားစင်္ကြံ၏ ထောင့်ချိုးတဖက်စီမှ တဝုန်းဝုန်းနှင့် နင်းလျှောက်လာကြ၏။

တတွတ်တွတ်စကားပြောသံများနှင့် ဆူဆူညံညံအသံများသည် တွဲလောင်းချိတ်ခံထားရသောကြောင်မကြီး၏ ရှေ့သို့ ကျောင်းသားများ ရောက်လာကြသည့်အခါ ရုတ်တရက် ငြိမ်ကျသွားသည်။ ကျောင်းသားများက တိတ်ဆိတ်ငြိမ်သက်သွားပြီး ထိတ်လန့်ဖွယ်မြင်ကွင်းကို တိုးဝှေ့ကြည့်နေကြစဉ် ဟယ်ရီ ရွှန်နှင့် ဟာမိယွန်တို့မှာ လူသွားစင်္ကြံအလယ်တွင် ထီးထီးကြီး ရပ်နေမိကြလေသည်။

ထို့နောက် တစ်စုံတစ်ယောက်က တိတ်ဆိတ်မှုကို ဖြိုခွဲအော်ဟစ်လိုက်၏။

"မျိုးဆက်ရဲ့ ရန်သူများ သတိထား! နောက်တစ်ခါ မင်းတို့ အလှည့်ပဲ . . . သွေးမစစ်တွေ!"

သူကား ဒရက်ကိုမယ်ဖွိုင်းပင်။ သူက လူအုပ်ရှေ့သို့ တွန်းတိုးထွက်လာ၏။ သူ၏အေးစက်စက် မျက်လုံးများက အသက်ဝင်တောက်ပလျက် မလှုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တွဲလောင်းချိတ်ခံထားရသော ကြောင်မကြီးကို သူက ပြုံးဖြဖြနှင့် ကြည့်လိုက်စဉ် သူ့မျက်နှာက ခါတိုင်းလို ဖြူရော်ရော်မဖြစ်ဘဲ သွေးရောင်လွှမ်းနေမလသည်။

❑

## အခန်း (၉)

## နံရံပေါ်မှ မိစ္ဆာသတိပေးချက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘာဖြစ်နေတာလဲ . . . ဘာဖြစ်နေကြတာလဲ"

မယ်ဖွိုင်း၏အော်သံက ဆွဲဆောင်လိုက်ကြောင်း သံသယဖြစ်ဖွယ်မရှိချေ။ အားဂတ်ဖေ့ချ်က လူအုပ်ထဲမှ တိုးဝှေ့ပြီး ထွက်လာ၏။ ထို့နောက် သူသည် မစ္စစ်နောရစ်ကို မြင်သွားပြီး နောက်ပြန်လဲကျသွားကာ မျက်နှာကို ကြောက်ရွံ့စွာ လက်ဖြင့် အုပ်ထားလိုက်သည်။

"ငါ့ကြောင် ! . . . ငါ့ကြောင် ! မစ္စစ်နောရစ် ဘာဖြစ်သွားတာလဲ"

ဟု ဖေ့ချ်က စူးစူးရှရှ အော်ဟစ်လိုက်၏။

ထို့နောက် ပြူးကျယ်နေသော သူ့မျက်လုံးအစုံက ဟယ်ရီ့အပေါ်သို့ ရောက်ရှိလာသည်။ သူက အာခေါင်ခြစ်ပြီး အော်လိုက်၏။

"မင်း! မင်း! မင်း ငါ့ကြောင်ကို သတ်တယ်! မင်း သူ့ကို သတ်တာ! ငါ မင်းကို သတ်မယ်! ငါ . . ."

"အားဂတ်!"

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘယ်ဒိုးက မြင်ကွင်းထဲသို့ရောက်ရှိလာပြီး သူ့နောက်မှ အခြားဆရာ၊ ဆရာမများ လိုက်ပါလာကြသည်။ စက္ကန့်ပိုင်းအတွင်း သူသည် ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ကို ဖြတ်ကျော်သွားပြီး မစ္စစ်နော်ရစ်ကို မီးတုတ်ကွင်းမှ ဖြုတ်ယူလိုက်၏။

"ငါနဲ့လိုက်ခဲ့ အားဂတ်"

သူက ဖေ့ချ်ကို ပြောလိုက်သည်။

"မင်းတို့ရော့ပဲ . . . မစ္စတာပေါ်တာ၊ မစ္စတာဝိစလေ၊ မစ္စဂရင်ဂါ"

လော့ဟတ်က စိတ်အားထက်သန်စွာ ရှေ့သို့တိုးလာ၏။

"ကျွန်တော့်ရုံးခန်းက အနီးဆုံးပဲ . . . ပါမောက္ခကြီး . . . အပေါ်ထပ်လေးတင် . . . ကျေးဇူးပြုပြီး လွတ်လွတ်လပ်လပ် အသုံးပြုလို့ ရပါတယ်"

"ကျေးဇူးပဲ ဂေဒီရွိုင်"

ဟု ပါမောက္ခကြီးဒမ်ဘယ်ဒိုးက ပြောလိုက်သည်။

တိတ်ဆိတ်နေသော လူအုပ်ကြီးက သူတို့ကို ဖြတ်ကျော်သွားခွင့်ပေးလိုက်၏။ လော့ဟတ်မှာ အရေးတကြီးနှင့် စိတ်လှုပ်ရှားနေပုံပေါ်ပြီး ဒမ်ဘယ်ဒိုးနောက်မှ ပျာယီးပျာယာဖြင့် လိုက်သွား၏။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါနှင့် စနိပ်တို့ကလည်း သူ့အတိုင်းပင်။

သူတို့ လော့ဟတ်၏ မှောင်မိုက်နေသော ရုံးခန်းအတွင်းသို့ ဝင်လာကြစဉ် နံရံများ၌ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။ ဟယ်ရီမြင်တွေ့ဖူးသော ဓာတ်ပုံများထဲမှ လော့ဟတ်၏ပုံများက ဟယ်ရီတို့ မမြင်အောင် ခေါင်းငုံ့ပြီး ပုန်းနေကြသဖြင့် နိမ့်ချီမြင့်ချီဖြစ်နေကြသော သူတို့၏ဆံပင်ပုံစံများကိုသာ မြင်ရသည်။ တကယ့်လော့ဟတ်အစစ်ကမူ သူ၏စားပွဲခုံပေါ်မှ ဖယောင်းတိုင်များကို ထွန်းညှိလိုက်ပြီး နောက်ဖက်၌ မတ်တပ်ရပ်နေသည်။ ဒမ်ဘယ်ဒိုးက မစ္စစ်နော်ရစ်ကို ပေါ်



လစ်တိုက်ထားသောစားပွဲမျက်နှာပြင်ပေါ်သို့ တင်လိုက်ပြီး သူမကို စတင်စစ်ဆေးကြည့်ရှုနေလေသည်။ ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် တစ်ယောက်နှင့်တစ်ယောက် စိတ်အိုက်စွာကြည့်လိုက်ပြီး ဖယောင်းတိုင်မီးအလင်းရောင် မကျရောက်သော ကုလားထိုင်များကိုသာ ခေါင်းငုံ့ပြီး စူးစိုက်ကြည့်နေမိကြ၏။

ရှည်လျားသော ဒမ်ဘယ်ဒိုး၏နှာခေါင်း ကောက်ကောက်ကြီး၏ထိပ်က မစ္စစ်နော်ရစ်၏ အရေပြားနှင့်ထိရန် တစ်လက်မမျှသာ လိုတော့သည်။ ဒမ်ဘယ်ဒိုးက သူ၏လခြမ်းပုံမျက်မှန်ကြားမှ မစ္စစ်နော်ရစ်ကို နီးနီးကပ်ကပ် သေချာစွာကြည့်ရှုနေပြီး သူ၏ရှည်လျားသောလက်ချောင်းများဖြင့် သူမကို ညင်သာစွာ တို့လိုက်၊ ထိုးလိုက်လုပ်နေ၏။ ပရောက်ဖက်ဆာ မက်ဂွန်နာဂေါကမူ ကိုယ်ကိုငုံ့ကိုင်းထားပြီး သူမ၏မျက်လုံးများက ဗိတ်တော့မလို ကျဉ်းမြောင်းနေကြသည်။ သူတို့၏နောက်ဖက်တွင် တဝက်တပျက်အရိပ် ဖုံးလွှမ်းနေသော်လည်း အမှောင်ထဲတွင် ထင်းထင်းကြီး ဖြစ်နေသော စနိပ်၏ပုံသဏ္ဍာန်မှာ တစ်မျိုးကြီး ဖြစ်နေ၏။ သူ့ကြည့်ရသည်မှာ မပြုံးမိအောင် မနည်းကြိုးစား၍ ထိန်းထားရသလို ပုံစံမျိုးဖြစ်သည်။ လော့ဟတ်ကတော့ ဒမ်ဘယ်ဒိုးတို့၏အနားတွင် ရစ်သီရစ်သီလုပ်ကာ အကြံဉာဏ်များ တစ်ခုပြီးတစ်ခု ပေးနေ၏။

"ကျိန်စာတစ်ခုက သူမကို သတ်ပစ်လိုက်တယ်ဆိုတာ လုံးဝသေချာတယ် . . . ဗိဇ္ဇာဥ္စ္ဂုတ် ကျိန်စာသင့်သွားတာ ဖြစ်နိုင်တယ် . . . အဲဒီကျိန်စာသုံးတာကို ကျွန်တော် ခဏခဏ မြင်ဖူးတယ် . . . ကျွန်တော် အဲဒီမှာ မရှိလိုက်တာကံဆိုးတာပဲ။ သူမကို ကယ်တင်နိုင်မယ့် အဲဒီကျိန်စာကို တန်ပြန်ချေဖျက်နိုင်တဲ့ကျိန်စာကို ကျွန်တော် ကောင်းကောင်းတတ်တယ်"

လော့ဟတ်၏ မှတ်ချက်များကို ခြောက်သွေ့တုန်ခါနေသော ဖေ့ချ်၏ ငိုရှိုက်သံများက သတ်ပုံမှန်အောင်လုပ်ပေးနေသလိုပင်။ ဖေ့ချ်မှာ စားပွဲကိုမှီကာ

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်တွင် အရုပ်ကြိုးပြတ်ဖြစ်နေပြီး မစ္စစ်နော့ရစ်ကိုပင် မကြည့်နိုင်ဘဲ သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ထား၏။ ဖေ့ချ်ကို လွန်စွာမုန်းတီးလွန်းသောကြောင့် ဟယ်ရီသည် နည်းနည်းကလေးမျှပင် ဖေ့ချ်ကို မသနားမိချေ။ အကယ်၍ ဒမ်ဘယ်ဒိုးကသာ ဖေ့ချ်ကို ယုံကြည်ခဲ့လျှင် သူ ကျောင်းမှ အထုတ်ခံရတော့မည်မှာ ကျိန်းသေသည်။

ယခုအခါ ဒမ်ဘယ်ဒိုးက ထူးဆန်းသောစကားလုံးအချို့ကို ခပ်တိုးတိုး ရွတ်ဆိုပြီး မစ္စစ်နော့ရစ်ကို သူ ဆေးတောင်ဝှေးနှင့် တဒေါက်ဒေါက် ခေါက်နေသော်လည်း ဘာမှ ဖြစ်မလာပေ။ သူမမှာ မကြာသေးမီကမှ ပြုစားခံထားရသလို ပုံစံမျိုးနှင့်ပင် ရှိနေ၏။

"... ကျွန်တော် အော့ဂါဒူဂူမှာ ဒီလိုအလားတူ ဖြစ်ရပ်မျိုး ဖြစ်ခဲ့တာကို သတိရပြီ။ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် တိုက်ခိုက်ခံရတာတွေပေါ့။ ကျွန်တော်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်မှာတောင် ဖြစ်ကြောင်းကုန်စင် ရေးထားသေးတယ်။ အမှောင့်ပယောဂတွေကို ချက်ချင်းသက်သာပျောက်ကင်းစေတဲ့ အဆောင်လက်ဖွဲ့တွေကိုတောင် မြို့နေလူထုအတွက် ကူညီထောက်ပံ့ခဲ့သေးတယ်..."

လော့ဟတ်စကားပြောနေစဉ် နံရံများပေါ်မှ သူ၏ဓာတ်ပုံများက ထောက်ခံနေသလိုမျိုး တငြိမ့်ငြိမ့်လုပ်နေကြသည်။ ထိုပုံများထဲမှ တစ်ပုံကတော့ သူ၏ခေါင်းစည်းပုဝါကို ဖယ်ရှားပစ်ရန်ပင် မေ့နေလေ၏။

နောက်ဆုံးတွင် ပါမောက္ခကြီး ဒမ်ဘယ်ဒိုးက မတ်တပ်ထရပ်လိုက်သည်။ သူက

"သူမ မသေသေးဘူး အားဂတ်"

ဟု တိုးဖျော့စွာ ပြောလိုက်၏။



လော့ဟတ်မှာ သူ ရင်ဆိုင်ကာကွယ်ခဲ့ရသော သတ်ဖြတ်မှုများ အကြောင်း ကို ပြောနေရင်း တဝက်တပျက်နှင့် ကိုးရိုးကားရား ရပ်ပစ်လိုက်ရသည်။

"မသေသေးဘူး"

ဖေ့ချ်က အသက်ရှူကျပ်နေသလိုမျိုး အသံဖြင့် အော်လိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့ သူမက တကိုယ်လုံး တောင့်တင်းနေတာလဲ"

"သူ့ကို ကျောက်ရုပ်ဖြစ်အောင် ပြုစားထားလို့ပဲ"

ဟု ဒမ်ဘယ်ဒိုးက ပြောလိုက်သည်။ လော့ဟတ်ကလည်း "ဪ ... ကျွန်တော် ထင်တဲ့အတိုင်းပဲ" ဟု ဝင်ပြော၏။

"ဒါပေမယ့် ဘယ်လိုလဲဆိုတာ ... ငါ သေချာမပြောနိုင်သေးဘူး ..."

"သူ့ကို မေးကြည့်ပါ!"

ဖေ့ချ်က အကွက်အကွက်နှင့် မျက်ရည်စက်လက်ဖြစ်နေသော သူ့မျက်နှာကြီးကို ဟယ်ရီ့ဖက်သို့ လှည့်ရင်းရူးရူးရှရှ အော်လိုက်၏။

"ဘယ်ဒုတိယနှစ်ကျောင်းသားကမှ ဒီလိုမျိုး မလုပ်နိုင်ဘူး ... အခုလို ပြုစားဖို့ဆိုတာ တန်ခိုးစွမ်းပကားကြီးမားတဲ့ အမှောင်လောကသား စုန်းကဝေပဲ လုပ်နိုင်ကြတာ"

ဟု ဒမ်ဘယ်ဒိုးက အခိုင်အမာ ပြောလိုက်သည်။

"သူ လုပ်တာပါ ... သူ လုပ်တာ!"

ဖေ့ချ်က တံတွေးထွေးရင်း ပြောလိုက်၏။ သူ၏ အရေခွံများ ရှုံ့တွနေသော မျက်နှာကြီးက မရမ်းစေ့ရောင် တောက်ပနေသည်။

"သူ နံရံမှာ ဘာရေးထားသလဲဆိုတာ ဆရာကြီးတို့ တွေ့သားပဲ! သူ ... ကျွန်တော့်ရုံးခန်းထဲမှာ တွေ့သွားတယ် ... သူ သိတယ် ကျွန်တော်... ကျွန်တော်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း ဖေ့ချ် မျက်နှာကြီးက အကျည်းတန် ရှုံ့တွလာသည်။ သူက ဆက်ပြော၏။

" ကျွန်တော်ဟာ 'မျိုးမစစ်(စကွစ်)' ဆိုတာ သူ သိတယ်"

"ကျွန်တော် မစွစ်နေခရစ်ကို လက်ဖျားနဲ့တောင် မထိခဲ့ဘူး"

လူအားလုံးက သူ့ကို ဝိုင်းကြည့်နေကြသဖြင့် စိတ်မသက်မသာ ဖြစ်နေသော ဟယ်ရီက ထအော်လိုက်၏။ နံရံမှ လော့ဟတ်၏ ပုံများကလည်း သူ့အား ဝိုင်းကြည့်နေကြသည်။

"မျိုးမစစ်(စကွစ်) ဘာလဲဆိုတာ ကျွန်တော် သိတောင် မသိဘူး"

"ပေါက်ကရတွေ! သူ ကျွန်တော်ရဲ့ ကွစ်မန္တန်စာစောင်ကို တွေ့သွားတယ်"

ဟု ဖေ့ချ်ကလည်း ဒေါသတကြီး ပြောလိုက်၏။

"ကျွန်တော် ပြောပါရစေ . . . ဆရာကြီး"

အရိပ်များဖြင့် ကွယ်နေသော စနိပ်က ဝင်ပြောလိုက်သည်။ သူ့စကားကြောင့် စိတ်တထင့်ထင့် ဖြစ်နေသော ဟယ်ရီ၏ခံစားမှုက ပိုမိုကြီးမားလာ၏။ စနိပ် ဘာပဲပြောပြော သူ့အတွက် ကောင်းကျိုးပြုမည် မဟုတ်သည်မှာ အသေအချာပင်။

"ပေါ်တာနဲ့ သူ့ရဲ့အပေါင်းအသင်းတွေဟာ မှားယွင်းတဲ့နေရာတစ်ခုကို မှားယွင်းတဲ့အချိန်ကာလတစ်ခုမှာ ရိုးစင်းစွာ ရောက်ရှိသွားတာ ဖြစ်နိုင်ပါတယ်. . . "

စနိပ်ကပြောရင်း သံသယဖြစ်နေသလိုမျိုး သူ့နှုတ်ခမ်းကို ယောင်ယောင်လေး တွန့်ကွေးလိုက်ရင်း

"ဒါပေမယ့် ကျွန်တော်တို့မှာ သံသယဝင်စရာအခြေအနေ အကြောင်း



[illegible]များတွေ ရှိနေပါတယ်။ ဘာဖြစ်လို့ သူတို့အားလုံးဟာ အပေါ်ထပ်လှူသွားစင်္ကြန်မှာ စုရုံးပြီးနေကြရတာလဲ . . . သူတို့ဟာ ဘာဖြစ်လို့ ဟယ်လိုဝိန်းညစာစားပွဲကြီးမှာ ရှိမနေကြတာလဲ"

ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် သေနေ့ပွဲနှင့်ပတ်သက်ပြီး တစ်[illegible]က်တစ်ပေါက် ဆူညံစွာ ရှင်းပြကြသည်။

". . . အဲဒီမှာ တစ္ဆေတွေ ရာနဲ့ချီပြီး ရှိတယ် . . . ကျွန်တော်တို့ အဲဒီမှာ [illegible]ခဲ့တယ်ဆိုတာ သူတို့က ဆရာကြီးကို ရှင်းပြလိမ့်မယ်. . . "

"ဒါဖြင့် သေနေ့ပွဲပြီးတော့ မင်းတို့ ဘာဖြစ်လို့ ဟယ်လိုဝိန်းပွဲကို မလာ[illegible]တာလဲ . . . အဲဒီလူသွားစင်္ကြန်ပေါ်ကို ဘာကြောင့် တက်သွားကြရတာလဲ"

ဟု စနိပ်က မေးလိုက်၏။ သူ၏အနက်ရောင်မျက်လုံးအစုံက ဖယောင်းတိုင်မီးရောင်ဖြင့် တလက်လက်တောက်ပနေကြသည်။

ရွန်နှင့် ဟာမီယွန်တို့က ဟယ်ရီ့ကို လှမ်းကြည့်လိုက်ကြသည်။

"ဘာကြောင့် . . . ဘာကြောင့်လဲဆိုတော့ . . . "

ဟု ဟယ်ရီက ရှင်းပြရန် ဟန်ပြင်လိုက်၏။ သူ၏ နှလုံးသားမှာ လျင်မြန်စွာ ခုန်နေလေသည်။ အကယ်၍ သူကလွဲပြီး အခြားမည်သူမျှ မကြားရသည့်[illegible] ဖြစ်ထုကင်းမဲ့သော အသံတစ်သံက သူ့ကို ထိုနေရာသို့ ခေါ်ဆောင်သွားကြောင်း သူတို့အား ရှင်းပြလိုက်လျှင် ယုတ္တိရှိမည်မဟုတ်ကြောင်း တစ်စုံတစ်ယောက်က သူ့အား ပြောပြနေ၏။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က အရမ်းပင်ပန်းပြီး အိပ်[illegible] [illegible]လို့ပါ"

"ညစာ လုံးဝမစားဘဲနဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု စနိပ်က မေးလိုက်၏။ အောင်ပွဲရသကဲ့သို့ အပြုံးတစ်ပွင့်က သူ၏ ပိန်ချုံးနေသော မျက်နှာပေါ်တွင် ဖျတ်ကနဲ ပွင့်လာသည်။

"တချို့တွေက သက်ရှိလူသားတွေကို သူတို့ရဲ့ပါတီပွဲမှာ သင့်လျော်တဲ့ အစားအစာ ကျွေးနိုင်မယ်လို့ ငါတော့ မထင်မိဘူး"

"ကျွန်တော်တို့ ဆာမှ မဆာကြဘဲ"

ရွှန်က ပြောလိုက်စဉ် သူ့ဗိုက်ထဲမှ ဂွီးကနဲ ကျယ်လောင်စွာမြည်သွား၏။

စနိပ်၏ မနှစ်မြို့ဖွယ်အပြုံးက ပိုမိုကျယ်ပြန့်လာသည်။

"ဒီပေါ်တာဟာ လုံးဝ မယုံကြည်ရဘူး . . . လို့ ကျွန်တော် အကြံပြုပါရစေ ပါမောက္ခကြီး . . . သူဟာ ကျွန်တော်တို့ကို ဇာတ်လမ်းစုံပြောပြဖို့ အဆင်သင့် မဖြစ်သေးခင်အထိ အထူးအချက်အလက်တွေကို ဖုံးကွယ်ထားမယ်ဆိုလို့ရှိရင် ဒါဟာ အကြံကောင်းတစ်ခု ဖြစ်ပါလိမ့်မယ်။ သူ ရိုးသားလာဖို့ အဆင်သင့်ဖြစ်ချိန်အထိ ဂရစ်ဖင်ဒေါကွစ်ဒ်အသင်းမှ နှုတ်ပယ်ထားသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်"

"တကယ်ပဲလား . . . ဆီးဗားရက် . . . လူငယ်လေးတစ်ယောက်က ကွစ်ဒစ်ကစားတာကို ပိတ်ပင်တားမြစ်စရာ ဘာအကြောင်းပြချက်မှ ငါ ရှာလို့ မရဘူး။ ဒီကြောင်မဟာ တံမြက်စည်းတံနဲ့ ခေါင်းကို အရိုက်ခံရတာလဲ မဟုတ်ဘူး။ ဟယ်ရီပေါ်တာဟာ အမှားကျူးလွန်ခဲ့တယ်ဆိုတာကို သိသာထင်ရှားအောင် ပြနိုင်တဲ့ အချက်လည်း လုံးဝ မရှိဘူး"

ဟု ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ပြတ်သားစွာ ပြောလိုက်၏။

ဒမ်ဘယ်ဒိုးက ဟယ်ရီ့ကို စူးစမ်းလေ့လာသလို ကြည့်လိုက်သည်။ သူ၏ အပြာရောင်ဖျော့ဖျော့အကြည့်က ဓါတ်စရေး (X - Ray) ရောင်ခြည်နှင့် အစစ်ခံရသလိုမျိုး ဟယ်ရီ့ကို ခံစားရစေသည်။



"အပြစ်ရှိကြောင်း သက်သေမပြနိုင်သရွေ့ ရိုးသားနေဆဲပါ ဆီးဗားရက်"

ဟု ဒမ်ဘယ်ဒိုးက ခိုင်မာစွာ ပြောလိုက်သည်။

စနိပ်မှာ ဒေါသထွက်သွားပုံရသည်။ ဖေ့ချ်လည်း ထိုနည်းလည်းကောင်းပင်။

"ကျွန်တော့်ရဲ့ ကြောင်ကို ကျောက်ရုပ်ဖြစ်အောင် အပြုစားခံရတာလေ! ကျွန်တော် အပြစ်ဒဏ် နည်းနည်းလောက် ပေးတာ မြင်ချင်တယ်"

ဟု ဖေ့ချ်က စူးရှစွာ အော်ဟစ်လိုက်၏။ သူ့မျက်လုံးအစုံက ဝိုင်းစက်ပြူးကျယ်နေကြသည်။

"ငါတို့ သူမကို ပြန်ပြီးကုသနိုင်မှာပါ အားဂတ်"

ဒမ်ဘယ်ဒိုးက သူ့ကို စိတ်ရှည်လက်ရှည်နှင့် ဖျောင်းဖျလိုက်သည်။

"ခုနကလေးတင် မဒမ်ပွန်ဖရေက ဆီမီးတောက်ပင်တွေကို ကုသတဲ့အခါ အသုံးပြုဖို့ ပြင်ဆင်နေတယ် . . . ဆီမီးတောက်ပင်တွေ အရွယ်အစား စံချိန်မှီလာတာနဲ့တပြိုင်နက် မစွစ်နောရစ်ကို ပြန်အသက်သွင်းဖို့ဆေးရည်ကို ငါ ဖော်စပ်နိုင်လိမ့်မယ်"

"ကျွန်တော် ဖော်စပ်ပေးမယ်လေ . . . ကျွန်တော် အဲဒီဆေးရည် ဖော်စပ်တာ အခါတစ်ရာလောက်ရှိပြီ . . . အသက်ပြန်သွင်းတဲ့ ဆီမီးတောက်ဆေးရည်လောက်တော့ ကျွန်တော် အိပ်နေရင်းတောင် ဖော်စပ်နိုင်တယ်"

ဟု လော့ဟတ်က ကြားဖြတ်ပြော၏။

"တဆိတ်လောက်ဗျာ။ ကျွန်တော်ဟာ ကျောင်းမှာ ဆေးရည်များအကြောင်းသင်တဲ့ ဆရာပါ။ ဒါ ကျွန်တော့်ကိစ္စပဲ"

ဟု စနိပ်က အေးတိအေးစက်ဖြင့် ပြောလိုက်၏။

အားလုံး ကသိကအောက်ဖြစ်ကာ ငြိမ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ သွားနိုင်ပြီ"

ဟု ဒမ်ဘယ်ဒိုးက ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ကို ခွင့်ပြုလိုက်၏။

သူတို့သည် အခန်းထဲမှ မပြေးရုံတမယ် ခြေလှမ်းများဖြင့် လျင်မြန်စွာ ထွက်လာခဲ့ကြ၏။ လှေကားထစ်ရုံးခန်း၏ အပေါ်ထပ်သို့ သူတို့ရောက်လာသော အခါ သူတို့သည် စာသင်ခန်းအလွတ်တစ်ခုထဲသို့ ဝင်လိုက်ကြပြီး သူတို့၏နောက် ဖက်မှတံခါးကို အသံမမြည်အောင် ပိတ်လိုက်ကြသည်။ ဟယ်ရီက သူ့သူငယ်ချင်း နှစ်ယောက်၏ ညှိုမှောင်နေသောမျက်နှာများကို တချက်စွေကြည့်လိုက်၏။

"ငါ ကြားရတဲ့အသံအကြောင်း သူတို့ကို ပြောပြသင့်တယ်လို့ မင်းတို့ ထင်ကြလား"

"မထင်ဘူး"

ရွန်က မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

"တခြား ဘယ်သူမှ မကြားရတဲ့အသံတွေကို ကြားရတာဟာ ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး . . . စုန်းကဝေလောကမှာတောင်မှပေါ့"

ရွန့်အသံထဲမှ တစ်စုံတစ်ရာကြောင့် ဟယ်ရီ မေးစရာ ရသွား၏။

"မင်းတို့ကတော့ ငါ့ကို လုံးဝ ယုံပါတယ်နော် . . . မယုံဘူးလား"

"ငါ ယုံတယ်ဆိုတာ ပြောနေစရာလိုသေးလို့လား . . . ဒါပေမယ့် အဲဒါ ဟာ ဘယ်လိုမှန်းမသိတဲ့ကိစ္စဆိုတာတော့ မင်း ဝန်ခံရလိမ့်မယ်"

ရွန်က လျင်မြန်စွာ ပြောလိုက်သည်။

"ဘယ်လိုမှန်းမသိတဲ့ ထူးခြားဆန်းကြယ်တဲ့ကိစ္စဆိုတာ ငါ သိပါတယ် . . . ကိစ္စတစ်ခုလုံးက ထူးခြားဆန်းကြယ်နေတယ် . . . နံရံမှာ ရေးထားတာဟာ ဘာပါလိမ့် 'မိစ္ဆာခန်းဆောင်ပွင့်သွားပြီ' . . . တဲ့။ အဲဒါ ဘာအဓိပ္ပါယ်လဲကွ"

ဟု ဟယ်ရီက ပြောလိုက်၏။



"သိလား . . . အဲဒါဟာ တစ်ခုခုကို အချက်ပေးလိုက်တာမျိုးပဲ။ ငါ့ အထင်တော့ တစ်ယောက်ယောက်က ငါ့ကို ဟော့ဝပ်မှာရှိတဲ့ မိစ္ဆာခန်းဆောင် အကြောင်းတစ်ခါတုန်းက ပြောဖူးတယ်ကွ . . . ဘီလ်ဖြစ်မယ်နဲ့ တူတယ် . . ."

ဟု ရွန်က ဖြည်းဖြည်းချင်း ပြောလိုက်သည်။ ဟယ်ရီက

"ဒါနဲ့ စကွစ်(မျိုးမစစ်) ဆိုတာက ဘာဖြစ်လို့တုန်း"

ရွန်က တခွိခွိနှင့် ရယ်လိုက်သဖြင့် သူ အံ့ဩသွား၏။

"အင်း . . . အဲဒီကိစ္စက ရယ်စရာတော့ မဟုတ်ပါဘူး . . . ဒါပေမယ့် ဖော့ချ်လိုမျိုးပေါ့ကွာ . . . မျိုးမစစ်(စကွစ်)ဆိုတာ မှော်မိသားစုက ပေါက်ဖွားလာတဲ့ စုန်းပဲ . . . ဒါပေမယ့် အဲဒီစုန်းမှာ ဘာမှော်တန်ခိုးမှ မရှိဘူး။ လူသားတွေက ပေါက်ဖွားလာတဲ့စုန်းကဝေမျိုး (သွေးမစစ်) တွေနဲ့ ဆန့်ကျင်ဖက်ပေါ့ကွာ . . . ဒါပေမယ့် မျိုးမစစ်(စကွစ်)တွေက တော်တော့်ကို ပုံမှန်မဟုတ်တာကွ . . . ဖော့ချ် က ကွစ်မန္တန်စာစောင်ကနေ မှော်ပညာသင်တယ်ဆိုကတည်းက . . . သူဟာ မျိုးမစစ် (စကွစ်) ဖြစ်မယ်လို့ ငါ တွက်ထားပြီးသားပါ။ ဒီအကြောင်းက တော်တော့် ကို ရှင်းပြယူရမှာကွ။ ဘာကြောင့် သူက ကျောင်းသားတွေကို ဒီလောက်တောင် မုန်းတီးနေရတာလဲ ဆိုတဲ့အကြောင်းမျိုးတွေပေါ့ကွာ . . . သူက ခါးခါးသီးသီး ဖြစ်နေတာကိုး"

ရွန်က ပြောရင်း ကျေနပ်စွာ ပြုံးလိုက်သည်။

ကျောင်းတက်နေရာမှ နာရီသံ ကြားလိုက်ရ၏။

"ညသန်းခေါင် ရောက်ပြီ . . . စနိပ် ဒီဖက်ကို လျှောက်လာပြီး ငါတို့ကို မတရားအမှုမဆင်ခင် အိပ်ရာဝင်ကြရင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရက်အနည်းငယ်ကြာသော် ကျောင်းသားများမှာ မစ္စစ်နောရစ် အပြုစား ခံရသည့်ကိစ္စနှင့်ပတ်သက်ပြီး အနည်းငယ်မျှသာ ပြောနိုင်ကြ၏။ သူမ အပြုစား ခံရသည့်နေရာ အနီးတဝိုက်တွင် ပြုစားသည့်သူ ပြန်လာလိမ့်မည်ဟု သူ တွေးမိ သလိုမျိုး ခေါက်တုံ့ခေါက်ပြန်လျှောက်နေခြင်းဖြင့် ဖေ့ချ်က ထိုကိစ္စကို ကျောင်းသား အားလုံး၏စိတ်ထဲ၌ သစ်လွင်လတ်ဆတ်နေမြဲဖြစ်အောင် လုပ်နေသည်။ 'မစ္စစ် စခိုးဝါး၏ အမျိုးမျိုးသောမှော်အညစ်အကြေးသန့်စင်ဆေး' နှင့် ဖေ့ချ်က နံရံပေါ် မှ စာတမ်းအား ပွတ်တိုက်ဆေးကြောနေသည်ကို ဟယ်ရီ တွေ့သော်လည်း ဘာမှ အကြောင်းမထူးပေ။ ထိုစာလုံးများမှာ ကျောက်သားထက်၌ ထင်ရှားစွာတောက်ပ မြဲ တောက်ပနေသည်သာ။ ဖေ့ချ်က အခင်းဖြစ်ပွားခဲ့သည့်နေရာ၌ စောင့်ကြပ်မနေ ပြန်လျှင်လည်း လူသွားစင်္ကြံများအား အနီရောင်မျက်လုံးများဖြင့် မျက်စိဒေါက် ထောက်ကြည့်နေတတ်ပြီး မသက်သာသောကျောင်းသားများကို စောင့်ဖမ်းကာ 'အသက်ရှူသံ အရမ်းပြင်းတယ်' 'သိပ်ပြီး ပျော်နေပုံရတယ်' စသောပြစ်မှုများ ဖြင့် သူတို့ကိုဒဏ်ပေးရန် ကြိုးစားလေ့ရှိသည်။

ဂျင်းနီမှာ မစ္စစ်နောရစ်၏ ကံကြမ္မာကြောင့် အလွန်အမင်း စိတ်အနှောင့် အယှက်ဖြစ်နေပုံပေါ်သည်။ ရွန်၏ပြောစကားအရ သူမသည် 'ကြောင်အရမ်း ချစ်တတ်သူ' ဖြစ်ကြောင်း သိရသည်။

"ဒါပေမယ့် နင် မစ္စစ်နောရစ်အကြောင်း ကောင်းကောင်း မသိသေးလို့ ပါဟာ"

ဟု ရွန်က သူမကို လန်းဆန်းပေ့ါပါးစွာ ပြောလိုက်၏။

"အရိုးသားဆုံးပြောရရင် အဲဒီကြောင်မကြီးမရှိတာ ငါတို့အတွက် အများ ကြီး ကောင်းတယ်"

ဂျင်းနီ၏ နှုတ်ခမ်းသားများက တဆတ်ဆတ်တုန်ယင်နေကြသည်။



"ဒီလိုတောင့်တောင့်ကြီး ဖြစ်သွားတာမျိုးက ဟော့ဂဝပ်မှာ အရင်က ဖြစ်လေ့ဖြစ်ထ မရှိဘူးဟ"

ရွန်က သူမကို အခိုင်အမာ ပြောလိုက်၏။

"အဲဒီလိုလုပ်တဲ့ အရူးကြောင်ကြောင်ကောင်ကိုသာ သူတို့ဖမ်းမိသွားရင် သူ့ကို ချက်ချင်းဒီကနေ မောင်းထုတ်ပစ်လိမ့်မယ် . . . သူ ကျောင်းထုတ်မခံရခင် ဖေ့ချ်ကို ကျောက်ရုပ်ဖြစ်အောင်ပြုစားဖို့ အချိန်ရပါစေလို့ ငါတော့ ဆုတောင်းပါ တယ် . . . ဟာ. . . ဆောရီး၊ ဆောရီး. . . ငါ ဟာသလုပ်နေတာပါဟာ"

ဂျင်းနီ၏ မျက်နှာမှာ သွေးဆုတ်ကာ ဖြူရော်ရော်ဖြစ်သွားစဉ် ရွန်က သူ့စကားကို ကမန်းကတမ်း ဖာထေးလိုက်သည်။

ထိုပြုစားမှုသည် ဟာမီယွန်အပေါ်၌လည်း အကျိုးသက်ရောက်မှု ရှိ၏။ ခါတိုင်းဆိုလျှင် ဟာမီယွန်သည် စာဖတ်ခြင်းဖြင့် အချိန်တော်တော်များများကို ကုန်လွန်လေ့ရှိသော်လည်း ယခုအခါသူမသည် လုပ်စရာဘာမှမရှိသလို ဖြစ်နေ သည်။ သူမ ဘာဖြစ်နေတာလဲဟု သူတို့ကမေးသော်လည်း ဟယ်ရီနှင့်ရွန်တို့သည် မည်သည့်အဖြေမှ မယ်မယ်ရရ မသိကြရချေ။ ဗုဒ္ဓဟူးနေ့ရောက်သောအခါတွင်မှ ထိုအဖြေကို ဘွားခနဲ သိလိုက်ရတော့၏။

အဲဒီနေ့က ဆေးရည်သင်သည့်အခန်းတွင် ဟယ်ရီတစ်ယောက်တည်း နောက်ကျကျန်နေရစ်ခဲ့သည်။ စနိပ်က စာသင်ခုံများပေါ်မှ ပိုးကောင်များကို ရှင်း ခိုင်းနေသောကြောင့်ဖြစ်၏။

နေ့လည်စာကို ကပျာကယာစားပြီးနောက် ဟယ်ရီသည် ရွန်နှင့် စာကြည့်တိုက်တွင်တွေ့ရန် အပေါ်ထပ်သို့တက်လာခဲ့စဉ် နွယ်မြက်ချောင်းဗေဒ အတူသင်ဖူးသည့် ဟပ်ဖယ်ပတ် အဆောင်မှ ဂျပ်စတင်ဖင့်ချ် ဖလက်ချလေ က သူ့ထံလာနေသည်ကို မြင်လိုက်ရသဖြင့် ဟယ်ရီက ဟဲလိုဟု နှုတ်ဆက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဟလိုက်ရုံ ရှိသေးသည်။ ဂျပ်စတင်က သူ့ကိုမြင်သွားပြီး ဟယ်ရီနှင့် ဆန့်ကျင်ဘက်သို့ ရုတ်ခြည်းပင် လျှင်မြန်စွာလှည့်ထွက်သွားလေသည်။

ဟယ်ရီသည် စာကြည့်တိုက်အနောက်ဖက်ခြမ်းတွင် မှော်ပညာသမိုင်းအိမ်စာများကို ပေတံဖြင့်တိုင်းနေသည့် ရွန့်ကို တွေ့လိုက်ရသည်။ ပရော်ဖက်ဆာဘင်းက သူတို့အား 'ဥရောပစုန်းကဝေများ၏ အလယ်ပိုင်းခေတ် အစည်းအဝေး' ဟူသည့် သုံးပေခန့်ရှည်လျားသော စာစီစာကုံးတစ်စောင်ကို ရေးခိုင်းထား၏။

"ငါ ယုံတော်င် မယုံဘူး . . . ငါ့စာစီစာကုံးက ရှစ်လက်မလောက်တိုနေသေးတယ် . . ."

ရွန်က သူ့ပုရပိုက်ကို လက်ထဲမှလွှတ်ချရင်း ဒေါသတကြီး ပြောလိုက်သည်။ ပုရပိုက်က အခွေလိုက်ကလေး ပြန်လိပ်သွား၏။

"ဟာမီယွန့်စာကတော့ လေးပေနဲ့ခုနစ်လက်မ ရှိသတဲ့ကွာ . . . ပြီးတော့ သူ့လက်ရေးတွေက သေးသေးလေးတွေ"

"ဟာမီယွန် ဘယ်ရောက်နေလဲ"

ဟယ်ရီက တိုင်းတာသည့် ပေကြိုးကိုကိုင်ကာ သူ့ပုရပိုက်ကိုဖြေချရင်း မေးလိုက်သည်။

"အဲ့ဒီအနားတဝိုက်မှာ ရှိမှာပေါ့"

ရွန်က စာအုပ်စင်များဖက်သို့ လက်ညှိုးထိုးပြရင်း ပြောလိုက်၏။

"နောက်ထပ် စာအုပ်တစ်အုပ် ရှာနေလိမ့်မယ်။ ငါ့အထင်တော့ ခရစ်စမတ်မတိုင်ခင် စာကြည့်တိုက်တစ်ခုလုံးကို ဖတ်ဖို့ သူကြိုးစားနေလား မသိဘူး"

ဟယ်ရီသည် ရွန့်အား ဂျပ်စတင်ဖင့်ချ်ဖလက်ချလေက သူနှင့်ဝေးရာသို့ ထွက်ပြေးသွားသည့်အကြောင်းကို ပြန်ပြောပြလိုက်သည်။

"မင်း ဘာဂရုစိုက်နေရတာလဲ . . . အဲဒီကောင်က ကြောင်ပါကွာ။



လော့ဟတ်ကို အရမ်းကြီးမြတ်တယ်လို့ ထင်နေကြတဲ့ အမှိုက်တွေဟာ ကြောင်တွေချည်းပဲပေါ့ကွာ"

ဟာမီယွန်က စာအုပ်စင်များအကြားမှ ခေါင်းထောင်လာ၏။ သူမမှာ စိတ် ကသိကအောက်ဖြစ်သွားပုံရသော်လည်း နောက်ဆုံးတွင် သူတို့ကို စကားစပြောလေသည်။

"ဟော့ဝပ်သမိုင်းဆိုတဲ့ စာအုပ်က သူများငှားသွားပြီ"

သူမက ဟယ်ရီနှင့် ရွန်တို့၏ ဘေးတွင် ထိုင်ချရင်း ပြောလိုက်သည်။

"ဒီမှာ ငှားဘို့ကြိုပြီး စာရင်းပေးထားကြတာကလည်း နှစ်ပတ်စာလောက်ရှိတယ် . . . ငါ့ရဲ့ စာအုပ်ကို အိမ်မှာမထားခဲ့မိရင် ကောင်းသား . . . ဒါပေမယ့် ငါ့ရဲ့ ကျောပိုးအိတ်ရှည်က လော့ဟတ်ရဲ့စာအုပ်တွေနဲ့ပဲပြည့်နေတော့ အဲဒီစာအုပ်ကို ငါ ထပ်ထည့်လို့ မရတော့ဘူးဟ"

"နင် အဲဒီထဲက ဘာကိုသိချင်လို့လဲ"

ဟု ဟယ်ရီက မေးလိုက်၏။ ဟာမီယွန်က

"လူတိုင်း သိချင်နေကြတဲ့ မိစ္ဆာခန်းဆောင်အကြောင်းပေါ့ . . . ငါလည်း မမှတ်မိတော့ဘူး . . . ပြီးတော့ ဒဏ္ဍာရီအကြောင်းကိုလည်း ဘယ်စာအုပ်ထဲမှာမှ ရှာမတွေ့ဘူး"

ဟာပိယွန်က နှုတ်ခမ်းကို ကိုက်ရင်းပြောလိုက်၏။

"ဟာမီယွန် . . . ငါ့ကို နင့်ရဲ့ စာစီစာကုံး ခဏလောက်ပေးဖတ်ပါဟာ"

ရွန်က နာရီကိုကြည့်ရင်း အသည်းအသန် ပြောလိုက်သည်။

"ဟင့်အင်း . . . ပေးမဖတ်နိုင်ဘူး . . . နင် ဆယ်ရက်လောက်ဖတ်မှပြီးမှာ"

"ငါ နှစ်လက်မလောက်ပဲ လိုနေတာပါ . . . လုပ်စမ်းပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာ၏။ ရွှန်နှင့် ဟာမီယွန်တို့သည် မှော်ပညာသမိုင်းသင်ရန် ရှေ့မှ ဦးဆောင်ကာသွားရင်း တလမ်းလုံး ငြင်းခုံသွားကြ၏။

မှော်ပညာသမိုင်းသည် သူတို့၏အချိန်စာရင်းထဲ၌ ပျင်းရိစရာအကောင်းဆုံး သင်ခန်းစာဖြစ်သည်။ သင်ကြားသူမှာ ပရော်ဖက်ဆာဘင်းစ်ဖြစ်ပြီး ကျောင်းသားများ၏ တစ်ဦးတည်းသောတစ္ဆေဆရာ ဖြစ်သည်။ သူ၏ စာသင်ခန်းများတွင် စိတ်လှုပ်ရှားစရာအကောင်းဆုံး ဖြစ်ပျက်လေ့ရှိသည်မှာ ကျောက်သင်ပုန်းကို ဖြတ်သန်း၍ ပရော်ဖက်ဆာဘင်းစ်က အခန်းထဲသို့ဝင်လာသည့်အချိန်ပင် ဖြစ်သည်။ ထိတ်လန့်ကာ ကြက်သီးထရင်း ပရော်ဖက်ဆာဘင်းစ်က သူသေသွားလို့ သေသွားမှန်း သတိမထားမိသေးဘူးဟု ကျောင်းသားများက ပြောကြသည်။ သူသည် စာသင်ရမည့်ရက်တွင် ရိုးစင်းစွာအိပ်ရာမှထကာ သူ၏ကိုယ်ခန္ဓာကို ဝန်ထမ်းအခန်းရှိ မီးဖိုရှေ့တွင် ကုလားထိုင်ပေါ်တွင် ထားခဲ့လေ့ရှိသည်။ သူ၏ လုပ်ငန်းဆောင်တာများမှာ ရိုးစင်းရှင်းလင်းပြီး ပြောင်းလဲခြင်း မရှိပေ။

ယနေ့လည်း ခါတိုင်းလိုပင် ပျင်းစရာကောင်းလှသည်။ ပရော်ဖက်ဆာဘင်းစ်က မှတ်စုများကိုဖွင့်ကာ ကျောင်းခန်းထဲရှိကျောင်းသားတိုင်း မိန်းမောကာ အိပ်ပျော်သွားခါနီးအထိ ဖုန်စုပ်စက်အိုကြီးတစ်လုံးလို ထိုင်းမှိုင်းလေးတွဲ၍ ပျင်းရိဖွယ်ကောင်းသောအသံဖြင့် စာဖတ်ပြနေလေသည်။ တစ်ခါတစ်ရံတွင် သတိပြန်ဝင်လာအောင် နာမည် သို့မဟုတ် နေ့စွဲများကို ရှည်လျားစွာ ရေးမှတ်ကြရပြီး တဖန်ပြန်၍ အိပ်ငိုက်ကုန်ကြပြန်သည်။ သူက နာရီဝက်ခန့် ပျင်းရိဖွယ်ပြောနေပြီးနောက်တွင် တခါမှမဖြစ်ပျက်ဖူးသော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေသည်။ ဟာမီယွန်က သူမ၏လက်ကို မြှောက်လိုက်ခြင်းပင်။

ပရော်ဖက်ဆာဘင်းစ်က ၁၂၈၉ ခုနှစ်တွင် ကျင်းပခဲ့သည့် စုန်းကဝေ



နီးနှောဖလှယ်ပွဲကွန်ဗင်းရှင်းအကြောင်းကို ငြီးငွေ့ဖွယ်ကောင်းစွာ ရှင်းပြနေရာမှ အံသြသွားဟန်ဖြင့် သူမကို လှမ်းကြည့်လိုက်သည်။

"မစ္စ . . . အဲ"

"ဂရိန်ဂျာပါ ပရော်ဖက်ဆာ . . . မိစ္ဆာခန်းဆောင်အကြောင်း ဆရာကျွန်မတို့ကို ပြောပြနိုင်မလားလို့ပါ"

ဟု ဟာမီယွန်က ရှင်းလင်းပီသစွာ ပြောလိုက်၏။

ထိုစကားကြောင့် ထိုင်ပြီးပြူတင်းပေါက်အပြင်ဖက်ကို ငေးနေသော ဒင်းသောမတ်မှာ တွေဝေမိန်းမောနေရာမှ ဆတ်ကနဲသတိဝင်လာပြီး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ လဲဗဲ(န်)ဒါးဘရောင်း၏ခေါင်းက လက်မောင်းနှစ်ဖက်ကြားတွင် မှောက်အိပ်နေရာမှ ထောင်လာပြီး နယ်ဗီလီ၏တံတောင်ဆစ်ကတော့ စားပွဲစောင်းပေါ်မှ ပြုတ်ကျသွားလေသည်။

ပရော်ဖက်ဆာဘင်းစ်က မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်လိုက်၏။

"ငါ့ရဲ့သင်ခန်းစာက မှော်ပညာသမိုင်း အကြောင်းပဲ"

သူက ခြောက်သွေ့ကာ ချွဲကပ်နေသောအသံဖြင့် ပြောလိုက်သည်။

"ငါက အချက်အလက်တွေပဲ သင်ပေးတာ မစ္စဂရိန်ဂါ . . . ပုံပြင်တွေ ဒဏ္ဍာရီတွေ သင်တာမဟုတ်ဘူးကွဲ့"

ဘင်းစ်က ချောင်းဟန့်လိုက်ပြီး အသံသေးသေးလေးဖြင့် ဆက်ပြောလိုက်သည်။

"အဲဒီနှစ် စက်တင်ဘာမှာ . . . ဆာဒီနီယန်မှော်ပညာရှင်တွေရဲ့ ဆပ်ကော်မတီက . . ."

သူ့စကားမှာ အထစ်ထစ်အငေါ့ငေါ့နှင့် ရပ်သွား၏။ ဟာမီယွန်၏ လက်က လေထဲတွင် မြှောက်ယမ်းနေပြန်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စဂရန့်လား"

"ကျေးဇူးပြုပြီး ဆရာ . . . ဒဏ္ဍာရီတွေမှာလည်း အဲဒီဒဏ္ဍာရီကို ဖြစ်ပေါ်လာစေတဲ့ အခြေခံအကြောင်းတရားတွေ ရှိနေခဲ့တာပဲမဟုတ်လား"

ပရော်ဖက်ဆာဘင်းစ်က သူမကို အံ့အားသင့်စွာကြည့်နေမိ၏။ သက်ရှိလူပဲဖြစ်ဖြစ်၊ သက်မဲ့တစ္ဆေပဲဖြစ်ဖြစ် သူ့စကားကို ကြားဖြတ်ဝင်ပြောသည့်သူမျိုး တစ်ယောက်မှမရှိခဲ့ဖူးကြောင်း ဟယ်ရီ သေချာသိသည်။

"အင်း . . . ရှိပါတယ်။ အဲဒီလိုစစ်စစ်ပေါက်ပေါက်ပြောရင်တော့ ပြောလို့ရတာပေါ့"

သူက သည်လိုကျောင်းသားမျိုးကို တစ်ခါမှမမြင်ဖူးသောပုံစံမျိုးဖြင့် ဟာမီယွန့်ကို သေချာစူးစိုက်ကြည့်လိုက်၏။

"ဘယ်လိုပဲဖြစ်ဖြစ် မင်းပြောတဲ့ဒဏ္ဍာရီမျိုးကတော့ တကယ့်ကို အံ့ဖွယ်သရဲ လက်ဖျားခါလောက်တဲ့ကိစ္စမျိုးပဲ . . . ယုတ္တိ မရှိဘူးဆိုရင်တောင်မှပေါ့"

သို့ရာတွင် ယခုအခါ တစ်တန်းလုံးက ပရော်ဖက်ဆာဘင်းစ်၏ စကားလုံးတိုင်းကို အမိအရအာရုံစိုက် နားထောင်နေကြလေပြီ။ ဘင်းစ်က သူတို့အားလုံးကို မှုန်ဝါးဝါးနှင့်ကြည့်လိုက်စဉ် ကျောင်းသားများ၏ မျက်နှာတိုင်းက သူ့ဖက်ကို လှည့်ထားကြသည်။ သည်လိုသာမန်နှင့်မတူသော စိတ်ဝင်စားမှုကို ရလိုက်သည့်အတွက် ဘင်းစ်အနေနှင့် ဘဝင်ထိသွားကြောင်း ဟယ်ရီ သေချာပေါက် ပြောနိုင်သည်။

"အင်း . . . ကောင်းပြီလေ . . . စဉ်းစားပါရစေဦး . . . မိစ္ဆာခန်းဆောင်" ဟု သူက ဖြည်းညင်းစွာ ပြောလိုက်သည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ကျော်လောက်ကတည်းက ဒီဟော့ဝပ်ကျောင်းကြီးကို စပြီးတည်ထောင်ခဲ့တယ်ဆိုတာကိုတော့ မင်းတို့အားလုံး သိကြပြီး



သားပါ။ နေ့စွဲအတိအကျကိုတော့ သေချာမသိဘူး။ အဲဒီခေတ်က တန်ခိုးစွမ်းပကားအကြီးမားဆုံး စုန်းကဝေလေးယောက်က တည်ထောင်ခဲ့တာပေါ့ကွာ။ နောက်ပိုင်းမှာ ကျောင်းဆောင်လေးခုကို သူတို့ရဲ့နာမည်တွေ အသီးသီးမှည့်ခေါ်ခဲ့တယ် . . . **'ဂေါ့ဒရစ်ဂရစ်ဖင်ဒေါ'၊ 'ဟယ်ဂါဟပ်ဖယ်ပတ်'၊ 'ရိုဝီနာရာဗင်ကလော'** နဲ့ **'ဆလာဇာစလီသရင်'**တို့ပေါ့ . . . သူတို့ဟာ စပ်စုတတ်တဲ့မတ်ဂယ်တွေရဲ့ မျက်လုံးတွေနဲ့ကင်းဝေးတဲ့နေရာမှာ ဒီရဲတိုက်ကြီးကို အတူတကွ တည်ဆောက်ခဲ့ကြတယ် . . . အဲဒီခေတ်တုန်းက မှော်ပညာဆိုရင် သာမန်လူတွေက အသေအလဲကြောက်ရွံ့ကြတဲ့အချိန်ပေါ့ . . . စုန်းတွေကဝေတွေဟာ လူတွေရဲ့ ဝိုင်းဝန်းဖိနှိပ်မှုကို ခံစားနေရတဲ့အချိန်ဆိုရင်လည်း မမှားဘူး"

ဘင်းစ်က ခဏနားလိုက်ပြီး အခန်းပတ်ပတ်လည်ကို ရီဝေစွာငေးကြည့်ရင်း ဆက်ပြော၏။

"နှစ်အတော်ကြာတဲ့အထိ တည်ထောင်သူတွေဟာ တညီတညွတ်တည်း အလုပ်လုပ်ကြတယ် . . . မှော်ပညာဇရှိတဲ့လူငယ်လေးတွေကိုရှာပြီး ရဲတိုက်ကို ခေါ်ယူပြီး မှော်ပညာ သင်ကြားပေးကြတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ သူတို့အချင်းချင်း သဘောထားကွဲလွဲမှုတွေ ဖြစ်လာကြရော . . . စလီသရင်နဲ့ ကျန်သုံးယောက်ရဲ့အကြားမှာ စပြီးစိတ်ဝမ်းကွဲစရာ ဖြစ်လာကြတယ်။ စလီသရင်ရဲ့ဆန္ဒက ဟော့ဝပ်မှာ သင်ကြားတဲ့ကျောင်းသားတွေကို သေသေချာချာ ရွေးချယ်စေချင်တယ်။ မှော်ပညာသင်ကြားမှုကို အားလုံးမှော်ပညာတတ်မြောက် ကျွမ်းကျင်တဲ့ မိသားစုတွေကြားမှာပဲ ထားရှိသင့်တယ်လို့ သူက ယုံကြည်တယ်လေ။ သာမန်မတ်ဂယ်မိဘက ပေါက်ဖွားလာတဲ့ ကျောင်းသားတွေကိုခေါ်ပြီး သင်ပေးတာကို သူက သဘောမကျဘူး။ သူတို့တွေဟာ ယုံကြည်စရာမရှိဘူးလို့ပဲ စိတ်ထဲမှာစွဲနေတယ်။ သိပ်မကြာပါဘူး စလီသရင်နဲ့ ဂရစ်ဖင်ဒေါတို့အကြားမှာ ပြင်းပြင်းထန်ထန်

www.burmeseclassic.com

www.burmeseclassic.com



အငြင်းပွားစရာကိစ္စတစ်ခုပေါ်လာပြီး စလီသရင်က ကျောင်းကိုစွန့်ခွာသွားတော့တာပဲ"

ဘင်းစ်က နှုတ်ခမ်းသားများကို ရှုံ့၍စုကာ ခဏနားလိုက်ပြန်သည်။ သူ့ပုံစံက ပါးရေတွန့်နေသော လိပ်အိုကြီးတစ်ကောင်နှင့် တူနေ၏။

"ယုံကြည်လောက်တဲ့သမိုင်း အထောက်အထားတွေကတော့ ဒီလောက်ထိပဲ။ နောက်ပိုင်းအချက်အလက်တွေဟာ မိစ္ဆာခန်းဆောင်ရဲ့ စိတ်ကူးယဉ်ဆန်လွန်းတဲ့ ဒဏ္ဍာရီကြောင့် သိပ်ပြီးရှင်းလင်းမှု မရှိဘူး . . . ဇာတ်ကြောင်းပြန်ဆက်ရရင်တော့ စလီသရင်က လျှို့ဝှက်ခန်းဆောင်တစ်ခုကို ရဲတိုက်မှာဆောက်လုပ်ခဲ့တယ်တဲ့. . . အဲဒီခန်းဆောင်အကြောင်းကို ကျန်တဲ့ တည်ထောင်သူတွေက ဘာမှမသိကြဘူး"

"ဒဏ္ဍာရီအရဆိုရင်တော့ စလီသရင်ဟာ မိစ္ဆာခန်းဆောင်ကို သူ့ရဲ့စစ်မှန်တဲ့ မျိုးဆက်အမွေဆက်ခံသူဟာ ကျောင်းကိုရောက်မလာခင်အချိန်ထိ တခြားဘယ်သူမှ ဖွင့်လို့မရအောင် သူ့ပညာနဲ့ ချိပ်ပိတ်ခဲ့တယ်။ အဲဒီမျိုးဆက်အမွေဆက်ခံတဲ့သူ တစ္ဆေယောက်တည်းကပဲ မိစ္ဆာခန်းဆောင်ကို ဖွင့်နိုင်တယ် . . . အဲဒီအခန်းထဲက ချောက်ချားစရာတွေကို ဖွင့်ထုတ်ပြီးတော့ ကျောင်းမှာ မှော်ပညာမသင်ထိုက်တဲ့သူတွေအားလုံးကို သုတ်သင်ရှင်းလင်းပစ်တဲ့နေရာမှာ အသုံးပြုလိမ့်မယ်တဲ့"

ဘင်းစ်က ဇာတ်ကြောင်းကိုပြောပြပြီးသောအခါ တစ်တန်းလုံးတိတ်ဆိတ်ငြိမ်သက်နေကြသည်။ သို့ရာတွင် ခါတိုင်းလိုအိပ်ချင်မူးတူးနှင့် ငြိမ်သက်နေကြသလိုမျိုး မဟုတ်တော့ချေ။ ထို့ထက်ပိုပြီး ပြောပြလေမလားဟု အားလုံးက သူ့ကိုစိုက်ကြည့်နေကြစဉ် ဆန္ဒမပြည့်ဝမှုက လေထုကိုလွှမ်းခြုံထား၏။ ပရော်ဖက်ဆာဘင်းစ်မှာ အနည်းငယ် စိတ်တိုလာပုံရသည်။



"ဒီအဖြစ်အပျက်တစ်ခုလုံးဟာ ပေါက်တတ်ကရတွေချည်းပဲ . . . သဘာဝအလျှောက်ကျောင်းမှာ ဒီလိုအခန်းမျိုးကို လိုက်ရှာနေတဲ့အဖြစ်တွေ အကြိမ်ပေါင်းများစွာ ရှိခဲ့ဘူးတယ်။ မှော်ပညာကို အရမ်းကျွမ်းကျင်တဲ့ စုန်းကဝေတွေ လိုက်ရှာကြတာပေါ့။ အဲဒီအခန်းက တကယ်မရှိပါဘူး။ ယုံလွယ်တဲ့သူတွေကို ခြောက်လှန့်ပြောကြတဲ့ ပုံပြင်တစ်ခုပါ"

ဟာမိယွန်၏လက်က လေထဲသို့ ပြန်ရောက်လာပြန်သည်။

"ဆရာ . . . အခန်းထဲက ချောက်ချားစရာဆိုတာ ဘာကိုအတိအကျပြောချင်တာလဲ"

"အဲဒါဟာ စလီသရင်ရဲ့ မျိုးဆက်အမွေဆက်ခံသူပဲ ထိန်းချုပ်နိုင်တဲ့ ဘီလူးသရဲတစ်ချို့လို့ ယုံကြည်ကြတာပဲ"

ပရော်ဖက်ဆာဘင်းစ်က ခြောက်ကပ်ရှတသောအအသံဖြင့် ပြန်ပြောလိုက်သည်။

အတန်းထဲ၌ တစ်ယောက်နှင့်တစ်ယောက် တုန်လှုပ်ချောက်ချားစွာ ကြည့်လိုက်မိကြသည်။

"မင်းတို့ကို ငါ ပြောမယ် . . . အဲဒါတွေက တကယ်ရှိတာ မဟုတ်ဘူး . . . ဘာခန်းဆောင် ဘာဘီလူးသဘက်မှ မရှိဘူး"

ပရော်ဖက်ဆာဘင်းစ်က သူ၏မှတ်စုများကို လှန်လှောရင်း ပြောလိုက်၏။

ရှေးမတ်ဖင်နီဂန်က

"ဒါပေမယ့် . . . ဆရာ . . . အဲဒီခန်းဆောင်ကို စလီသရင်ရဲ့ စစ်မှန်တဲ့ အမွေဆက်ခံသူပဲ ဖွင့်လို့ရတယ်ဆိုလို့ရှိယင် တခြားဘယ်သူမှ ရှာတွေ့နိုင်မှာမဟုတ်ဘူးပေါ့ . . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အခိပ္ပါယ်မရှိတာ . . . အိုဖလာဟာတီ . . ရာ"

ပရော်ဖက်ဆာဘင်းစ်က စိတ်ကိုချုပ်တည်းထားရသောအသံဖြင့် ပြောလိုက်သည်။

"ဟော့ဝပ်မှာ သက်တမ်းရှည်ကြာစွာ အောင်မြင်မှုရခဲ့တဲ့ ကျောင်းအုပ်ဆရာကြီးတွေ ဆရာမကြီးတွေတောင် ရှာမတွေ့ဘူးဆိုမှတော့ . . ."

"ဒါပေမယ့် . . . ပရော်ဖက်ဆာ . . . အဲဒီအခန်းကိုဖွင့်ဖို့ အောက်လမ်းမိစ္ဆာပညာရပ်ကို သုံးရမယ်နဲ့ တူတယ်"

ဟု ပါဗက်တီပက်တေးက အသံစာစာဖြင့် ထပြောလိုက်သည်။

"စုန်းကဝေတွေက အောက်လမ်းမိစ္ဆာပညာရပ်ကို သုံးလို့မှမရဘဲ . . . သူမသုံးတတ်ဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော် မစ္စပင်နီဖဲသာ(ဦးနှောက်မရှိတဲ့ကောင်မလေး) ရဲ့ ငါ ပြန်ပြောမယ် . . . ဒမ်ဘယ်ဒိုးလိုမျိုးဆိုရင် . . ."

ပရော်ဖက်ဆာဘင်းစ်က စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်၏။

"ဒါပေမယ့် စလီသရင်နဲ့ ပတ်သက်မှုရှိရမယ်လေ . . . ဒမ်ဘယ်ဒိုးက ပတ်မှ မပတ်သက်ဘဲ"

ဟု ဗင်းသောမတ်ကလည်း ဝင်ပြော၏။ သို့ရာတွင် ပရော်ဖက်ဆာဘင်းစ်အတွက် လုံလောက်သွားပြီ ဖြစ်သည်။

"တော်လောက်ပြီ . . . ဒါဟာ ယုံတမ်းပုံပြင်တစ်ခုပဲ! အဲဒီအခန်းက တကယ် မရှိဘူး! စလီသရင်က လျှို့ဝှက်တံမြက်စည်းထားတဲ့ ဗီရိုတစ်လုံးလိုဟာမျိုးတွေတောင် ဆောက်လုပ်ခဲ့ပါတယ်ဆိုတဲ့ အထောက်အထားမျိုး တစိုးတစိမှ မရှိဘူး! ဒီလို ရူးရူးနှမ်းနှမ်းပုံပြင်မျိုး မင်းတို့ကို ပြောပြမိတာ ငါ နောင်တရတယ်! ကျေးဇူးပြုပြီး သမိုင်းဆီကို . . ၊ ဒြပ်ထည်ရှိတဲ့အရာတွေဆီကို၊ ယုံကြည်နိုင်တဲ့ မှန်ကန်ကြောင်း အတည်ပြုနိုင်တဲ့အချက်တွေဆီကို ပြန်သွားကြရအောင် !"



ထို့နောက် ငါးမိနစ်အတွင်း၌ စာသင်ခန်းတစ်ခုလုံး ဖြစ်ရိုးဖြစ်စဉ် ထိုင်းမှိုင်းလေးလံမှုထဲသို့ ပြန်လည်နစ်မြုပ်သွားကြပြန်သည်။

●

"ဆာလာဇာစလီသရင်ဟာ မူမမှန်တဲ့အူကြောင်ကြောင် ငနဲအိုကြီးဆိုတာ ငါ အမြဲကြားဖူးနေကြပဲ . ."

ညစာ မစားခင် စာသင်ချိန်အပြီး၌ လွယ်အိတ်များကိုထားခဲ့ကာ ကျောင်းသားများ ဖွေးဖွေးလှုပ်နေကြသော လူသွားစင်္ကြံများကို ဖြတ်သန်းတိုးဝှေ့ရင်း ရွန်က ဟယ်ရီနှင့် ဟာမီယွန်ကို ပြောလိုက်၏။

"ဒါပေမယ့် 'မျိုးစစ်သွေး' ဆိုတာကို သူ စခဲ့မှန်း ငါ တစ်ခါမှ မသိခဲ့ဘူး။ မင်းတို့ ငွေပုံပေးမယ်ဆိုရင်တောင် ငါ သူ့ အဆောင်မှာ မနေဘူး။ အရိုးသားဆုံးပြောရရင် အဆောင်ရွေးတဲ့ဦးထုပ်ကသာ ငါ့ကို စလီသာရင်မှာထားဖို့ ကြိုးစားခဲ့ရင် ငါ ရထားစီးပြီး အိမ်ကိုတန်းပြန်မိမှာပဲ . . ."

ဟာမီယွန်က စိတ်အားထက်သန်စွာ ခေါင်းညိတ်ထောက်ခံနေသော်လည်း ဟယ်ရီကတော့ ဘာမှပြန်မပြောနိုင်ချေ။ သူ၏ရင်ထဲ၌ အစာအိမ်ပြုတ်ကျထားသလို မသက်မသာခံစားနေရသည်။

ဟယ်ရီသည် အဆောင်ရွေးသည့်ဦးထုပ်က သူ့ကို စလီသရင် မှာထားဖို့ အပြင်းအထန်စဉ်းစားခဲ့သေးကြောင်း ရွန်နှင့်ဟာမီယွန်တို့ကို တစ်ခါမှ ပြောမပြဖူးချေ။ ထိုအဖြစ်အပျက်ကို မနေ့တစ်နေ့က ဖြစ်ခဲ့သလိုပင် သူ အမှတ်ရနေသေးသည်။ လွန်ခဲ့သောတစ်နှစ်ခန့်က ဦးထုပ်ကို သူ့ခေါင်းပေါ်၌ဆောင်းလိုက်စဉ် သူ့နားထဲ၌ ကြားရသည့်အသံသေးသေးလေးကို ပြန်လည်ကြားယောင်နေမိသည်။

www.burmeseclassic.com



"... မင်းဟာကြီးကျယ်မြင့်မြတ်လာမှာ ... သိရဲ့လား။ အဲဒီအရာတွေ အားလုံး မင်းရဲ့ခေါင်းထဲမှာ ရှိနေတယ် ... စလီသရင်က မင်းကိုခမ်းနားကြီး ကျယ်လာအောင် လမ်းပြကူညီနိုင်တယ် ... ဒါကို မယုံမရှိနဲ့ ..."

သို့ရာတွင် စလီသရင်အဆောင်မှ အောက်လမ်းမိစ္ဆာစုန်းကဝေများကို မွေးထုတ်ပေးသည်ဟူသည့်သတင်းကို ကြားနှင့်ပြီးထားသည့်ဟယ်ရီက အသည်း အသန် ငြင်းဆိုလိုက်၏။

"စလီသရင်ကို မသွားဘူး"

ထို့နောက် ဦးထုပ်က ပြော လိုက်သည်။

"အိုး ကောင်းပြီ မင်း သေချာတယ်ဆိုရင်တော့ ... 'ဂရစ်ဖင်ဒေါ'က ပိုကောင်းတယ်"

ဟယ်ရီတို့လူအုပ်ကြီးကို ရှောင်ကွင်း၍သွားနေစဉ် ကိုလင်ခရီဗီက ဖြတ် သွားသည်။

"ဟိုင်းယာ ... ဟယ်ရီ!"

"ဟယ်လို ... ကိုလင်"

ဟယ်ရီက အလိုအလျောက် ပြန်နှုတ်ဆက်လိုက်မိသည်။

"ဟယ်ရီ .. ဟယ်ရီ .. ကျွန်တော့်အတန်းထဲက ကောင်လေးတစ် ယောက်က ပြောနေတယ် ခင်ဗျားက ..."

သို့ရာတွင် ကိုလင်မှာ အလွန်သေးကွေးလှသောကြောင့် ခန်းမကြီးဆီသို့ သွားရန် သူထံတိုးဝေ့ဝင်လာကြသော လှိုင်းလုံးသဖွယ်လူအုပ်ကြီးကို ကြံ့ကြံ့ခံ မတွန်းလှန်နိုင်ချေ။ သူ၏ "နောက်မှတွေ့မယ် ဟယ်ရီ!" ဟူဟူဝါးဝါး အော်သံ လေးကိုသာ သူတို့ကြားလိုက်ရပြီး ကိုလင်ပျောက်ကွယ်သွားလေသည်။



"သူ့အတန်းထဲက ကောင်လေးက နင့်အကြောင်း ဘာတွေပြောနေတာ လဲ"

ဟာမီယွန်က တွေးတွေးဆဆနှင့် မေးလိုက်၏။

"ငါက စလီသရင်ရဲ့ မျိုးဆက်အမွေဆက်ခံသူလို့ ပြောနေတယ် ထင် တာပဲ"

ဟု ဟယ်ရီက ပြောလိုက်သည်။ သူ့အစာအိမ်မှာ အောက်သို့တစ်လက် မခန့် (သို့မဟုတ်) ထို့ထက်ပိုပြီး နိမ့်ကျသွားသလို ခံစားရသည်။ နေ့လည်စာ စားချိန်တွင် ဂျပ်စတင်ဖင့်ချ်ဖလက်ချလေက သူနှင့် ဝေးရာသို့ အပြေးအလွှား ထွက်ခွာသွားသည့်အဖြစ်ကို ရုတ်တရက် ပြန်သတိရလာမိသည်။

"ဒီမှာရှိတဲ့လူတွေက ဘာမဆို ယုံတာပဲ"

ရွန်က ရွံရှာစက်ဆုပ်စွာ ပြောလိုက်၏။

လူအုပ်က တဖြည်းဖြည်းပါးသွားပြီး နောက်ထပ်လှေကားတစ်ခုကို သူတို့ အခက်အခဲမရှိ တက်လာနိုင်ကြသည်။

"မိစ္ဆာခန်းဆောင် တကယ်ရှိတယ်လို့ နင်ထင်သလား"

ရွန်က ဟာမီယွန်ကို မေးလိုက်၏။

"မပြောတတ်ဘူး ... ဒမ်ဘယ်ဒိုးကသာ မစ္စစ်နောရစ်ကို မကုသနိုင်ခဲ့ ရင် ငါ့ကို စဉ်းစားစရာဖြစ်အောင် လုပ်တာကတော့ ဘယ်အရာကပဲ သူမကို ပြုစားပြုစား ... အဲဒီအရာဟာ ... အင်း ... လူတော့ မဟုတ်နိုင်ဘူး"

ဟု ဟာမီယွန်က ပြောနေစဉ် သူတို့ ထောင့်တစ်ခုကို ချိုးကွေ့လိုက်ရာ အရင်တစ်ခါ ပြုစားတိုက်ခိုက်မှုဖြစ်သွားခဲ့သည့် လူသွားစင်္ကြံ၏အဆုံးသို့ ရောက် နေကြောင်း သူတို့ကိုယ်သူတို့ သတိထားမိသွား၏။ မီးသုတ်ကွင်း၌ တွဲလောင်း

www.burmeseclassic.com

www.burmeseclassic.com



အချည်ခံထားရသော ကြောင်မရှိမနေသည်မှအပ မြင်ကွင်းတစ်ခုလုံးသည် ထိုနေ့ညကအတိုင်းပင် ရှိနေပြီး 'မိစ္ဆာခန်းဆောင်ပွင့်သွားပြီ' ဟု ရေးထားသော နံရံကိုမှီ၍ ကုလားထိုင်အလွတ်တစ်လုံး ရှိနေ၏။

"ဒါ ဖေ့ချ် စောင့်ကြည့်နေတဲ့နေရာ ဖြစ်မယ်"

ဟု ရွန်က တီးတိုးရေရွတ်လိုက်သည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ လူသွားစင်္ကြံမှာ လူသူကင်းမဲ့နေလေသည်။

"ဟိုရှာ ဒီရှာ လုပ်ကြည့်ရင် ထိခိုက်နာကျင်စရာ မဖြစ်တော့ပါဘူး"

ဟယ်ရီက သူ့လွယ်အိတ်ကို ချထားလိုက်ပြီး သူ လေးဖက်ထောက်တွားသွား၍ရအောင် ခြေလက်များကို ပြင်ဆင်လိုက်ကာ သဲလွန်စများကို လိုက်ရှာနေ၏။ သူက

"မီးလောင်ရာလေးတွေ! ဒီမှာ . . . ဒီမှာ"

"ဒါကို လာကြည့်စမ်း . . . ရယ်စရာကောင်းတယ်"

ဟာမီယွန်က ပြောလိုက်၏။

ဟယ်ရီက မတ်တပ်ပြန်ရပ်လိုက်ပြီး နံရံပေါ်ရှိစာတမ်း၏ဘေးမှ ပြူတင်းပေါက်ကို ကြည့်လိုက်သည်။ ဟာမီယွန်က ပြူတင်းပေါက်မှန်ထိပ်များကို လက်ညှိုးထိုးနေခြင်းဖြစ်ပြီး ထိုနေရာ၌ ပင့်ကူအကောင်နှစ်ဆယ်ခန့်က သုတ်သီးသုတ်ပြာ ပြေးနေကြကာ ပြူတင်းပေါက်မှန်၏အက်ကြောင်းကလေးကြားထဲမှ ဖြတ်သန်းရန် ကြိုးစားနေကြသည့် ပုံပေါ်သည်။ ရှည်လျားသောငွေရောင် ပင့်ကူမျှင်က ကြိုးတစ်ချောင်းလို တွဲလောင်းကျနေပြီး ပင့်ကူအားလုံးက ထိုကြိုးကို တွယ်တက်ကာ အပြင်ထွက်ရန် ကသောကမျောလုပ်နေကြသကဲ့သို့ပင်။



"ပင့်ကူတွေ ဒီလိုပြုမူပုံမျိုး နင်တို့ မြင်ဖူးလား"

ဟာမီယွန်က စဉ်းစဉ်းစားစားနှင့် ပြောလိုက်၏။ ဟယ်ရီက

"မမြင်ဖူးဘူး . . . မင်းရော မြင်ဖူးလား . . . ရွန် . . . ရွန်"

ဟယ်ရီကပြောရင်း နောက်ပြန်လှည့်ကြည့်လိုက်သည်။ ရွန်က ကိုယ့်ကိုယ်ကိုယ် အနိုင်နိုင်ချုပ်တည်းကာ ရပ်နေပြီး ထွက်ပြေးချင်သည့်ဆန္ဒကို မနည်းထိန်းချုပ်ထားရပုံ ပေါက်သည်။

"ဘာဖြစ်တာလဲကွ"

ဟု ဟယ်ရီက မေးလိုက်သည်။

"ငါ . . . ပင့်ကူ . . . တွေကို . . . မကြိုက်ဘူး"

ရွန်က စိတ်မသက်မသာနှင့် ပြောလိုက်၏။

"အဲဒါကို ငါ တစ်ခါမှ မသိဘူး ကြည့်စမ်း . . . ဆေးရည်ဖော်စပ်တဲ့အခါကျရင် ပင့်ကူတွေကို နင် အကြိမ်ပေါင်းများစွာ သုံးနေတာပဲ . . ."

ဟာမီယွန်က ရွန့်ကို အံ့အားသင့်စွာကြည့်ရင်း ပြောလိုက်သည်။

"သေနေတဲ့ ပင့်ကူတွေကိုတော့ ငါအမှုမထားပါဘူးဟာ . . . သူတို့ရွေ့လျားတဲ့ပုံစံကို ငါ မကြိုက်တာပါ"

ရွန်က ပြူတင်းပေါက်မှလွှဲ၍ အခြားနေရာများကိုသာ ကြည့်နေမိအောင် သတိထားရင်း ပြောလိုက်၏။

ဟာမီယွန်က တခစ်ခစ်နှင့် ရယ်လိုက်သည်။

"ဒါ ရယ်စရာ မဟုတ်ဘူး . . . နင် သိခဲ့မယ်ဆိုရင်ပေါ့ . . . ငါ သုံးနှစ်သားလောက်တုန်းက ဖရက်က ငါ့ရဲ့ . . . ငါ့ရဲ့ တက်ဒီဝက်ရုပ်ကလေးကို စက်ဆုပ်ရွံရှာစရာကောင်းတဲ့ ဧရာမပင့်ကူကြီးတစ်ကောင်ဖြစ်အောင် ပြုစား

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တယ်။ ငါက သူ့ရဲ့ ကစားစရာတံမြက်စည်းကို ချိုးပစ်လို့တဲ့ . . . နင်ကသာ ဝက်ဝံရုပ်ကလေးကို ကိုင်ထားတုန်း အဲဒီအရုပ်က ပြန်းကနဲ ခြေထောက်တွေအများကြီး ထွက်လာရင် . . . နင်တို့လည်း ပင့်ကူတွေကို ဘယ်သဘောကျနိုင်ပါ့မလဲ"

သူက ပခုံးတွန့်ပြရင်း စကားကိုရပ်လိုက်၏။ ဟာမီယွန်မှာ မရယ်မိအောင် အတင်းကြိုးစားထိန်းချုပ်ထားရပုံက သိသာလွန်းနေသည်။ သူတို့အကြောင်းအရာ ပြောင်းပစ်မှဖြစ်မယ်ဟု စဉ်းစားမိပြီး ဟယ်ရီက ပြောလိုက်၏။

"ဒီကြမ်းပေါ်ကရေတွေကို သတိရသေးလား . . . အဲဒီရေတွေ ဘယ်ကရောက်လာတာလဲ မသိဘူးနော် . . . အခုတော့ တစ်ယောက်ယောက်က သုတ်ပစ်လိုက်ပြီ"

"ဒီနားကထွက်လာတာကွ . . . ဒီမှာ တံခါးနဲ့တပြေးညီ ဖြစ်နေတယ်"

ရွန်က သူ့ကိုယ်သူ ထိန်းသိမ်းကာ ဖေ့ဂျ်၏ကုလားထိုင်ကိုကျော်၍ ခြေလှမ်းအနည်းငယ်ခန့်လျှောက်သွားပြီး တံခါးနေရာကို ညွှန်ပြရင်း ပြောလိုက်သည်။

သူက တံခါးဝ၏ကြေးလက်ကိုင်ဘုကို လှမ်းကိုင်လိုက်သော်လည်း ကိုင်မိသည်နှင့်တပြိုင်နက် သူ့လက်ကို မီးလောင်ခံလိုက်ရသလိုမျိုး တွန့်ကနဲ ဖြစ်သွား၏။

"ဘာဖြစ်သွားတာလဲကွ"

ဟု ဟယ်ရီက မေးလိုက်သည်။

"အထဲဝင်လို့ မဖြစ်ဘူးကွ . . . အဲဒါမိန်းကလေး အိမ်သာကြီး"

ဟု ရွန်က ခပ်ပြတ်ပြတ်ပြောလိုက်၏။



"ဪ . . . ရွန်ရယ် . . . အထဲမှာတစ်ယောက်မှ မရှိပါဘူးဟယ် . . . ဒါ ငိုချင်းသည်သရဲမ 'မာရတယ်' ရဲ့နေရာလေ . . . လာ. . . ဝင်ကြည့်ကြရအောင်"

ဟာမီယွန်က မတ်တပ်ထလာပြီးနောက် ပြောလိုက်သည်။

ထို့နောက် 'ပျက်နေသည်' ဆိုသည့် ဆိုင်းဘုတ်ကြီးကို ဥပေက္ခာပြုပြီး သူမက တံခါးကိုဖွင့်လိုက်၏။

အထဲ၌ မှောင်ရိပ်သမ်းကာ မှိုင်းမှိုင်းနေပြီး ဟယ်ရီဝင်ခဲ့ဖူးသမျှ ကိုယ်လက်သန့်စင်ခန်းများထဲတွင် စိတ်ဓာတ်ကျအားငယ်စရာ အကောင်းဆုံးအခန်းပင်။ ကွဲအက်ကာ အစက်အပြောက်များ စွန်းထင်းနေသော မှန်ချပ်ကြီး၏အောက်၌ ပွဲနေသော ကြွေဇလုံအတန်းလိုက်ကို စီထား၏။ ကြမ်းပြင်က စိုထိုင်းနေပြီး ဖယောင်းတိုင်ပန်းဆိုင်းများထက်ပင်ပို၍ တိုတောင်းစွာလောင်ကျွမ်းနေသည့် ဖယောင်းတိုင်ငုတ်တိုများမှ မှုန်ဝါးဝါးအလင်းရောင်က ကြမ်းပြင်ပေါ်သို့ကျကာ ရောင်ပြန်ဟပ်နေသည်။ အခန်းငယ်လေးများ၏ သစ်သားတံခါးများမှာ ပွန်းရာပွဲ့ရာများနှင့် အလွှာလွှာအဖတ်ဖတ် ကွာကျနေပြီး တံခါးတစ်ချပ်ကတော့ ပတ္တာများ ပြုတ်ထွက်ကာ တွဲလောင်းကြီး ဖြစ်နေ၏။

ဟာမီယွန်က သူမ၏လက်ချောင်းများကို နှုတ်ခမ်းနှင့်ဖိကပ်လိုက်ပြီး အခန်းငယ်များ၏အဆုံးသို့ ဆက်လျှောက်သွားလိုက်သည်။ ထိုနေရာသို့ရောက်သောအခါ သူမက နှုတ်ဆက်လိုက်၏။

"ဟယ်လို. . . မာရတယ်. . . နေကောင်းတယ်နော်"

ဟယ်ရီနှင့် ရွန်တို့က ထိုနေရာသို့ သွားကြည့်လိုက်ကြသည်။ မာရတယ်က ရေဆွဲအိမ်သာသုံးရေဇလားထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေပြီး သူမ၏မေးစေ့လေးကိုသာ ဖော်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မိန်းကလေး ကိုယ်လက်သန့်စင်ခန်းနော် . . . သူတို့က မိန်းကလေးတွေလည်း မဟုတ်ဘူး"

သူက ရွှန်နှင့် ဟယ်ရီတို့ကို သင်္ကာရန့်မကင်းစွာကြည့်ပြီး ပြောလိုက်သည်။

"မဟုတ်ဘူး . . . ငါ သူတို့ကို ဒီအထဲမှာ ဘယ်လောက် . . . အဲ. . . သားနားသလဲဆိုတာ ပြချင်လို့ ခေါ်လာတာပါ"

ဟု ဟာမီယွန်က မာရတယ်၏ စကားကိုလက်ခံပြီး ပြန်ပြောလိုက်၏။ သူမက ညစ်ပတ်နေသောမှန်ချပ်အိုကြီးနှင့် စိုစွတ်ထိုင်းမှိုင်းနေသောကြမ်းပြင်တို့ကို မသေချာမရေရာသလိုမျိုး လက်ကိုဝှေ့ယမ်းပြလိုက်၏။

"သူ ဘာများတွေ့သလဲလို့ မေးကြည့်ပါလား"

ဟု ဟယ်ရီက ဟာမီယွန်ကို တီးတိုးပြောလိုက်သည်။

"နင် ဘာတွေ တိုးတိုးလေး ပြောနေတာလဲ"

မာရတယ်က သူ့ကိုစိုက်ကြည့်ရင်း မေးလိုက်၏။ ဟယ်ရီက တဟျာကယာနှင့်

"ဘာမှ မပြောဘူး . . . ငါတို့ မေးချင်တာက . . ."

"လူတွေက ငါ့နောက်ကွယ်မှာ ငါ့အကြောင်းပြောနေကြတာ ရပ်လိုက်ကြရင်ကောင်းမှာပဲ! ငါ့မှာ တကယ့်ကို ခံစားချက်တွေ ရှိတယ် . . . မင်းတို့ သိရဲ့လား . . . ငါ သေသွားခဲ့ပြီးပြီဆိုရင်တောင်မှပေါ့"

မာရတယ်က မျက်ရည်များစီးကျလာရင်း ငိုသံပါကြီးနှင့် ပြောလိုက်၏။

"မာရတယ်. . . နင် စိတ်ဆင်းရဲအောင် ဘယ်သူမှ မလုပ်ချင်ပါဘူး . . . ဟယ်ရီ ပြောချင်တာက . . ."

ဟု ဟာမီယွန်က ပြောလိုက်သည်။



"ငါ စိတ်ဆင်းရဲအောင် ဘယ်သူမှ မလုပ်ချင်ဘူး! ဒါဆို ကောင်းတာပေါ့ !"

မာရတယ်က ငိုကြွေးရင်း ပြောလိုက်သည်။

"ငါ့ဘဝဟာ ဒီနေရာမှာ စိတ်ဆင်းရဲခံနေရတာကလွဲလို့ ဘာမှအသုံးမကျဘူး. . . အခု လူတွေက ငါ့ရဲ့သေဆုံးမှုကိုတောင် နှောင့်ယှက်လာကြပြီ"

"မင်းအနေနဲ့ မကြာသေးခင်တုန်းက ရယ်စရာအဖြစ်အပျက်တစ်ခုများ တွေ့ခဲ့သလားလို့ ငါတို့က နင့်ကို မေးချင်လို့ပါ"

ဟာမီယွန်က အလျှင်အမြန် ပြောလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ဟယ်လိုဝိန်းပွဲတော်ညတုန်းက မင်းရဲ့အရှေ့တံခါးအပြင်ဖက်တည့်တည့်မှာ ကြောင်တစ်ကောင် ပြုစားခံရတယ်"

"အဲဒီညက ဒီအနီးအနားတဝိုက်မှာ ဘယ်သူတွေများ တွေ့သေးလဲ"

ဟု ဟယ်ရီက မေးလိုက်သည်။

" ငါ သတိမထားမိဘူး . . ."

မာရတယ်ကမူ ဟန်ပါပါနှင့် ပြောလိုက်၏။

"အဲဒီညက ပီးဗက်က ငါ့ကို စိတ်ဆင်းရဲအောင်လုပ်လွန်းလို့ ငါ ဒီကိုလာပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားမိတယ် . . . ပြီးမှ ငါ သတိရသွားတာက ငါဟာ . . . ငါဟာ . . ."

"သေနှင့်ပြီးသား ဖြစ်နေပြီ"

ရွှန်က သူမ၏ စကားကို ဝင်ထောက်ပေးလိုက်၏။

မာရတယ်က ကြေကွဲဆို့နင့်စွာ ငိုရှိုက်လိုက်ပြီး လေထဲသို့ ပျံဝဲမြင့်တက်လာရာမှ ရေအိမ်ကြွေခွက်ထဲသို့ ခေါင်းစိုက်ကာ ဒိုင်ဗင်ထိုးချလိုက်လေသည်။ ရေများက ဟယ်ရီတို့အား ဗွမ်းကနဲစင်ကုန်ပြီး သူမလည်း မြင်ကွင်းထဲမှ ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွား၏။ မသဲမကွဲကြားနေရသော သူမ၏ငိုသံကြားနေရသည့်အရပ်မျက်နှာကို ခန့်မှန်းကြည့်ရလျှင် သူမမှာ အညစ်အကြေးသိုလှောင်ခန်းတစ်နေရာသို့သွားပြီး ငိုနေသည့်ပုံ ပေါ်သည်။

ဟယ်ရီနှင့် ရွန်တို့သည် ပါးစပ်အဟောင်းသားနှင့် ရပ်နေမိကြသော်လည်း ဟာမီယွန်ကမူ လေးလံစွာ ပခုံးတွန့်ပြလိုက်ရင်း ပြောလိုက်၏။

"အရိုးသားဆုံးပြောရရင် ဒါဟာ မာရတယ်ပျော်နေတာပဲ ရှိသေးတယ် . . . ကဲ . . လာ . . . သွားကြစို့"

ကျယ်လောင်သောအသံက သူတို့သုံးယောက်အား လန့်ဖျတ်ကာ ထခုန်မိသွားကြစေသည့်အချိန်တွင် ဟယ်ရီမှာ မာရတယ်၏ တဟင့်ဟင့် ငိုရှိုက်သံထွက်ပေါ်နေသောတံခါးကို ပိတ်လိုက်ရုံသာ ရှိသေးသည်။

"ရွန်!"

ပါစီဝီစလေမှာ အကြီးအကဲအိတ်ကိုလွယ်ကာ လှေကားထိပ်၌ ကြက်သေသေပြီး ရပ်နေ၏။ လုံးဝတုန်လှုပ်ချောက်ချားနေသည့်ဟန်က သူ့မျက်နှာပြင်တွင် အထင်းသားပေါ်လွင်နေသည်။

"ဒါ မိန်းကလေး ကိုယ်လက်သန့်စင်ခန်းကွ! မင်းတို့ ဘာဝင်လုပ်နေကြတာလဲ"

သူက အသက်ရှူ မှားသွားသလို ပြောလိုက်၏။

"နည်းနည်းပါးပါး လျှောက်ကြည့်တာပါ . . . သဲလွန်စလေးများ ရမလားလို့"

ရွန်က ဘာမှမဖြစ်သလို ပခုံးနှစ်ဖက်ကိုတွန့်ရင်း ပြန်ပြောလိုက်သည်။

ပါစီ၏ရင်ဘတ်ကြီး မောက်လာပုံက ဟယ်ရီ့အား မစ္စစ်ဝီစလေကို ပြင်းပြင်းပျပျ သတိရစေသည်။



"ဒီ . . က . . နေ . . . ထွက် . . . သွား . . စမ်း"

ပါစီက ပြောရင်း လက်မောင်းများပင်တဖျပ်ဖျပ် လှုပ်ခါသွားအောင် ဟယ်ရီတို့ထံ ခြေလှမ်းကျဲကြီးများဖြင့်လျှောက်လာပြီး တဖျစ်တောက်တောက် ပြောရန်ဟန်ပြင်လိုက်သည်။

"အားလုံး ညစာစားနေတုန်း မင်းတို့က ဒီနေရာကို တစ်ခေါက်ပြန်လာတော့ ဘယ်လိုအဓိပ္ပာယ်သက်ရောက်သွားမလဲဆိုတာ မတွေးမိကြဘူးလား . . . ဟင်။ မင်းတို့ကို လူတွေက တရားခံလို့ ထင်ကုန်မှာပေါ့"

"ငါတို့ ဘာလို့ဒီမှာ မနေရတာလဲ . . . နားထောင် . . . ငါတို့ အဲဒီကြောင်ကို လက်ညှိုးလေးနဲ့တောင် တစ်ခါမှ မတို့ခဲ့ဘူး"

ရွန်က ပါစီ့ကို ဒေါသတကြီး စိုက်ကြည့်ရင်း စိတ်တိုတောင်းစွာ ပြောလိုက်သည်။

"အဲဒီအကြောင်း ငါ ဂျင်းနီကို ပြောပြီးပြီ . . . ဒါပေမယ် သူ့ကိုကြည့်ရတာ မင်းတို့ ကျောင်းထုတ်ခံရလိမ့်မယ်လို့ တွေးနေတုန်းပဲနဲ့တူတယ် . . . သူ ဒီလောက် စိတ်ထိခိုက်ပုံမျိုး ငါ တစ်ခါမှ မမြင်ဖူးဘူး . . . ငိုထားတာ မျက်လုံးတွေတောင် မို့နေတာပဲ . . . မင်း သူ့အတွက် ထည့်စဉ်းစားသင့်တယ် . . . ပထမနှစ်ကျောင်းသား အကုန်လုံးဟာ ဒီလိုကိစ္စမျိုးတွေမှာ အရမ်းကို စိတ်တုန်လှုပ် ချောက်ချားတတ်ကြတယ်"

ဟု ပါစီက ခက်ထန်စွာ ပြောလိုက်၏။ ရွန်က

"မင်း ဂျင်းနီကို ဂရုစိုက်နေတာ မဟုတ်ပါဘူးကွာ . . . ငါက မင်းရဲ့ ကျောင်းသားခေါင်းဆောင်ဖြစ်နိုင်မယ့် အခွင့်အလမ်းတွေကို ဖျက်ဆီးပစ်မှာကို မင်း စိုးရိမ်နေတာပါ . . ."

ဟု ပြောလိုက်သည်။ သူ၏နားရွက်များက နီရဲလာကြသည်။

www.burmeseclassic.com



"ဂရစ်ဖင်ဒေါ် အဆောင်က ငါးမှတ်နှုတ်တယ်"

ပါစီက သူ၏အကြီးအကဲဖိတ်ကို လက်ညှိုးထိုးပြရင်း ပြတ်သားတိုတောင်းစွာ ပြောလိုက်သည်။

"ဒါဟာ မင်းကို သင်ခန်းစာပေးနိုင်လိမ့်မယ်လို့ ငါ မျှော်လင့်တယ်! နောက်ထပ်စုံစမ်းထောက်လှမ်းမှုတွေ ထပ်မလုပ်ပါနဲ့ . . . နို့မို့ဆို . . . ငါ အမေ့ဆီ စာရေးလိုက်မယ်!"

ပါစီ ခြေလှမ်းကျဲကျဲနှင့် ထွက်ခွာသွားသောအခါ သူ့ကုပ်ပိုးမှာလည်း ရွန်၏ နားရွက်များကဲ့သို့ပင် နီရဲတွတ်နေသည်ကို တွေ့လိုက်ကြရသည်။

●

ထိုည၌ ဂရစ်ဖင်ဒေါ်အဆောင်၏ စုပေါင်းနားနေခန်းထဲတွင် ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် ပါစီနှင့် ဝေးနိုင်သမျှ ဝေးအောင် ခုံကိုရွေးပြီး ထိုင်ကြ၏။ ရွန်က အလွန်အမင်းစိတ်တိုနေဆဲဖြစ်ပြီး သူ၏မှော်ဂါထာမန္တန်အသုံးချနည်း အိမ်စာများကို မင်အစွန်းအကွက်များပေပွစွာ လုပ်နေသည်။ မင်အစွန်းအကွက်များကို ဖယ်ရှားပစ်ရန် ရွန်က သူ၏ဆေးတောင်ဝှေးကို အမှတ်တမဲ့ သတိလက်လွတ်နှင့်ကိုင်လိုက်စဉ် ဆေးတောင်ဝှေးကြောင့် သားရေစာရွက် မီးလောင်သွား၏။ သူ အိမ်စာလုပ်ထားသမျှအားလုံးနီးပါးခန့်မှာ လောင်ကျွမ်းပြီး အခိုးအငွေ့ဖြစ်သွားသဖြင့် ရွန်က 'အခြေခံပြုစားနည်းများ (အဆင့် ၂)' စာအုပ်ကို ဆောင့်ပိတ်လိုက်သည်။ ဟာမီယွန်ကလည်း ရွန်လုပ်သလို လုပ်သဖြင့် ဟယ်ရီ အံ့သြသွား၏။

"ဘယ်သူဖြစ်နိုင်မလဲဟ . . . တွေးကြည့်ကြစမ်းပါ"



ဟာမီယွန်က သူတို့ဆက်ပြီး စကားဝိုင်းဖွဲ့နေကြသလိုပုံစံမျိုးဖြင့် အသံကိုထိန်းပြီး ပြောလိုက်သည်။

"မျိုးမစစ်(စကွစ်) တွေနဲ့ သွေးမစစ် (မတ်ဂယ်မိဘက ပေါက်ဖွားလာတဲ့သူ) တွေကို ဟော့ဝပ်က ရှင်းထုတ်ပစ်ချင်တာ ဘယ်သူများလဲ"

"စဉ်းစားကြည့်ရအောင် . . . သာမန်ရိုးရိုးလူတန်းစားက ပေါက်ဖွားလာတဲ့သူတွေဟာ အလကားဆန်ကုန်မြေလေးတွေလို့ ထင်တဲ့သူဟာ ဘယ်သူလဲ"

ရွန်ကလည်း ဟန်ဆောင်ပန်ဆောင် ဇဝေဇဝါဖြစ်နေရသောအသံဖြင့် ပြောလိုက်သည်။

သူက ဟာမီယွန်ကို ကြည့်လိုက်၏။ ဟာမီယွန်က သူ့ကို မယုံကြည်နိုင်သလို ပြန်ကြည့်လိုက်ပြီး

"နင် မယ်ဖွိုင်းအကြောင်း ပြောနေတာဆိုရင် . . ."

"သေချာတာပေါ့ ငါ ပြောနေတာ အဲ့ဒါပဲ! သူ ပြောတာ နင် ကြားသားပဲ 'နောက်တစ်ခါ မင်းတို့အလှည့်ပဲ . . . သွေးမစစ်တွေ !. .' တဲ့။ တွေးကြည့်စမ်းပါ . . သူရဲ့ ရွံရှာစက်ဆုပ်စရာကောင်းတဲ့ ကြွက်မျက်နှာကိုကြည့်လိုက်ရုံနဲ့ အဲဒီတရားခံဟာ သူမှန်းသိနိုင်ပါတယ်ဟာ"

ဟု ရွန်က ပြောလိုက်သည်။

"မယ်ဖွိုင်းက စလီသရင်ရဲ့ မျိုးဆက်လား"

ဟာမီယွန်(ရွန့်စကားကို) မယုံကြည်သလို မေးလိုက်၏။

"သူ့ရဲ့မိသားစုကို ကြည့်ပါလား . . . သူ့ရဲ့ မိသားစုတစ်ခုလုံးနီးပါးက စလီသရင် အဆောင်မှာနေခဲ့ကြတာချည်းပဲ။ အဲဒီအကြောင်းကို မယ်ဖွိုင်းက အမြဲတမ်းအော်ကြီးဟစ်ကျယ်နဲ့ လျှောက်ကြွားနေတာပဲလေ။ သူတို့ဟာ စလီသရင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အမွေဆက်ခံသူတွေ ဖြစ်နိုင်ဖို့ဆိုတာ အလွယ်ကလေးပဲ။ သူ့အဖေဟာ မကောင်းဆိုးဝါးမိစ္ဆာကောင်ဆိုတဲ့အချက်နဲ့တင် သေချာလုံလောက်သွားပြီ"

ဟယ်ရီကလည်း သူ့စာအုပ်ကို ပိတ်လိုက်ပြီး ဝင်ပြောလိုက်သည်။ ရွှန်က

"သူတို့မှာ ရာစုနှစ်ပေါင်းများစွာကတည်းက မိစ္ဆာအခန်းရဲ့သော့ရှိရင် ရှိနေမှာ ... အဖေက သားကို လက်ဆင့်ကမ်းပြီး မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာခဲ့ကြတာပေါ့ ..."

"အင်း ... အဲဒါ ဖြစ်နိုင်မယ် ထင်တယ်"

ဟာမီယွန်က သတိထားပြီး ပြောလိုက်၏။

"ဒါပေမယ့် အဲ့ဒါကို ငါတို့ ဘယ်လိုသက်သေပြမလဲ"

ဟု ဟယ်ရီက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သည်။

"နည်းလမ်းတစ်ခုတော့ ရှိတယ်ဟ"

ဟာမီယွန်က သူမ၏အသံကိုနှိမ့်ကာ ပါစီရှိရာသို့ ဖျတ်ကနဲလှမ်းကြည့်ရင်း ဖြည်းဖြည်းချင်း ပြောလိုက်၏။

"တကယ်ခက်ခဲတဲ့နည်းလမ်းဆိုတာတော့ ပြောနေစရာတောင် မလိုဘူး ... ပြီးတော့ အန္တရာယ်လည်း များတယ် ... အရမ်းအန္တရာယ်များတယ် ... ငါ့အထင်တော့ ငါတို့တတွေ ကျောင်းစည်းကမ်းအခုငါးဆယ်လောက် ချိုးဖောက်ရလိမ့်မယ် ထင်တယ်"

"ဒါဖြင့်ရင် ... ငါတို့ကို အကျိုးအကြောင်း နည်းနည်းပါးပါး ပြောပြလေဟာ ... ပြောပြမယ် မဟုတ်လား"

ရွှန်က စိတ်မရှည်တော့သလို ပြောလိုက်သည်။

"ကောင်းပြီ" ဟာမီယွန်က အေးစက်စွာ ပြောလိုက်၏။

"ငါတို့လုပ်ဖို့လိုအပ်တာက စလီသရင်အဆောင်ရဲ့ စုပေါင်းနားနေခန်း



ထဲ သွားပြီး မယ်ဖွိုင်းကို မေးခွန်းနည်းနည်းလောက်မေးဖို့ပဲ။ ဒါပေမယ့် မေးတဲ့သူက ငါတို့ဆိုတာကို သူမသိစေရဘူး"

"ဒါ ဖြစ်မှ မဖြစ်နိုင်တာပဲ"

ရွှန်က အော်ရယ်လိုက်စဉ် ဟယ်ရီက ပြောလိုက်သည်။

"မဟုတ်ဘူး ... ဖြစ်နိုင်တယ် ... ငါတို့ လိုအပ်တာက ရုပ်ပြောင်းရုပ်လွှဲဆေးရည်နည်းပဲ"

"အဲဒါ ဘာလဲ"

ဟု ရွှန်နှင့် ဟယ်ရီတို့က ပြိုင်တူမေးလိုက်ကြ၏။

"ဟိုးတလောက စာသင်ခန်းထဲမှာ စနိပ်က အဲဒီဆေးရည်အကြောင်း ပြောပြသေးတယ်လေဟာ"

"စနိပ်ပြောတဲ့ ဆေးရည်တွေအကြောင်းကို ထိုင်နားထောင်နေရတာထက် ပိုပြီးကောင်းတဲ့လုပ်စရာနည်းလမ်း မရှိတော့ဘူးလို့ နင် ထင်နေလား"

ဟု ရွှန်က မကြားတကြား ရေရွတ်လိုက်သည်။

"အဲဒီဆေးရည်က နင့်ကို တခြားသူတစ်ယောက်ဖြစ်အောင် ပုံသဏ္ဌာန်ပြောင်းပေးနိုင်တယ်လေဟာ ... အဲဒါကိုလည်း ထည့်စဉ်းစားဦး၊ ငါတို့ဟာ စလီသရင်အဆောင်က ကျောင်းသားသုံးယောက်လို အသွင်ပြောင်းလိုက်လို့ရမယ်။ ဘယ်သူမှ ငါတို့မှန်း သိတော့မှာ မဟုတ်ဘူး၊ မယ်ဖွိုင်းကလည်း ငါတို့ကို ဘာမဆို ပြောပြမှာဘဲ။ အခုဆိုရင် သူ ဒီအကြောင်းကို စလီသရင်အဆောင်ရဲ့ စုပေါင်းနားနေခန်းထဲမှာ အော်ကျယ်အော်ကျယ်နဲ့ သတင်းလွှင့်နေလောက်ပြီ။ သူပြောတဲ့ အတွင်းစကားတွေကို ငါတို့ ကြားနိုင်မယ်ဆိုရင်တော့ ..."

"ဒီရုပ်ပြောင်းရုပ်လွှဲဆေးရည်အကြောင်း ကြားရတာ နည်းနည်းတော့ အန္တရာယ်များမယ့်ပုံ ရှိတယ် ... ငါတို့က စလီသရင်အဆောင် ကျောင်းသားသုံးယောက်လိုပဲ တစ်သက်လုံး နေသွားရမှာလား၊ ဒီလိုဆိုရင်တော့ (မဖြစ်ဘူး)"

www.burmeseclassic.com

www.burmeseclassic.com



ရွှန်က မျက်မှောင်ကြုတ်ထားရင်း မေးလိုက်သည်။

"အဲဒီလို ရုပ်ပြောင်းထားတဲ့ပုံစံနဲ့ ခဏပဲ နေရမှာပါဟာ"

ဟာမီယွန်က စိတ်မရှည်စွာဖြင့် သူမ၏လက်ကိုဖေ့ယမ်းရင်း ပြောလိုက်၏။

"ဒါပေမယ့် ဆေးရည်ဖော်စပ်တဲ့ ပစ္စည်းအမယ်တွေရဖို့ကတော့ အရမ်းခက်တယ်။ အဲဒီဖော်စပ်နည်းက **မော့စတီပိုတန်တီဆေးရည်များဆိုတဲ့** စာအုပ်ထဲမှာ ပါတယ်လို့ စနိပ် ပြောဖူးတယ်။ ဒါပေမယ့် အဲဒီစာအုပ်က စာကြည့်တိုက်ရဲ့ ကန့်သတ်စာအုပ်စင်မှာပဲ ရှိတယ်"

ကန့်သတ်စာအုပ်စင်မှာ စာအုပ်တစ်အုပ်ကိုရရှိရန်အတွက် နည်းလမ်းတစ်ခုသာရှိသည်။ ယင်းမှာ ဆရာတစ်ယောက်၏စာအုပ်ငှားရန် ခွင့်ပြုချက်ကို လိုအပ်ခြင်းပင် ဖြစ်သည်။

ရွှန်က. . .

"ဘာဖြစ်လို့ အဲဒီစာအုပ်ကို ငှားချင်ရတာလဲ. . . လို့ မေးရင် ဘယ်လိုဖြေမလဲ။ အဲဒီထဲက ဆေးရည်တစ်မျိုး စမ်းဖော်စပ်ကြည့်မလို့. . . လို့လည်း ပြောလို့မဖြစ်ဘူး။ ဘာအကြောင်းပြချက်မှ မှ မရှိဘဲ"

ယာမီယွန်က. . .

"ဆေးဖော်မယ်လို့မပြောဘဲ. . . ဆေးဖော်စပ်နည်းတွေကို စာတွေ့သက်သက် လေ့လာရုံတင်ပါ. . . လို့ အကြောင်းပြရင်တော့ အခွင့်အရေးရမယ်ထင်တယ်"

"အေးလေ. . .၊ လုပ်ကြည့်တာပေါ့ဟာ"

ဟု ရွှန်က ပြောလိုက်၏။

❑

ဒုတိယတွဲ ဆက်လက်ဖတ်ရှုပါရန်

**ရွှေအိမ်မှူးစာပေ**
အမှတ် ၂၁၆၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၈၅၁၂၊ ၂၀၁၆၃၁၊ ၂၀၂၁၈၆

**ထွက်ရှိပြီးသောစာအုပ်များ**

၁။ **မင်းခိုက်စိုးစန်**
သုည

၂။ **သစ္စာနီ**
ဂျပန်ခေတ်ပေါ်ကဗျာများ

၃။ **မင်းခိုက်စိုးစန်**
ကောင်းကင်နဲ့မလွတ်တဲ့ အတောင်ပံတစ်စုံ (ဒုတိယအကြိမ်)

၄။ **တာရာမင်းဝေ**
အရှေ့မြို့ရိုးမှ မိုးရေစက်များ (ဒုတိယအကြိမ်)

၅။ **တာရာမင်းဝေ**
သင်နှင့် နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် (ဒုတိယအကြိမ်)

၆။ **စူပါဘင်း(န်)**
ရယ်စရာစာမဲ့ကာတွန်းများ

www.burmeseclassic.com